

# ခင်ဦးခင်ခင်

ဆေးတက္ကသိုလ်

အရောင်အသွေးစုံစွာ

● ပန်းချီ သီဟ

# ခင်ဦးခင်ခင်

ဆေးတက္ကသိုလ်

## အရောင်အသွေးစုံစွာ

အရောင်အသွေးစုံစွာ

မောင်ကျော်လှိုင်

စေတနာစာပေမှ

စီစဉ်သည်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ သားကောင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ သားကောင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၁)

"မေ့သားလေးရေ ... နိုးချိန်တန်ပြီနော်"

မနက်ခုနစ်နာရီတိတိမှာ မေမေ့ရဲ့ နှိုးသံသည် ခါတိုင်းနေ့များက အတိုင်း ပုံမှန်ပေါ်ထွက်လို့ လာလေသည်။

နိုးချိန်တန်ပြီနော်တဲ့။ အိပ်ရာကနိုးတာ ဒီလို စကားလုံး သုံးရလားလို့ အထင်မလွဲပါနှင့်။ ဒီလိုပြောရတာ အကြောင်းရှိပါသည်။

နိုးချိန်တန်ပြီ ဆိုသည်မှာ နိုးချိန်တန်ခြင်းဖြသာ

ဖြစ်လျက် အိပ်ရာကထ,ချိန်လို့ ဆိုလိုသေးတာ မဟုတ်ပါ။ ထုံးစံအတိုင်းပင် မနက်ခုနစ်နာရီမှာ အိပ်ရာကနိုးသင့်ပြီလို့ သတိပေးသံ ပေါ်ထွက်လာမည်။ မနက်မိုးလင်း မျက်လုံးနှစ်လုံးကပွင့်ကာ နိုးနိုးချင်း အိပ်ရာက ငေါက်ခနဲ ထ,ထိုင်တတ်သော အကျင့်မရှိဘဲ အနည်းဆုံး ဆယ့်ငါးမိနစ်လောက် အိပ်ရာထဲ လူးလွန့်ကာ ပျင်းကြောဆန့်တတ်သော သားအကြောင်း သိသူမို့ နောက်ထပ် ဆယ့်ငါးမိနစ်အကြာမှာ မေမေက ဒုတိယအကြိမ် ရောက်လာကာ သားလေးရေ ထ,တော့လေလို့ လာပြောပါလိမ့်မည်။

အဲဒါမကသေးပါ။ တကယ်လို့များ သူက အပျင်းကြောထပ်ထူပြီး မထဖြစ်သေးဘူးဆိုလျှင် နောက်ထပ်ဆယ့်ငါးမိနစ်အကြာမှာ ခုတင်ဘေးသို့ မေမေ ရောက်ရှိလာကာ သားလေးထ,တော့ ... ထတော့ ခုနစ်နာရီခွဲနေပြီ၊ ကျောင်းသွားရဦးမှာ ဘာညာနဲ့ အတင်းဆွဲထူနှိုးတတ်တော့တာ။

အဲဒီလို မနက်ခုနစ်နာရီကနေ ဆယ့်ငါးမိနစ်တစ်ကြိမ်ကျ အချိန်မလွဲမချော်စေရဘဲ အိပ်ရာက လာနှိုးပေးနေသည်မှာ သူလူမှန်းသိတတ်ကာစ အရွယ်ကတည်းကပင်။ မေမေ့ရဲ့ နေ့စဉ်နဲ့အမျှ အချိန်တိကျမှုဟာ ဘယ်လောက်စွဲမြဲခဲ့သလဲဆိုလျှင် နာရီကို သံပတ်ပေးထားလျှင်တောင်မှ အနည်းငယ်အတိမ်းအစောင်းနဲ့ အချိန်လွဲချော်တာမျိုး ရှိချင်ရှိဦးမည်။





မေမေကတော့ နှစ်ပေါင်းများစွာ မပျက်မကွက်၊ မလွဲမချော်ခဲ့ချေ။

ဘယ်လောက်ကောင်းထားလိုက်သည့် အမေလဲ။ သားဖြစ်သူကို မနက်မိုးလင်း အိပ်ရာက နှိုးပုံလေး လာကြည့်ရုံနဲ့တင် ဒီအမေဟာ ကိုယ့်သားကို ဘယ်လောက်အတိုင်းအတာအထိ ချစ်ခင်ဂရုစိုက်သလဲဆိုတာ သိလောက်ပြီ။

ထိုအမေမျိုးကို ပိုင်ဆိုင်ရသည့်အတွက် သူက အလွန်ဂုဏ်ယူသည်။ ဘယ်လောက်အထိ ဂုဏ်ယူသလဲဆိုလျှင် သူ့ကို အဖေပေးခဲ့သည့် နာမည်ရင်းဖြစ်သော ဘုန်းရောင်ထင်ဆိုသည့် ခွန်အားရှိရှိနာမည်ထက် မေမေခေါ်နေကျ မေ့သားလေး၊ သားငယ်လေးဆိုသည့် နာမည်ကိုသာပိုပြီး နှစ်သက်သဘောကျ ဖြစ်ခဲ့သည်အထိ။ သူ့ကို တစ်ယောက်ယောက်ကများ မင်းနာမည်ဘယ်လိုခေါ်သလဲဟု ရုတ်တရက် ဖျက်ခနဲ မေးချလိုက်ပါက သူ့နှုတ်က ပြန်ထွက်သွားတတ်သော အဖြေမှာ "သားငယ်ပါ" ဟုပင် ဖြစ်နေတတ်သည်အထိ။

သူ့ဘဝမှာ အရာရာ မေမေရှိမှ ဖြစ်လေသည်။ မိုးလင်းကတည်းက မေမေ အိပ်ရာက လာမနှိုးဘဲ သူဘယ်တော့မှ အိပ်ရာက မထ,တတ်။ နာရီနှိုးစက်သံ၊ သံချောင်းခေါက်သံ၊ ကြက်တွန်သံ စသည်ဖြင့် ဘယ်လောက်ပဲ ဆူညံနေပါစေ သူ့အသိစိတ်မှာ မေမေ့အသံကြားမှ အိပ်ရာက

ထရ မည်ဟု စွဲမြဲနေခဲ့သည်။

အိပ်ရာက ထလာပြီးလျှင် ရေချိုးခန်းထဲ ဝင်လိုက်တာနှင့် သွားတိုက်ဆေးအသင့်ထည့်ပြီးသား သွားပွတ်ဟံတစ်ချောင်းက ဆီးကြိုနေတတ်မြဲ။ သူ့ရဲ့ ရေချိုးခန်းထဲမှာ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ကိုယ်တိုက်ဆပ်ပြာ၊ မျက်နှာသစ်ဆပ်ပြာကရင်(မ်)၊ အဝတ်လျှော်ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မုတ်ဆိတ်ရိပ်လျှင်သုံးသည့်ဆပ်ပြာ၊ ကရင်(မ်)မျိုးစုံတို့မှာ ဘယ်တော့မှ မပြတ်လပ်စေရ။ ဒါတင်ပဲလားဆိုတော့ မကသေးပါ။ မှန်တင်ခုံပေါ်မှာ ယောကျ်ားလေးတစ်ယောက်နဲ့ လိုက်ဖက်ညီသော အသုံးအဆောင် ပစ္စည်းများ၊ အဝတ်ဗီရိုထဲမှ ရှပ်အင်္ကျီ၊ စပို့ဒ်ရှပ်၊ ပုဆိုး၊ ဘောင်းဘီတိုရှည်၊ အတွင်းခံဘောင်းဘီနှင့် လက်ကိုင်ပဝါမကျန် လိုလေသေးမရှိအောင် အားလုံးအပြည့်အစုံ။

အခန်းထဲမှာလဲ လိုအပ်သမျှပစ္စည်းတို့ဟာ အရေးကြုံလျှင် ဘာတစ်ခုမှ ဝေးဝေးလံလံ ပင်ပင်ပန်းပန်း ရှာဖွေနေစရာမလိုလောက်အောင် အားလုံးအဆင်သင့်ပင်။ ဒါတောင်မှ အမြဲတစေ လိုဘမပြည့်တတ်သော သူ့မှာ ဘာလိုပြန်ပြီ၊ ညာလိုပြန်ပြီရယ်လို့ မကြာခဏ အော်ဟစ်တောင်းရတတ်ပါသည်။ ထိုအခါမျိုးမှာလဲ သူ့အော်သံမှ မဆုံးခင် လိုနေသောပစ္စည်းကို မျက်စိရှေ့ရောက် ရှာဖွေသယ်လာပေးနိုင်သူ





မှာ မေမေသာလျှင် ဖြစ်လေသည်။

အခုပဲကြည့်။ မျက်နှာသစ် သွားတိုက်ပြီးလို့ ရေချိုးခန်းအပြင်ဘက် ထွက်လိုက်လျှင် အပြာရောင်ဖြောင်ပေါ်မှာ ဖဲသားကြက်ရုပ်ကလေးပါသော မျက်နှာသုတ်ပဝါကြီးနဲ့ မေမေက အပြင်မှာ အသင့်စောင့်ကြိုနေပြီ။

ခုတင်ပေါ်မှာတော့ ညဝတ်အိပ်ထားလို့ ကြေမွနေမည့် အဝတ်အစားတွေနဲ့ လဲလှယ်ဖို့ ချည်သားပါးပါးရှပ်ရှပ် အင်္ကျီလက်တိုတစ်ထည်ရယ်၊ ချည်သားပုဆိုးတစ်ထည်ရယ်ကို အဆင်သင့် တင်ပေးထားပြီးသား။

အခန်းထဲကနေ သူအပြင်ထွက်လျှင် ထမင်းစားခန်းထဲမှာ ကြိုတင်အအေးခံထားလို့ အငွေ့သပြီး အပူဓာတ်လုံးဝမရှိတော့ပြီဖြစ်သော်လည်း မျက်နှာပြင်တော့ တင်းတင်းကြီးဖြစ်မနေသည့် ကော်ဖီတစ်ခွက်ရယ်၊ မျက်နှာပြင်နှစ်ဖက်စလုံးကို ကြွပ်ရွနေအောင်၊ သို့သော်လည်း မည်းသည်းတူးကျွမ်းမနေစေရဘဲ နီရဲရဲလေး ဖြစ်နေရုံမီးကင်ထားကာ ထောပတ်ပါးပါးလေး သုတ်ထားသည့် ပေါင်မုန့်နှစ်ချပ်ရယ်၊ တစ်ဖက်တည်းကျက်အောင်ကြော်လျက်၊ ကျန်တစ်ဖက်က အရည်တင်းရုံ အနှစ်ပေါ် ငရုပ်ကောင်းအနည်းငယ် ဖြူးထားသည့် ကြက်ဥမှာပ်ဖရိုက်ကြော်နှစ်လုံးရယ် ပါဝင်သည့် မနက်စာက အဆင်သင့် စောင့်ကြိုနေပေလိမ့်မည်။

ထိုမနက်စာသည် သူ မနက်တိုင်း နှစ်နှစ်သက်သက် ခုံခုံမင်မင် စားတတ်သည့် အစားအသောက်ဖြစ်ပြီး နေ့တိုင်းစားရသော်လည်း ဘယ်တော့မှ ငြီးငွေ့သည်ရယ်လို့ မရှိချေ။ တစ်ခုတော့ရှိသည်။ ထိုအစားအသောက်ပုံစံကိုပဲ မေမေ မဟုတ်ဘဲ တခြားတစ်ယောက်ယောက်က ပြင်ဆင်ပေးထားတာဆိုလျှင်ကား သူက ချက်ချင်းသိကာ လုံးဝမစားတော့ချေ။

ဒါကြောင့်ပဲ မေမေ့ခမျာ အလုပ်တွေ ဘယ်လောက်များများ သူ့အတွက် မနက်စာကို မပျက်မကွက်ရအောင်စီစဉ်ပေးနေရတာဖြစ်သည်။

မနက်စာချည်းပဲလားဆိုတော့ မဟုတ်ပါ။ နေ့လယ်စာ၊ ညစာ၊ နေ့လယ် အဆာပြေမုန့် အားလုံးသည်လည်း မေမေ စီစဉ်ပေးမှ၊ မေမေ့လက်ရာမှ သူကစားတတ်သည်သာ။ ယောကျ်ားလေးသဘာဝ သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်ထိုင်လျှင် သူက ဘာမှမစားတတ်ပါ။ အနည်းဆုံး ပုလင်းနဲ့ အအေးလောက်သာ သောက်ချင်သောက်တတ်သော်လည်း ဆိုင်ကလက်ဖက်ရည်၊ ကော်ဖီကိုဖြင့် လက်ဖျားနဲ့တောင် မတို့တတ်ချေ။

အရာရာ အလိုက်သိ လုပ်ပေးတတ်လွန်းသည့် မေမေနှင့် ဘာမဆို မေမေလုပ်ပေးမှ ကြိုက်တတ်သော၊





မေမေခိုင်းမှ လုပ်တတ်သော သားကတော့ လိုက်ဖက်ညီလွန်းလှပါပေသည်။ ဘေးလူတွေက ဒီအရွယ်သားကို ဒီလောက်လုပ်ပေးရသလားဆိုပြီး မေမေ့ကို ဘယ်လိုအပြစ်တင်တင်၊ အမေကို ဒီလောက်တွယ်ကပ်ပြီး ကိုယ့်စွမ်းကိုယ်စ ဒီလောက်နည်းရလားလို့ သူ့ကို ဘယ်လောက်ကဲ့ရဲ့,ကဲ့ရဲ့ သူတို့သားအမိကတော့ဖြင့် မမှုချေ။

ထုံးစံအတိုင်းပင် မနက်မိုးလင်းတာနဲ့ အိပ်ရာက လာနှိုး၊ အဝတ်အစားလဲဖို့ အဆင်သင့်ပြင်ပေး၊ မနက်စာ ချူးခပ်ကျွေး။ နေ့လယ်စာကိုလည်း ဖွယ်ဖွယ်ရာရာ သူ့အကြိုက်ဖြစ်အောင်စီမံပေး၊ သူခိုင်းသမျှ အဆင်ပြေပြေဖြစ်အောင် လုပ်ပေးနှင့် မေမေက ချာလပတ်လည်နေသလို ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော မေမေ့ကို တိုင်ပင်ပြီးမှ၊ မေမေ့ အကြံအစည်ကိုယူပြီးမှ၊ မေမေခိုင်းမှ လုပ်တတ်ပြောတတ်သော ဘုန်းရောင်ထင်ကလည်း မေမေ့ရဲ့ ကပ်ပါးပိုးတစ်ကောင် အနေနဲ့ ပေါ့ပါးသက်သာစွာ ရှင်သန်နေထိုင်ကျင့်ကသေရွာ ပါအောင်ပင် စွဲမြဲနေတော့သည်။

# (၂)

"မီးလေးရေ ... ပါပါခေါ်နေပြီ၊ မနက်စာ စားရအောင်"

"ဝါး ... ပျင်းလိုက်တာ၊ လူတွေဟာ ဘာလို့ မနက်ရောက်ရင် အိပ်ရာကထရတဲ့ထုံးစံ ဖြစ်နေရတာလဲ မသိဘူး"

အိပ်ရာထဲကနေ လူးလွန့်ညည်းတွားနေသော်လည်း လူကတော့ဖြင့် တက်တက်ကြွကြွနဲ့ အိပ်ရာကထလာသလားဆိုတော့ မဟုတ်ပါ။ နှစ်ယောက်အိပ်ခုတင်ကြီးထက် ဟိုဘက်သည်ဘက် နှစ်ပတ်လောက်လိမ့်လိုက်ပြီးလျှင် တစ်ဖက်စွန်းမှာ ခွေတိခွေခေါက်ပုံစံနှင့် နေသားကျသွားကာ ခြေရင်းမှာပုံနေသော စောင်ကိုပင် ခြေထောက်နဲ့ ခတ်ယူလိုက်





ပြီး အကျအနခြုံထားလိုက်လေသေးသည်။

လာနိုးသော ဒေါ်ကြီးစိန်မှာ အတော်လေးပဲစိတ်ပျက်သွားရပါသည်။ မနက်တိုင်းဒီလိုပဲ ကြုံနေကျမို့ နိုးသာလာနိုးရတာ အားကတော့ ခပ်လျော့လျော့ပင်။

ဒီကလေးမလေးဟာ မိန်းကလေးတန်မဲ့ ပျင်းကြောအလွန်ထူတာကလား။ အသက်ငါးနှစ်အရွယ်လောက်ကတည်းက အမေဆုံးသွားတာမို့ မိတဆိုး သမီးတို့ရဲ့ ထုံးစံအရ တရားလွန် ဂရုစိုက် အလိုလိုက်တတ်သော ဖခင်ရဲ့ဆက်ဆံရေးကြောင့် သူမမှာ ကမ်းတက်ချင်တိုင်း တက်ခွင့်ရှိနေတော့တာလေ။

ဒေါ်ကြီးစိန်တို့ ဒေါ်ကြီးအုန်းတို့ သူမငယ်ငယ်လေးတည်းက ထိန်းကျောင်းလာသော ကလေးထိန်းကြီးတွေကို သူမက ရှိတယ်လို့တောင်မှ အောက်မေ့တာမဟုတ်။ ဒေါ်စိန်ဘာပြောပြော၊ ဘာဆိုဆို သင်းက နားထဲလေတိုးသလောက်တောင် အသိအမှတ်မပြုပဲ လုပ်ချင်ရာလုပ်တတ်တာ။

ဒါတောင် ဒေါ်စိန်မို့ တော်ပါသေးသည်။ ဒေါ်စိန်က သင်းအမေလက်ထက်ထဲက အထိန်းတော်၊ အပျိုတော်အနေနဲ့ နေလာခဲ့ရာက သင်းအမေလည်း အိမ်ထောင်ကျရော အိမ်ခွဲရာနောက် အဖော်ပါလာရသည့် အိမ်တော်ပါ ကျွန်ရင်းဖြစ်ပေရာ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော အခွင့်အရေး

အာဏာရှိသည့်သူ ဖြစ်နေသေးသည်။

ဒေါ်အုန်းတင်ကား သင်းအမေ ဆုံးပြီးကာစ၊ အားလုံးက သူမလေးကို ဝိုင်းသနားကာ ဆိုးချင်ရာဆိုး၊ လုပ်ချင်ရာလုပ် တားမြစ်ခွင့် မရှိစေရ၊ ဆန့်ကျင်သူ မရှိစေရ၊ စေလိုရာစေ၊ စေတစ်လုံးပိုင်ရှင်ဘွဲ့ အပ်နှင်းခံထားရသည့် ကာလကျမှ ဒီအိမ်ကို ရောက်လာသူဖြစ်ပေရာ အပိုးကျိုးကာ သူမလေးက သေဆိုသေ၊ ရှင်ဆိုရှင် ဘာတစ်ခွန်းမှ ပြန်မပြော ရဲပဲ ခိုင်းသမျှကို ပြားပြားဝပ် ဆောင်ရွက်ဖြည့်ဆည်းပေးရသူ သာဖြစ်ပေတော့သည်။

ဒါကြောင့်လဲ 'အသက်"ကို မနက်တိုင်း အိပ်ရာ နှိုးဖို့တာဝန်ကို ဒေါ်စိန်ပဲ ယူရတာ။ ဒေါ်စိန် နှိုးတာကမှ ဆယ်ခါရံ တစ်ခါဆိုသလို သူမ လုပ်စရာရှိလို့ပဲဖြစ်ဖြစ်၊ ညက အစောကြီးအိပ်ယာဝင်ထားလို့ အိပ်ရေးဝရုံမက မောက်လျှံနေလို့ပဲဖြစ်ဖြစ်၊ အိမ်သာတက်ချင်လို့ပဲဖြစ်ဖြစ် ထ,လာတတ်သေးသည်။ ဒေါ်အုန်းတင်နှိုးလို့ကတော့ သူမအိပ်ရေးကို လာရောက်နှောက်ယှက်ရပါ့မလားဟု ဒေါသထွက်ကာ အိပ်ရာထက်မှာ ပေကပ်ဆက်အိပ်နေရုံမက နှိုးလာတာနှင့် ဝုန်းဒိုင်းကျဲခြင်းကို ခံရတော့တာပဲ။

ဒေါ်အုန်းတင်တို့များ 'အသက်'ကို အိပ်ရာ ကနှိုးရမလား ကျားဖင်နှိုက်ရမလားဆိုရလျှင် ကျားဖင်သာမက





ကျားပါးစပ်ထဲပါ ခေါင်းသွင်းချင် သွင်းပါမည် 'အသက်' ကိုတော့ဖြင့် အိပ်ရာက မနှိုးပရစေနဲ့လို့ ငြင်းဆိုမှာပင်။

"မီးလေး ... အသက် ... ထတော့ကွယ်၊ ပါပါက ရုံးသွားရဦးမှာ၊ မနက်စာစားဖို့ နောက်ကျနေမယ်"

အသံနှုန်းကို တစ်ဆင့်တိုးကာ ထပ်နှိုးလိုက်ရင်း ဒေါ်စိန်က စိတ်ထဲက မဲ့ရွဲ့လိုက်မိပါသည်။

အသက်ရဲ့အမေ ဒေါ်သက်ထားဦး လက်ထက် ကတည်းက ဒေါ်စိန်က လက်စွဲတော် ဖြစ်ခဲ့ကာ ဒေါ်သက် ထားဦး အိမ်ထောင်ကျတော့လည်း အိမ်ခွဲရာမှာ လိုက်ပါခဲ့ ရတာပင်။ ထိုအချိန်ထဲက ဒေါ်သက်ထားဦးရဲ့ခင်ပွန်း ဦးရန် မျိုးနိုင်ကို ကိုယ့်အိမ်ရှင်သခင်အဖြစ် လေးစားရိုကျိုးခဲ့ရတာ။

ဦးရန်မျိုးနိုင်ဟာ ခင်ပွန်းကောင်း၊ ဖခင်ကောင်း၊ အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ဖြစ်တာမို့ ဒေါ်စိန်က အလုပ်ရှင်၊ အလုပ်သမားအနေနဲ့တင်မကပဲ တကယ်ရိုသေလေး စားထိုက်သူ တစ်ယောက်လို ရိုသေလေးစားခဲ့တာချည်းပါ။ ဦးရန်မျိုးနိုင်ရဲ့ အပြုအမူ၊ အလုပ်အကိုင်၊ အဆုံးအဖြတ်၊ စိတ်သဘောထားအားလုံးကို အထင်တကြီးထောက်ခံခဲ့တာပါ။

သို့သော်လည်း ဒီသမီးတစ်ယောက်အပေါ်ထား သည့် ဦးရန်မျိုးနိုင်ရဲ့ သဘောထားကိုတော့ ဒေါ်စိန်က သဘောမကျစွာ အပြင်းအထန် ကန့်ကွက်ချင်လေသည်။

ဘယ့်နှယ့် ... ကိုယ်က မွေးထားတာ သမီး မိန်းကလေးဆိုတာ တော်ယုံတန်ယုံအပုံအပြင်၊ အအုပ်အထိန်း ကောင်းရုံနဲ့တောင် စိတ်မချရသေးတာ။ အခု ဦးရန်မျိုးနိုင် လုပ်ပုံက သမီးကို အိပ်ချင်သည့်အချိန်အိပ်၊ ထချင်သည့် အချိန်မှထ, အိမ်မှုကိစ္စ..ပြောနဲ့ ကိုယ့်တစ်ကိုယ်ရေကိစ္စဆိုလို့ အိမ်သာတက်တာနှင့် ထမင်းဝါးပြီး မျိုချတာကလွဲလျှင် ဘာမှလုပ်စရာမလိုအောင် ထားတာ။ ကလေးမဟာ အိမ်မှုကိစ္စ တတ်ကျွမ်းဖို့မပြောနဲ့ ကိုယ့်တာဝန်ကိုယ်တောင် ကောင်း ကောင်းမယူတတ်ပဲ အားအားရှိ အိပ်ဖို့၊ တီဗွီကြည့်ဖို့၊ ဝတ္ထု ဖတ်ဖို့၊ ဈေးပတ်ဝယ်ဖို့၊ သူငယ်ချင်းတွေနဲ့လည်ပတ်၊ အရည် မရ အဖတ်မရတွေ ပြောဖို့လောက်သာ တတ်တော့သော ခပ်ပျင်းပျင်း၊ ခပ်ပေါ့ပေါ့၊ ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက် ဖြစ်နေတော့သည်။

မိန်းကလေးဆိုတာ ပိုက်ဆံချမ်းသာတာဆင်းရဲ တာအပထား အိမ်ထောင်မှုနိုင်နင်းပြီး နေရာတကာမှာ အခြေခံ လောက်တော့ တတ်သိနားလည်ထားသင့်သည်ဟု ဒေါ်စိန်က ယူဆသည်။ အခု ဆရာဦးရန်မျိုးနိုင် သမီးကို ထားပုံကျတော့ ကလေးမလေးဟာ လူတကာကို အနိုင်ကျင့် အခွင့်ရေးယူ ဆိုးသွမ်းလျက် ကိုယ်တိုင်ကျတော့ ဘာအရည်အချင်းမှ မရှိသူ လေးတစ်ယောက်ကိုဖြစ်လို့။





'အသက်'ရဲ့ မေမေ သက်ထားဦးသာ ရှိလျှင် သူ့သမီးကို ဒီလိုပုံစံမျိုးနဲ့ ကြီးပြင်းစေမှာ မဟုတ်ဘူးဟု ဒေါ်စိန်က ယုံကြည်သည်။ သက်ထားဦးဟာ သိပ်ကိုချမ်းသာ သော အသိုင်းအဝိုင်းက ပေါက်ဖွားလာခဲ့တာမှန်ပေမဲ့ မိန်းမ ပီသကာ အိမ်ထောင်မှုနိုင်နင်းပြီး သိပ်ကိုတော်သည့် မိန်းမ တစ်ယောက်လေ။

ဦးရန်မျိုးနိုင်ကတော့ မျက်ကန်းချစ်။ သမီးစိတ် ချမ်းသာလျှင်ပြီးရော၊ ဘာမဆိုခွင့်လွှတ်တတ်တာ။ သူ့သမီး ဘယ်အချိန်အိပ်ရာထထ အပြစ်မပြောတတ်ပဲ သူကိုယ်တိုင် ကျတော့ သမီးနဲ့အတူမှ မနက်စာစားချင်သူဖြစ်ရာ အလုပ် သွားကာနီးအထိ သမီးဖြစ်သူ အိပ်ရာကမထလျှင် သူ့ခမျာ လိုမ့်ပိမ့်ကာ စောင့်ပေတော့။

ကြားထဲက အလိုက်တသိ စိတ်ပူပင့်စွာ ဝင်နှိုးပေး ရတတ်သည့် ဒေါ်စိန့်မှာ ဒုက္ခကြီးလှပါသည်။

အမှန်တော့ ဆရာဟာ သမီးကို ဒီလောက်ချစ်ဖို့ အလိုလိုက်ဖို့ မကောင်းဘူးဟု ဒေါ်စိန်ကတွေးနေစဉ်မှာပင် မမဖုရားက နိုးထတော်မူလာတာမို့ သူမတွန်းကန်ခါချပစ်ခဲ့ သောစောင်ကို ယူခေါက်ရင်း ထိုနေ့အတွက်တော့ ဒေါ်စိန် သက်မချနိုင်သွားလေသည်။

## (၃)

"မေ ... သားကို မုန့်ဖိုးနည်းနည်းလောက်ပေးဦး"

ကိုယ့်ရှေ့မှာလက်ကလေးဖြန့်ကာ ပိုက်ဆံတောင်းလာသော သားလေးကိုကြည့်ကာ နွယ်နှင်းဆီက ချစ်စနိုးပြုံးလိုက်မိပါသည်။

နှင်းဆီဘဝမှာ ဒီသားလေးတစ်ယောက်တည်းသာ တွယ်တာစရာကျန်တော့တာ။ အဖေအမေတွေကလည်း ကွယ်လွန်ကုန်ကာ မွေးချင်းမောင်ဘွားလည်းမရှိသော နှင်းဆီ





အတွက် ရှားရှားပါးပါးရှိထားသော ဘဝလက်တွဲဖော် ခင်ပွန်းဖြစ်သူကပါ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားပြန်သောအခါ ကန္တာရခရီးထဲမှာ တစ်ယောက်တည်း အထီးကျန်အဖော်မဲ့ခဲ့ရတော့တာ။

တကယ်လို့များ သားလေးတစ်ယောက်ကိုသာ မပိုင်ဆိုင်ခဲ့ရဘူးဆိုလျှင် နှင်းဆီရဲ့ဘဝဟာ ဘယ်လောက်များ အဓိပ္ပာယ်မဲ့နေတော့မှာပါလိမ့်။ အိုး ... အဲဒီအဖြစ်ကိုများ တွေးတောင်မတွေးရဲပေ။

နွယ်နှင်းဆီဟာ အရည်အချင်းရှိသော၊ ထက်မြက်သော၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်စွမ်းရှိသော လူသားတစ်ယောက်ပါ။ ကိုယ့်ဘဝ တိုးတက်မြင့်မားရေးအတွက် ဘယ်သူ့အပေါ်မှ မှီခိုအားထားစရာမလိုသူ တစ်ယောက်ပါ။ သို့သော်လည်း မိန်းမသားဟာ မိန်းမသားပဲလေ။ အရေးအကြောင်းကြုံလို့မှ တိုင်ပင်ဆွေးနွေးဖော်မရှိသည့် ဘဝကြီးမှာ ဘယ်မိန်းမမှ ကြာရှည်မနေနိုင်ပါ။

သားလေးတစ်ယောက်ရှိနေခြင်းဟာတော့ နွယ်နှင်းဆီအတွက် သဲကန္တာရထဲက အိုအေစစ်လေးတစ်ခု၊ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးထဲက ကျွန်းကလေးတစ်ကျွန်းပင်။ နေ့တစ်နေ့အတွက် လုပ်ကိုင်သမျှ၊ ရှင်သန်နေထိုင်နေသမျှတို့ရဲ့ အရေးပါသောအကြောင်းရင်းတစ်ရပ်ဟာ

သားလေးပင်။

"မုန့်ဖိုးများသားလေးရယ် ... မေမေ့ပိုက်ဆံအိတ်ထဲက ဖြစ်ဖြစ် ဗီရိုအံဆွဲထဲကဖြစ်ဖြစ် ကြိုက်သလောက် ယူလို့ရသားနဲ့"

နှင်းဆီက သားရဲ့ ဘာမဆို မလုပ်တတ်မကိုင်တတ်၊ ကိုယ်တိုင်မဆုံးဖြတ်တတ်သည့် အကျင့်ကိုမကြိုက်သော်လည်း ကိုယ့်ကို အရာရာရှေ့တန်းတင်အသိပေးကာ ကိုယ့်ဆန္ဒအတိုင်း တသွေမတိမ်း လိုက်နာနားထောင်တတ်တာကိုကျတော့ နှစ်သက်သဘောကျလှလေသည်။

သူများတွေကတော့ ဝေဖန်ကြတာပေါ့၊ သားဟာ နှင်းဆီကြောင့် အရည်အသွေးညံ့ဖျင်းကာ ပျော့ညံ့တွေဝေတတ်သည့် ယောကျ်ားလေးတစ်ယောက်ဖြစ်နေပြီတဲ့။ တကယ်လို့ နှင်းဆီသာလောကကြီးမှာ မရှိတော့ရင် သားလေးဟာ ဘယ်လိုလုပ်ပြီးတော့များ ဆက်လက်ရှင်သန်ရပ်တည်နိုင်မှာလဲတဲ့။

နှင်းဆီကတော့ ဒီလိုမတွေးပါ။ သားလေးကို နှင်းဆီ အစွမ်းရှိသမျှ ပြုစုဖြည့်ဆည်းပေးရတာကိုပဲ ကျေနပ်သည်။နှင်းဆီဘဝမှာ သားသာလျှင် အရေးအကြီးဆုံးလူသား။ ထိုလူသားလေးအတွက် နှင်းဆီရဲ့တစ်ဘဝလုံးကို ကျေကျေနပ်နပ်မြှုပ်နှံထားဖို့ နှင်းဆီက ဝန်မလေးပါ။

"သားက မုန့်ဖိုးတောင်းတာ ဘာလုပ်ဖို့လဲ၊ မေမေက



ဘာလုပ်ဖို့မေးတာမှ မဟုတ်ဘူးနော် ၊ သားအတွက် မုန့်ဖိုးဘယ်လောက်ပေးလိုက်ရမလဲလို့ သိအောင်မေးကြည့်တာ"

နှင်းဆီကသားကို မုန့်ဖိုးပေးရာမှာ တစ်ပတ်စာလောက်သာ လိုအပ်သလောက် ချင့်ချိန်တိုင်းထွာပေးတတ်ပါသည်။ အဲဒီလိုပေးတာဟာ သားအပေါ် တွက်ကပ်တွန့်တိုတာ လုံးဝမဟုတ်ချေ။ ဒီအရွယ်ယောကျ်ားလေးတွေဟာ အပေါင်းအသင်းစုံပြီး မဟုတ်မဟတ်တွေလုပ်မိဖို့ အခွင့်အလမ်းကများတတ်လှတာ။ သားကို ပိုက်ဆံများများ ကိုင်သုံးခွင့်ပေးထားလျှင် အရက်တို့၊ လောင်းကစားတို့ ထို့ထက်ပိုဆိုးလျှင် ဆေးချတာ ဘာညာအထိ ဖြစ်လာမှာစိုးရသည်။ ကိုယ့်သားလေးကို ယုံကြည်သည်ဆိုပေမဲ့ ကံကြမ္မာဆိုတာက ယုံရတာ မဟုတ်ဘူးလေ။

နှင်းဆီက သားလေးလိုချင်တာဆိုလျှင် ဘာမဆို ဖြည့်ဆည်းပေးဖို့ ဝန်မလေးပါ။ သားအတွက်က ငွေကိုင်ပြီး သုံးစရာမှမလိုတာ။ လိုချင်တာရှိလျှင် အမေကို ပြောသာပြောလိုက် ချက်ချင်းပြည့်စုံစေရမည်ဆိုမှတော့ ဘာများလိုအပ်သေးလဲ။

"ဘာမှမဟုတ်ဘူး မေမေ၊ သူငယ်ချင်းတွေ အလှူညီကျကြေးကြတာ ဒီနေ့ သားအလှည့်ရောက်လို့ အဲဒါ"

"[illegible] ... မေမေသဘောပေါက်ပြီ၊ ဒါဆို ဘယ်လောက်ကုန်မှာလဲ၊ သူငယ်ချင်းတွေက ဘယ်နှစ်ယောက်လဲ၊ ဘာစားကြမှာလဲ"

မေမေ့မေးခွန်းတွေက အရှည်ကြီး၊ များလဲအများကြီး။ တော်ရုံသားယောကျ်ားလေး တစ်ယောက်သာဆိုရင်တော့ မိခင်ဖြစ်သူရဲ့ စေ့စေ့ငုငုနိုင်လွန်းလှသော စုံစမ်းမေးမြန်းမှုတွေအောက်မှာ တော်တော်လေးကို အကျဉ်းကျစိတ်ပျက်မှာ။

ဘုန်းရောင်ထင်ကတော့ဖြင့် ဒါကို ဘယ်လိုမှ စိတ်ထဲမထားပေ။ သူ့ဘဝမှာ မိခင်ရဲ့အချုပ်အနှောင်၊ မိခင်ရဲ့ အအုပ်အမိုးဟာ တစ်သက်လုံးရှိနေတော့မှာ။ ဒါဟာ သူ့အတွက် သဘာဝပဲမို့ ထူးခြားထိခိုက်စရာရယ်လို့ မြင်ကို မမြင်မိတာ။

"သွား ... မေမေ့ပိုက်ဆံအိတ်ယူလာစမ်း သားလေး၊ ပိုက်ဆံက နှစ်ထောင်လောက်ဆို လောက်မလား"

"အဲဒီလောက်တောင် မကုန်ပါဘူးမေမေရာ၊ ကျော်စွာတို့အဖွဲ့နဲ့ သွားမှာပါ၊ လူက ငါးယောက်လောက် ... အလွန်ဆုံးပိုမှ ခုနစ်ယောက်လောက်ပါ၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဘေးဆိုင်က အသုတ်တို့ မုန့်ဟင်းခါးတို့မှာစားရုံလောက်ပါ"





"ဘာပဲဖြစ်ဖြစ် ပိုပိုလိုလိုယူသွားလေ၊ ဘယ်အချိန်လောက် ပြန်ရောက်မှာလဲ၊ မေမေလာကြိုပေးရမလား"

"မကြိုနဲ့မေမေ ... ကျော်စွာတို့အိမ်လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပဲ ရှိကြမှာ၊ အိမ်နဲ့မှ သိပ်မဝေးတာ"

"ဖြစ်ရဲ့လားသားရဲ့၊ နေပူသိပ်ပြင်းရင် လမ်းမထွက်နဲ့နော်၊ သွားရင်လဲလမ်းဘေးကပ်သွား ဟုတ်လား၊ ဒီလမ်းထဲက ကားတွေက အပြင်းမောင်းချင်တာ၊ ပြီးတော့ ကျော်စွာတို့လမ်းထိပ်က ဦးဘဖေကြီးအိမ်က ခွေးကြီးတွေကလည်း အရမ်းဆိုးတာနော်၊ မနေ့ကတောင် မို့မို့ ဈေးဝယ်ကပြန်လာတာကို ထွက်ဆွဲလို့ မနဲပြေးလာရသေးတာတဲ့"

ဘုန်းရောင်ထင်က မေမေပြောတာတွေကို အသေအချာ နားထောင်မှတ်သားပြီး ခေါင်းတညိတ်ညိတ်ရှိနေသည်။ မေမေဟာ သိပ်ကို မြင်တတ်တွေးတတ်တဲ့ အာဂမိန်းမ တစ်ယောက်ပဲ။ ဘယ်သူမှ မေမေ့လောက် ရှေ့ရေးမျှော် ကာ ထောင့်စေ့အောင် တွေးတတ်မှာမဟုတ်ဘူးဟုလည်း စိတ်ထဲက ကျိတ်ပြီးချီးကျူးနေမိသည်။

## (၄)

"ပါပါ ... သမီးကို မုန့်ဖိုးပေး"

ရန်မျိုးနိုင်က ကိုယ့်ရှေ့ခုန်ပေါက်ရောက်လာကာ လက်ဝါးလေးဖြန့်နေသော သမီးဖြစ်သူကို ပြုံးပြုံးကြီးကြည့်လိုက်ပါသည်။

ဒီသမီးတစ်ယောက်ဟာ ဒလ ဘယ်လိုအသုံးအစွဲကြီးမှန်းကိုမသိ။ ရန်မျိုးနိုင်လို သူမလေးလိုသလောက်ရှာဖွေဖြည့်ဆည်းပေးနိုင်သည့် အဖေမျိုးကို ရထားလို့တော်သေးတာပေါ့။ တကယ်လို့သာ ဆင်းတောင့်ဆင်းရဲမိသားစုထဲ၊





ဒါမှမဟုတ် ခြိုးခြံချွေတာသုံးမှ တန်ကာကျမည့် မိသားစုထဲသာ ကြီးပြင်းလာရရင် သူ့အကောင်းကြိုက်၊ အသုံးအဖြုန်းကြီးတာနဲ့ ဘယ်လိုမှ လွယ်မှာမဟုတ်။

• အသက်ကလေး ငါးနှစ်မပြည့်တပြည့်မှာ မိတဆိုးဖြစ်ခဲ့ရရှာသော သမီးလေးကို ရန်မျိုးနိုင်က မျက်စိစုံမှိတ်အလိုလိုက်ထားတာပါ။ ငါးနှစ်ဆိုတာ ကျောင်းစနေသည့်အရွယ်၊ သိတတ်စပြုနေပြီဖြစ်သည့် အရွယ်။ ဒီအရွယ်မှာ ကျောင်းသွားတက်ရတော့ ရွယ်တူကလေးတွေကို သူတို့အမေတွေ ကျောင်းလိုက်ပို့တာမြင်တိုင်း မျက်နှာငယ်လေးနဲ့ အဖေကို မော့မော့ကြည့်တတ်သော သမီးရဲ့မျက်နှာလေးဟာ သူ့ရင်ကို အလွန်ပဲထိခိုက်နာကျင်စေခဲ့တာ။

ထိုနာကျင်မှုကြောင့်ပဲ သမီးရဲ့ဘဝမှာ အမေမရှိတော့တာတစ်ခုကလွဲလျှင် တခြားဘာမှ လိုအပ်ချက်၊ လစ်ဟင်းချက်မရှိရအောင် အစွမ်းကုန် ဖြည့်ဆည်းပေးခဲ့တာ။

သမီးကလေးဟာ မသိတတ်သော၊ ဂျစ်ကန်ကန်နိုင်သော၊ အသုံးအဖြုန်းကြီးသော၊ အလုပ်အကိုင်လက်ကြောမတင်းသော ခပ်ဆိုးဆိုးမိန်းကလေးတစ်ယောက် ဖြစ်လာခဲ့တာ သူ့အပြစ်လုံးလုံးပါသည်လို့ လူတွေက ဘယ်လောက်ပဲပေဖန်ကြပါစေ ရန်မျိုးနိုင်ကတော့ ကျေနပ်သည်။ သမီးကို လိုလေးသေးမရှိအောင် ထားပေးနိုင်တာကိုပဲ ဘဝအတွက်

အောင်မြင်မှုတစ်ရပ်လို့ သူက ယူဆထားတာလေ။

"ဘယ်သွားမလို့လဲသမီးရဲ့ ..... ဘာတွေ ဝယ်စရာရှိသေးလို့လဲ"

"ဟာ ... ဖေကြီးကလဲ၊ ဈေးတွေ၊ စူပါမားကက်စတိုးဆိုင်တွေ ရှိနေသမျှတော့ ဝယ်စရာဆိုတာ ရှိနေမှာပဲဟာ"

သမီးရဲ့ ခံယူချက်ကလည်း အဲဒီလောက်ကို ကလေးဆန်တာ။ အမှန်တော့ အိမ်မှာဆို သမီးအတွက် လိုအပ်သည့်ပစ္စည်းရယ်လို့ မရှိတော့ပါ။ နောက်ဆုံးပေါ် အသစ်အဆန်း အသုံးအဆောင်မှန်သမျှ သမီးဆီမှာ အပြည့်အစုံရှိပါသည်။

ဒါတောင် မရွှေချောလေးက အားမရ။ မနေ့က ဝယ်လာပြီး သုံးသည့်ပစ္စည်းကို ဒီနေ့မှာ ဒိတ်အောက်သွားပြီထင်ကာ အသစ်ထပ်လဲချင်သည့် မိန်းကလေး။ အိပ်ရာခင်း ခေါင်းအုံးစွပ်၊ ဖက်လုံးစွပ်တွေကို တစ်နေ့တစ်ခါလဲ၊ ခန်းဆီးစကို တစ်ပတ်တစ်ခါလဲကာ အခန်းလုံးပြည့်ခင်းထားသည့် ကော်ဇောကိုပါ တစ်လတစ်ခါလောက် လဲတတ်သည့်မိန်းကလေး။

ကျောင်းတွေက ပိတ်ထားသည်ဖြစ်ရာ ဘာမှ အလုပ်မရှိသော သမီးဟာ တခြားဆယ်တန်းအောင် ကျောင်းသားတွေလို ကွန်ပျူတာတို့၊ စာရင်းကိုင်တို့၊ အင်္ဂလိပ်စာတို့





လည်းမသင်၊ တရားစခန်းဝင်၊ ဗုဒ္ဓဘာသာသင်တန်းတက်လဲ မလုပ်။ အားကစားသင်တန်းလဲ ဘာတစ်ခုမှမတက်ပဲ အချိန်ရှိတိုင်း စားလိုက်၊ အိပ်လိုက်၊ တီဗွီကြည့် သီချင်းနားထောင်လိုက်၊ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်၊ ဈေးဝယ်ထွက်၊ စားသောက်ဆိုင်သွားလိုက်လုပ်ပြီး ပိုလျှံသည့်အချိန်တွေမှာ တစ်အိမ်လုံးကို ဖြောင်းဆန်အောင် ပုံစံပြောင်းခြင်း၊ စိတ်တိုစိတ်ကောက်ခြင်းတို့ဖြင့်သာ အချိန်ကို ဖြုန်းတီးတတ်တာ။

ဒီနေ့ဈေးဝယ်ထွက်မည်ဆိုတော့ သူငယ်ချင်းတွေ စုဖို့ စောင့်ရတာနှင့်၊ ဈေးထဲမှာ အခေါက်ခေါက်ပတ်မှာနှင့်၊ မုန့်စားကြဦးမှာနှင့်၊ အိမ်ပြန်ရောက်လာလျှင် ဝယ်လာသည့် အထုပ်အပိုးတွေကို တစ်ခုချင်းထုတ်ကြည့်ဦးမှာနှင့်ဆိုလျှင် ညနေခြောက်နာရီလောက်တော့ အသာလေးရောက်သွားမှာမို့ အိမ်ထဲမှာ ဖြောင်းဆန်သောင်းကျန်းဖို့ အချိန်ရှိတော့မှာ မဟုတ်တော့ပေ။

"ပိုက်ဆံက ဘယ်လောက်လိုမှာလဲသမီး"

"ပါပါကလဲကွာ ... လက်ပေါက်ကတ်ပြီ၊ သမီးက ဘာပစ္စည်းလိုတယ်ဆိုပြီး ဦးတည်သွားတာမှ မဟုတ်တာ ဈေးထဲပတ်ကြည့်ပြီးမှ လိုချင်တာတွေ့ရင်ကောက်ကောက် ဝယ်မဲ့ဥစ္စာ၊ ပိုက်ဆံဘယ်လောက်လိုလဲဆိုတာ ဘယ်သိမှာလဲ"

ကောင်းလေစွ။ ပိုက်ဆံပေးရမည့်သူကပဲ အပြစ်ဖြစ်နေပြန်သေးသည်။ သို့သော်လည်း ကိုယ့်သမီးကပြောသည့် စကားမို့ ရန်မျိုးနိုင်အတွက်ကတော့ ကြည်နူးစရာ၊ ချစ်စနိုးရယ်လာချင်စရာမျှသာ ဖြစ်ခဲ့လေသည်။

"ကဲ ... သွား ... ပါပါ့အလုပ်ခန်းထဲက စားပွဲပေါ်မှာ ပိုက်ဆံထုပ်ရှိတယ်၊ အံဆွဲထဲက ပိုက်ဆံ အစည်းလိုက်တွေ မဟုတ်ဘူးနော်၊ အလွတ်သီးသန့်ထားတာ၊ အဲဒီထဲက ကြိုက်သလိုယူသွား"

"ဒီလိုမှာပေါ့ ပါပါရဲ့"

သမီးက ဝုန်းခနဲခုန်ထကာ သူ့ပါးနှစ်ဖက်ကို ဆွဲလိမ်လျက် ပြေးထွက်သွားတော့သည်။ ရန်မျိုးနိုင်ကတော့ သမီးကို လိုက်လံငေးကြည့်ရင်း ကိုယ်လုပ်ချင်တာလုပ်ရမှ ကျေနပ်တတ်သော ခပ်ဆိုးဆိုးကောင်မလေးဟာ သူ့အတွက် ဘုရားသခင်က ဖန်ဆင်းပေးလိုက်သည့် တစ်ခုတည်းသော ဆုလာဘ်ပေပဲဟု တွေးတောနေမိလေသည်။

❖ ✠ ❖



## (၅)

"ပေးပေး အစ်မကြီး"

ဆိုင်ရှင်အမျိုးသမီးကြီး ကိုင်ထားသော ကြာဆံတုတ်ထိုးပန်းကန်တွေကို အနားမှရောက်ခင်မှာပင် ကျော်စွာက ဖြတ်ယူလိုက်ပါသည်။ ဆိုင်ရှင်အစ်မကြီးကလည်း သွက်လက်စွာ လှုပ်ရှားလိုက်သော ကျော်စွာ့ အပြုအမူကြောင့် ခပ်ယောင်ယောင် ဖြစ်သွားကာ လက်ထဲကိုင်လာသည့် ပန်းကန်နှစ်ချပ်ကို ထိုးပေးလိုက်မိတော့သည်။

"ဒီမှာ ... ဒီမှာ ... အစ်မကြီး၊ ကျွန်မတို့က အရင်

မှာထားတာလေ"

ရှုးရှုးစွာစွာ အသံသုံးလေးခုက ကျောဘက်မှနေ၍ ထွက်ပေါ်လာတာမို့ ဘုန်းရောင်ထင်က လှည့်ကြည့်ဖြစ်လိုက်ပါသည်။ သူတို့နဲ့ ကျောချင်းကပ်လျက်က စားပွဲမှာတော့ ကောင်မလေး လေးယောက်က ဆိုင်ရှင်အစ်မကြီးကို ကြည့်သူကြည့်၊ ဒီဘက်ဝိုင်းမှာ ချထားနှင့်ပြီးဖြစ်သော ကြာဆံပေါ် ဝက်သားတုတ်ထိုး အစုံညှပ်ထည့်ကာ သခွားသီးပါးပါးလှီးထားတာနှင့် အချဉ်ရည်ရွှဲရွှဲဆမ်းထားသော ပန်းကန်တွေကို ကြည့်သူကြည့်နှင့် မျက်လုံးတွေ မီးဝင်းဝင်းတောက်ကာ အလွန်ရန်စွာတော့မည့် ပုံစံတွေ ဖြစ်နေကြလေသည်။

ဗိုလ်ချုပ်ဈေးထဲက သန့်သန့်လေးဆိုင်ဟာ သူတို့သူငယ်ချင်းတွေ ဈေးရောက်လျှင် မကြာခဏ စားနေကျဆိုင်မို့ ဆိုင်ရှင်အစ်မကြီးနဲ့က ရင်းနှီးနေပြီ။ အခုနေပြဿနာတစ်ခုခုဖြစ်လာလဲ အစ်မကြီးကတော့ ပုံမှန်ဖောက်သည်ဖြစ်သည့် ကိုယ့်ဘက်က လိုက်မှာပဲဟု ဘုန်းရောင်ထင်က တွေးလျက် ရဲရဲတင်းတင်း ရှိနေစဉ်မှာ ...

"ညီမလေးရယ် ... သူတို့က လမ်းကနေ လှမ်းယူသွားလို့ပါ၊ အစ်မက ညီမလေးတို့ စားပွဲကို အရင်ချပေးဖို့ ယူလာနေတာပါ"

"ဒါဆို အဲဒီပန်းကန်တွေ ဒီဘက်ပြန်ယူပေး"





"ချထားပြီးမှတော့ ထားလိုက်ပါတော့ကွယ်၊ ပြင်တာမကြာပါဘူး၊ ခဏလေးရမှာနော်"

"မရပါဘူး ... အစ်မနော်၊ ကျွန်မတို့က ဒီဆိုင်မှာ လာစားနေကျ၊ တကယ့်ဖောက်သည်အရင်းတွေ"

ကိုယ့်ဘက်က ပန်းကန်လေးနှစ်ချပ် စက္ကန့်ပိုင်းလောက် ဦးပြီးရလိုက်တာကိုပဲ မဟာအခွင့်အရေးထူးကြီးတစ်ရပ် ရသွားသလို ဆွေ့ဆွေ့ခုန်အောင် ဖြစ်နေကြသော ကောင်မလေးတွေကို အမြင်ကတ်တာနဲ့ ဘာသိဘာသာနေမည်ကြံသော ဝိုင်းထဲသို့ ဘုန်းရောင်ထင်က ဝင်ပါရပါသည်။

"ကျွန်တော်တို့ကလည်း လာစားနေကျပဲနော် အစ်မ၊ ကျွန်တော်တို့မှာလည်း ဖောက်သည် အခွင့်အရေး အပြည့်အဝ ရှိရမယ်"

ဆိုင်ရှင်အစ်မကြီးခမျာ ဘုန်းရောင်ထင်တို့ဝိုင်းနှင့် ကောင်မလေးတွေဝိုင်း နှစ်ဝိုင်းကြား ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် အတော်လေးကို ဦးနှောက်ခြောက်နေရှာပုံပါ။

ကောင်မလေးတွေ ပြောသလို ဟိုဘက်ဝိုင်းကို ချပေးပြီးသား ပန်းကန်တွေကို ပြန်ယူဖို့ကျတော့လည်း ဆိုင်ရှင်တစ်ယောက်အနေနဲ့ ဘယ်လောက်ဝန်လေးစရာ ကောင်းသလဲ။ ဟိုဟာလေးတွေကလည်း ဒါနဲ့ဒါပဲပါတာချင်းအတူတူ

ဒီဘက်ဝိုင်းရောက်နေသော ပန်းကန်ကိုမှ အကောင်းကြီးထင် နေကြပုံနှင့် မရမဖြစ် ပုံစံမျိုး ပေါက်နေကြသည်။

"ညီမလေးရယ် ... သူတို့ဝိုင်း ချထားပြီးသား ပန်းကန် ကြီး ပြန်ယူလို့ မကောင်းပါဘူး၊ ညီမလေးတို့ကို ကောင်းကောင်းလေး လုပ်လာခဲ့ပေးမယ်နော်၊ တစ်မိနစ် တောင် မကြာစေရဘူး"

"ဟင် ... ဟိုပန်းကန်ထဲက အူမကြီးကွင်းကြီးတွေက ပိုကောင်းတာ။ ကြီးလဲကြီးတယ်၊ အဆီတွေလဲ ရွှဲနေ တာပဲ၊ အဲဒါပဲ စားချင်တယ်"

မျက်စိလည်း လျှင်ပါ့ဗျာ၊ ဒီဘက်ဝိုင်းရဲ့အလယ် မှာ သူတို့ကောင်တွေ ငါးယောက်လောက် ဝိုင်းထိုင်နေသည့် ကြားထဲကမှ မုန့်ပန်းကန်ကို ဘယ်လိုလှမ်းမြင်ကာ အူမကြီး ကွင်းကြီး,ကြီးတာတို့၊ အဆီရွှဲတာတို့ကို တွေ့သွားသည်မသိ။

"အဲဒီထက် ပိုကြီးတဲ့ကွင်းတွေ ရှိပါသေးတယ် ညီမ လေးရဲ့၊ အစ်မ ကောင်းကောင်းလေးနဲ့ ပိုများများထည့် ပေးမယ်နော်"

"ဟင့်အင်း ... အဲဒါပဲ လိုချင်တယ်"

တော်တော်ပဲ ဂျစ်ကန်ကန် ပေကတ်ကတ်နိုင် သည့် ဟာလေးပါလား။ ကောင်မလေးတွေက လေးယောက် ပေမယ့် ကျန်သည့် သုံးယောက်မှာ ဗိုလ်ချုပ်ဈေးမုန့်စားတန်း



အလယ်ကောင် လူတွေတရှန်းရှန်း စည်ကားရာအရပ်မှာ အော်ကျယ်ဟစ်ကျယ် ရန်ဖြစ်ရမှာကို စိတ်မပါပုံနှင့် ငြိမ်သက် နေကြကာ တစ်ယောက်ကသာ အလျှော့မပေးစတမ်း အပြင်း အထန် တိုက်ပွဲဝင်နေတော့တာ။

ဘုန်းရောင်ထင်ကလည်း ဒီလောက်လက်ပေါက် ကတ်လှသော ဟာလေးကိုတော့ လုံးဝအလျှော့မပေးချင်တော့ ပါ။ ဘယ့်နှယ် ... ပိုက်ဆံပေးစားကြသူချင်း အတူတူ ကိုယ့် ရှေ့ရောက်လာပြီးသာ ပန်းကန်ကို သူ့ကို ပေးရမတဲ့လား။

ဘုန်းရောင်ထင်က ခပ်တည်တည်ပင် သူမ လက်ညှိုးထိုးပြသော ပန်းကန်ကို ဆွဲယူကာ ပန်းကန်ထဲက အသိသာဆုံး ကြီးမားနေသည့် အူမကြီးကွင်းကို ပါးစပ်ထဲ ဖတ်ခနဲ သွတ်ထည့်လိုက်လေသည်။

"ဟယ် ... ဟယ်တော်၊ ယုတ်မာလိုက်တာ၊ အောက် တန်းကျလိုက်တာ"

"ကိုယ်မှာထားတဲ့မုန့် ကိုယ့်ဘာသာစားတာပဲဗျို့၊ ဘာမှ အပြစ်မရှိဘူး"

"သက်သက်ညစ်စုတ်တာပေါ့ဟဲ့၊ အဲဒီပန်းကန်က ငါတို့ ရ,ရမှာပဲဥစ္စာ"

"ကိုယ့်ရှေ့ရောက်လာလို့ စားတာပဲ၊ ဘယ်သူ့ခွင့်ပြု ချက်မှ မလိုဘူး"

"တော်ပါတော့ဟယ်၊ နင်ကလဲ လူကြားထဲမှာ အော်ကျယ်ဟစ်ကျယ်နဲ့၊ ရှက်စရာကြီး၊ ဒါမစားရလဲ ဘာဖြစ်လဲ၊ နောက်ရမှာပဲဥစ္စာ"

ဘေးက သူငယ်ချင်း ကောင်မလေးတွေခမျာ ကြားထဲက ဝင်ရှက်လာကာ ဆွဲကြတားကြ လုပ်နေကြပြီ။ ကိုယ်ဖြစ်ချင်တာ တစ်ခုတည်းကိုပဲသိပြီး ပတ်ဝန်းကျင်ကို ဂရုစိုက်စရာရယ်လို့ သတ်မှတ်ပုံမရသော ကောင်မလေးကတော့ ဘုန်းရောင်ထင့်ကို စူးစူးဝါးဝါး ကြည့်ကောင်းဆဲ။

"စားလို့ကောင်းလိုက်တာဗျာ၊ အီဆိမ့်နေတာပဲ"

ဘုန်းရောင်ထင်က အားရပါးရ ဝါးပြနေလျှင် ကောင်မလေးမှာ နတ်ဝင်သလိုမျိုး တဆတ်ဆတ်တုန်လာလျက် အခုပဲ လဲကျတော့မလို ဖြစ်လာလေတော့သည်။

"ဟဲ့ ..."

"တော်ပြီ၊ မစားတော့ဘူး၊ ဒီကျက်သရေတုံးကောင်တွေ ရှိနေရင် စားလို့လဲဝင်မှာ မဟုတ်တော့ဘူး၊ သွားမယ်"

စားပွဲတွေ ကုလားထိုင်တွေကို ဝုန်းဒိုင်းတွန်းတိုက်ကာ ထွက်သွားသော ကောင်မလေးနောက်သို့ သူမရဲ့ သူငယ်ချင်းတွေက အပြေးအလွှား လိုက်ပါသွားကြကာ ဆိုင်ရှင်အစ်မကြီးမှာတော့ အသစ်ထပ်ပြင်လာသည့် မုန့်ပွဲတွေ





ကိုင်ကာ ကြောင်တောင်တောင် ကျန်ခဲ့ပြီး ဘုန်းရောင်ထင်တို့အဖွဲ့ကတော့ တဟားဟားနဲ့ ရယ်မောသဘောကျမဆုံး ဖြစ်ကျန်ခဲ့ကြတော့သည်။

## (၆)

"အောင်မယ်လေး ... သားလေး ... မေ့သားလေးရယ်၊ ဘယ်လိုများ ဖြစ်လာရတာလဲ"

ဖိုးဇော်နဲ့ ကျော်စွာ နှစ်ယောက်တွဲ ကြားထဲမှာ ရှုံ့မဲ့မဲ့၊ ထော့နင်းနင်းနဲ့ ပါလာသော ဘုန်းရောင်ထင့်ကို တွေ့လျှင် မေမေ့မှာ မူးမေ့လဲကျမတတ် ပျာပျာသလဲ ဖြစ်သွားရလေသည်။

"သားလေး ... ခြေထောက်က ဘာဖြစ်တာလဲဟင်၊ ချော်လဲတာလား၊ ကားတိုက်ခံရတာများလားဟင်၊ ကျိုး





သွားပြီလား၊ ဘာဖြစ်လာကြတာလဲ ပြောကြပါဦး"

"စက်ဘီးစီးရင်း ချော်လဲကျတာပါ အန်တီ"

ကျော်စွာက ကြားဝင်ဖြေပေးရင်း ဘုန်းရောင်ထင့်ကိုပါ တံတောင်နဲ့တွက်ကာ ဘာဖြစ်လာသလဲ ပြောပြဖို့ အချက်ပေးနေသော်လည်း ဘုန်းရောင်ထင်ကဖြင့် ပါးစပ်ပင် ဖွင့်မရတော့ပါ။

လမ်းမှာတုန်းကတော့ နာပင်နာငြားသော်လည်း စကားပြောနိုင်သေးသည်။ ဟိုနှစ်ကောင်က နောက်လျှင်ကိုယ်ကပင် ပြန်ပြောကာ ရယ်မောနိုင်သေးသည်။

အိမ်ပြန်ရောက်ကာ မေမေ့ကို အခုလိုအခြေအနေမျိုးနဲ့ တွေ့လိုက်ရသောအခါတွင်ကား ကိုယ့်ရဲ့ဒဏ်ရာသည်ပင် ချက်ချင်းကြီး သေရလောက်အောင် ဆိုးဝါးပြင်းထန်သောဒဏ်ရာလို့ ဘုန်းရောင်ထင်ရဲ့စိတ်ထဲ ထင်မှတ်သွားလျက် စကားပြောနိုင်သည့် ခွန်အားတို့ပင် ကင်းမဲ့ကာ လူကပျော့ခွေကျသွားချင်သလိုလို၊ နာလွန်းလို့ သတိပင်လစ်ရတော့မလိုလို ဖြစ်သွားရလေသည်။

"စက်ဘီးနဲ့ ချော်လဲတယ် ... ဟယ်၊ ဘယ်သူ့စက်ဘီး လိုက်စီးပြီး လဲတာလဲ"

"ဘယ်သူ့စက်ဘီးမှ လိုက်စီးတာ မဟုတ်ဘူး အန်တီနှင်းဆီ၊ ဒီကောင် စက်ဘီးစီး သင်ချင်တယ်ဆိုလို့

ဖိုးဇော်နဲ့ ကျွန်တော် သင်ပေးကြတာ"

"ဟယ် ... မဟုတ်ဟုတ်ကတွေ၊ စက်ဘီးစီးသင်စရာ လား၊ သားလေးရယ်၊ မေ့သားလေးကို အဲဒီလို လဲတာ ဖယ်တာတွေ ဖြစ်မှာစိုးလို့ တမင်ကို စက်ဘီးစီးပေး မသင်ခဲ့တာ၊ ကြည့်စမ်း ... ဒူးခေါင်းမှာ ပွန်းပဲ့စုတ်ပြဲ နေလိုက်တာ မြင်လို့တောင် မကောင်းတော့ဘူးကွယ်၊ သွေးတွေလဲ ရွဲနေတာပဲ၊ မေ့သားလေး တစ်သက်လုံး ဘယ်တုန်းကများ ဒီလောက်ဒဏ်ရာဒဏ်ချက် တွေ့ရ ဖူးလို့လဲ"

မေမေ့မှာ ရင်ထုမနာ တဖျစ်တောက်တောက် အော်ဟစ်ညည်းညူရင်း ဘုန်းရောင်ထင့်ရဲ့ ခြေထောက်က အနာကို ကိုင်ကြည့်၊ အိမ်ကကောင်မလေးတွေကို ဒဏ်ရာ ဆေးဖို့ ရေနွေးနဲ့ရေအေး သင့်တော်ရုံစပ်ယူခဲ့ဖို့မှာ၊ ဆေး သေတ္တာပြေးဆွဲနဲ့ ပျာယာခတ်နေတော့သည်။

ကျော်စွာနဲ့ ဖိုးဇော်တို့ခမျာ ဘုန်းရောင်ထင်က စီးတတ်ချင်ပါသည်လို့ ပူဆာလွန်းလို့သာ လိုက်သင်ပေးရ တာဖြစ်ပါလျက် ဒေါ်နွယ်နှင်းဆီ ပြောလိုက်ပုံက သူတို့ကိုပဲ အပြစ်တင်သလိုလို ဖြစ်နေတာမို့ အနေရခက်ကာ မျက်စိပျက် မျက်နှာပျက်တွေ ဖြစ်နေကြရလေသည်။

"ဟဲ့ ... မို့မို့ရေ ... အနာဆေးဖို့ ရေယူလာခဲ့ခိုင်းတာ မရသေးဘူးလား"

"လာမယ်အန်တီ၊ ဓာတ်ဗူးအဖုံးက ကျပ်နေလို့ ဖွင့်ရ ခက်နေတာနဲ့"

"ဟဲ့ ... ရေနွေးနဲ့ရေအေး သင့်ရုံစပ်ခဲ့ဦးနော်၊ အရမ်း အေးသွားရင်လဲ ပိုးမသေဘူး ဖြစ်နေဦးမယ်၊ အပူလွန် သွားရင်လဲ မခံနိုင်ဘူး ဖြစ်ဦးမယ်၊ ထားလိုက်တော့၊ ရေနွေး ငါကိုယ်တိုင် လာစပ်မယ်၊ ဒီမှာ ဆေးသေတ္တာ ဖွင့်ထား၊ ပတ်တီးရယ်၊ ကတ်ကြေးရယ်၊ အရက်ပျံ ဂွမ်းရယ် အကုန်ထုတ်ထားလိုက်"

ဒေါ်နွယ်နှင်းဆီက အိမ်ရှေ့နဲ့ နောက်ဖေး လွန်း ထိုးပြေးလွှားကာ ပါးစပ်ကလည်း အဆက်မပြတ် ညွှန်ကြား နေပုံမှာ နှလုံးခုန်ရပ်ကာ ဆေးရုံကို အရေးပေါ်ရောက်လာ သည့် လူနာတစ်ယောက်ကို အသက်ရှင်ဖို့ အသေအလဲ ကြိုး စားနေရပုံမျိုး။

"သားလေး ... အနာကို ဆေးရအောင်နော်၊ လာ ... ဒီဇလုံထဲ ခြေထောက်ထည့်ထား၊ သိပ်မနာအောင် မေမေကိုယ်တိုင် လုပ်ပေးမှာနော်"

ပြောလဲပြော၊ လက်ကလည်း တရစပ် လှုပ်ရှား နေသော ဒေါ်နွယ်နှင်းဆီကို ဖိုးဇော်နဲ့ ကျော်စွာက မျက်စိ နောက်နေသော်လည်း ဘုန်းရောင်ထင်ကတော့ အမေလုပ်သ

မျှကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ကျေကျေနပ်နပ်၊ အားကိုးတကြီး ခံယူနေလေသည်။

"အား ... စပ်တယ်မေမေ၊ ဘာတွေထည့်တာလဲ"

"အရက်ပျံနဲ့ သုတ်နေတာလေ၊ နည်းနည်းတော့စပ်မှာပေါ့၊ အနာက နည်းတာမှမဟုတ်တာပဲ"

"အပေါ်ယံလောက်လေးပဲ ပွန်းသွားတာပါ အန်တီ"

"အား ... အရမ်းနာတယ်ဲ မေမေရဲ့၊ ကျွန်တော် သေတော့မလား မသိဘူး"

"ဟုတ်လား ... သားလေးခြေထောက်က ပွန်းရုံမှ ဟုတ်ရဲ့လား၊ ကျိုးများသွားတာလားဟင်"

"မကျိုးလောက်ပါဘူး အန်တီနှင်းဆီရာ၊ ဒီကောင် စက်ဘီးနဲ့ ပစ်လဲတဲ့နေရာက မြေခပ်ပျော့ပျော့ပါ၊ ဒူးအောက်မှာ ခဲလုံးတစ်လုံး ခံသွားလို့သာ ပွန်းသွားတာ၊ ပြီးတော့ လဲတာကလဲ အရှိန်နဲ့မဟုတ်ပါဘူး၊ ခပ်ဖြည်းဖြည်း သွားရင်းကနေ သာသာလေး လဲကျတာပါ"

"ဟုတ်တယ် ... လဲကျပြီးပြီးချင်းလဲ ချက်ချင်းပြန်ထပြီး လမ်းလျှောက်နိုင်တာပဲ၊ အိမ်အထိ ရယ်ရယ်မောမောနဲ့ လျှောက်လာတာပါဗျ၊ ဟော့ကောင် ... ပြောလိုက်လေကွာ၊ မင်းကလဲ၊ ကိုယ့်အမေကိုယ် လန့်





အောင်မလုပ်နဲ့ပါနဲ့"

"အိုကွယ် ... သူနာလို့နာတယ် ပြောရှာတာ နေမှာပေါ့၊ လဲကျကျချင်းတော့ သွေးပူနေတော့ လျှောက်နိုင်မှာပေါ့၊ ကြာလာတဲ့အခါကျမှ ကျိုးတာပဲ့တာတွေက နာလာမှာ၊ မေ့သားလေး ... ဆေးရုံသွားပြမလား၊ မေမေ လိုက်ပို့ပေးမယ်လေ"

ကျော်စွာနဲ့ ဖိုးဇော်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မဲ့ရွဲ့တွန့်လိမ်နေကြပါသည်။ အမေကလည်း ဘာမှန်းမသိ ညာမှန်းမသိ သဲသဲလှုပ်၊ သားလုပ်သူကလည်း တစ်လျှောက်လုံး အကောင်းနေလာရာက အမေ့ရှေ့လည်းရောက်ကော ခုပဲ လဲသေတော့မလို မူယာမာယာက ခပ်များများ။ သားအမိနှစ်ယောက် လိုက်လဲလိုက်ပါ။

"ကျိုးများကျိုးမလားမသိဘူး၊ နာတော့ အရမ်းနာတာပဲ၊ မေမေ ဘယ်လိုထင်လဲ"

"သားလေး မသေချာဘူးဆိုရင် ဆေးရုံသွားလိုက်တာကောင်းမယ်ထင်တယ်၊ မေမေက ဘာမှလုပ်တတ်တာမဟုတ်ဘူး၊ အနည်းဆုံး ဘာမှမဖြစ်ဘူး ဆိုရင်တောင် ဆေးထည့်ပတ်တီးစည်းက သူတို့တွေပိုလုပ်တတ်မှာပေါ့"

"ကောင်းတယ် အန်တီ၊ သွားသာသွား၊ အနာကိုချုပ်

ဖို့လိုရင်လဲ တစ်ခါတည်းချုပ်လို့ရတာပေါ့”

ကျော်စွာက အမြင်ကတ်ကတ်နဲ့ ချွန်လွတ်လိုက်တာကိုတောင်မှ ပြာမူးနေသည့် ဒေါ်နွယ်နှင်းဆီက သတိမထားမိပါ။ ဆေးရုံသွားတော့မည်ဆိုတော့ သားဖြစ်သူကို သပ်သပ်ရပ်ရပ် ဝတ်စားဆင်ပြင်ပေးဖို့၊ သူမကိုယ်တိုင်လည်း တင့်တင့်တယ်တယ်လေးဖြစ်ဖို့ ပြင်ရဆင်ရ၊ အိမ်ကကောင်မလေးတွေကိုမှာရနှင့် ယောက်ယက်ခတ်ပြန်လေသည်။

“ဟဲ့ ... အဝတ်အစားတို့ စောင်၊ ခေါင်းအုံး၊ အိပ်ရာခင်းတို့၊ နောက် ဓာတ်ဗူး၊ ပန်းကန်၊ ကော်ဖီခွက်၊ ဇွန်း၊ လက်သုတ်ပဝါ၊ ကော်ဖီမစ်ထုပ်၊ သကြား နို့ဆီ၊ မုန့် အဲဒါတွေ ခြင်းတစ်ခုထဲထည့်၊ အဝတ်အစားတွေက လက်ဆွဲအိတ် အညိုထဲထည့်ပြီး အသင့်ပြင်ထားဦး၊ တကယ်လို့ ဆေးရုံတက်ဖို့ လိုလာရင် အဆင်သင့်ဖြစ်ထားအောင်”

“ခွိး ... ခွိး ...”

ကျော်စွာနဲ့ ဖိုးဇော်ထံမှ ခပ်ကျိတ်ကျိတ်ရယ်သံထွက်လာတာမို့ ဘုန်းရောင်ထင်က မျက်စောင်းလှမ်းထိုးလိုက်ပါသည်။ သူကတော့ မေမေ့ရဲ့ အစီအစဉ်အောက်မှာ အရုပ်ကြီးတစ်ရုပ်လို မလှုပ်မယှက်။

“ကဲ ... ဖိုးဇော်နဲ့ မောင်ကျော်စွာရေ၊ သားတို့သူငယ်





ချင်းကို ကားပေါ်ပွေ့တင်ပေးကြပါကွယ်”

“ဒီကောင် လမ်းလျှောက်နိုင်ပါတယ် အန်တီ”

“လျှောက်နိုင်တာတော့ ဟုတ်တာပေါ့ကွယ်၊ ဒါပေမယ့် တကယ်လို့ ကျိုးများသွားရင် လှုပ်လေပိုဆိုးလေ ဖြစ်တော့မှာပေါ့၊ တတ်နိုင်သလောက် အလှုပ်အရှား နည်းအောင်ထားရမယ်လေ”

“အေး ... ဟုတ်တယ်၊ ဟေ့ကောင်တွေ ... ဘာမှပြော မနေနဲ့၊ မ,သာမ၊ ခြေထောက်ကိုလည်း မထိခိုက်စေနဲ့ ဦးနော်၊ နဂိုကခြေထောက်အကောင်းဟာ မင်းတို့လုပ်မှ ကျိုးသွားဦးမယ်”

ဖိုးဇော်တို့ နှစ်ယောက်က မတတ်သာလို့ လက်လျှော့လိုက်ရသည့် မျက်နှာတွေနဲ့ ဘုန်းရောင်ထင့်ကို အောင့်သက်သက် မ,ယူလိုက်ကြရပါသည်။

“ဖြည်းဖြည်းနော် သားတို့၊ အချိန်ကြာရင် ကြာပစေ၊ ဖြည်းဖြည်းသာလျှောက်”

ဒေါ်နွယ်နှင်းဆီက ဘေးကနေ စောင့်ကြပ်လိုက်ပါနေတာမို့ နှစ်ယောက်သားမှာ ဘာမှအထွန့်မတက်သာဘဲ မျက်နှာတမဲ့မဲ့နှင့် ထမ်းပိုးသယ်ဆောင်ရလေသည်။ စိတ်ထဲမှာတော့ ဒီကောင့်ကို စက်ဘီးလဲရာမှာ ဒီအတိုင်း ပစ်မထားဘဲ အိမ်လိုက်ပို့မိတာကိုက မှားပါတယ်ဟု နှစ်ယောက်သား

တွေးနေကြလေသည်။

နောက်ဆုံးတော့ ဘုန်းရောင်ထင်လည်း ကားပေါ်နေရာတကျ ထိုင်မိကာ ဒေါ်နွယ်နှင်းဆီက ကားကို ရန်ကုန်ဆေးရုံကြီးသို့ ဦးတည်လျက် တစ်ရှိန်ထိုး မောင်းထွက်ခဲ့တော့သည်။



(၇)

"ဒေါ်စိန်ကြီး ... လုပ်ပါဦး၊ မီးအရမ်းနာတာပဲ၊ သေတော့မလား မသိဘူး"

"ဟဲ့ ... ကလေးမ၊ ပေါက်တရကတွေကွယ်၊ အဆော့လွန်လို့ ခြေခေါက်လဲတာကိုများ သေရမတဲ့လား"

"အိုး ... အခန့်မသင့်ရင် သေချင်သေမှာပေါ့၊ သမီးခြေမျက်စိက အရမ်းနာလာပြီ၊ အရိုးကျိုးသွားပြီလား မသိဘူး၊ ချက်ချင်း ယောင်ကိုင်းတက်လာတာ တွေ့လား"

"အသက်"က တွေ့လားဆိုသဖြင့် ရောယောင်ငုံ့ကြည့်လိုက်ရပေမယ့် ဒေါ်စိန်ကဖြင့် ဘာမှကို မတွေ့ပါ။

သူမခြေထောက်မှာ ယောင်ကိုင်းနေပြီဆိုသော်လည်း တကယ်မြင်ရတာကျတော့ အနည်းငယ် နီရောင်သမ်းနေရုံမျှသာ၊ ပြီးတော့ ကလေးမဟုတ် သူငယ်မဟုတ် သားရေပင်ခုန်ရင်း ခြေခေါက်ကာ လဲသလောက်မှာ ဘာမှမဖြစ်လောက်ပါဘူးဟု ဒေါ်စိန်က ထင်ပါသည်။

ဒီကောင်မလေးဟာ တမင်သက်သက်ကို ဂျိုတိုက်တာ။ သူ့အဖေ ဂျပန်သွားတာကို မလိုက်သွားရလို့ နဂိုထဲက စိတ်တိုဂျစ်တိုက်နေသော ကောင်မလေးဟာ နည်းနည်းလေးလဲ ဖြစ်လိုက်ရော များများကြီးကို အကဲပိုနေတော့တာ။

ဒေါ်စိန်က အသည်းယားစွာဖြင့် ပစ်ထားလိုက်ချင်သော်လည်း ဆရာပြန်လာလျှင် ပိုပိုသာသာတွေ ဖြည့်စွက်ကာ အတိုင်အတောထူဦးမှာကို သိနေ၍ စိတ်ပူပဟာန်ဆောင်ပြနေရပါသည်။

"ဒေါ်ကြီးစိန် ပရုပ်ဆီလေး လိမ်းပေးထားလိုက်မယ်နော်၊ ခဏနေရင် သက်သာသွားမှာပါ သမီးရဲ့"

"ဘာပရုပ်ဆီလဲ ... မီး ဘယ်တုန်းကမှ ပရုပ်ဆီမလိမ်းတာ သိရဲ့သားနဲ့ တမင်ရွဲ့တယ်၊ ပရုပ်ဆီနံ့ မခံနိုင်ပါဘူးဆိုမှ၊ ပရုပ်ဆီနံ့ရှူရင် ရင်ထဲပူပြီး တလှပ်လှပ်





မောလာတဲ့ဥစ္စာ"

"ဒါဆို ဦးအုန်းစိန် ဒဏ်ကြေလိမ်းဆေး လိမ်းမလား၊ ထွန်းရွှေဝါလိမ်းမလား၊ ဆာအူးကြီးလိမ်းမလား"

"ဟာ ... သေလိုက်၊ သေလိုက် ... အဲဒီလိမ်းဆေးအပူတွေဒဏ်ကို မခံနိုင်ပါဘူးဆိုမှ ဒါပဲလာပြောနေတယ်၊ အသက်ကို သေစေချင်ပြီနဲ့ တူတယ်".

ပြောရင်း ပြောရင်းက ငိုသံပါလာတာမို့ ဒေါ်စိန့်မှာ ခေါင်းနဘမ်း ကြီးရလေသည်။ အသက်ဲ့ ဥစ္စာက တောစကားတောပျောက်ရုံဆိုရင် အကြောင်းမဟုတ်။ သူ့အဖေပြန်ရောက်လာသည့်အခါကျ ဒေါ်စိန်က သူ့ကို သေကြောင်းကြံပါတယ်လို့ သွားတိုင်လျှင် ဟိုကလည်း ယုတ္တိယုတ္တာရှိ၊ မရှိ စဉ်းစားချင့်ချိန်နေမှာ မဟုတ်ဘဲ သူ့သမီးစကားဆိုမျက်စိစုံမှိတ်ကာ ယုံပစ်လိုက်မှာ။ ထိုအခါ ကြားထဲက ဒေါ်စိန်ကပဲ စိတ်မချရသည့် မိန်းမဆိုးကြီး ဖြစ်ဦးတော့မှာ။

"မဟုတ်ရပါဘူး သမီးလေးရယ်၊ ဒေါ်ကြီးစိန်က သမီးကို ပျောက်စေချင်ဇောနဲ့ ပြောမိတာပါ၊ ဒါဖြင့် ဘာလိမ်းမလဲ၊ ဆေးတစ်ခုခုတော့ လိမ်းထားမှကောင်းမယ်ကွယ့်"

"ဒါဖြင့် ပါပါ့ ဆေးဗီရိုထဲမှာ Voltaren လိမ်းဆေးရှိတယ်၊ သွားတိုက်ဆေးတောင့်လို ညှစ်ရတဲ့ဗူးလေး

တွေ့ဖူးတယ်မို့လား ၊ လိမ္မော်ရောင်လေးလေ၊ အဲဒါ ယူခဲ့၊ ဩော် ... ပတ်တီးပါယူခဲ့ဦးနော်၊ အလပ်စတစ် သား ဆွဲဆန့်လို့ရတဲ့ ပတ်တီးအကောင်းကို ပြောတာ နော်၊ ဆေးအရင်လိမ်းထားမှဖြစ်မယ်၊ ပြီးရင်ဆေးရုံ သွားပြီးပြရမှာ"

မြတ်စွာဘုရား။ ဆေးလိမ်း ပတ်တီးစည်းပေး လိုက်လျှင် ပြီးပြီပဲထင်လို့ ကြိုးစားပြုစုနေသော ဒေါ်စိန့်မှာ ဒါပြီးလည်း နောက်ဆက်တွဲက ပါကိုပါလာမှာပဲမှန်း သိလိုက် ရသောအခါ အတော်ကြီးကိုပဲ စိတ်ညစ်စိတ်ပျက်သွားရတော့ သည်။



(၈)

"ဟဲ့ ... ဟိုရှေ့ကားက ဘာတွေရှုပ်နေတာလဲ၊ ရပ် ထားတာ ကြာလှရှိပြီ"

ရန်ကုန်ဆေးရုံကြီး အရှေ့ပေါ်ဝင်ပေါက်ရှေ့မှာ ရောက်လျှင် ရှေ့ကကြိုရောက်လျက် လူနာအတင်အချ လုပ် နေသော ကားတစ်စင်းရှိနေတာကြောင့် ဝင်ပေါက်တည့်တည့် မှာ ကားမရပ်နိုင်ပါ၊ အမှန်ကတော့ သူတို့ကားရပ်ထားသည့် နေရာဟာလည်း ဆင်းလျှောက်သွားလျှင် ဝင်ပေါက်ရောက် ဖို့ ခြေလှမ်း သုံးလှမ်းစာလောက်သာ သွားဖို့လိုတာပါ။

အဲဒါကိုပဲ အသက်တို့က ပေကတ်ကာ ရှေ့ကားအထွက်ကို စောင့်နေတော့တာ။

ရှေ့ကားကလည်း ကားပေါ်က ယောကျ်ားလေး ခပ်ရွယ်ရွယ် နှစ်ယောက်ဆင်းလာပြီးလျှင် ရှေ့ခန်းခုံမှာပါလာသည့် လူတစ်ယောက်ကို ခပ်ဖြည်းဖြည်း သယ်မ,ထုတ်နေတာနဲ့တင် အချိန်တော်တော် ကြာပါသည်။

အဲဒီနောက် အသင့်ခေါ်ထားသည့် ဗိုး(လ်)ချဲပေါ် လူနာကိုတင်ပြီး နေရာချနေတာကိုက တမေ့တမော။

"ဦးဘအေး ... ကားကို ဟွန်းနှစ်ချက်လောက် ဆင့်တီးလိုက်စမ်းပါ"

"ရှေ့ကားက လူနာမှ မဆင်းရသေးဘဲ သမီးရဲ့၊ ကားကထွက်ပေးမှာ မဟုတ်ဘူးထင်တယ်၊ ဒီကပဲ ဆင်းလျှောက်လိုက်ပါ သမီးရယ်၊ သိပ်မဝေးတော့ပါဘူး"

"ဟင် ... ဘယ်လျှောက်နိုင်မှာလဲလို့ ဒီလောက် ခြေထောက်က ယောင်ကိုင်းပြီး နာနေတဲ့ဥစ္စာ၊ အကြာကြီး ရပ်မယ်ဆိုရင်လဲ ခပ်ဝေးဝေးသွားရပ်ထားပေါ့၊ အခုတော့ ဝင်ပေါက်ဝကြီးမှာ သူများတွေ အဝင်အထွက် ခက်အောင်"

"သူလဲ လူနာအတင်အချ လုပ်နေဘာကိုးကွယ့်၊ နည်းနည်းတော့ ကြာမယ်ထင်တယ်၊ သွားလိုက်ပါတော့





သမီးရယ်၊ ဒါမှမဟုတ်လဲ ခဏလေးပဲ စိတ်ရှည်ရှည်နဲ့ စောင့်"

"အဲ ... နေဦး၊ သူ့ကလဲ ဆရာဝန်ပြဖို့ပဲ ဖြစ်မှာနော်၊ တော်ကြာ ကိုယ့်ထက်အရင် ဝင်သွားရင် သူ့ကိုစောင့်နေရဦးမယ်၊ ဟုတ်တယ် ... ဟုတ်တယ်။ ဒေါ်စိန် ... တွဲ ... တွဲ ... သမီးဘာသာပဲ လမ်းဆင်းလျှောက်သွားတော့မယ်"

အသက်က အခုမှ အကြံပေါ်ကာ ကားပေါ်က ကမန်းကတန်း ဆင်းချလိုက်ပါသည်။ "နေရာလုမှဖြစ်မည်" ဆိုတဲ့စိတ်က ဆောင်နေတာမို့လားမသိ အိမ်ကထွက်တုန်းက ဒေါ်စိန်နဲ့ သူဇာ နှစ်ယောက်ဝိုင်းတွဲပြီး ကားပေါ်တင်ပေးခဲ့ရသူဟာ အခုကျတော့ သူ့ဘာသာ တစ်ယောက်တည်း ဝင်သွားပြီး လမ်းတစ်ဝက်ရောက်တော့မှ သတိရသွားကာ သူ့လောက်မှ မလျင်လို့ သူ့နောက်ကျန်ခဲ့သူတွေကို စောင့်ပြီး အတွဲခံဖော်ရတော့သည်။

ဆေးရုံကြီးရဲ့ အရေးပေါ် ထိခိုက်ဒဏ်ရာကုဌာန ဝင်ပေါက်ရှေ့လဲရောက်ရော ရှေ့ကသွားနေသည့် တွန်းလှည်းနဲ့ နောက်နားမကျတကျက လိုက်ပါလာသည့် အသက်တို့ ပြိုင်တိုးစရာ ဖြစ်ကြပါလေရော။

"တွန်းလှည်း ခဏဖယ်ပေးပါ၊ ကျွန်မ ဝင်မလို့"

"အစ်မ ... ခဏလေးနော်၊ ကျွန်တော်တို့ ဝင်လိုက်ရင် လမ်းရှင်းသွားမှာ"

အမှန်က အရေးပေါ် ထိခိုက်ဒဏ်ရာကုဌာနရဲ့ ဝင်ပေါက်ဟာ ကျဉ်းလွန်းသည်ရယ်လို့ မဆိုသာပါ။ သို့သော် လည်း ဘီးတပ်တွန်းလှည်းတစ်စီးနှင့် လူတစ်ယောက်ယှဉ်ပြီး ဝင်ရလောက်အောင်တော့ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ် လပ်လပ်မရှိချေ။

ပြီးတော့ ထိုနှစ်ယောက်ဟာ လည်း နှစ်ယောက် တည်း သီးသန့်မဟုတ်။ နောက်တော်ပါ အခြွေအရံများစွာ နှင့် တအုံတမကြီး ဖြစ်ပေရာ အပေါက်ဝနေရာလေးမှာ ခဏ ချင်း လူတွေနဲ့ပြည့်သိပ်ညပ်ကျပ်သွားလေသည်။

"ကဲ .. တွန်းလှည်းက အရင်ဝင်လိုက်လေ၊ မဟုတ် ရင် ပိတ်နေမှာပေါ့"

"ကျွန်မ အရင် ရောက်တာ၊ ကျွန်မပဲ အရင်ဝင် မယ်"

အမှန်က မဖြစ်လောက်သည့် ကိစ္စလေးပါ။ ဘယ်သူပဲ အရင်ရောက်ရောက်၊ ဘယ်သူပဲ အရင်ဝင်ဝင် တစ်ယောက်နဲ့တစ်ယောက် အလွန်ဆုံး ဆယ်မိနစ်လောက် ကလေး ကွာခြားဖို့ ရှိပါလျက် ထိုဆယ်မိနစ် အချိန်ကလေး ကိုပဲ မစောင့်နိုင်၊ မအောင့်နိုင် တွက်ကပ်နေကြတာ။





"အစ်မ ... ခဏလေးပဲ၊ ကျွန်တော် ဝင်လိုက်ရင် ရှင်း သွားပြီ"

တွန်းလှည်းတွန်းသည့်သူက ခပ်ပြတ်ပြတ်ပင် ပြောချကာ သူ့တွန်းလှည်းကို ဦးအောင်ဝင်ချသွားပါသည်။ ဒါပေမယ့် ဘယ်ရလိမ့်မလဲ။ အသက်က မပြေးရုံတစ်မယ် ခြေလှမ်းများဖြင့် တာဝန်ခံဆရာဝန်ဟု သစ်သားဆိုင်းဘုတ် လေး တင်ထားသော စားပွဲဆီသို့ လျှောက်သွားလိုက်ကာ ...

"ဆရာ ... ကျွန်မ ခြေခေါက်လဲသွားတာ ပြချင်လို့"

စားပွဲကျယ်ကြီးရဲ့နောက်မှာ ထိုင်နေသော ဆရာ ဝန်ဟာ လူသူရှင်းရှင်းလင်းလင်းလဲ ရှိနေတာမို့ အပေါက်ဝ မှာ ဖြစ်ပျက်နေသော မြင်ကွင်းကို မြင်ထားပြီးသား ဖြစ်လေ ရာ သူ့စားပွဲသို့ အပြေးချဉ်းကပ်လာသော "လူနာ"ကို မျက် ခုံးပင့်ကြည့်လိုက်လျက် ...

"ခြေခေါက်လဲတယ် ... ဘာဖြစ်လို့ လာပြတာလဲ"

"ဆရာကလဲ၊ ခြေခေါက်လဲပါတယ်ဆိုမှ ဘာဖြစ်လဲမေး နေရသေးလား"

"မဟုတ်ပါဘူး၊ ကျွန်တော် ဆိုလိုတာက ဘယ်လို ဝေဒနာ ခံစားရသလဲ၊ ဘယ်နားက နာသလဲ၊ ခြေ ထောက် မထောက်နိုင်အောင် နာတာလား၊ အဲဒါမျိုး မေးတာပါ"

"ဩော် ... ဟုတ်တယ်ဆရာ၊ အိမ်မှာ ကစားရင်းနဲ့ ခြေခေါက်လဲသွားတာ၊ အဲဒါ ခြေမျက်စိနားနဲ့ ခြေကျင်းဝတ်က အရမ်းနာတာပဲ၊ ချက်ချင်းယောင်ကိုင်းတက်လာတာဆရာရဲ့၊ ခြေထောက်လိုက်ရင် မခံမရပ်နိုင်အောင်နာတာ၊ ခြေထောက်များ ကျိုးသွားလား မသိပါဘူး ဆရာရယ်၊ အဲဒါကြည့်ပေးပါဦးနော်"

တစ်ယောက်တည်း အဆက်မပြတ်ပြောရင်း ကိုယ့်ပြိုင်ဘက် ဘီးတပ်ကုလားထိုင်သမား ဘယ်လိုများရှိနေမလဲလို့ အနိုင်နဲ့ပိုင်းသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပါသည်။

သို့သော်လည်း တစ်ဘက်မှာထိုင်နေသည့် ဆရာဝန်မလေးနှစ်ယောက်က သူ့ကို မေးမြန်းနေ၊ ကြည့်ရှုစစ်ဆေးနေကြပြီဖြစ်တာကို တွေ့လိုက်ရသောအခါ အနည်းငယ်မကျေမနပ် ဖြစ်သွားရလေသည်။

စောစောကတော့ ကိုယ့်ဇောနဲ့ကိုယ်မို့ စားပွဲရဲ့အလယ်ကောင်၊ အဝင်ဝကို မျက်နှာမူထားသော ထိုင်ခုံတည့်တည့်မှာ ထိုင်နေသည့် အမျိုးသားဆရာဝန် တစ်ယောက်ကိုပဲ မြင်မိတာ။ အခုမှ စားပွဲရဲ့ဘေးတစ်ဘက်မှာ ထိုင်နေကြသော ဆရာဝန်မလေးနှစ်ယောက် ရှိသေးတာကို သတိထားမိလေသည်။





"ကဲ ... ပြောပါဦး၊ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"အသက်"

"အသက်မေးတာ မဟုတ်ဘူး၊ နာမည်ကို မေးတာပါ"

"ဟုတ်ကဲ့ရှင့် ကျွန်မနာမည် အသက်ပါ"

"ဩော်"

အသက် နာမည်ကို ကြားရသူတိုင်း သိပ်ကြီးထူးဆန်းအံ့ဩစရာ မဟုတ်ပေမယ့် အနည်းငယ်တော့ အူကြောင်ကြောင် ဖြစ်သွားရသည်သာ။

"အသက်ရော ဘယ်နှစ်နှစ်လဲ"

"ဆယ့်ကိုးနှစ်ပါရှင့်"

"ဟာ ... မီးလေးကလဲ၊ လွန်ခဲ့တဲ့ သုံးလကမှ မီးလေးအသက် ဆယ့်ရှစ်နှစ် ပြည့်တာလေ"

"အို ... ဆယ့်ရှစ်နှစ် ပြည့်ပြီးမှတော့ ဆယ့်ကိုးနှစ်ပေါ့"

တော်တော်လေးကို လူကြီးဖြစ်ချင်နေပုံရသော ကောင်မလေးကို ဆရာဝန်က နားလည်သဘောပေါက်ပုံနှင့် ခပ်ပြုံးပြုံးကြည့်ကာ မေးစရာရှိတာတွေကိုမေး၊ စစ်ဆေးစမ်းသပ်စရာရှိတာတွေ စမ်းသပ် လုပ်နေလေသည်။

မေးသာ မေးရသည် ဒီလူနာဟာ ကဲကဲဆတ်နိုင်သည့်၊ သူများဂရုစိုက်တာ ခံချင်သည့်၊ တစ်စိတ်ကို တစ်

အိတ်လုပ်ချင်သည့် လူနာမျိုးသာဖြစ်လျက် တကယ် ဝေဒနာ ခံစားနေရတာမျိုး မဟုတ်ဘူးဟု ဆရာဝန်က သိလိုက်ပါသည်။

အခန်းထဲ ဝင်လာကတည်းက ကိုယ့်ဘာသာ လမ်းလျှောက်နိုင်ရုံသာမက အပြေးပြိုင်ပွဲဝင်သလို ဘီးတပ်ကုလားထိုင်နဲ့ယှဉ်ပြီး အမြန်လျှောက်လာနိုင်သည့် လူတစ်ယောက်ဟာ ဘယ်လောက်မှ ဆိုးဆိုးဝါးဝါး ထိခိုက်ဒဏ်ရာ မရနိုင်ဘူးဆိုတာ ဆရာဝန်က အတွေ့အကြုံအရ သိနှင့်ပြီးသားပါ။

ခြေထောက်က ယောင်ကိုင်းနေသည် ဆိုသော်လည်း ပတ်တီးဖြည်ကြည့်လိုက်သည့်အခါ အနည်းငယ် နီရောင်သမ်းနေတာကလွဲလို့ ဘယ်လိုယောင်ကိုင်းနေတာမျိုးကိုမှ မတွေ့ရပေ။

"ကဲ ... ကျွန်တော် သောက်ဆေးနဲ့ လိမ်းဆေး ရေးပေးလိုက်မယ်နော်၊ မသက်သာဘူးဆိုရင်တော့ ပြန်လာပြပေါ့၊ သက်သာတယ်ဆိုရင်တော့ လာစရာမလိုတော့ပါဘူး"

"ဟို ... ဆရာက ဒီလောက်ပဲ စမ်းမှာလား၊ X-ray တွေ ဘာတွေ မရိုက်ကြည့်တော့ဘူးလားဟင်၊ ခြေထောက်အရိုးက ကျိုးနေတာဆိုရင် ဘယ်လိုလုပ်မလဲ"





ခက်တော့တာပါပဲ။ ဆရာဝန်ထက် သိချင်နေသော လူနာပါတကား။ ဆရာဝန်မှာ သူမရဲ့ပုံစံက ဘာမှ စိတ်ပူပင်စရာ မရှိတာ သေချာနေသော ပုံစံမို့ ဓာတ်မှန်လဲ မရိုက်ခိုင်း၊ သွေးကပ်လျက် စားပွဲမှာရှိသော အရိုးအထူးကုဆရာဝန်ကိုတောင် မပြခိုင်းတော့ဘဲ စိတ်ကျေနပ်ရုံ သောက်ဆေး၊ လိမ်းဆေးလေးလောက်သာ ပေးလိုက်တာကိုပဲ မကျေနပ်နိုင်။ အလကားနေရင်း ဓာတ်မှန်က ရိုက်လိုက်ချင်သေးသည်။

"ဆရာ ... ဒီမှာရော စက်ဘီးစီးရင်း ချော်လဲတာ လုံးဝလမ်းမလျှောက်နိုင်ဘူး ပြောတာပဲ၊ ဘယ်ဘက်ဒူးခေါင်းကတော့ ပွန်းရာနည်းနည်းရှိတယ်၊ ဒါပေမယ့် ယောင်လဲမနေဘူး၊ လှုပ်လို့လဲကောင်းကောင်းရတာပဲ ဆရာ"

သွေးက ဆရာဝန်မလေးက စာအုပ်လေးကိုင်ကာ လာပြတာမို့ ဆရာဝန်မှာ အသက်ဘက် ရောက်နေသည့် အာရုံကို တစ်ဘက်ပြောင်းလိုက်ရပါသည်။

"ခဏထားလိုက်လေ၊ သိပ်အရေးမကြီးဘူး မဟုတ်လား"

ဆရာဝန်မလေးက မျက်နှာရိပ် မျက်နှာကဲဖြင့် အလကားတွေပါဆိုသည့် သဘောသက်ရောက်အောင် ပြလိုက်

ပါသည်။ သို့သော်လည်း ဒေါ်နွယ်နှင်းဆီကတော့ဖြင့် စားပွဲပေါ် ခုန်တက်မတတ် ဝုန်းခနဲ တိုးကပ်လာကာ ...

"ဆရာရယ် ... ကျွန်မ သားလေးကို အရင်ကြည့်ပေးပါဦး။ သူ အရမ်းနာနေရှာတာ"

"သူ့ခြေထောက်က လုံးဝမလှုပ်နိုင်တာလား"

"မဟုတ်ပါဘူးဆရာ၊ အိမ်မှာတုန်းကတော့ သူ့ဘာသာ လမ်းလျှောက် ..."

"အို ... သွေးပူနေတုန်းတော့ လျှောက်နိုင်မှာပေါ့၊ တကယ်တမ်းကျမှ ခြေထောက်က နာမှန်းသိလာတော့ လုံးဝမထောက်နိုင်တော့တာ၊ ဝှီး(လ်)ချဲနဲ့ လာရတာ သာကြည့်တော့"

အမှန်က ဝှီး(လ်)ချဲနဲ့ တွန်းလာဖို့ စီစဉ်သူမှာ ဒေါ်နွယ်နှင်းဆီသာ ဖြစ်ပါသည်။ သို့သော်လည်း အမေဖြစ်သူရဲ့ ပျာယာခတ်မှုကြောင့် ဘုန်းရောင်ထင်ကပါ တဖြည်းဖြည်းနဲ့ အမှားကြီးကို အမှန်လို့ စွဲမြဲယုံကြည်လာကာ ကိုယ့်ခြေထောက် တကယ်ပဲ ကျိုးသွားသလို၊ နည်းနည်းလှုပ်လိုက်လျှင်ပဲ ခြေထောက်ကြီးတစ်ချောင်းလုံး ပြုတ်ထွက်တော့မလို စိတ်ထဲဖြစ်လျက် မလှုပ်ရဲ မရှားရဲ ဖြစ်လာရလေသည်။

"ဒါဖြင့်လဲ X-ray form တစ်ခု ရေးပေးလိုက်လေ၊ ဘယ်နားထိတာလဲ၊ ဘယ်ဖက်ခြေထောက်၊ ဒူးခေါင်း





ကစပြီး မဟုတ်လား၊ အဲဒါဆိုရင် Left leg including knee joint လို့ပဲ ရေးပေးလိုက်ပေါ့၊ ဒီမှာအန်တီ ... သူ့ကို ဘယ်ဘက်ခြေထောက် ဒူးခေါင်းအောက်ကစပြီး ဓာတ်မှန်ရိုက်ကြည့်မယ်၊ တကယ်လို့ ကျိုးသွားရင်တော့ ကျောက်ပတ်တီးစည်းတန် စည်းရလိမ့်မယ်၊ မကျိုးဘူးဆိုရင်တော့လဲ ဆေးလိမ်း၊ ဆေးသောက်ရုံနဲ့ ပြီးပါတယ်"

"ဆရာ ... တစ်ချက်လောက် လာကြည့် ပေးပါဦးလား"

"ကြည့်ပေးမှာပါ၊ အရင်ဓာတ်မှန်သွားရိုက်လိုက်ပါဦး၊ ပြန်လာရင်လဲ ဆက်ကြည့်လို့ ရပါတယ်"

"မဟုတ်သေးဘူးလေ၊ တစ်ခါတည်း စမ်းသပ်ထား လိုက်တော့ နောက်ထပ်ထိခိုက်မိတဲ့ နေရာတွေ တွေ့ရင်လဲ ဓာတ်မှန်တစ်ခါတည်း ရိုက်လိုက်လို့ ရတာပေါ့"

ဆရာဝန်ခမျာ ဒီနေ့အဖို့တော့ ဘယ်လို ကံမကောင်း အကြောင်းမလှတာတွေဖြစ်ပြီးတော့များ ကိုယ့်ကို တစ်ပြန်တစ်စီး ဆရာလုပ်ချင်သည့် လူနာတွေနဲ့ချည်း တိုးနေရပါလိမ့်လို့ အော်ဟစ်ညည်းညူပစ်လိုက်ချင်စိတ် ပေါက်လာရသည်အထိပင်။

"ဆရာ ... ကျွန်မကို အရင်ကြည့်ပေးဦးလေ၊ ကျွန်မခြေထောက်ကလဲ ဓာတ်မှန်ရိုက်ဦးမှ ဖြစ်မှာပေါ့၊ ခြေထောက်ရိုး အသေးလေးတွေ နည်းနည်းလောက် အက်သွားတာမျိုးဆိုရင် ဒီအတိုင်းနဲ့ သိသာမှာ မဟုတ်ဘူး"

"ဟုတ်ပြီဗျာ ... ခင်ဗျားအတွက်လဲ ဓာတ်မှန်ရိုက်ဖို့ ရေးပေးလိုက်ပါ့မယ်"

"ဒီက ဓာတ်မှန်တွေက သေရောသေချာရဲ့လား ဆရာ၊ အပြင်ဆေးခန်းမှာ သွားရိုက်ရင်များ ပိုပြီးကောင်းမလား"

"ဟာ ... သေချာပါတယ်၊ ဆေးရုံမှာပဲ ရိုက်ရိုက် အပြင်ဆေးခန်းပဲရိုက်ရိုက် ဒီခြေထောက်ကိုပဲ ရိုက်ရင်တော့ ဒီပုံပဲ ပေါ်မှာပါ"

ဆရာဝန်ဏာပင် အနည်းငယ် စိတ်မရှည်နိုင်ဖြစ်လာကာ ခပ်ရွဲ့ရွဲ့လေသံနဲ့ ပြန်ပြောမိသည်အထိပင်။

ဘာတွေမှန်းလဲမသိ။ မဖြစ်လောက်သည့် ဝေဒနာလေးတွေနဲ့ ဆေးရုံကို ရောက်ချလာကြကာ အလုပ်များပင်ပန်းလှသူတွေကိုမှ အားမနာ တစ်ယောက်နဲ့တစ်ယောက် အလုအယက် အပြိုင်အဆိုင် ဖြစ်နေကြတာများ ဘယ်လောက်အလိုက်မသိတတ်ရာ ရောက်သလဲ။

နှစ်ယောက်စလုံးကို ဓာတ်မှန်ရိုက်ပေးဖို့ စာရေး





ပေးလိုက်ပြီး အသီးသီး ဓာတ်မှန်ဌာနဘက် ထွက်သွားတော့မှသာ ဆရာဝန်ရော၊ အလုပ်သင်ဆရာဝန်မလေး နှစ်ယောက်ရော စိတ်မောလူမောနဲ့ ပြန်ထိုင်နိုင်ကြလေတော့သည်။

## (၉)

"ကျွန်မ အရင်ရိုက်မယ်"

ခတ်မှန်ရိုက်သည့် စက်နားလဲရောက်ရော ထုံးစံအတိုင်း အပြိုင်အဆိုင် ပြဿနာက စတင်လာပါရော။

အသက်က လူအုပ်ကြားထဲကနေ အတင်းတိုးထွက်ကာ သူမအရင် ခတ်မှန်ရိုက်ရဖို့ ဇွာတာတာအသံနှင့် တောင်းဆိုလိုက်ပါသည်။

ပထမတော့ သူ့ဘာသာ ဘီးတပ်တွန်းလှည်းထိုင်ခုံပေါ်မှာ စိတ်လက်တပျက် ထိုင်နေသော ဘုန်းရောင်ထင်





က ခတ်မှန် ကိုယ်အရင် ရိုက်ရမှဆိုသည့်စိတ်မျိုး မရှိသေးပါ။ အသက်က အတင်းရှေ့တိုးကာ လုယက်ပြိုင်ဆိုင်လာတော့မှပင် သူလည်း ပြိုင်ဖို့ သတိရလာလျက် ...

"ကျွန်တော့်ကို အရင်ရိုက်ပေးပါခင်ဗျ၊ သူ့ခြေထောက်က သိပ်အရေးမကြီးပါဘူး၊ ကျွန်တော့် ခြေထောက်က ကျိုးရင်ကျိုးနေမှာ"

"အို ... ဝေဒနာခံစားရတာချင်း အတူတူ အရေးမကြီးဘူး ကြီးတယ် သတ်မှတ်လို့ ရစရာလား၊ ကျွန်မ အရင်ရိုက်ရမှ ဖြစ်မယ်"

"ခင်ဗျားက လမ်းလျှောက်နိုင်တာပဲ"

"ရှင်လဲ အိမ်မှာတုန်းက လျှောက်နိုင်ခဲ့တယ်ဆို၊ အခုမှ သက်သက် ဇိမ်ခံပြီး တွန်းလှည်းစီးနေတာ မဟုတ်လား"

"ဘယ်သူက ဇိမ်ခံမှာလဲဗျ၊ မလျှောက်နိုင်လို့ စီးနေတာပေါ့"

"အခုနေ ဒီအခန်းထဲ ကျားဝင်လာရင် ရှင်တောင်မှ အခန်းပြင်ကို အရင်ဆုံး ရောက်ရင် ရောက်နေဦးမှာ"

"ကျွန်တော်က အခန်းပြင်ရောက်ရုံဆို ခင်ဗျားကတော့ အိမ်တောင် ပြန်ရောက်နေလောက်ပြီ"

ဘေးကနေ သူတို့နှစ်ယောက်ရဲ့ အတိုက်အခံစကားတွေကို နားထောင်နေရသူတွေခမျာ ဒီကလေးမဟုတ်

သူငယ်မဟုတ်တွေရဲ့ ကြောင်တောင်တောင် စကားလုံးတွေကြောင့် ရယ်မောမဆုံးကြတော့။

ဓာတ်မှန်ရိုက်ပေးရမည့် သူမှာသာ ရယ်လဲရယ်ချင်၊ စိတ်လဲရှုပ်။

အမှန်ဆို တစ်ယောက်တင်ပြီးရိုက်လိုက်၊ ဆင်းခိုင်းလိုက်၊ နောက်တစ်ယောက်တင်ပြီး ရိုက်လိုက် လုပ်တာဟာ သိပ်တော့ဖြင့် မကြာပါ။ တစ်ယောက်ပြီးဖို့ စောင့်ရလျှင် အနည်းဆုံး ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ထက်မပိုပါ။ သို့သော်လည်း နှစ်ယောက်က အပြိုင်ကြီးလို ဖြစ်နေသည့်အခါ တစ်ယောက်ယောက်ကို အရင်ရိုက်ပေးလိုက်ဖို့အတွက် အခက်အခဲ တွေ့ရလေသည်။

"ကဲကွာ ... ဒီလိုလုပ်၊ ညီလေးက ယောကျ်ားလေးပဲ နည်းနည်းသဘောထားကြီးလိုက်ကွာ၊ ဒီကညီမလေးကို အရင်ပေးရိုက်လိုက်ပါ၊ ဆယ့်ငါးမိနစ်ထက် ပိုမစောင့်ရပါဘူး"

"အဲဒီ ဆယ့်ငါးမိနစ်မှာ ကျွန်တော့် အခြေအနေပိုဆိုးလာရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလောက် အခြေအနေ ဆိုးဝါးတာ မြန်နေမှတော့ ကုနေလဲ ဆေးမမီတော့ဘူးရှင့်"

အသက်က ယောကျ်ားတန်မဲ့ ပျော့တိပျော့ညံ့နဲ့





အသည်းကြောင် အတွေးခေါင်လှသောလူကို အမြင်ကတ်ကတ်နဲ့ ဝင်အော်ပစ်လိုက်ပါသည်။

ဒီလူဟာတမင်တကာ လက်ပေါက်ကတ်နေတာလဲဖြစ်သလို သူ့ကိုယ်သူ အကြောက်ကြီးကြောက်ကာ အပူကြီး ပူနေတာလည်း သိသာလှသည်။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဒီလောက် အကြောက်ကြီးကာ ခံနိုင်ရည်နည်းပါးလှတာဟာ အထင်သေးစရာတောင် ကောင်းလွန်းလှသည်။

ဒီလောက်လေး ပွန်းထားပဲ့ထားတာကိုများ လမ်းတောင်မလျှောက်နိုင်ဘဲ ဝှီး(လ်)ချဲကြီးပေါ် အမိန့်သားထိုင်ကာ သူများတကာ တွန်းပေးမှ ဟိုရွှေ့ သည်ရွှေ့ ရွှေ့ရသည့် အဖြစ်ကြီးကို သူမို့ မျက်နှာပြောင်ပြောင်နှင့် လက်ခံနိုင်ပါပေ့။ အသက်သာ ယောကျ်ားလေး ဆိုလျှင်တော့ သူ့လိုအနေအထားမှာ သူ့လိုပုံစံကြီးနဲ့ နေနိုင်ဖို့ဝေးပေလိမ့်မည်။

"ကဲပါလေ ... ဒီလောက်တောင်ဖြစ်နေမှတော့ ကျွန်မအလျှော့ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် အကောင်းနဲ့ပေးတာတော့ မဟုတ်ဘူးနော်၊ စောင့်ကြည့်နေမှာ၊ ရှင့်ခြေထောက် တကယ်ကျိုးရင်ကျိုး၊ မကျိုးလို့ကတော့ ရှင်ကောင်းကောင်း အရှက်ခွဲခံရမယ်သာ မှတ်ပေတော့"

လက်ညှိုးငေါက်ငေါက်ထိုးကာ ခြိမ်းခြောက်နေပုံကြီးကြောင့် ဘုန်းရောင်ထင်က အနည်းငယ်တော့ ကျောချမ်း

သွားရပါသည်။ သူက လူတစ်ယောက် (မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ်)နဲ့ ယှဉ်ပြိုင်ရန်ဖြစ်ရသည့် သတ္တိမရှိလှလေရကား တစ်ဘက်က အပြိုင်အဆိုင် လုပ်လွန်းလို့သာ အတင်း လိုက်ပေကတ်နေရတာဖြစ်လျက် ကြောက်တော့ ခပ်ကြောက်ကြောက် ဖြစ်နေပြီ။ ဒီကြားထဲမှာ ဟိုစွာတေးလန်မလေးက မင်နဲ့မောင်းနဲ့ ခြိမ်းခြောက်လိုက်သောအခါ ငါ့ကိုဘာတွေများ လာပြောတော့မလဲရယ်လို့ ရင်ထဲတော့ ထိတ်လှတာအမှန်။

အားမကိုးရသည့် ငကျော်စွာတို့တွေကလည်း ရယ်ပဲဝင်ရယ်နေလိုက်ကြတာ။ အမှန်ဆို ကိုယ့်သူငယ်ချင်းတစ်ယောက်လုံး ဗိုး(လ်)ချဲလ့်ပေါ် ထိုင်ပြီး၊ သူစိမ်းမိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရန် ဖြစ်နေရတာ သနားပြီး ဝင်ကူကြပါလား။ သင်းက မိန်းကလေးတစ်ယောက်တည်း၊ ကိုယ့်ဘက်က ယောကျ်ားလေး သုံးယောက်အားနဲ့ ဝိုင်းဝန်းအနိုင်ယူလိုက်လျှင် ဘာခံနိုင်မှာလိုက်လို့။

အခုတော့ သူတို့တွေ အားမကိုးရတာနဲ့ ကိုယ့်မှာအရှုံးကြီး ရှုံးတော့မယ့် အခြေအနေကို ရောက်နေပြီ။

"ကျွန်တော်ကလည်း မိန်းကလေးတစ်ယောက် အလျှော့ပေးလိုက်လို့ ရလာတဲ့ အခွင့်အရေးကို ယူမယ့်ကောင်တော့ မဟုတ်ဘူးဗျ၊ သွားပါ၊ ခင်ဗျားပဲ အရင်ရိုက်





ခွင့်ပေးလိုက်ပါတယ်"

"အောင်မယ် ... သူခွင့်ပေးမှ ရိုက်ရမှာကျလို့၊ မရိုက်ဘူးရှင်၊ ရှင်အရင်မရိုက်သရွေ့ ကျွန်မလဲ လုံးဝမရိုက်ဘူး"

"ဟာ ... ဖြစ်ကြပြန်ပြီ"

ခာတ်မှန်ရိုက်သည့်သူမှာ တစ်ယောက်ကစ၊ လျှော့လိုက်လို့ အဆင်များပြေတော့မလား မှတ်သော်လည်း နောက်တစ်ယောက်ကပါ လိုက်လျှော့ကာ အလျှော့ပေးသည့်နေရာမှာ ဆက်လက်ပြိုင်ပွဲဝင်နေလေတော့သောအခါ အလုပ်မဖြစ်တော့ပြန်တာမို့ စိတ်တိုစွာနဲ့ အော်ဟစ်မိတော့သည်အထိပင်။

သူအရင်ရိုက်မယ် ငါအရင်ရိုက်မယ် ပြိုင်ရင်းကနေ ရှင်အရင်ရိုက်ပါ၊ ခင်ဗျားအရင်ရိုက်ပါ အဖြစ်ကို ပြောင်းလဲသွားသော်လည်း ငြင်းခုန်ပွဲကတော့ ငြင်းခုန်ပွဲပဲမို့ တော်တော်ကြာသည်အထိ ပြဿနာ မပြေလည်ဘဲ ရှိလေရာ နောက်ဆုံး ခာတ်မှန်ဆရာက အသက်ကို အတင်းဆွဲခေါ် ရိုက်ပေးလိုက်တော့မှပင် ခာတ်လမ်းတစ်ခန်း ရပ်သွားရလေတော့သည်။

❦ ✠ ❧

## (၁၁)

"မေမေရေ ... ခဏလာပါဦးဗျို့၊ အရေးကြီးလို့"

အခန်းထဲကနေ သံကုန်ဟစ်အော် ခေါ်လိုက်သော ဘုန်းရောင်ထင့် အသံကြောင့် ဒေါ်နွယ်နှင်းဆီက ပုစွန်ကိုင်လက်စ တန်းလန်းကို ပစ်ချကာ ရေဘုံပိုင်အောက် လက်ကို ဖျတ်ခနဲသာ ထိုးခံဆေးလိုက်နိုင်လျက် နီးရာလက်သုတ်ပဝါတစ်ထည်နဲ့ လက်ရေစိုကို ဆွဲသုတ်ရင်း သားဖြစ်သူအခန်းထဲ ပြေးဝင်ရလေသည်။

အမျိုးကောင်းသမီး ပီသခဲ့သော နွယ်နှင်းဆီရဲ့





ဘဝမှာ ဘယ်လောက်ပဲ အရေးကြီးကိစ္စ ဖြစ်ပါစေ ဣန္ဒြေသိက္ခာမဲ့ ဝုန်းဒိုင်းကျဲ ပြေးလွှားတာမျိုး မရှိခဲ့ပါ။ လမ်းလျှောက်လျှင် မနှေးလွန်း မမြန်လွန်း ပုံမှန်ခြေလှမ်းဖြင့် ပုံမှန်အရှိန်နှုန်းလောက်နဲ့သာ လျှောက်တတ်တာ နွယ်နှင်းဆီရဲ့ထုံးစံ။

အိမ်ထောင်ကျပြီး သားတစ်ယောက် ရလာသောအခါတွင်ကား နွယ်နှင်းဆီတို့ထုံးစံ ပျက်ရလေသည်။ လိုချင်တာဆို ချက်ချင်းရမှ ကြိုက်တတ်သော၊ ဘာမဆို အမေ လုပ်ပေးမှလည်း ကျေနပ်တတ်သော သားတော်မောင် စိတ်တိုင်းကျစေဖို့ရာ နွယ်နှင်းဆီမှာ ပြေးတန်ပြေး၊ လွှားတန်လွှား။

ငယ်ငယ်လေးထဲက ထစ်ခနဲရှိ အမေကို တ, တတ်ပြီး တစ်နေ့လုံးမှာ ထစ်ခနဲ ထစ်ခနဲတွေကလည်း များလှသောသားကြောင့် နွယ်နှင်းဆီမှာ လုပ်လက်စတန်းလန်းတွေကို ပစ်ထားကာ ဝုန်းခနဲ ဝုန်းခနဲ ပြေးလွှားလှုပ်ရှားရတာတွေလည်း မနည်းတော့ပြီ။

သားအသက်ကြီးလာလျှင်များ ထိုဒုက္ခတွေ သက်သာသွားမလားဟု တွေးကြည့်မိဖူးပေမယ့် သားက အသက်ကြီးလာတာနဲ့အမျှ အလိုလောဘက ပိုကြီးလာသလောက် အပျင်းကျတော့ ပိုထူသွားကာ ငယ်တည်းကစွဲခဲ့သည့် အကျင့်အတိုင်း အမေမှအမေ တွယ်ပိုးကပ်ပိုး အကျင့်က မပျောက်သည့်အပြင် ပိုဆိုးလာခဲ့တော့သည်။

နွယ်နှင်းဆီမှာလည်း အပျိုဘဝ ငယ်စဉ်တုန်းက ကျွန်ုပ်သမ္မတီနဲ့ နေနိုင်ခဲ့သလောက် အသက်ကြီးလာမှ တဖို့ဖို့ တဖားဖား။ အလုပ်တစ်ခုကို ဘယ်တော့မှ ပြီးအောင်လုပ်ရ သည်မရှိဘဲ သားတော်မောင့်ခေါ်သံ ကြားပြီလားဆိုမှဖြင့် ရောက်ရာအရပ်က ပြေးပေတော့ပဲ။ သားအလုပ်ကို အရင် ဖြေရှင်းပြီးမှ ကိုယ့်ရဲ့နဂိုမူလ အလုပ်ထံ ပြန်လာရလေရာ မူလအလုပ်ဟာ နှောင့်နှေးချို့ယွင်း ပျက်စီးရတာတွေလည်း မနည်းတော့ပါ။

ဒါပေမယ့်လည်း နွယ်နှင်းဆီကတော့ ကျေနပ် သည့်ပင်။ ဒီတစ်ဦးတည်းသော သားလေးကို လိုသမျှအချိန် မီဖြည့်ဆည်း ပေးဆပ်နိုင်ခြင်းသည်ပဲ သူမဘဝရဲ့ အဓိက တာဝန်ပဲ မဟုတ်လား။

"မေ့သားလေး ... ဘာဖြစ်လို့လဲဟင်၊ ဘာအရေးကြီး တာလဲ"

အပေါ်ထပ်က သားရဲ့အခန်းဝရောက်လျှင် နွယ် နှင်းဆီမှာ မောဟိုက်ကာ အသက်ရှူပင် မမှန်ချင်တော့ပြီ။ ဖတ်ခနဲ ပစ်ထိုင်ပြီး တစ်မိနစ်လောက် စကားမပြောဘဲ နား လိုက်ချင်ပါသော်လည်း မနားနိုင်သေးပါ။ သားလေးက ဘာ အရေးကြီးနေမှန်းမသိ။ အဲဒါကို အရင်သိအောင် စုံစမ်းပြီး အရင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရဦးမည်။





"ဟင် ... မေမေ့ကိုယ်ကလည်း ညှီစော်နံနေတာပဲ"

"မေမေ ပုစွန်လုပ်နေတာသားရဲ့၊ ကောင်မလေးတွေ ပေးလုပ်လိုက်ရင် အမြီးကို အခွံခွာတဲ့အခါ မတရား ဆွဲဆွဲခွာတော့ အမြီးက ငုံးတိလေးပြတ်သွားတာလေ၊ သားက အမြီးသုံးခွခွဲလေး ပုံစံမပျက်ရှိမှ ကြိုက်တာဆို၊ ပြီးတော့ သူတို့က ရှပ်ပလာ ရှပ်ပလာနဲ့ ခေါင်းခွံချွတ် ရင် ခေါင်းထဲက ချေးကိုထုတ်တဲ့အခါထုတ်၊ မထုတ် တဲ့အခါ မထုတ်နဲ့၊ ခေါင်းထဲချေးပါလာရင် သားကရွံပြီး ဆက်တောင်မစားတော့ဘူး မဟုတ်လား၊ အဲဒါတွေ ကြောင့် မေမေကိုယ်တိုင် ဝင်လုပ်နေတာ"

ဘုန်းရောင်ထင်က ကိုယ်တိုင်သာ ဘာမှမယ်မယ် ရရ မလုပ်တတ်သော်လည်း ကြမ်ချေးများသည့် အတတ် ပညာမှာတော့ ထိပ်တန်းပင်။ ငါးဆိုလည်းငါးမို့၊ ပုစွန်ဆို လည်း ပုစွန်မို့၊ ကြက်သား၊ ဝက်သားဆိုလဲ ကြက်သား၊ ဝက်သားမို့၊ အသီးအရွက် လှီးချွတ်ရာမှာပါ ဘာအသီးအရွက် ဆို ဘယ်လိုပုံစံ ဖြစ်ရမည်ဆိုတဲ့ ပညတ်တော်ပေါင်း မြောက် မြားစွာနဲ့မို့ အိမ်က ကောင်မလေးတွေခမျာ ဘာမှမလုပ်တတ် ကြရှာတော့ပါ။

ထိုအခါ ဟင်းချက်စရာ စီမံရာမှာ နွယ်နှင်းဆီ မပါလျှင် မပြီးတော့ချေ။ သားဟာ ဘယ်နေရာမဆို ကိုယ့်

အမေသာ ပင်ပန်းစေရယ်လို့မျှား စေတနာဆိုး ရှိသလား ထင်ရလောက်အောင် အမေလုပ်မှ၊ အမေပါမှ ကျေနပ်တတ်တာ။

"မေမေက ညစ်ပတ်နေတာ သားက ဘယ်လိုပြောရတော့မလဲ"

"ပြောလေ သားလေးရဲ့၊ ဘာပြောချင်လို့လဲ။ မေမေလက်သေချာပြန်ဆေးပြီး ချက်ချင်းလုပ်ပေးမှာပေါ့"

"ဒီမှာမေမေရဲ့ အဝတ်တွေ ရွေးခိုင်းမလို့"

သားပြောတော့မှပဲ သားခုတင်ပေါ် အပုံ,အပုံ တင်ချထားသည့် အဝတ်အစားတွေကို သတိထားမိတော့သည်။

အင်း ... သူကတော့ စိတ်ကူးပေါက်ရင် ပေါက်သလို အင်္ကျီလေးတစ်ထည် ရှာတွေ့ဖို့ တစ်ဗီရိုလုံး ရှိရှိသမျှ အဝတ်အစားတွေကို ခုတင်ပေါ် ပုံချချင် ချပစ်လိုက်မည်။ ပြီးလျှင် ကျန်သည့်သူက သိမ်းပေရော့။ သိမ်းသည့်အခါမှာလည်း သူ့အဝတ်အစားကို အိမ်ကကောင်မလေးတွေကိုင်တာ မကြိုက်လှပေရာ နွယ်နှင်းဆီသာလျှင် ထိုတာဝန်ကို ယူရသူဖြစ်တော့သည်။

ခုတင်ပေါ်က အဝတ်ပုံကိုကြည့်ရင်း အလုပ်ရှုပ်သည့်ကြားက သိမ်းရတော့မှာပဲဟု စိတ်မောလှမော ဖြစ်သွားရသော်လည်း သားကလေး စိတ်မကောင်းဖြစ်မှာစိုး၍ ထုတ်





တော့မည်ည်းဖြစ်ပါ။

"သားက ဘယ်သွားစရာ ရှိလို့လဲ"

"ကိုချမ်းအေးတို့ မင်္ဂလာဆောင်အတွက်လေ"

ဟင်ခနဲ မရေရွတ်မိအောင် မနည်းကြီးကို ထိန်းသိမ်းထားလိုက်ရပါသည်။ သားလေး ရှက်သွားရှာမည်လေ။

မောင်ချမ်းအေးဆိုတာက နွယ်နှင်းဆီနဲ့ လုပ်ငန်းချင်း နီးစပ်ကာ ရင်းနှီးခင်မင်နေသည့် သူတစ်ယောက်ပါ။ အသက်သုံးဆယ့်ရှစ်နှစ်ရောက်မှ ကံပေါ်ကာ မင်္ဂလာဆောင်တော့မှာမို့ နွယ်နှင်းဆီကိုရော၊ အိမ်လာဝင်ထွက်ရင်း ရင်းနှီးနေသည့် ဘုန်းရောင်ထင့်ကိုပါ ဖိတ်ထားတာ။

အဲဒါကို အဓိကသက်ဆိုင်သူဖြစ်သည့်၊ မိန်းမသားလဲဖြစ်သည့် နွယ်နှင်းဆီက ဘာမှမပြင်ရသေးဘဲ ဘုန်းရောင်ထင်က ကြားထဲကဝင်ပြီး စိတ်ပူပန်နေတော့တာပါလား။

"ကျွန်တော် ဘောင်းဘီဝတ်ရမလား၊ ပုဆိုးနဲ့တိုက်ပုံဝတ်ရမလားဟင်"

"သားကြိုက်တာ ဝတ်လေ"

"မေမေကြိုက်တာ ရွေးပေးပေါ့ဗျ"

ဟင်း ...။ ပြောလို့လည်း ရမှာမဟုတ်တော့မည့်အတူတူ သားကို ဘာများရွေးပေးသင့်သလဲလို့ အမြန်ဆုံးစဉ်းစားလိုက်ရပါသည်။

"[illegible]ခဲ့တဲ့ သီတာတို့ မင်္ဂလာဆောင်တုန်းက သား ဆောင်းဘီဝတ်ခဲ့သေးတယ်မဟုတ်လား။ ဒါဆို ဒီတစ်ခါ ပုဆိုးနဲ့တိုက်ပုံ ဝတ်လိုက်ပေါ့နော်"

"ဟုတ်ကဲ့ ... အဲ့ဒါဆို ပုဆိုးရယ်၊ ရှပ်အင်္ကျီရယ်၊ တိုက်ပုံရယ် မေမေ့စိတ်ကြိုက် ရွေးပေးသွားပေါ့"

ခဏစောင့်ဦး၊ မေမေပုစွန်လုပ်ပြီးတော့မှ လာ ရွေးပေးမယ်လို့ နွယ်နှင်းဆီက မပြောရက်ပါ။ သားရေချိုး ခန်းထဲဝင်ပြီး လက်ကို ဆပ်ပြာနဲ့ နှစ်ထပ်သုံးထပ်လောက် စင်ကြယ်မွှေးကြိုင်သွားအောင်ဆေးလျက် ပေါင်ဒါမွှေးပါ ဖျန်း လိုက်ပြီးမှ သားအဝတ်ပုံထဲက သင့်တင့်ရာ ဝတ်စုံတစ်စုံကို ရွေးချယ်ထုတ်ပေးလိုက်ရပါသည်။

ညနေမှသွားရမည့် မင်္ဂလာဆောင်အတွက် မနက် တည်းက အဝတ်အစား ရွေးချယ်ပေးစရာ မလိုပါဘူးလို့ အပြစ်တင်ရမည့်အစား ငါ့သားလေးဟာ အရာရာ ငါ့ကိုပဲ အားကိုး၊ ငါ့စီမံရာကိုပဲ နာခံရှာတာပါလားလို့ နွယ်နှင်းဆီက တွေးတော ကြည်နူးနေလိုက်သေးသည်။

ဒါတွေဟာ ဝဋ်ကြီးတာလို့ ဘယ်သူတွေကပဲ အပြစ်ပြောပြော ယူတတ်ရင် နှစ်သက်ကျေနပ်ဖွယ်တွေချည်း ပါပဲ။

❦ ✠ ❧





က အရမ်းစည်ကားမှာပဲနော်"

သမီးလေးပါ ရောယောင်ပြီး မျက်နှာညှိုးသွားတာ းလိုက်ရသည့်အခါ ရန်မျိုးနိုင်က ကိုယ့်နဖူးကိုယ် ါးနဲ့ ပိတ်ရိုက်ပစ်ချင်စိတ် ပေါက်သွားရလေသည်။

စားတုန်းသောက်တုန်းမှာများ သမီးလေးစိတ် င်းရဲစေမည့်စကား ဘာကြောင့် ပြောမိရတာပါလိမ့်။ မီးဟာ ဘယ်လောက်ပဲ ပျော်အောင်နေနေ အမိမဲ့သမီးဆို သည့် အားငယ်တတ်သော အငုံ့စိတ်ကလေး ရှိနေတာ။ ထို စိတ်ကလေးကို တတ်နိုင်သလောက် မေ့ပျောက်အောင် ဖျောက် ပေးရမည့်အစား ကိုယ်ကပဲ အစပြန်ဖော်ပေးသလို ဖြစ်နေ တာဟာ မဖြစ်သင့်သောကိစ္စပဲ။

"စား ... စား၊ သမီးလေးကြိုက်တဲ့ ဆိတ်သားဆီပြန် ဟင်း နှဲ့ဒါ်အုန်းတင် စပါယ်ရှယ် လက်စွမ်းပြ ချက် ထားတာတဲ့၊ ဒီမှာ မနေ့က သမီးလေး ပဲကြီးနှပ်စား ချင်တယ်ဆို့ ချက်ထားတာ၊ ဒါကသရက်ချဉ်သုပ်တဲ့၊ ငါးပေါင်းချိုချဉ်ကိုတော့ ပါပါပဲ အသားနွှင်ပေးမယ် နော်"

ပါးစပ်ကနေ ဟင်းအမယ်တွေကို အဆက်မပြတ် ရေရွတ်ရင်း လက်ကလည်း တဆတ်ဆတ် မပြတ်တမ်း ခပ် ထည့်ပေးခြင်းအားဖြင့် သမီးရဲ့ အာရုံတွေကို တစ်ဖက်တစ်

"ပြီးခဲ့တဲ့ သီတာတို့ မင်္ဂလာဆောင်တု ့လေးဆန်ဆန် ဆောင်းဘီဝတ်ခဲ့သေးတယ်မဟုတ်လား။ ဒါ့ ့အပြစ်မတင် ပုဆိုးနဲ့တိုက်ပုံ ဝတ်လိုက်ပေါ့နော်" ာင်မှ ဖြစ်

"ဟုတ်ကဲ့ … အဲဒါဆို ပုဆိုးရယ်၊ ရှပ်အ တိုက်ပုံရယ် မေမီမေ့စိတ်ကြိုက် ရွေးပေးသွားပေ ့သချာ

ခဏစောင့်ဦး၊ မေမေပုစ္ဆာနဲ့လုပ်ပြီးတော့မှ ့လေး ရွေးပေးမယ်လို့ နွယ်နှင်းဆီက မပြောရက်ပါ။ သားရေး ခန်းထဲဝင်ပြီး လက်ကို ဆပ်ပြာနဲ့ နှစ်ထပ်သုံးထပ်လောက်ည့် စင်ကြယ်မွှေးကြိုင်သွားအောင်ဆေးလျက် ပေါင်ဒါမွှေးပါ ဖျန်းတ် လိုက်ပြီးမှ သားအဝတ်ပုံထဲက သင့်တင့်ရာ ဝတ်စုံတစ်စုံကိုသ် ရွေးချယ်ထုတ်ပေးလိုက်ရပါသည်။

ညနေမှသွားရမည့် မင်္ဂလာဆောင်အတွက် မနက်တည်းက အဝတ်အစား ရွေးချယ်ပေးစရာ မလိုပါဘူးလို့ အပြစ်တင်ရမည့်အစား ငါ့သားလေးဟာ အရာရာ ငါ့ကိုပဲ အားကိုး၊ ငါ့စိမံရာကိုပဲ နာခံရှာတာပါလားလို့ နွယ်နှင်းဆီက တွေးတော ကြည်နူးနေလိုက်သေးသည်။

ဒါတွေဟာ ဝင့်ကြီးတာလို့ ဘယ်သူတွေကပဲ အပြစ်ပြောပြော ယူတတ်ရင် နှစ်သက်ကျေနပ်ဖွယ်တွေချည်းပါပဲ။

❀ ✠ ❀





ဝိုင်းက အရမ်းစည်ကားမှာပဲနော်"

သမီးလေးပါ ရောယောင်ပြီး မျက်နှာညှိုးသွားတာကို မြင်လိုက်ရသည့်အခါ ရန်မျိုးနိုင်က ကိုယ့်နဖူးကိုယ် လက်ဝါးနဲ့ ပိတ်ရိုက်ပစ်ချင်စိတ် ပေါက်သွားရလေသည်။

စားတုန်းသောက်တုန်းမှာများ သမီးလေးစိတ်ဆင်းရဲစေမည့်စကား ဘာကြောင့် ပြောမိရတာပါလိမ့်။ သမီးဟာ ဘယ်လောက်ပဲ ပျော်အောင်နေနေ အမိမဲ့သမီးဆိုသည့် အားငယ်တတ်သော အငုံ့စိတ်ကလေး ရှိနေတာ။ ထိုစိတ်ကလေးကို တတ်နိုင်သလောက် မေ့ပျောက်အောင် ဖျောက်ပေးရမည့်အစား ကိုယ်ကပဲ အစပြန်ဖော်ပေးသလို ဖြစ်နေတာဟာ မဖြစ်သင့်သောကိစ္စပဲ။

"စား … စား၊ သမီးလေးကြိုက်တဲ့ ဆိတ်သားဆီပြန်ဟင်း ငါးဒါအုန်းတင် စပါယ်ရှယ် လက်စွမ်းပြ ချက်ထားတာတဲ့၊ ဒီမှာ မနေ့က သမီးလေး ပဲကြီးနှပ်စားချင်တယ်ဆို့ ချက်ထားတာ၊ ဒါကသရက်ချဉ်သုပ်တဲ့၊ ငါးပေါင်းချိုချဉ်ကိုတော့ ပါပါပဲ အသားနွှင်ပေးမယ်နော်"

ပါးစပ်ကနေ ဟင်းအမယ်တွေကို အဆက်မပြတ်ရေရွတ်ရင်း လက်ကလည်း တဆတ်ဆတ် မပြတ်တမ်း ခပ်ထည့်ပေးခြင်းအားဖြင့် သမီးရဲ့ အာရုံတွေကို တစ်ဖက်တစ်

လမ်း လွဲပစ်လိုက်သော်လည်း ကိုယ်တိုင်ရဲ့အာရုံကတော့ မစူးစိုက်နိုင်ရကား ...

"ဟော့ ... ပါပါ၊ သမီးပန်းကန်ထဲ ဟင်းရည်ပါ ဆမ်းထည့်မပေးတော့မလို့လား"

သမီးရဲ့ အသံစီစီလွင်လွင်လေးကို ကြားလိုက်ရမှ ရန်မျိုးနိုင်က သတိဝင်လာလျှင် သူခပ်ထည့်ပေးဖို့ ပြင်နေသော ဇွန်းမှာ ဟင်းမဟုတ်ဘဲ ဘူးသီးနဲ့ ပတပ်စာရော ချက်ထားသည့် ဟင်းခါးဟင်းရည် ဖြစ်နေတာကို တွေ့ရလေတော့သည်။

"အဟဲ ... သမီးကလည်း၊ ဟင်းရည်က ပါပါ့သောက်မလို့ပါကွ၊ ဟင်းရည်တော့ သမီးပန်းကန်ထဲ ဘယ်ဆမ်းပေးပါ့မလဲ"

ဟန်ကိုယ့်ဖို့လုပ်ကာ ဟင်းရည်[illegible] ငုံ့သောက်လိုက်ရသော ပါပါ့ကို အသက်ကတော့ သဘောပေါက်စွာ ရယ်ချင်နေသည်။

ပါပါဟာ စိတ်နဲ့လူမကပ်ဘဲ အသက် ပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပေးနေရင်းအရှိန်လွန်ကာ ဟင်း ခါးရည်ပါ ထည့်ပေးတော့မလို့ကြံတာ အသိသာကြီး။ သူ့ ဘာသာ ယူသောက်ဖို့ဆိုလျှင် ဟင်းရည်ပန်းကန်က စားပွဲ အလယ်မှာရှိတာ။ သူ့ဘာသာခပ်ပြီး တန်းတန်းမတ်မတ် ယူသွားရ[illegible] ရပါလျက်





ဘာကြောင့် အသက်ရဲ့ ပန်းကန်နားကို လက်ကြီးက ဝဲလာရတာလဲ။

ဒါကိုထောက်ပြလျှင် ပါပါကြီး စိတ်တိုချင်တိုမည်၊ မတိုလည်း ရှက်သွားလောက်တာမို့ အသက် က ပြောမနေတော့ပါ။ ဒီလိုပဲပေါ့။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမဆုံးသွားသည့် သက်တမ်းရင့် မုဆိုးဖိုကြီးတစ်ယောက်မှာ ဒီလိုတွေတွေဝေဝေ၊ ငေးငေးငိုင်ငိုင်၊ အူကြောင်ကြောင် လုပ်ရပ်တွေဟာ ရှိသင့်သလောက်တော့ ရှိမှာပဲ။

သူငယ်ချင်းတွေကတောင် ပြောသား။ နင့်အဖေကြည့်ရတာ နည်းနည်းတော့ ယောင်ကန်းကန်း နိုင်သလိုပဲတဲ့။ အလုပ်ထဲမှာဆို ပြောစရာမရှိပေမယ့် အပြင်မှာကျတော့ ငါတို့အဖေတွေနဲ့ မတူတာတွေ ရှိတယ်တဲ့။ ခမဲလိုနေလို့ ဖြစ်မှာတဲ့။ ဘယ်လိုခမဲလဲဆိုတော့ နင့်အဖေကို နောက်မိန်းမ ပေးစားဖို့ လိုနေပြီလို့ ပြောတာတဲ့။

အဲဒီတုန်းက အသက်က သူတို့နဲ့ ရောကာ ရယ်မောနေဖြစ်ခဲ့ပါသည်။ ဒါပေမယ့် အိမ်မှာ ပါပါတစ်ယောက် မိန်းမကြီးတစ်ယောက်လို လိုက်စီစဉ်၊ လိုက်ပူပန်နေတာ တွေ့ရသည့်အခါကျတော့ ပါပါ့အတွက် အဖော်တစ်ယောက် တကယ်ပဲ လိုအပ်နေပြီလားလို့ အသက် ကိုယ်တိုင်က တွေးမိလာခဲ့ပါသည်။

ပါပါ့မှာ ဒုတိယဇနီး (အသက်အတွက်ကတော့ မိထွေး ပေါ့လေ) တစ်ယောက် ရှိလာပြီဆိုလျှင် ဘယ်လို ဖြစ်လာမလဲ။ ပါပါ ကြုံတွေ့နေရသည့် အိမ်မှုကိစ္စ ဗာဟီရ တွေကတော့ ထိုမိန်းမရဲ့ခေါင်းပေါ် စုပုံကျသွားမှာအမှန်ပဲ။ ပြီးတော့ ပါပါ အလုပ်သွားကာနီး၊ အပြင်က စားပွဲသောက်ပွဲ ဒင်နာပွဲတွေ သွားကာနီးမှာ အဝတ်အစား အဆင်သင့် ထုတ် ပြီးသား၊ ဘယ်သူ့ခိုင်းစရာမှ မလိုဘဲ ရှူးဖိနပ်အဆင်သင့် တိုက်ပြီးသားတော့ ရမှာပဲ။

နောက်ပြီး အလုပ်ကိစ္စအတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်တော့ ရမည်။ ထမင်းစားချိန်မှာ ဟင်းခပ်ထည့် ပေးမည့်လူ ရှိလာမည်။ တီဗွီကြည့်ရင်း စကားအတူ ပြောဆို ဝေဖန်စရာလူ ရှိမည်။ ပွဲလမ်းသဘင် သွားရာမှာ တစ်ခြမ်း ပဲ့မနေဘဲ အဖော်သဟဲရမည်။

အသက်အတွက်လည်း အမေတစ်ယောက်လို ပြုစုပေးမည့်၊ တီးတိုးတိုင်ပင်ဖော်ဖြစ်မည့် လူတစ်ယောက် တိုးလာနိုင်သည်။

အင်း ... အဲဒါတွေအတွက်နဲ့ ကိုယ့်အဖေကို သူစိမ်းမိန်းမတစ်ယောက်လက်ထဲ ထိုးအပ်နိုင်သလား။ပါပါ့ အေးမှာ ယှဉ်တွဲပါရမည့် မာမာ့နေရာကို တခြားတစ်ယောက် နဲ့ အစားထိုးနိုင်သလား။ ကိုယ့်အတွက် မိထွေးတစ်ယောက်





ကောက်ရသလို ယူလိုက်နိုင်သလား။

အဖြေက ပေါ်လာကာနီးဖြစ်လိုက်၊ ပျောက်သွား လိုက်။ မိထွေးတစ်ယောက် အသစ်ရလာခဲ့လျှင် ဒေါ်စိန်၊ ဒေါ်အုန်းတင်တို့လို ဂုတ်သွေးစုပ်နိုင်စားစရာ လူတစ်ယောက် ပိုလာမှာကိုလည်း လိုချင်သလိုလိုတော့ရှိသား။ သို့သော်လည်း ကိုယ်နှိပ်စက်စရာလူတစ်ယောက် တိုးချင်ရုံနဲ့ "မိထွေး"ဆို သည့် စကားလုံး စိမ်းစိမ်းကြီးကို ရင်ဆိုင်နိုင်မလားလို့ တွေး မိပြန်တော့လဲ ခပ်တွန့်တွန့်ပင်။

"မီးလေး ... စားလေ၊ ဘာတွေးနေတာလဲ၊ ငါးပေါင်း ချိုချဥ်ကို အရိုးနွှင်ပေးရဦးမလား"

"အသက် တစ်ခု စဥ်းစားနေတာ ပါပါရဲ့"

"ဟုတ်လား ... ပြောစမ်းပါဦး၊ မနက်ဖြန် ဘာဟင်း ချက်ရကောင်းမလဲဆိုတာလား"

"မဟုတ်ဘူး ပါပါရဲ့၊ အသက်တွေးထားတာက ဒီထက် ကြီးကျယ်တယ်"

"ကဲ ... ဒါဆိုလဲ ငါ့သမီးရဲ့ ကြီးကျယ်သော စိတ်ကူး လေး ပါပါ့ကို အသိပေးပါဦး"

ပါပါက အသက် ပန်းကန်ထဲသို့ အစိမ်းကြော် ထဲက အသည်းဖတ်လေးတွေ ဆယ်ထည့်ပေးရင်း ချစ်စနိုး ပြောလိုက်ပါသည်။

"မီးက တကယ်ပြောနေတာ၊ ပါပါ့ကို အိမ်ထောင်ချပေးရရင် ကောင်းမလားလို့"

"ဟော"

ပါပါ့လက်ထဲက ဇွန်းရော၊ ခက်ရင်းရော လွတ်ကျသွားကြတာဟာ အောက်ခံပန်းကန်က မယ်လမင်း အသားပန်းကန်ပေမို့လို့ပဲ။ တကယ်လို့ ကြွေပန်းကန်များသာဆိုရင် ကွဲချင်ကွဲ၊ မကွဲလဲ ပွဲအက်သွားလောက်ပြီ။

"သမီးက ... မီးလေးက ပါပါ့ကို အိမ်ထောင်ချပေးမယ်။ ဟုတ်လား၊ ပါပါ နားကြားလွဲတာ မဟုတ်ပါဘူးနော်"

"မဟုတ်ဘူး၊ အဲဒီအတိုင်း အမှန်အကန်ပဲ ပါပါ"

"ဘာဖြစ်လို့လဲ သမီး"

"တစ်အချက်က ပါပါ့ အတွက် အဖော်ရမယ်လေ၊ နှစ်အချက်က သမီးအတွက် ခိုင်းစရာလူတစ်ယောက်ရမယ်"

ကိုယ်ခိုင်းဖို့ လူတစ်ယောက် လိုချင်တာနဲ့များ အဖေကို မိန်းမပေးစားဖို့ ကြံစည်နေသည့် သမီးကို ရန်မျိုးနိုင်က ရှယ်ချင်လှသည်။ ပြီးတော့ကျတော့ သူ့ကိုယ်သူ လူကြီးတစ်ယောက် နေရာမျိုး အတင်းယူကာ ပြောပုံကိုက အဖေကိုများ အိမ်ထောင်ချပေးမလို့တဲ့။





"သေချာရဲ့လား သမီးရယ်"

"ဘာကိုလဲ"

"ပါပါ နောက်ထပ်အိမ်ထောင်ပြုမှာကို မီးလေးက တကယ်ပဲ ကြည်ဖြူလက်ခံနိုင်သလားလို့"

အသက်က တွေခနဲ ဖြစ်သွားပါသည်။ တကယ်ကိုယ်တွေ့ကြုံရတာ မဟုတ်သေးတော့ ပါပါသာ နောက်မိန်းမယူရင် အသက်ဘယ်လို ခံစားရမလဲ ကိုယ့်ကိုကိုယ်လဲ သေချာတပ်အပ်တော့ မပြောနိုင်သေးပါ။

"လက်ခံနိုင်မယ် ထင်တာပဲ"

"သေချာစဉ်းစားနော်သမီး၊ တကယ်လို့ မီးလေးကသာ ခွင့်ပြုရင် ပါပါကတော့ ချက်ချင်းကို အကောင်အထည်ဖော်ပစ်လိုက်မှာ"

"ဟွန့် ... ပြောမိတာ မှားပါတယ်၊ တော်ပြီ ... ခွင့်မပြုတော့ဘူး"

အသက်က နှုတ်ခမ်းစူဆောင့်အောင့်ကာ ကုန်ခါနီးပြီမို့ ဆက်မစားနိုင်တော့သော ထမင်းပွဲကိုပဲ ပါပ့ါကြောင့် မစားတော့သည့် ပုံစံမျိုးလုပ်ကာ ထမင်းဝိုင်းကနေ ဆောင့်ဆောင့် အောင့်အောင့် ထွက်လာခဲ့လိုက်လေသည်။

ရန်မျိုးနိုင်ကတော့ တကယ်ကြီး သဘောတူနိုင်လို့မဟုတ်လှပါပဲ အဖေကို နောက်သလိုလို၊ ပြောင်သလိုလို၊

သဘောထားပဲ ကြီးလှသလိုလို၊ စေတနာရှင်ကြီးလိုလိုလုပ်ကာ နောက်ဆုံးကျ သူ့ဓာတ်သူ မနိုင်ဘဲ စိတ်ကောက်ထွက်သွားသော သမီးဖြစ်သူကို ပြုံးလျက်သာကြည့်ကာ ကျန်ခဲ့ပါသည်။

သမီးလေး အစထုတ်သွားလို့သာ "အိမ်ထောင်ပြုရန်"ဆိုသည့် စကားလုံးကြီး ခေါင်းထဲဝင်လာခဲ့တာ ဖြစ်သော်လည်း တကယ်တမ်း ဆိုရင်တော့ သူက နောက်ထပ်အိမ်ထောင်သစ်တစ်ခု ထူထောင်ဖို့ စိတ်ကူးရှိခဲ့တာ မဟုတ်ပါ။

ထိုသို့ စိတ်ကူးမရှိခြင်းဟာ သွားလေသူအပေါ် စွဲမြဲသော သစ္စာတရားကို စောင့်ထိန်းတာမျိုးထက် သမီးနဲ့သူ နှစ်ယောက်တည်းရှိသည့် ကမ္ဘာလေးမှာ သူစိမ်းတစ်ရုံစာ တစ်ယောက်ကို ဆွဲမထည့်လိုသည့် ဆန္ဒက အဓိကကျလေသည်။

❀ ✠ ❀



(၁၂)

အိမ်ရှေ့ ပေါ်တီကိုအောက်မှာ ကားရပ်ပေးလိုက်တာနဲ့ ဝုန်းဒိုင်းကျဲလျက် ဆင်းသွားသော သားဖြစ်သူကို နှယ်နှင်းဆီက ပြုံးလျက်ကြည့်ကာ ကျန်ခဲ့ပါသည်။

သားဟာ သူ့ဘာသာ တစ်ယောက်တည်း သွားသည့်အခါမျိုးမှာ ကိုယ်တိုင် ကားမောင်းသည့်အခါ မောင်းတတ်သော်လည်း အမေနဲ့အတူ သွားသည့်အခါတွင်ကား အမေ မောင်းသည့်ကားကို စီးရမှ ကျေနပ်တတ်သူ ဖြစ်ပါသည်။

ကိုယ်တိုင် ကားမမောင်းဘဲ အမေ့ကား ကပ်စီးခြင်းအားဖြင့် သားတော်မောင် ရလေ့ရှိသော အကျိုးအမြတ်များကား အိမ်ကအထွက်နှင့် အိမ်ပြန်အရောက်တို့တွင် ကားကို ဂိုဒေါင်ထဲကထုတ်စရာ၊ ဂိုဒေါင်ထဲပြန်သွင်းစရာ မလိုဘဲ အိမ်ရှေ့အဝင်ဝကရပ်ကာ အသင့်စောင့်စီးနိုင်ခြင်းနှင့် တစ်လမ်းလုံး ကားသော့ကို ထိန်းသိမ်းစောင့်ရှောက်စရာ မလိုခြင်း၊ ကားမှန်အတင်အချ၊ ကားတံခါးလော့ခ် စောင့်ချစရာ မလိုခြင်းတို့ပင် ဖြစ်သည်။

ထိုအလုပ်လေးတွေဟာ မဖြစ်စလောက်ကလေးတွေ ဆိုသော်ငြား ဘုန်းရောင်ထင်တို့က ကြံကြံဖန်ဖန်တွေးကာ အပျင်းထူ ကွတ်သတ်တတ်သေးတာ ဖြစ်သည်။

ခါတိုင်းကတော့ တစ်ခါတစ်ရံ အိမ်ရှေ့ကားရပ်လျှင် အမေလုပ်သူကို အားနာပါးနာနှင့် ဂိုဒေါင်ထဲ ကားသွင်းပေးရမလားလို့ မေးဖော်ရသည့်အခါ ရှိပါသေးသည်။

ဒီနေ့တော့ ဘုန်းရောင်ထင်က အမေ့ကို ကားသွင်းပေးရမလား ဘာညာနဲ့ အားနာပါးနာတောင် မေးဖော်မရတော့ဘဲ စိတ်တိုဆောင့်အောင့်ပြီး အိမ်ထဲဝင်သွားလိုက်တာများ သူပြန်ပိတ်ဖို့ မေ့သွားသည့် ကားတံခါးကိုတောင် နွယ်နှင်းဆီက ပိတ်လိုက်ရပါသေးသည်။

ဘုန်းရောင်ထင်ကသာ စိတ်တိုနေသော်လည်း





မင်္ဂလာဆောင်မှာ ကြုံခဲ့ရသည့်အဖြစ်မျိုးဟာ ဒေါ်နွယ်နှင်းဆီအတွက်တော့ ရိုးလွန်းမက ရိုးနေသည့် အဖြစ်မျိုးပါ။ ပြောသည့်သူတွေကလည်း ကိုယ်နဲ့မနိုင်ရင်ကာ ရင်းနှီးနေသည့်သူတွေ ဖြစ်ပေရာ သူတို့ပြောတိုင်းလည်း စိတ်ဆိုးလို့ မရပါ။

ဒါကြောင့် သူတို့ဘာပြောပြော ဒေါ်နွယ်နှင်းဆီက ခပ်ပြုံးပြုံးပဲနေလိုက်ပါသည်။ သူတို့တွေကလည်း စည်းနဲ့ဘောင်နဲ့ပဲ ပြောကြဆိုကြတာပါ။ သည်းခံနိုင်လောက်သည့်အတိုင်းအတာတစ်ခုအပွင်းမှာ ရှိသေးတာမို့ သည်းခံနေတာပါ။

အဲဒါကိုပဲ ဘုန်းရောင်ထင်က တရှူးရှူးတရှားရှားဒေါသတွေ ပိုထွက်ကာ အမေကိုယ်တိုင်က ဒီလိုအပြောအဆိုခံနေရတာကို ကျေနပ်သလား၊ ဘာမှတုံ့ပြန်ချက် မပေးတော့ဘူးလားလို့ ဆ◌်သတ်ခါအောင် နာနေတော့တာ။

အခု စိတ်တိုရာမှာ အပြင်လူကို စိတ်တိုတာထက် အမေလုပ်သူကို စိတ်တိုတာက ပိုမည်ဖြစ်ကြောင်း ဒေါ်နွယ်နှင်းဆီက ကောင်းကောင်း သိတာပေါ့။ ဘုန်းရောင်ထင့်စိတ်ထဲမှာ ဖြစ်စေချင်နေတာက သူမကို လာစ,သည့် လူတွေကို ဒေါ်နွယ်နှင်းဆီက နှုတ်သီးကောင်းလျှာပါး ပြန်ပြီးရန်လုပ်စေချင်တာ။

သူ ဖြစ်စေချင်သည့်အတိုင်း ဘယ်လိုလုပ်ပြီးဖြစ်မှာတဲ့လဲနော်။ လာစ,ကြသည့် သူတွေဆိုင ကတော့လည်း

လုပ်ငန်းနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်နေရသော လူရင်းတွေ။ သူတို့ပြောတာဆိုတာတွေ ကိုယ်တိုင်က မကြိုက်လျှင်တောင်မှ လူမှုရေးအရ သည်းခံနေရမှာ။ ကိုယ့်ဘက်က ဆယ်ကျော်သက် အပျိုစင်လေးတစ်ယောက်လို ကဲကဲဆတ် ရန်ပြန်တွေ့ဖို့ကျတော့ မရင့်ကျက်ရာ၊ သဘောထား သေးသိမ်လွန်းရာ ကျတာပေါ့။

ဒေါ်နွယ်နှင်းဆီက ကားသွင်းပြီးလျှင် ကောင်မလေးတစ်ယောက် အဆင်သင့် လာဖွင့်ပေးထားသော ဂိုဒေါင်နဲ့အိမ်ကို ဆက်ထားသည့် ဘေးပေါက်တံခါးကနေ အိမ်ထဲဝင်လိုက်ပါသည်။

အိမ်ဘေးတံခါးကနေဆိုလျှင့် ကိုယ့်အိပ်ခန်းတွေဘက် အရင်ရောက်တာမို့ ဒေါ်နွယ်နှင်းဆီက အခန်းထဲ အရင်ဝင်ကာ အဝတ်အစား လဲလိုက်ပါသည်။

အပေါ်အင်္ကျီကို မလဲခင် ဆံထုံးမှာ ပန်ထားသည့် သစ်ခွပန်းနှစ်ပွင့်ကို အသာဖြုတ်၊ ခပ်ပုံ့ပုံ့ ထုံးထားသော ဆံထုံးကို အသာဖြည်နေစဉ်မှာ အခန်းအပြင်ဘက်က တံခါးကို တဝုန်းဝုန်းထုကာ အော်သွားသည့် ဘုန်းရောင်ထင့်အသံကို ကြားလိုက်ရလေသည်။

"မေမေ ... ပြီးရင် ဆွေးနွေးစရာရှိတယ်၊ တီဗီခန်းထဲမှာ ကျွန်တော် စောင့်နေမယ်"





အသံသာ ကြားလိုက်ရပြီး ခြေသံက တဝုန်းဝုန်း ဖွေ့လျားသွားတာမို့ ဘုန်းရောင်ထင် တစ်ယောက် ဖြတ်သွားရင်း အော်ဟစ်သွားတာလို့ သိလိုက်သည့်အတွက် ဒေါ်နွယ်နှင်းဆီက ပြုံးလိုက်မိပါသည်။

ဒီသားတစ်ယောက်ဟာလေ၊ အခုထက်ထိ ခြေသံပြင်းတုန်း။ စိတ်ကောက်မပြေနိုင်သေးဘူး ထင်ပါရဲ့။ သူဆွေးနွေးစရာရှိတယ် ဆိုသည့်ကိစ္စကလည်း စောစောကကိစ္စပဲဖြစ်မှာ။

ကိုယ့်ဘက်က ဘာမှမဟုတ်ပါဘဲနှင့် ဒီကလေးကလား စကားမျိုးတွေကြောင့် သားအမိချင်း စိတ်ဝမ်းကွဲရန်ဖြစ်ရဦးမည်။ စိတ်တောင်ပျက်ပါရဲ့။

ကိုလှသောင်းတို့ ကိုတင်အောင်ဝင်းတို့ဆိုတာတွေက နွယ်နှင်းဆီနဲ့ဆိုလျှင်တော့ လုပ်ငန်းချင်း ဆက်စပ်ကာ ဘယ်လိုမှ ရှောင်လွှဲမရသည့်သူတွေ။ ကိုလှသောင်းက လူပျိုကြီး၊ ဦးတင်အောင်ဝင်းက ကလေးမရှိသည့် မုဆိုးဖို။ ဒီလူနှစ်ယောက်ဟာ နွယ်နှင်းဆီကိုတွေ့တိုင်း မရိုးမသားသဘော သက်ရောက်သော်လည်း ယဉ်ကျေးမှုတော့ မချို့တဲ့သော၊ သိသာသိလျက် လက်ညှိုးထိုး အပြစ်တင်လို့ မရစေသော စကားလုံးတို့ဖြင့် နောက်သလို ပြောင်သလို။ အတည်အတံ့လိုလို ပြောနေကျ။

ထိုစကားလုံးတို့ကို နွယ်နှင်းဆီက သိပင်သိသော်ငြား အဓိပ္ပာယ်နားမလည်ဟန်ဆောင်ကာ ရှောင်တိမ်းခဲ့သည်ပင်။ ဟိုနှစ်ယောက်ကလည်း လူကြီးလူကောင်းဆန်ဆန်ပဲနေခဲ့တာမို့ ရုပ်ပျက်ဆင်းပျက်စရာ ဘယ်လိုကိစ္စမျိုးမှလဲ မဖြစ်ပေါ်ခဲ့ပါ။

အခုလည်းပဲ မင်္ဂလာဆောင်မှာ တစ်ဝိုင်းတည်းထိုင်ဖြစ်ကြတော့ ကိုလှသောင်းနဲ့ ဦးတင်အောင်ဝင်းတို့က ပြင်ဆင်ခြယ်သလျက် ခါတိုင်း အလုပ်ဆင်းစဉ်ကထက် လှပနုရွနေသော နွယ်နှင်းဆီကို ထုံးစံအတိုင်း နောက်ကြပြန်တာပါပဲ။

ပိုဆိုးသွားစေတာကတော့ တစ်ဝိုင်းတည်း အတူထိုင်နေသည့် ဦးအောင်တင့်တို့ လင်မယားကပါ ကြားဝင်တိုက်တွန်းသလိုလို၊ မြှောက်ပေးသလိုလို၊ လှော်သလိုလို စကားမျိုး ဝင်ပြောကြသောအခါ ဘုန်းရောင်ထင်က တရှူးရှူး တရှားရှား ဒေါမနဿတွေ ပွားရတော့တာ ဖြစ်သည်။

သားမျက်နှာကြီး တပုပ်ပုပ် တသိုးသိုး ဖြစ်နေတာမို့ နွယ်နှင်းဆီခမျာ တော်တော်ပဲ အနေရခက်ခဲ့ရပါသေးသည်။ သားကလည်း ဟန်မဆောင်တတ်၊ ဟိုလူတွေကလည်း အကင်းပါးပါးမို့ တင်းမာလာသော အခြေအနေကို သတိပြုမိမှာ။

ဒါကြောင့်ပဲ မင်္ဂလာပွဲပြီးအောင်တောင် မနေ





နိုင်ဘဲ ရုပ်ပျက်ဆင်းပျက်နိုင်စွာ ပြန်ထွက်လာခဲ့ရပါသည်။ ဟော ... အိမ်ရောက်တော့လဲ ဒီပြဿနာက အစထောင်ပြီး လိုက်ပါလာပြန်သေးသတဲ့။

နွယ်နှင်းဆီက သက်ပြင်းတစ်ချက် ချလိုက်ကာ အိမ်နေရင်း ဘလောက်(စ်)ပွပွ တစ်ထည်ကို ကောက်ဝတ်လျက် စပန့်သားထဘီတစ်ထည်ကို လဲလှယ်ကာ တီဗီခန်းထဲ အမြန်ဆင်းခဲ့ရပါသည်။

တီဗီရှိနေလို့သာ ထိုအခန်းကို တီဗီခန်းဟု အလွယ်ခေါ်လိုက်သော်လည်း အမှန်ကတော့ သီးသန့်ဧည့်ခန်းလေးတစ်ခုမျှသာ။ မိသားစုအတွင်း သီးသန့်ဆွေးနွေးစရာ၊ ဘေးလူတွေ မကြားစေချင်သည့် အကြောင်းအရာမျိုးကို ပြောမည်ဆိုလျှင် မှန်အလုံတပ်ကာ အပြင်လူတွေ မမြင်စေချင်လျှင် မီးခိုးဖျော့ရောင် ခန်းဆီးစထူထူတွေကို ဆွဲပိတ်လိုက်ရုံနှင့် မြင်ကွင်းရော၊ အသံပါ လုံခြုံသွားစေသည့်အခန်းမျှသာ ဖြစ်လေသည်။

သားက အခန်းထဲက လူတစ်ကိုယ်လုံး နစ်မြုပ်မတတ် အိစက်ပျော့ညက်သော နောက်မှီကားကား၊ ဘေးလက်ရမ်းကားကားနှင့် ပန်းပွင့်ပုံ ဆိုဖာအနက်ရောင်ကြီးပေါ်တွင်ထိုင်ရင်း နွယ်နှင်းဆီအလာကို စိတ်မရှည်စွာ စောင့်ဆိုင်းလျက်ရှိသည်။

"ဘာတွေများ ဒီလောက်အလှပြင်နေစရာ လိုသလဲ မေမေရဲ့"

"အိုကွယ် ... သားကလဲ၊ မဟုတ်မဟတ်။ မေမေက ဘာအလှပြင်စရာလိုသလဲ"

"မသိဘူးလေ၊ မင်္ဂလာဆောင် သွားကာနီးတုန်းကတော့ လူမြင်တင့်တယ်အောင်ပြင်တာ ထားပါတော့၊ အိမ်နေရင်းပါ မတရားလှချင်နေရင်တော့ သဘာဝမကျတော့ဘူး"

"မလှချင်ရပါလားကွယ်၊ မေမေက မိတ်ကပ်တွေနဲ့ ကြာကြာမနေတတ်လို့ ဖျက်ပစ်နေတာပါ၊ ပြီးတော့ ဆံထုံး,ထုံးထားတဲ့ ဆံပင်ကို ပြန့်သွားအောင်လဲ ခေါင်းဖြီးရသေးတယ်သားရဲ့"

ဘုန်းရောင်ထင့် မျက်နှာက မကြည်လင်လှသေးသလို ညစ်ပုပ်ပုပ် ရှိနေရာက ကောက်ခါငင်ခါပင် ...

"မောင်တစ်ကျိတ်ပင် ရှိလင့်ကစား ခင်ပွန်းမရှိသော မိန်းမဟာ မတင့်တယ်ဘူးလို့ ဒါကြောင့်ပြောကြတာ နေမှာ"

"ဟင်"

သားရဲ့စကားက ဘယ်လိုအဓိပ္ပာယ်ပါလိမ့်လို့ နှယ်နှင်းဆီက အထိတ်ထိတ် အလန့်လန့် တွေးကြည့်လိုက်





သော်လည်း အဖြေက မပေါ်ပါ။

"မေမေ့ကို သင့်တော်မဲ့လူတစ်ယောက်နဲ့ တွေ့ရင် အိမ်ထောင်ချထားပေးလိုက်ရ ကောင်းမလားလို့ သား စဉ်းစားနေတာ"

"အောင်မယ်လေး ... မကြံကောင်း မစည်ရာသားရယ်၊ ဘာတွေ မဟုတ်မဟတ် စိတ်ကူးနေတာလဲ"

ဒေါ်နှယ်နှင်းဆီက ရင်ပတ်ဖိကာ မျက်လုံးမျက်ဆန်ပြူးနေသော်ငြား ဘုန်းရောင်ထင်ကတော့ ခပ်တည်တည်ပင်။ လေသံက အဖေတစ်ယောက်က ကိုယ့်သမီးရေးရေးအတွက် စီစဉ်နေသလိုမျိုး။

"တကယ်ပြောတာ မေမေရ အဲဒီ ကိုလှသောင်းဆိုတဲ့လူအကြောင်း မေမေ ဘယ်လောက်သိလို့လဲ၊ အလုပ်နာမည်တပ်ထားတာကတော့ အကျိုးဆောင်လုပ်ငန်းပေါ့လေ။ တကယ်တမ်းကျတော့ ပွဲစားပါ၊ ပွဲစားဆိုတာ ဖျတွေ မေမေရဲ့၊ ဘယ်သူ့ဆီက ဘယ်လိုအမြတ်ထုတ်ရမလဲဆိုတာပဲ စဉ်းစားနေတဲ့ လူမျိုးတွေ၊ သူမေမေ့ကိုရရင် မိန်းမချောချောလှလှ ရရုံမကဘူး သူ့အတွက် ဘက်ဂရောင်းကောင်းကောင်းလဲ ရမယ်လေ"

"သားရယ် ... သူများကို မဟုတ်မဟတ်တွေ မစွပ်စွဲရဘူးလေ"

"ဟုတ်တာပြောတာပဲ၊ နောက်တစ်ယောက် ရှိသေးတယ် ဦးတင်ဝင်းအောင်လား ဦးတင်အောင်ဝင်းလား၊ အဲဒီ လူကြီးကလဲ ဘာထူးလဲ၊ မုဆိုးဖိုဆိုပြီး ငြိမ်ငြိမ်နေတာမှ မဟုတ်တာ၊ မိန်းမရှုပ်လိုက်တာမှ အလွန်ပဲတဲ့"

"အဲဒါကရော ဘာဖြစ်သလဲကွယ်၊ သူ့ကိစ္စနဲ့သူပဲ"

"မေမေ့ကိုလာပြီး ပတ်သက်နေမှာစိုးလို့ဗျ၊ သူ့ဘာသာသူ ရှုပ်ချင်တာရှုပ် ကိစ္စမရှိဘူး၊ ကျွန်တော့်အမေကို လာပြီး အနှောင့်အယှက်ပေးမှာ၊ ထိခိုက်မှာစိုးလို့"

"ကိုယ့်ဘာသာကိုယ် နေကြတာပါပဲကွယ်၊ ဘယ်သူ့ကြောင့်မှ ထိခိုက်စရာ မရှိပါဘူး"

"ထိခိုက်လာခဲ့သည် ရှိသော်လို့ စဉ်းစားရသေးတယ်ဗျ၊ ကိုယ်က မိန်းကလေး၊ ဘယ်တော့မဆို အရင်ဆုံး ထိခိုက်နစ်နာရမယ့်လူ"

ဩော် … သားဖြစ်သူဟာ ကိုယ့်ကို ဆယ်ကျော်သက် မိန်းမပျိုလေးလို့များ ထင်နေရှာသလား။ ကလေးတစ်ယောက်အမေ၊ မုဆိုးမ၊ အသက်လေးဆယ့်နှစ်နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက် အတွက်ကတော့ ထိခိုက်နစ်နာမှုဆိုတာ အလွယ်တကူနဲ့ မဖြစ်ထွန်းလာလောက်တော့ပါဘူး။

"မသိဘူးဗျာ၊ ဒီလူကြီးတွေနဲ့တော့ မေမေ့ကို စိတ်မချတာ အမှန်ပဲ၊ ဒီတော့ ကျွန်တော့်စိတ်ကြိုက် လူတစ်





ယောက်ရှာပြီး မေမေ့ကို အိမ်ထောင်ပြုပေးလိုက်ရင် ကောင်းမလားလို့ စဉ်းစားနေတာ"

တကယ့်ကို လူကြီးစတိုင်ဖမ်းပြီး ပြောနေသော ဘုန်းရောင်တင့်ကိုကြည့်ကာ ဒေါ်နွယ်နှင်းဆီမှာ စိတ်လက်မအီသာစွာနဲ့ပဲ ခပ်ဖျော့ဖျော့ ပြုံးနေမိရလေတော့သည်။

## (၁၃)

"ဟော့ကောင် ... မေ့သားလေး"

အသံစူးစူးနဲ့ လှမ်းခေါ်လိုက်သံကို ကြားရကတည်းက ဒါဟာ ကျော်စွာပဲဆိုတာ ဘုန်းရောင်ထင်က သိလိုက်ပြီးသား။

ကျော်စွာဆိုသည့်ကောင်ဟာ ယောကျ်ားတန်မဲ့ ဇလုပ်ပါလာပုံမရ ဘဲ စကားပြောလိုက်လျှင် မိန်းမလိုအသံစူးစူးနဲ့ အတော်နားထောင်ရ ဆိုးလေသည်။

ခေါ်လိုက်ပုံကိုကလည်း ကြည့်ဦး၊ လက်ဖက်ရည်





ဆိုင် လူကျချိန်မှာ လူတကာ မကြားဘဲ မနေနိုင်သည့်၊ ကြားလျှင်လည်း သတိမထားမိဘဲ မနေနိုင်သည့် အသံကြီးနဲ့ "မေ့သားလေး" တဲ့။

ဒါ သက်သက်အရှက်ခွဲတာ။ ဘုန်းရောင်ထင့်ကို မေမေက ချစ်လွန်းလို့နာမည်တောင် မခေါ်ဘဲ မေ့သားလေး၊ မေ့သားလေးနဲ့ တဖွဖွ ခေါ်တတ်တာ။

အဲဒါကို ဒီကောင်တွေက ကြားသွားပြီး လူရှေ့သူရှေ့ အရှက်ခွဲချင်သည့် အခါမျိုးတို့၊ သူတို့ဆွဲခေါ်ရာနောက် အလွယ်တကူ လိုက်ပါမသွားဘဲ အင်တင်တင်တွေ ဝေနေသည့် အခါမျိုးတို့၊ ကိုယ့်အလုပ်တစ်ခုကို ကိုယ့်ဘာသာ မလုပ်နိုင်ဘဲ သူများ အကူအညီယူရသည့် အခါမျိုးတို့မှာ "မေ့သားလေး" ဆိုသည့် အခေါ်အဝေါ်ကို တမင်နှိပ်ကွပ်ချင်သည့် သဘောနှင့် ခေါ်တတ်တာ။

"ဟော့ကောင် ... မေ့ ..."

"ဘာလဲကွာ ... ငါလာပြီကွာ၊ အသံပြဲနဲ့ အော်မနေစမ်းနဲ့၊ လူကြားကောင်းတဲ့ အသံလဲ မဟုတ်ဘဲနဲ့"

အကြောင်းကြောင်းကြောင့် မကြားရသေးသည့်သူတွေပါ ထပ်ကြားရအောင် နောက်တစ်ခေါက် ထပ်အော်ခေါ်တော့မည့် ကျော်စွာ့ကို တားဆီးသည့်အနေနှင့် အမြန်ဆုံးလှည့်ကာ အဆက်မပြတ် အော်ထည့်ပေးလိုက်ရသည်။

"မင်းက ငါတို့ကို မမြင်ဟန် ဆောင်သွားတာကိုး ကွ"

"မမြင်ဟန်ဆောင်သွားတာ မဟုတ်ပါဘူးကွာ၊ တကယ် မမြင်တာပါ"

"ဟုတ်ရဲ့လား ..."

သုံးကောင်သား လူပြက်တွေပြက်သည့် လေသံမျိုးနဲ့ အသံရှည်ဆွဲကာ နောက်နေကြပြန်သေးသည်။

"တကယ်ပြောတာပါ၊ ငါ့ဘာသာ အတွေးလွန်ပြီး လျှောက်လာတာမို့လို့"

"ဘာလဲ၊ ဆန်ပိုကုန်တော့မယ့် အရေးကိုတွေးပြီးတော့ လား"

"ဆန်ပိုကုန်မယ့်အရေး၊ ဘာကြီးလဲ မင်းတို့စကားက"

ကျော်စွာ၊ ဖိုးဇော်နဲ့ ထွန်းမင်းအောင်တို့ သုံးယောက်သားက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အမိုးမကျိုးလှသော ရုပ်တွေနှင့် သူပြော၊ ငါပြော လွဲချနေကြလေသည်။

"ပြောမယ်ဆိုရင်လဲ ပြောကွာ ... မပြောဘူးဆိုရင်လဲ ထားလိုက်တော့ ဒီအတိုင်းပဲ"

"မဟုတ်ဘူးကွ ... ပြောတာက ပြောချင်ပါတယ်၊ မင်း စိတ်ဆိုးမှာကြောက်လို့"





"အပိုတွေ လုပ်မနေစမ်းနဲ့ကွာ ... ပြောစရာရှိတာ ပြော"

"ဒီလိုကွ ... မင်းအမေ ... အန်တီနှင်းဆီကို ငါတို့ မြို့ထဲမှာ တွေ့ခဲ့တယ်"

"ဟာ ... အရူးကောင်တွေ၊ မေမေ့ကို မြို့ထဲတွေ့တာများ ဆန်းသလားကွ၊ မေမေ့ ရုံးခန်းက မြို့ထဲမှာရှိတာပဲ ဥစ္စာ"

"အဲဒါ မဆန်းပါဘူး၊ ဆန်းနေတာက မင်းအမေဘေး မှာ ငါတို့ တစ်ခါမှ မမြင်ဘူးတဲ့ လူကြီးတစ်ယောက် ပါနေတာပဲကွ"

ရင်ထဲ ဒိန်းခနဲနေအောင် တုန်လှုပ်ချောက်ချား သွားရသည်။ မေမေ့ဘေးမှာ သူစိမ်းယောကျ်ားကြီး တစ် ယောက်တဲ့၊ ဒါကဘာဖြစ်လို့ဖြစ်ရတာပါလိမ့်။

ကိုယ့်အတွေးနဲ့ကိုယ် ရင်ထိတ်လှပြီ ဖြစ်သော် လည်း ဟိုကောင်တွေရှေ့မှာတော့ ဘာမှမမှုသလိုဟန်ပန် ဖမ်းကာ ...

"အဲဒါရော ဘာဆန်းသလဲကွာ၊ မေမေ့ အလုပ်က လူပေါင်းစုံနဲ့ သွားလာဆက်ဆံနေရတာ၊ ယောကျ်ားတစ် ယောက်ဖြစ်ဖြစ်၊ ဆယ်ယောက်ဖြစ်ဖြစ် မေမေ့အနားမှာ ရှိနေနိုင်တယ်"

"ငါတို့မမြင်ဘူးတဲ့ လူကြီးကွ၊ နောက်ပြီးတော့ ..."

"ကဲ ... ပြောပါဦး၊ နောက်ပြီးတော့ ဘာဖြစ်သေးလဲ"

"သူတို့နှစ်ယောက် ဆက်ဆံပုံက အလုပ်သဘော မဟုတ်တဲ့ပုံပဲကွ"

ထွန်းမင်းအောင်က ခပ်ရွံ့ရွံ့ စကားတစ်ခွန်းကို အဆိုတင်သွင်းလာသောအခါတွင်ကား ဘုန်းရောင်ထင်တို့ ငေးခနဲ ဖြစ်ရလေပြီ။

မေမေနဲ့ သူစိမ်းယောကျ်ားကြီး တစ်ယောက်တို့ဟာ အလုပ်သဘောမဟုတ်သည့် ပုံစံမျိုးနဲ့ ပတ်သက်နေကြသည်တဲ့လား။ ဒါဟာ သူတို့တွေရဲ့ အမြင်စောင်းမှုပဲဖြစ်ဖို့များပေမယ့် တကယ်လဲ ဖြစ်ချင်ဖြစ်ဓနေနိုင်သေးသည်လေ။

"ငါတို့ အမြင်မှားတာမျိုးလဲ ဖြစ်ချင် ဖြစ်မှာပါကွာ၊ သိပ်တော့ စိတ်ထဲ မထားပါနဲ့"

ပြောချင်တာပြောပြီးမှ ပြန်လျှော့နေကြသော သူငယ်ချင်းသုံးယောက်ကို ဟန်ဆောင်ပန်ဆောင်လေးတောင် စကားပြန်မပြောနိုင်တော့ပါ။ ရင်ထဲမှာ ငရဲမီးမျိုထားရသလို ပူလောင်လှပြီ။ လည်ချောင်းအတွင်းက ကလီစာတွေဟာ ရုတ်တရက် လုံးထွေးပူးကပ် ပိတ်ဆို့သွားကြသလိုပဲ နင်တင်တင်နှင့် အသက်ရှူပြင် မဝချင်တော့ပေ။

"ဟေ့ကောင်ကြီး ... စိတ်ထဲဘာမှ ယားမနေနဲ့နော်၊





ငါတို့က ဒီလိုပဲ ကြုံလို့ပြောလိုက်တာမျိုးပါ၊ မဟုတ်တာကြီးကို မင်းစိတ်ထဲ စွဲမှတ်နေရရင် မင်းပဲစိတ်ပင်ပန်းမှာ"

"အေးပါကွာ ... ငါသွားတော့မယ်"

ကျော်စွာတို့ကို ဝတ်ကျေတန်းကျေ နှုတ်ဆက်ပြီး ဘုန်းရောင်ထင်က လက်ဖက်ရည်ဆိုင်ထဲကနေ ထွက်လာလိုက်ပါသည်။

ဟိုတလောကတော့ မင်္ဂလာဆောင်မှာ မေမေ့ကို မရိုးမသား ချဉ်းကပ်ချင်သည့် လူကြီးတွေကိုတွေ့ပြီး ကိုယ့်အမေ တင့်တင့်တယ်တယ် ဖြစ်စေဖို့၊ တော်ရုံလူ မစော်ကားရဲလောက်စရာ အကာအကွယ်တစ်ခု ရှိနေစေဖို့ အိမ်ထောင်ပြုခိုင်းလိုက်ရရင် ကောင်းမလားလို့ တွေးကြည့်မိဖူးပါသေးသည်။

ဒါပေမယ့် အေးအေးဆေးဆေး ပြန်စဉ်းစားလိုက်သည့်အခါမှာ သားအမိနှစ်ယောက်တည်းရှိလျက် ငြိမ်းချမ်းအေးမြနေသော ဘဝလေးထဲ သူစိမ်းတစ်ယောက် ထိုးဖောက်ဝင်ရောက်လာမှာကို ဘုန်းရောင်ထင်က လုံးဝလက်မခံနိုင်ပါချေ။

မေမေ့ရဲ့ အချိန်တွေကို ဖဲ့ပေးလိုက်ရမှာ။ မေမေ့ရဲ့ ဂရုစိုက်မှုတွေကို ဆုံးရှုံးလိုက်ရမှာ၊ မေမေ့ရဲ့ချစ်ခြင်းတွေ

ကို မျှဝေလိုက်ရမှာ။ အဲဒီအဖြစ်ကြီးကို သူဘယ်လိုမှ လက်မခံနိုင်ပါ။ မေမေ့ကို ဖေဖေနဲ့တောင် ခွဲဝေချစ်စရာမလိုဘဲ သူတစ်ယောက်တည်း အပိုင်စားရခဲ့သည်မှာ သူအသက်လေးနှစ်သား အရွယ်လောက်ကတည်းကဆိုတော့ ဆယ့်ငါးနှစ်လောက်တောင် ရှိခဲ့ပြီ။ ထိုဆယ့်ငါးနှစ်လောက် အသားကျခဲ့သည့် အခြေအနေကြီးတစ်ရပ် ရုတ်တရက် ပြောင်းလဲသွားမည့် အဖြစ်အား သူ ဘယ်လိုများ ရင်ဆိုင်နိုင်စွမ်း ရှိပါ့မလဲ။



(၁၄)

"မယုံဘူး ... ငါ လုံးဝမယုံဘူး"

အသက်က မျက်စိစုံမှိတ်ကာ ခေါင်းကိုပဲ စွတ်ခါနေတော့သည်။ ရင်ထဲကလည်း မဟုတ်ပါစေနဲ့၊ သူတို့ ပြောတာ လုံးဝမဖြစ်ပါစေနဲ့လို့ အထပ်ထပ်အခါခါ ဆုတောင်းနေမိသည်။

ပါပါ့ကို မိန်းမတစ်ယောက်နဲ့ ဂျေဒိုးနပ်ဆိုင်ထဲမှာတွေ့ခဲ့လို့တဲ့။ သူတို့နှစ်ယောက် စကားပြောပုံဟာ တရင်းတနှီး ရှိလှပြီး အလုပ်သဘော ပြောဆိုဆက်ဆံနေတာနဲ့

လုံးဝမတူပါတဲ့။

အလွန်စပ်စု ခြေရှည်လှသော သူငယ်ချင်းတွေဟာ ရန်ကုန်မြို့အနှံ့ လျှောက်လည်ပြီး ပေါက်ရတွေတွေ့လာ။ ပြီးတော့ လူကိုလာပြော။ အသက်မှာ အိမ်မှာထိုင်နေရင်း၊ ကိုယ့်ထမင်း ကိုယ်စားနေရင်းက အလကားနေရင် စိတ်ဆင်းရဲရတော့တာ။

"ဘာလဲ ... ဘာကို မယုံတာလဲ၊ နင့်အဖေတစ်ယောက်လုံးကို ငါတို့က မျက်စိမှားခဲ့ကြမယ် ထင်လို့လား"

"အဲဒီလို မှားတာတော့ မဟုတ်ပါဘူးပေါ့၊ ဟိုမိန်းမနဲ့ဆက်ဆံရေးကို ပြောနေတာ"

"သိပ်တော့ မမှားနိုင်ဘူး ထင်တာပဲ၊ နင့်အဖေက ဟိုမိန်းမအတွက် စားစရာဗန်းကို ကိုယ်တိုင်သယ်ပေးတယ်ဟာ၊ ပြီးတော့ သူ့ပန်းကန်ထဲက ဘာလဲမသိဘူး ယူပြီး ဟိုမိန်းမထဲ ထည့်ပေးတယ်၊ ဟိုတစ်ယောက်ကလဲ အိတ်ထဲက တစ်သျှူးထုတ်ပြီး နင့်အဖေကိုပေးတယ်ဟာ"

ဒီလောက်ကလေးနဲ့များ ထင်စရာလားလို့ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ကြည့်သော်လည်း မရပါ။ ရင်ထဲကနေ အဲဒါဟာ ဒီလောက်ကလေးပဲလို့ ခေါ်လောက်စရာ မဟုတ်ဘူးဟု အတန်တန် သတိပေးနေသည်။





ပါပါ့မှာ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး တရင်းတနှီး ဆက်ဆံနေရသော မိန်းမတွေ ရှိပါသည်။ သို့သော် ထိုမိန်းမတွေနဲ့ ပါပါ ဆက်ဆံပုံဟာ ကြည့်လိုက်တာနဲ့ "လုပ်ငန်းသဘောအရ" ဆိုတာ သိသာထင်ရှားသော ပုံစံမျိုးပါ။

နောက်ပြီး အသက် သိသလောက်တော့ ပါပါ့အသိထဲမှာ ရုပ်ရှင်မင်းသမီး တစ်ယောက်လို မျက်နှာရော၊ ကိုယ်လုံးကိုယ်ပေါက်ရော ပြောစရာမရှိအောင် လှပ ကြည့်ကောင်းသည့် အမျိုးသမီးမျိုး မရှိချေ။

"သူတို့ ဘယ်သူ့ကားနဲ့ လာကြတာလဲ၊ မုန့်စားပြီးတော့ရော ဘယ်ဆက်သွားကြသေးလဲ"

"လာတာကတော့ တစ်ယောက် ကားတစ်စီးစီပဲဟဲ့၊ မုန့်စားပြီးတော့ နှစ်ယောက်အတူ ထွက်သွားတယ်၊ နောက် ဟိုအန်တီကြီး ကားနားမှာရပ်ပြီး ခဏစကားပြောကြသေးတယ်၊ ပြီးတော့မှ တစ်ယောက်တစ်လမ်းစီမောင်းထွက်သွားကြတာ"

"တစ်ယောက်တစ်လမ်းစီလို့ နင်တို့ ဘယ်လိုလုပ်ပြီးသိကြတာလဲ"

"အရှင်းကြီးပဲဟာ၊ ဟိုအမျိုးသမီးကြီးရဲ့ကားက လမ်းကို ဂ,ငယ်ကွေ့ဖြတ်ပြီး ဘယ်ဘက်ထိပ်ကနေ ထွက်သွားတယ်၊ နင့်အဖေက ဟိုဘက်လမ်းကို မဖြတ်ဘဲ

စီရပ်ထားတဲ့အတိုင်း အလိုက်သင့်မောင်းပြီး ညာဘက်ထိပ်ကနေ ထွက်သွားတယ်၊ အဲဒါ တစ်လမ်းစီသွားတာပေါ့”

သူတို့နှစ်ယောက် တစ်နေရာကို အတူထပ်ထွက်မသွားကြသည့်အတွက် စိတ်ထဲကျေနပ်သွားသလို ရှိသော်လည်း ဒါဟာ ခဏပါပဲ။ အဓိက,ကတော့ ပါပါနဲ့ အမျိုးသမီးတစ်ယောက်ဟာ မုန့်ဆိုင်တစ်ခုမှာ အချိန်အတော်ကြာ အတူရှိနေသည်။ အလုပ်ကိစ္စလို့ ထင်နိုင်ဖွယ်ရာအကြောင်း လုံးဝမရှိသော တရင်းတနှီး ပုံစံမျိုးဖြင့် စကားပြောဆို ဆက်ဆံနေကြသည်။ နောက်ပြီး ထိုအမျိုးသမီးဟာ အလွန်ချောမောကြည့်ကောင်းသူလည်း ဖြစ်နေသေးသည်ဆိုသည့် အချက်တွေပါပဲ။

ဟိုးတလောကတော့ ဘာရယ်မဟုတ်ဘဲ စိတ်ကူးပေါက်ကာ ပါပါ့ကို နောက်အိမ်ထောင်ပြုမလား ဘာညာပြောမိသေးသည်။

တကယ်ကတော့ သဘောထားကြီးလို့ မဟုတ်။ ပါပါဟာ ကိုယ့်သမီးလေးကို ပစ်ထားပြီး နောက်ထပ်မိန်းမတစ်ယောက် ဘယ်တော့မှယူမှာမဟုတ်ဘူးလို့ ကိုယ့်ဘာသာသေချာနေတာကြောင့် သဘောထားကြီး၊ သိတတ်သူကြီးဟန်ဆောင်ကာ ပြောလိုက်တာ။





အဲဒါကိုပဲ ပါပါက အဟုတ်မှတ်ကာ သူ့အတွက်အခွင့်အရေးထူးကြီးတစ်ရပ် ရပြီလို့များ ထင်သွားလေသလား။

မဟုတ်လောက်ပါဘူး။ ပါပါဟာ ဒီလောက်အထိတော့ မိုက်မဲလိမ့်မယ် မထင်ပါဘူးနော်။ ငယ်ငယ်လေးတည်းက ပြုစုစောင့်ရှောက်လာရသည့် ကိုယ့်သမီးလေးရဲ့ စိတ်ထားဘယ်လိုရှိသည်ဆိုတာ ပါပါသာလျှင် အသိဆုံးဖြစ်ရမှာ။ စကားတစ်ခွန်းအတွက်နဲ့တော့ ဒီလောက် လက်လွတ်စပယ်ကြီး ထ,လုပ်စရာ အကြောင်းမရှိလောက်ပါဘူး။

“ပါပါ့ ငယ်သူငယ်ချင်းတွေ ဘာတွေထဲက ဖြစ်မှာပါ”

ဘယ်သူမှ မပြောရသေးပါဘဲ ကိုယ့်ကိုကိုယ်အားပေးနှစ်သိမ့်သလိုလို၊ ဖြေရှင်းချက် ထုတ်သလိုလိုနှင့်ယောင်ယောင်ကန်းကန်းလေး ပြောလိုက်လျှင် အသက်ကိုသနားသွားကြသော သူငယ်ချင်းတွေက ဝိုင်းဝန်းထောက်ခံပေးကြလေသည်။

“ဟုတ်မှာပါ အသက်ရာ ... ငါတို့ကလည်း တွေ့ခဲ့တဲ့အကြောင်းလောက်ပဲ ပြောတာပါ၊ ဘာမှ စွပ်လားစွဲလားလုပ်သေးတာ မဟုတ်ပါဘူး၊ လူကြီးတွေ ဒီအသက်အရွယ်ရောက်မှတော့ မိတ်ဆွေချင်း စားသောက်ဆိုင်အတူထိုင်တာ မဆန်းပါဘူး၊ ငါတို့တောင် တစ်ခါတလေ မော်မော်တို့အုပ်စုထဲက ကောင်တွေနဲ့ နှစ်

ယောက်တည်း မုန့်ဆိုင်ထိုင်ဖြစ်သွားတာမျိုး ရှိတတ်တာပဲ၊ နှစ်ယောက်တည်း အတူတွေ့ရုံနဲ့တော့ မရှိးမသားလို့ သတ်မှတ်လောက်စရာ အကြောင်းမရှိပါဘူး"

အဲဒီလို ဖြေတွေး တွေးကြည့်ရင်တော့လဲ ဟုတ်တာပေါ့လေ။ အသက်တို့တတွေလဲ တစ်ခါတလေမှာ ယောက်ျားလေးသူငယ်ချင်း တစ်ယောက်နဲ့ နှစ်ယောက်တည်း အအေးဆိုင်၊ မုန့်ဆိုင် ထိုင်ဖြစ်တာမျိုး ရှိတတ်တာပေါ့။ ဒါပေမယ့် ကိုယ့်ကိုကိုယ်ကျတော့ မဟုတ်နိုင်ဘူးဆိုတာ သေချာပေါက် ပြောရဲသည်လေ။

ပါပါ့ကိုကျတော့ ကိုယ့်ကိုကိုယ် သေချာသလိုမျိုး ဘယ်လိုနည်းနဲ့မှ မသေချာနိုင်။ မုဆိုးဖိုဘဝနဲ့ ဆယ့်သုံးနှစ်ကျော်လောက် နေလာရသည့် ပါပါဟာ အဖော်တစ်ယောက်ကို စိတ်ထဲက တိတ်တိတ်လေးကျိတ်ပြီး တောင့်တမနေဘူးလို့ ဘယ်လိုမှ အာမ,မခံရဲပါ။

ဒုက္ခပါပဲ။ တကယ်လို့သာ အသက်ရဲ့ စကားကို အတည်ယူပြီး ပါပါတစ်ယောက် နောက်အိမ်ထောင်ထူထောင်ဖို့ စိတ်ကူးနေပြီဆိုရင်တော့ စည်းကမ်းမရှိလှသော လျှာကို အစိမ်းလိုက် ဖြတ်တောက်ပြီး အပြစ်ပေးဖို့သာ ကောင်းတော့သည်။

❧ ✠ ❧



## (၁၅)

မေမေ့အခန်းဝရှေ့က ဖြတ်သွားလျှင် အလွန်စူးရှသော ရေမွှေးနံ့အသစ်တစ်ခုကို ရှူရှိုက်မိလိုက်ရတာမို့ ဘုန်းရောင်ထင်က ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်ပါသည်။

မသင်္ကာစရာပါလား။ ဒီရေမွှေးနံ့ဟာ မေမေသုံးနေကျ ရေမွှေးနံ့ မဟုတ်တာတော့ သေချာသည်။ မေမေကရေမွှေးသုံးစွဲတာဟာ ကိုယ့်ကိုယ်ပေါ်က မကောင်းတဲ့ အနံ့အသက်တွေ သူများမရစေဖို့ဆိုတဲ့ အကြောင်းပြချက်ကြောင့်ဖြစ်ရာ သိပ်ပြီးစူးစူးရှရှ မွှေးပျံ့လွန်းသော ရနံ့ရှိသည့် ရေမွှေး

တွေကို မသုံးတတ်ပါ။ သစ်သီးရနံ့ပါသည့် ခပ်ဖျော့ဖျော့ အမွှေးနံ့ရှိသော ရေမွှေးမျိုးကိုသာ သုံးတတ်တာ။

ဒီကနေ့ ဒီလောက် အမွှေးနံ့သာ ရှူးရှူးရှရှတွေ တစ်ခန်းလုံးသာမက အပြင်ဘက်အထိအောင် လျှံထွက်သည် အထိ ဆွတ်ဖျန်းထားတာကတော့ ထူးခြားဖြစ်စဉ်ပဲ။

မမေ့ အခြေအနေ ဒီလောက်ထူးခြားနေမှတော့ မစုံစမ်းဘဲ ပစ်ထားလိုက်လို့ မဖြစ်နိုင်တော့ချေ။

"ဒေါက် ... ဒေါက်"

မမေ့ အခန်းတံခါးကိုခေါက်ကာ ဘုန်းရောင်ထင်က ခေါ်လိုက်လျှင် အထဲကထူးသံ တော်တော်နဲ့ ပြန်မကြားရပါ။

"မမေ ... မမေ ... ဘာလုပ်နေလဲ။ သားဝင်လာခဲ့လို့ ရမလား"

"ခဏလေးသားရေ၊ မမေ အင်္ကျီဝတ်နေလို့၊ ခဏနော်"

တစ်မိနစ်လောက်ကြာမှ အခန်းတံခါး ပွင့်လာကာ ပန်းနုရောင် ထက်အောက်ဆင်တူ ဝတ်စုံနဲ့ လှပစွာပြင်ဆင်ထားသော မမေ့ကို တွေ့လိုက်ရလေသည်။

ကိုယ့်အမေ လှပနေတာကိုမြင်လျှင် အရင်အချိန်တုန်းတွေကတော့ ကျေနပ်ကောင်း ကျေနပ်လိမ့်မည်ဖြစ်သော်လည်း ဒီတစ်ခါတော့ ဘာကြောင့်များ ဒီလောက်ပြင်ဆင်





ခြယ်သထားရပါလိမ့်လို့ သံသယဝင်ကာ ရင်ထဲ ပူလောင်လာရသည်။

"မမေ ... အလုပ်သွားတော့မလို့လား"

"အင်းပေါ့ သားရဲ့"

"နည်းနည်းများ စောသလားလို့"

"ဟုတ်တယ် ... နည်းနည်းလေး စောထွက်မှာလေ၊ ပြီးခဲ့တဲ့ စနေနေ့က ဒေါ်ခင်မြမွှန် သမီးလေး မွေးနေ့လုပ်တာ မမေ မသွားဖြစ်လိုက်လို့ကွယ် မွေးနေ့လက်ဆောင် ဒီနေ့ ရုံးအသွားမှာ ဝင်ပေးမလို့လေ"

"ပြီးတော့ မမေက အရမ်းလှနေပါလား"

"သားကလဲ ... ကိုယ့်အမေကိုယ် နောက်စရာ အောက်မေ့နေလား၊ မမေ အသက်လေးဆယ်ကျော်နေပြီ၊ ဘယ်လှပါတော့မလဲကွယ်"

"လေးဆယ်ကျော်ပေမယ့် မမေက လှတုံးပဲ၊ အဲ ... ပြီးတော့ ဒီနေ့ ရေမွှေးပုလင်း အသစ်ဖောက်တာလား"

မမေ့ မျက်ခုံးတွေ ဖျတ်ခနဲ ပင့်တက်ကာ အံ့အားတသင့်ပုံစံ ဖြစ်သွားသည်ဟု ဘုန်းရောင်ထင်က ထင်မိပါသည်။ သူမရဲ့ လျှို့ဝှက်ချက်တွေ လူသိသွားလို့လား၊ ဒါမှမဟုတ် ခါတိုင်းထက်ပိုပြီး အမေးအမြန်း၊ အစစ်အဆေးခံနေရတာကိုပဲ အံ့ဩတာလားတော့ မသိနိုင်ချေ။

"ရေမွှေးက လက်ဆောင်ရလို့ သုံးကြည့်တာသားရဲ့၊ အနံ့က ခပ်စူးစူးနဲ့ မေမေတို့အရွယ် မိန်းမတွေနဲ့တော့ မလိုက်ဘက်လှပါဘူးကွယ်"

လက်ဆောင်ရတာ။ အရာရာကို သံသယဝင်ချင်နေပြီဖြစ်သော ဘုန်းရောင်ထင်ကတော့ လက်ဆောင်ရတာဆိုတာနှင့် ဘယ်သူပေးတာလဲ၊ ထိုလက်ဆောင်ကို မေမေ ဘယ်လောက်တန်ဖိုးထားသလဲဆိုသည့် အတွေးတွေက ဆက်တိုက်ဝင်လာပြီ။

"ဘယ်ရေမွှေးလဲ မေမေ ... သားကို ခဏပြပါဦး"

ခါတိုင်းထက်ပိုကာ စပ်စပ်စုစု နိုင်နေသော ဘုန်းရောင်ထင့်ကို မေမေက နားမလည်ပုံ၊ အံ့သြပုံလေးနှင့် ကြည့်နေသော်လည်း ဘာမှတော့ မပြောပါ။

"မှန်တင်ခုံ ဒီဘက်ထောင့်ဆုံးကလေ၊ အဖြူခံနဲ့ခရမ်းရောင်အဖုံးပါတဲ့ ပုလင်းလေး"

"ဒါ ဘယ်သူပေးတာလဲ မေမေ"

"ဂျပန်ကုမ္ပဏီက ယိုရှီဒါစံပေးတာလေ၊ ဟိုးတလောက သားအတွက်တောင် ရုပ်အင်္ကျီနှစ်ထည် ပို့လိုက်သေးတဲ့ အမျိုးသမီးလေ"

ဟုတ်သလား မဟုတ်ဘူးလားတော့ မသိနိုင်ပါ။ မင်မောင်းကောင်းကောင်းနဲ့ အဖြေတစ်ခု ချက်ချင်းပေးလိုက်





နိုင်သည့်အတွက်တော့ နည်းနည်းကျေနပ်သွားရသည်။

"အနံ့ကစူးတော့စူးတယ်၊ ဒါပေမယ့် သားကြိုက်တယ် မေမေ၊ သားကိုပေးမလား"

"အင်း ... ယူချင်ယူလိုက်လေ၊ မေမေက အနံ့စူးလွန်းလို့ သားမကြိုက်ဘူးထင်တာနဲ့ မပေးဖြစ်တာပါ။ သားကြိုက်တယ်ဆိုရင်တော့ ပြီးရောပေါ့"

လျှောလျှောလျူလျူ သဘောတူလိုက်သည့် မေမေ့ကိုကြည့်ပြီး ဒါဟာပုံမှန်လား။ ဟန်ဆောင်နေတာလားဆိုတာကို အကဲခတ်ကြည့်ရသေးသည်။

မေမေ့ပုံစံက ဘာမှမဖြစ်သလို တကယ်ပဲ ရိုးရိုးသားသား ရှိနေတာကိုမြင်မှ မေမေ့စကား အမှန်အတိုင်းဖြစ်မှာပါလေလို့ စိတ်ကို လျှော့ချလိုက်ရသည်။

ဒါပေမယ့်လည်း အရောင်နုနုတွေဝတ်ပြီး လှလှပပ ပြင်ဆင်ခြယ်သနေတာကိုတော့ စိတ်ထဲ သိပ်မရှင်းနိုင်သေးပါ။ မေမေ အခုလို လှချင်ပချင်လာတာဟာ ဘာကြောင့်များလဲလို့ တွေးလိုက်မိတိုင်း ရင်ထဲမှာ ခဲလုံးကြီးတစ်လုံး အဆွဲခံထားရသလို လေးလံလွန်းလှလေသည်။

## (၁၆)

အခန်းတံခါးကို အသာလေးဟ,လျက် ပါပါ အလုပ်သွားဖို့ ပြင်ဆင်နေတာကို အသက်က ချောင်းကြည့် နေမိပါသည်။

ဟွန်း … ဒီခေါင်းဟာ ဆံပင် ဘယ်နှစ်မွေးရှိ လို့များ ဒီလောက်မပြီးနိုင် မစီးနိုင် ဖြီးသင်နေရတာလဲ မသိ ပါ။ ဘီးနဲ့ခေါင်းဟာ ကော်နဲ့ကပ်ထားသလို မခွာတမ်း ဖြစ် နေတာ အနည်းဆုံး ဆယ့်ငါးမိနစ်လောက် ရှိသွားပြီ။

ပါပါဟာ ဘာကြောင့် အခုတလော ပိုပြီးလှချ





ပချင်တွေ ဖြစ်နေရပါလိမ့်။ အလုပ်သွားကာနီး ပြင်ပြီဆင်ပြီ ဆိုလည်း ခါတိုင်းထက် အချိန်အများကြီး ပိုယူကာ တမေ့ တမော။ အဝတ်အစားဝတ်ရင်လဲကြည့်ဦး ပုဆိုးထက် ဘောင်း ဘီကို ပိုအဝတ်များလာကာ ပုဆိုးဝတ်ပြီဆိုရင်လည်း ပလေ ကတ်ပုဆိုး အကွက်ကျဲကျဲတွေထက် ဆိပ်ခွန်ပုဆိုး အကွက် စိတ်စိတ်၊ အရောင်ရင့်ရင့်တွေကို အကျီလက်ရှည်၊ လက် ကြယ်သီးပါတပ်လျက် ဝတ်တတ်လာသည်။

နောက်ပြီး ဖေဖေမို့ အလုပ်သွားပြီလား ဆိုမှ ဖြင့် ခေါင်းလိမ်းဆီနံ့၊ ကိုယ်တိုက်ဆပ်ပြာနံ့၊ ဘောဒီစပရေးနံ့ က တထောင်းထောင်း။ ဘေးနားက ဖြတ်သွားသူတောင် မူးဝေလဲကျတော့မလား ထင်ရလောက်သည်။

အဲဒါတွေဟာ မသင်္ကာစရာကောင်းသည့် အချက် တွေပဲပေါ့။ လူတစ်ယောက်ဟာ နဂိုမူလထက် ပိုကဲသော အပြုအမူ ရှိလာပြီဆိုရင် ဒါဟာ အကြောင်းရင်း တစ်ခုခုရှိရ ပြီ။ ပါပါ့အတွက်ကျတော့ ဒါဟာ နောက်ထပ်မိန်းမတစ် ယောက်နဲ့များ တွေ့နေပြီလားလို့ တွေးစရာ အခြေအနေပင်။

အငြိမ်မနေတတ်လွန်းလှသည့် ကိုယ့်ပါးစပ် ပေါက်ကိုသာ ကိုယ်ပိတ်ရိုက်ပစ်ချင်တော့သည်။

သူ့ဘာသာ ငြိမ်းငြိမ်းလေးနေတဲ့ ပါပါရဲ့နှလုံး သားကို ဒီအသုံးမကျသော ပါးစပ်ပေါက်ကပဲ သွားလှုပ်နိုးခဲ့

တာ။ အသက်သာ သတိပေးသလို မပြောဖြစ်ခဲ့ရင် ပါပါဟာ "နောက်မိန်းမ"ဆိုတာ စိတ်ထဲတောင် ရှိချင်မှ ရှိလိမ့်မည်။ အခုတော့ သွားပါပြီ။ ပါပါ့ခေါင်းထဲဝင်သွားသော ထိုအစွဲကြီးကို ဘယ်လိုမှ ချွတ်လို့ရမည်မဟုတ်တော့။

"ပါပါ ... အလုပ်မသွားသေးဘူးလား"

အသက်က သူခိုးဖမ်းသလို အခန်းထဲ လှစ်ခနဲ ဝင်လျက် မေးထည့်လိုက်သောအခါ ဘော်ဒီစပရေးဘူးကို ကောက်ကိုင်ဖို့ လက်ရွယ်နေသော ပါပါ ဆတ်ခနဲ တုန်လှုပ်သွားလေသည်။

ဒါဟာ မရိုးသားလို့ ... မရိုးသားလို့ပဲဟု ခေါင်းထဲ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံစွာ မြည်ဟည်းရင်း အသက်မှာ ကိုယ့်သောကနဲ့ကိုယ် ထူပူနေရလေသည်။

"သွားတော့မှာ မီးလေးရဲ့၊ အဝတ်လဲလို့ မပြီးသေးလို့"

"အဝတ်လဲပြီးတာက ကြာပါပြီနော်၊ အလှပြင်နေတာ မပြီးသေးတာ မဟုတ်လား"

ပါပါက ဝန်ခံသလို အဟဲခနဲ ရယ်လိုက်လျက် ...

"နည်းနည်းပါပါးပါ မီးလေးရ၊ ဒီနေ့ကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ အစည်းအဝေးရှိတယ်လေ၊ နှစ်ပတ်လည် အစည်းအဝေးဆိုတော့ လူစုံမှာကွ၊ ပြီးတော့ ပါပါတို့





ကုမ္ပဏီက ရှယ်ယာအသစ်တွေ ထပ်ခေါ်သေးတော့ စိတ်ဝင်စားတဲ့ ကုမ္ပဏီတို့၊ ပုဂ္ဂလိက လုပ်ငန်းရှင်တို့ တွေလည်း အများကြီး လာကြမှာလေ"

မိန်းမတွေလည်း အများကြီးပါလာမှာပေါ့ ... ဟု အသက်က ခပ်ရွဲ့ရွဲ့ ဆက်ကာ တွေးလိုက်မိပါသည်။ ကိုယ့်အတွေးကိုတော့ ထုတ်ပြောလို့ မဖြစ်တော့ဘူးမှန်း သဘောပေါက်သည်။ တော်ကြာ နဂိုက ဒီအတွေးမျိုး ရှိမထားဘဲ အသက်က ပြောလိုက်တော့မှ သတိပေးသလို ဖြစ်သွားမှာလည်း စိုးရိမ်ရသေးသည်။ တစ်ခါမှားခဲ့ပြီးပြီမို့ နောက်တစ်ခါ မမှားရအောင် အပြောအဆိုကို အလွန်ဆင်ချင်မှ တန်ကာကျလိမ့်မည်လေ။

ပါပါ့ကို မီးလေးသူငယ်ချင်းတွေက မိန်းမတစ်ယောက်နဲ့ တွဲတွေ့ခဲ့တယ်လို့ပြောတယ်၊ အဲဒီမိန်းမကဘယ်သူလဲလို့ မေးကြည့်လိုက်ချင်စိတ်ဟာ စက္ကန့်နဲ့အမျှ အသက်ရဲ့ လျှာဖျားပေါ်မှာ ခုန်ပေါက်လှုပ်ရှားနေခဲ့ကြတာပါ။

ဒါပေမယ့် အသက်က မမေးရဲချေ။ ပါပါ ဟာ တကယ်လို့များ နောက်အိမ်ထောင်ပြုဖို့ ကြံစည်နေတာ ဆိုလျှင် ဘယ်ကစကားစရမလဲလို့ စကားအစ ခက်နေခိုက် အသက်က မေးလိုက်လို့ စကားလမ်းကြောင်းကြီး ပွင့်သွားမှာမျိုးကို ဖြစ်မခံနိုင်ချေ။ အပြောရခက်လို့ မပြောဖြစ်ဘူးဆိုရင်လဲ

ကောင်းသားပေါ့။

"ဘော်ဒီစပရေးတွေ သိပ်မဆွတ်နဲ့ ပါပါရဲ့၊ ဟိုးတလော က မဂ္ဂဇင်းတစ်အုပ်ထဲက ဆေးဆောင်းပါးတစ်ခု ဖတ်လိုက်ရတယ်၊ တချို့ဘော်ဒီစပရေးတွေဟာ အရေပြားကင်ဆာ ဖြစ်စေတယ်တဲ့"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ အသက်က လုပ်ကြံဖြီးဖြန်းပြီး ခြိမ်းခြောက်ကြည့်လိုက်သည်။ ဘောဒီစပရေး တစ်ဘူးလုံး ကုန်လုနီးပါး အားရပါးရ ဖျန်းပက်နေသော ပါပါက အသက်ကို ဘာကြောင့် ဒီစကား ပြောရတာပါလိမ့်လို့ လှည့်ကြည့်စူးစမ်းလာလေသည်။

အသက်ကတော့ မျက်နှာကို ခပ်တည်တည်လေးပဲ ထားလိုက်လေသည်။ အဲဒီလို နားလည်ရခက်စေသော အရိုးမိုးဖမ်းထားမှ ပါပါ့မှာ သူ့အကြောင်း အသက် သိသွားပြီလား၊ မသိဘူးလား ဝေခွဲမရရှိလျက် ရှေ့ဆက်တိုးဖို့ တွန့်ဆုတ်သွားမှာလေ။

❋

(၁၃)

"နှင်းဆီ ... စားလေ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်နှစ်နှစ် လောက်တုန်းကတော့ ဒီဆိုင်က ဘဲပေါင်းဆီချက်ကို နှင်းဆီ သိပ်ကြိုက်ခဲ့ဖူးတာနော်"

နွယ်နှင်းဆီက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ရန်မျိုးနိုင်ကို ကြည့်လိုက်ပါသည်။ နောက်တော့မှ သူနဲ့ပတ်သက်သမျှ ဘာလေးပဲဖြစ်ဖြစ် ကိုယ်တောင်အသေးစိတ် မှတ်မိနေသေးတာ သူလဲ ဒီလောက်ကလေးမှတ်မိတာ အံ့သြစရာ ဟုတ်လောက်ပါဘူးဟု ပြန်တွေးမိကာ

ခေါင်းလေး ငုံ့ကျသွားရသည်။

သူမတို့နှစ်ယောက်ဟာ ဘာကြောင့်များ မပေါင်း
ဆုံဖြစ်ခဲ့ကြတာပါလိမ့်။

အင်း ... အသက် ဆယ့်ကိုးနှစ်အရွယ် သား
တစ်ယောက်ကို ပိုင်ဆိုင်ထားသော လေးဆယ့်နှစ်နှစ်အရွယ်
မုဆိုးမတစ်ယောက် အနေနဲ့ ဒီအတွေးမျိုး ခေါင်းထဲဝင်လာ
တာဟာ သိပ်တော့ မဖြစ်သင့်ဘူး ထင်ပါရဲ့။ နှင်းဆီတို့ဟာ
လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်တုန်းက အရွယ်တွေမှ
မဟုတ်ကြတော့တာ။ ကိုယ့်ဘဝနဲ့ကိုယ် တည်ငြိမ်သော အခြေ
အနေတစ်ခုကို ကိုယ်စီပိုင်ဆိုင်ထားပြီးသားပဲ။

ဒါပေမယ့် နှင်းဆီခေါင်းထဲ လျှပ်ပြက်သလို
ဝင်ဝင်လာတတ်သော ထိုအတွေးကို ဘယ်လိုမှ ဖျောက်ဖျက်
မရ။ ကိုယ့်ရှေ့မှာ ခပ်ဆွေးဆွေး ခပ်ငေးငေးမျက်နှာနဲ့ ရှိနေ
သောသူ့ကို ကြည့်လိုက်မိတော့လည်း သူ့မှာ ကိုယ်နဲ့ထပ်တူ
အတွေးတစ်ခု ရှိနေမည်ဆိုတာ အလိုလို သိနေလေသည်။

"နှင်းဆီက သိပ်ပြီးတည်ငြိမ်ရင့်ကျက်သွားတယ်နော်
အရင်ကနဲ့ တခြားစီပဲ"

အရင်ကတော့ နွယ်နှင်းဆီဟာ စိတ်ကြီး၊ ဒေါသ
ကြီးကာ ကိုယ်အနိုင်ရဖို့၊ ကိုယ်လိုချင်တာရဖို့အတွက်ပဲ အဓိက
ထားလျက် သူတစ်ပါးဘက်ကို ငဲ့ကွက်မကြည့်တတ်သော





သူများရဲ့ ခံစားချက်ကို ဥပေက္ခာပြုတတ်သော မိန်းမဆိုးကြီး
တစ်ယောက်ပေါ့လေ။

ဒါဆိုရင် ရန်မျိုးနိုင်ကရော မာနကြီးသော၊
အလျှော့မပေးတတ်သော၊ တစ်ဘက်သားရဲ့ ခံစားချက်ကို
နားလည်ပေးနိုင်စွမ်း ခေါင်းပါးသော လူတစ်ယောက်လို့
ပြောလို့ မရပေဘူးလား။

"တွေးကြည့်ရင်တော့ ရယ်ချင်စရာကြီးနော်"

"ဟင် ... ဘာကိုပြောတာလဲ"

"ဩော် ... ကိုယ်တို့နှစ်ယောက် လမ်းခွဲခဲ့ကြတဲ့အဖြစ်
ကို ပြောတာပါ၊ ဘာမဟုတ်တဲ့ အကြောင်းလေးနဲ့"

"အဲဒီလိုလဲ ပြောလို့မရသေးဘူးလေ၊ အခု ပြန်ကြည့်
တော့သာ ဘာမဟုတ်တဲ့ အကြောင်းလေးနဲ့လို့ ပြောပေ
မယ့် ဟိုတုန်းကတော့ တကယ့်ကို ဘယ်လိုမှ ဆက်
စပ်ပြင်ဆင်လို့ မရနိုင်တော့တဲ့ အကြောင်းကြီး ဖြစ်ခဲ့
တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကိုယ်ပြောချင်တာ
ကလဲ အဲဒါပါပဲ၊ တကယ်ကျတော့ အခက်အခဲတစ်ခု၊
ပြဿနာတစ်ခု၊ အရာတစ်ခုဟာ အချိန်အခါကိုလိုက်
ပြီးတော့သာ အရေးပါမှု ဖြစ်နေတာ၊ အချိန်အတိုင်း
အတာတစ်ခုကိုလဲ ကျော်လွန်သွားရော ဘာမှမဖြစ်

လောက်တာလေး ဖြစ်သွားရော၊ ဒီတော့မှ နှမြောတာသတာတို့၊ နောင်တရတာတို့ ဖြစ်လာတော့တာ”

“နှင်းဆီအတွက်ကတော့ ဒီလိုမဟုတ်ဘူး ကို … အင်းကိုရန်မျိုးနိုင်ရဲ့၊ ဒီအချိန်မှာ ကိုယ့်အဖြစ်ကိုယ် ရယ်ချင်နေတာ၊ ငါဟာ ဒီလောက် စိတ်သဘောထား နုခဲ့မိပါလားလို့ သံဝေဂရချင်နေတာ”

“တစ်ဘက်က တွေးကြည့်တော့လဲ အဲဒီလိုပေါ့လေ၊ နောက်တစ်ဘက်က တွေးကြည့်တော့ ငါတို့သာ အဲဒီလိုစိတ်နောက်ကိုယ်ပါ မဆုံးဖြတ်ဖြစ်ခဲ့ရင် အခုအချိန်မှာ … ဆိုတဲ့ အတွေးမျိုးရော မဝင်မိဘူးလား”

နွယ်နှင်းဆီက မလိမ်ချင်စွာ ခေါင်းလေးကို ငုံ့ချသလိုလိုနှင့် ခေါင်းညိတ်ထောက်ခံလိုက်မိပါသည်။

သားလေးရဲ့ဖေဖေ ဆုံးသွားပြီး တစ်ယောက်တည်း အားကိုးရာမဲ့ အထီးကျန်ဖြစ်နေရသည့် အချိန်တွေမှာ ထိုအတွေးမျိုးကို နွယ်နှင်းဆီက ခဏခဏ တွေးဖူးတာပေါ့။ ဟိုတုန်းကသာ စိတ်လိုက်မာန်ပါနဲ့ ချစ်သူကို လမ်းခွဲကြစို့ဆိုတဲ့ စကားမျိုး ပြောမထွက်ခဲ့ဘူးဆိုရင်၊ လက်ညှိုးငေါက်ငေါက်ထိုးကာ ပစ်တင်စော်ကားတာမျိုး မလုပ်ခဲ့ဘူးဆိုလျှင် ဒီအချိန်မှာ ငါချစ်တဲ့သူနဲ့ လုံခြုံအေးချမ်းတဲ့ ဘဝခရီးတစ်ခုကို လျှောက်နေရလောက်ပြီလို့ နွယ်နှင်းဆီက အမြဲတွေးမိ





ဖူးတာ။

ထိုအတွေးဟာ သားရဲ့ဖေဖေကို သစ္စာဖောက်သော အတွေးတော့ မဟုတ်ပါ။ သားဖေဖေ မဆုံးခင်ကအထိ နှင်းဆီဟာ ငယ်ချစ်ဦးထံ ကောက်ရိုးတစ်မျှင်စာမျှပင် စိတ်မပျံ့လွင့်အောင် ထိန်းသိမ်းလျက် သစ္စာတရားကို စောင့်သိရှိသေသော ဇနီးကောင်းဖြစ်အောင် နေခဲ့တာပါ။

သားရဲ့ဖေဖေဟာ ကိုယ်တိုင်က ချစ်လို့ယူခဲ့ရတာ မဟုတ်သော်လည်း ခင်ပွန်းကောင်းတစ်ယောက်အဖြစ် လေးစားမြတ်နိုးဖွယ်ကောင်းသူ တစ်ယောက်ပါ။ သူနဲ့နေထိုင်ခဲ့ရသည့် ကာလအတွင်းမှာ နှင်းဆီရာနှုန်းပြည့် စိတ်ချမ်းသာခဲ့ရပါသည်။

“ကိုယ့်ဇနီးဟာ တော်လေးဝဝင်နိုင်တဲ့ မိန်းမကောင်းတစ်ယောက်ပါ၊ သူ့ကြောင့် စိတ်ညစ်ရတယ်ဆိုတာ ကိုယ့်ဘဝမှာ မရှိခဲ့ဘူး။ ဒါကြောင့် သူနဲ့လက်ထပ်ဖြစ်ခဲ့တာ မှားလေစွလို့ ကိုယ် ဘယ်တုန်းကမှ မထင်ပါဘူး၊ သူဆုံးသွားပြီးတဲ့နောက်ကျမှ နှင်းဆီကို ကိုယ်တမ်းတမိတာပါ”

“နှင်းဆီလဲ ဒီလိုပါပဲ”

“ဘာရယ် … နှင်းဆီက ကိုယ့်ကို တမ်းတတယ်ဟုတ်လား”

အမေ့မေ့အလျော့လျော့နဲ့ ပြောလိုက်သည့် နွယ်နှင်းဆီရဲ့ စကားကို ရန်မျိုးနိုင်က အထအနကောက်ကာ ထပ်မေးလိုက်တာမို့ နွယ်နှင်းဆီက မိန်းမပျိုလေးတစ်ယောက်လို ရှက်စနိုး မျက်စောင်းထိုးမိတော့သည်။

"စိတ်မဆိုးပါနဲ့ နှင်းဆီရယ်၊ ကိုယ်လေ ထရိတ်ဖဲမှာ နှင်းဆီကို လှမ်းတွေ့လိုက်ရတော့ အရမ်းပဲ ဝမ်းသာသွားတယ်၊ ဝမ်းသာတယ်ဆိုတာထက် ပိုပြီးတိတိကျကျပြောရရင် ရင်ခုန်လှုပ်ရှားသွားတယ်လို့ ပြောရမလားပဲ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ် လောက်တုန်းက မောင်မယ်သစ်လွင် ကြိုဆိုပွဲမှာ နှင်းဆီကို ပထမဆုံး စတွေ့လိုက်တုန်းက ခံစားချက်အတိုင်းပဲ"

"တော်ပါတော့ ကို ... ကိုရန်မျိုးနိုင်ရယ်၊ ကလေးတွေလဲ မဟုတ်ကြတော့ပါဘူး၊ ဘာလို့ ဒီစကားတွေ ပြောနေရတာလဲ"

မပြောသင့်ဘူး ထင်လို့သာ ဟန့်တားပိတ်ပင်လိုက်ရပေမယ့် ရန်မျိုးနိုင်ရဲ့ စကားတွေဟာ နွယ်နှင်းဆီအတွက် နားဝင်တော့ ချိုပေသား။

လွန်ခဲ့သည့် နှစ်ဆယ့်ခြောက်နှစ်လောက်တုန်းက တက္ကသိုလ်ရောက်ကာစ ဖရက်ရှာလေး နွယ်နှင်းဆီဟာ ကိုယ့်ထက်နှစ်တန်းကြီးသော ရန်မျိုးနိုင်တို့အုပ်စုရဲ့ စူးရဲသော





အကြည့်တွေအောက်မှာ အနေအထိုင်ခက်လျက် ရှက်စနိုး ရင်ခုန်ခဲ့ရဖူးပါသည်။

အို ... အခုကျတော့လဲ ဒီရင်ခုန်သံဟာ အရင်ကလောက် မကျယ်လောင်တော့တာကလွဲလျှင် ကြားရမြဲ ကြားရဆဲပါလား။

ပြောသာပြောရသည် သားတစ်ယောက်ရသည်အထိ အကြောင်းဆက် ပေါင်းဖက်ခဲ့သော ခင်ပွန်းသည်နဲ့ ပတ်သက်လို့တောင်မှ နှင်းဆီရဲ့ ရင်ခုန်သံတွေဟာ ဒီလောက် မရှင်သန် မနိုးကြားခဲ့ဘူး။

"သမီးကပြောတယ်ကွ၊ ကိုယ့်မှာ အဖော်လိုတယ်တဲ့၊ ကိုယ့်အတွက်ရော သူ့အတွက်ပါကြည့်ပြီး ကိုယ်နောက်အိမ်ထောင်ထူသင့်တယ်တဲ့"

"ဟုတ်လား ... ကလေးက မဆိုးဘူးနော်၊ သဘောထားကြီးသားပဲ"

"နှင်းဆီသားကရော၊ ဘယ်လိုသဘောထားရှိလဲ"

"သားကလဲ အစကတော့ အေးအေးပါ၊ တလောကတော့ နှင်းဆီအပေါ် မရိုးမသား ဆက်ဆံတဲ့လူတွေနဲ့ ပတ်သက်ပြီး တော်တော်မခံချင် ဖြစ်လာပုံရတယ်၊ သူ့အမေကို လူမြင်တင့်တယ်အောင် အိမ်ထောင်ချပေးချင်တယ်တဲ့"

"ဟား ... အဆင်ပြေလိုက်လေ"

ရန်မျိုးနိုင်က လက်ဖြောက်တီးကာ အားရပါးရကြီး ပြောနေပုံကြောင့် နှင်းဆီက ရှက်သွားကာ ...

"ဘာလဲ ... ဘာအဆင်ပြေတာလဲ"

"နှင်းဆီရယ် ... ဒီအရွယ်ရောက်မှတော့ ပထမတစ်ကြိမ်တုန်းကလို မရွံ့မရဲတွေ ဖြစ်နေစရာလဲ မလိုတော့ပါဘူး၊ ကိုယ် နှင်းဆီကို လက်ထပ်ပါရစေ၊ တစ်ခြမ်းစီပဲ့နေတဲ့ ကိုယ်တို့အိမ်ထောင်နှစ်ခုကို မိသားစုတစ်ခုတည်းအဖြစ် ပေါင်းစည်းလိုက်ရရင် အားလုံးအဆင်ပြေသွားမှာပါ"

ရန်မျိုးနိုင်က စားပွဲပေါ် တံတောင်နှစ်ဖက်ထောက်တင်ကာ စိတ်လိုက်မာန်ပါ ပြောလိုက်တာ ဟင်းရည်တွေပင် ဖိတ်စဉ်ကာ စားပွဲပေါ် ရွှဲသွားရသည်။

"စဉ်းစားပါဦး ကိုရန်မျိုးနိုင်ရယ်"

"မလိုတော့ဘူး ... ကိုယ့်ဘက်ကတော့ တကယ့်ကို မလိုတော့ဘူးနှင်းဆီ၊ နှင်းဆီကို ပြန်တွေ့လိုက်ကတည်းက ကိုယ့်ရင်ထဲ ဝုန်းခနဲ ပေါ်လာတဲ့ ဒီစိတ်ကူးဟာ တစ်သက်လုံးစာအတွက် သေချာသွားပြီ"

"နှင်းဆီဘက်ကတော့ စဉ်းစားရဦးမယ်၊ သားက နှင်းဆီကို အိမ်ထောင်ပြုစေချင်တာ မှန်ပေမယ့် ကိုရန်





မျိုးနိုင်ကို လက်ခံနိုင် မခံနိုင်ဆိုတာ ခန့်မှန်းလို့ မရသေးဘူးလေ"

"ကိုယ့်ဘက်ကတော့ သေချာတယ်၊ သမီးက ကိုယ့်ကို မီးစိမ်းပြထားပြီးသား၊ ပြီးတော့ နှင်းဆီလို မိန်းမမျိုးကို ဘယ်အဖေရှင်ကမှ သဘောမတူဘဲနေမှာ မဟုတ်ဘူး"

ရန်မျိုးနိုင် သုံးစွဲလိုက်သည့် "အဖေရှင်" ဆို ...ဲ့ အသုံးအနှုန်းကြောင့် နွယ်နှင်းဆီက ဆယ်ကျော်သက် အပျို ပေါက်မလေးတစ်ယောက်လို ခစ်ခနဲ ရယ်မောလိုက်မိပါသည်။

"နှင်းဆီ ... နှင်းဆီ ရယ်လိုက်ပုံဟာလေ ကိုယ်တို့ နှစ်ယောက် စ,တွေ့ကြတုန်းက အတိုင်းပဲ၊ လုံးဝ မပြောင်းလဲဘူးသိလား"

"ကိုရန်မျိုးနိုင် ထင်လို့ပါ၊ တကယ်တော့ နှင်းဆီ အများကြီး ပြောင်းလဲသွားပါပြီ၊ အခုခဏ စကားပြောကြတဲ့ အချိန်မှာ နှစ်ယောက်တည်းရှိတဲ့ သီးသန့်ပတ်ဝန်းကျင်လေးတစ်ခု ဖြစ်နေလို့သာ အဲဒီပြောင်းလဲမှုက မသိသာတာ၊ မူလ အသိုင်းအဝိုင်းထဲ ပြန်ရောက်သွားရင် နှင်းဆီဟာ Fantastic Rose အလှကုန် အမျိုးမျိုးဖြန့်ချိရေးကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ၊ သားတစ်ယောက်အမေ မုဆိုးမ ဒေါ်နွယ်နှင်းဆီ ပြန်ဖြစ်သွား

မှာပဲ၊ ကိုရန်မျိုးနိုင်ကလည်း Strongest ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင် သမီးတစ်ယောက်အဖေ၊ မုဆိုးဖို ဦးရန်မျိုးနိုင်ပဲ”

“ကဲ ... ထားပါတော့ကွာ၊ ကိုယ်တို့ ပြောင်းလဲသွားကြပြီပဲ ထားပါတော့၊ အဲဒီပြောင်းလဲမှု အတိုင်းရော လက်ထပ်လို့ မရဘူးလား၊ အခုမှ တွေ့ကြသိကြတဲ့ မုဆိုးဖို၊ မုဆိုးမ လူကြီးတွေတောင်မှ ယူကြသေးတာပဲ၊ ကိုယ်တို့က ငယ်ပေါင်းတွေပါ၊ ဟိုးငယ်ငယ်လေးတည်းက တစ်ယောက်အကြောင်း တစ်ယောက်သိလာကြတဲ့သူတွေပါ၊ အဲဒီလူနှစ်ယောက် အတူလက်တွဲဖို့ ပိုပြီး မလွယ်ကူနိုင်ဘူးလား”

“နှင်းဆီ စဉ်းစားချင်သေးတယ်”

“စဉ်းစားစရာလိုသေးတဲ့ လူတွေမို့လို့လားကွာ”

“လူအရ စဉ်းစားစရာ မလိုတော့ပေမယ့် မူအရတော့ စဉ်းစားရဦးမယ်လေ၊ နှင်းဆီက တစ်ယောက်တည်းမှ မဟုတ်တော့တာ၊ သားတစ်ယောက်အမေ ဖြစ်နေပြီလေ”

“ကျွတ် ... သိပါတယ်ကွာ၊ အမှန်တရားတွေ ခဏခဏ မပြောစမ်းပါနဲ့”

သည်းမခံနိုင်တော့သလို ရန်မျိုးနိုင်က အော်ပစ်





လိုက်မိပါသည်။ သူကတော့ သမီးဖြစ်သူဘက်ကို စိတ်ချသေချာနေသည်။ သမီးဟာ နွယ်နှင်းဆီကို မိထွေးအဖြစ်လက်ခံဖို့ ကျေနပ်ကြည်ဖြူလိမ့်မည်ဟု ယုံကြည်လို့နေသည်။

“ကောင်းပါပြီ ... ဒီရက်ပိုင်းအတွင်း သားကိုတိုင်ပင်ကြည့်လိုက်ပါဦးမယ်၊ ပြီးမှ ကိုရန်မျိုးနိုင်ကို ဆက်သွယ်လိုက်မယ်နော်”

မတင်မကျ စည်းဝေးပွဲက ခေတ္တခဏ ရပ်ဆိုင်းထားလိုက်ရသော်လည်း နှစ်ယောက်စလုံးရဲ့ ရင်ထဲမှာ လှပသော်စိတ်ကူးယဉ် အိပ်မက်ကလေးတွေကတော့ ကိုယ်စီပါသွားကြလေသည်။

## (၁၈)

တစ်နေကုန် သူ့ကို တချောင်းချောင်း လုပ်နေကတည်းက မေမေ့ အခြေအနေ သိပ်မဟန်တော့ဘူး ဆိုတာ ဘုန်းရောင်ထင်က ရိပ်မိပြီးသား။ အဲဒါကြောင့်ပင် ကိုယ်က အရင်ဦးအောင် လှစ်ခနဲ လှစ်ခနဲ ရှောင်ပုန်းနေလိုက်သည်။

ခါတိုင်း ဒီအချိန်လောက်ဆို မေမေ အလုပ်သွားတုန်း တစ်နေကုန် စုထားရသည့် ဂျီဂျအပူကတ်စရာတွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်လာကာ မေမေ့ကို ဒုက္ခပေးနေလောက်ပြီ။





ဒီကနေ့မှာတော့ ဘုန်းရောင်ထင်က အလွန်ထူးခြားငြိမ်သက်စွာဖြင့် ဘာတစ်ခုမှ မခိုင်းမိအောင်၊ အော်ဟစ်မပူဆာမိအောင် သတိထားနေရလေသည်။

"မေ့သားလေးရေ ... ထမင်းစားကြရအောင်"

ဟော ... မေမေကတော့ ခေါ်နေပြီ။ မဖြစ်သေးဘူး။ မေမေနဲ့ ထမင်းအတူစားလိုက်လျှင် ထမင်းဝိုင်းမှာ ပြောချင်ရာပြောခွင့် ပေးလိုက်သလို ဖြစ်နေဦးမည်။

"သားလေး"

"စားနှင့်မေမေ၊ ကျွန်တော် မဆာသေးဘူး"

"ဘာတွေစားထားလို့လဲ သားရဲ့၊ နေ့ခင်းက သားဘယ်သွားလို့လဲ"

"ဟိုကောင်တွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တယ်လေ၊ အဲဒါ သူတို့မုန့်ဟင်းခါးမှာစားလို့ လိုက်စားလိုက်တာ၊ ပြီးတော့ ပေါက်စီတစ်လုံး၊ စမူဆာနှစ်ခုနဲ့ လက်ဖက်ရည်တစ်ခွက်လဲ သောက်လိုက်တော့ ရင်ပြည့်နေလို့"

"ဟုတ်ရဲ့လားသားရယ်၊ ငါ့သားလေး ဘယ်တုန်းကမှ ထမင်းမစားဘဲ မနေဖူးပါဘူး"

"တကယ်ပြောတာ မေမေ၊ လက်ဖက်ရည်က အကျလွန်သွားတော့ တော်တော်ရင်ခံတာပဲ၊ အခုထိ လည်ချောင်းထဲမှာ နင့်ပြီးတင်းနေတယ်"



F-9A

"သားကလဲကွယ်၊ အစားသောင်းကျန်းလိုက်တာ၊ မေ့သားလေး ဘယ်တုန်းကများ ဒီလောက်အစားများများနဲ့စုံစုံ တစ်ခါတည်း စားဖူးလို့လဲ"

"တစ်ခါတလေတော့လဲ စားချင်စိတ်ပေါက်လာတဲ့အခါ စားမိမှာပေါ့ မေမေရာ"

"အေးပါ ... ဟုတ်ပြီ ... ဟုတ်ပြီ၊ မေမေ ထမင်းစားတာလေးတောင်မှ ဘေးကထိုင်ကြည့်ပြီး ဟင်းလေးဘာလေး မမြည်းတော့ဘူးလား"

"ဓာကယ့်ကို မအီမသာ ပြည့်တင်းနေတာ မေမေ၊ ထိုင်တောင်ထိုင်လို့မရဘူး၊ ပက်လက်လှန်ပြီး ကိုယ်ကို စန့်ထားမှ နေသာတာ"

ဘယ်လိုမှပြောမရတော့မှန်း သေချာတာမို့ မေမေက လက်လျှော့ကာ ထွက်သွားရရှာပါသည်။ သားအမိနှစ်ယောက်အမြဲပဲ အတူစားနေကျမို့ ဒီနေ့တစ်ယောက်တည်း ပျင်းရိခြောက်သွေ့စွာ စားရတော့မည့် မေမေ့ကို သနားသော်လည်းမတတ်နိုင်ပါ။ မေမေကိုယ်တိုင်က သူတို့သားအမိရဲ့ "နှစ်ယောက်တည်း" ဘဝလေးကို ဖျက်ဆီးဖို့ ကြံစည်ခဲ့ပြီပဲ။

ခဏနေ မေမေ ထမင်းစားပြီးချိန်ကျလျှင် သူ့အခန်းထဲကို တစ်ခါရောက်လာဦးမည်မှန်း ဘုန်းရောင်ထင်က သိနေပါသည်။ နာရီကြည့်လိုက်တော့ ညခုနစ်နာရီပဲရှိ





သေးတာမို့ ဒီအချိန်ကြီးအိပ်တာကို ဘယ်လိုမှ မကြိုက်သည့် မေမေက အတင်းလာနှိုးမှာ သေချာပါသည်။

နှိုးပြီးလျှင် သားလေးမျက်စိကျယ်အောင်ဆိုကာ ကားတွေ ပြောတော့မည်။ ထိုစကားတွေထဲမှာ သူ့မျက်စိကို ကျယ်စေရုံသာမက ပြူးပြဲပြူးတ်ထွက်စေရလောက်အောင်အထိ းရှုပြင်းထန်သော စကားလုံးတွေ ပါဝင်လာတော့မည်။

ဘုန်းရောင်ထင်က ခုတင်ပေါ်ကနေ ထ,ကာ မေမေ့ အရိပ်အခြည်ကို စောင့်ကြည့်လိုက်သည်။ မေမေ က်ဆေးပြီး အိမ်ရှေ့ထွက်လာတော့မည်လည်းပြင်ရော ဘုန်း ရောင်ထင်က တယ်လီဖုန်းနားပြေးကာ ကျော်စွာ့ထံ ဖုန်းဆက် လိုက်တော့သည်။

ခါတိုင်းဆိုလျှင်တော့ ကျော်စွာနဲ့ ဖုန်းပြောတာ ား ဘယ်လောက်တိုင်ပင်စရာ ကြီးကြီးကျယ်ကျယ်ပဲရှိရှိ ရိုဝက်ထက်မပို။ သူတို့ယောကျ်ားလေးသူငယ်ချင်းတွေမှာ ဖွဲ့တန္တဲ့ တရှည်တလျား ပြောစရာစကားဆိုလို့လည်း ပ်မရှိတတ်ပါ။

နောက်ပြီးတော့ ဒီကောင်နဲ့က နေ့လယ်ကမှ တွေ့လာသေးတာ။ လက်ဖက်ရည်ဆိုင်မှာ နှစ်နာရီလောက် င်ကြရင်း အကြောင်းအရာမျိုးစုံကို ပြောခဲ့ပြီးကြပြီ။ ဒီနေ့ တွက်တော့ နောက်ထပ်ပြောစရာ အကြောင်းမရှိသလောက်

ကိုဖြစ်နေပြီ။

ဒါပေမယ့် အကြောင်းမရှိ အကြောင်းရှာကာ စကားတွေ လျှောက်ပြောပစ်လိုက်တာ တစ်နာရီမက ကြာလေသည်။ ရုပ်ရှင်တွေအကြောင်း၊ သီချင်းအကြောင်း၊ ကောင်မလေးတွေအကြောင်း၊ နိုင်ငံတကာ အရေးအခင်း ... အောင်မယ် ... မတောက်တခေါက် သိထားသော တရားအကြောင်းတွေတောင် ပါသေးရဲ့။

ကျော်စွာ့ခမျာ ပထမတော့ ဘာများပါလိမ့်လို့ လိုက်လိုက်လျောလျော ပြောနေသေးသည်။ သို့သော် နာရီဝက်ကျော်သွားသည့်အခါမှာတော့ ကျော်စွာ့ထံက လေဆက်ပြတ်လာကာ အင်း ... အင်းမျှလောက်သာ ထောက်ခံသံ ကြားရတော့သည်။ ထို့ထက် ပိုကြာလာသော် အင်း,လိုက်သံ အစား တဝါးဝါးသမ်းဝေသံက အစားထိုး ဝင်ရောက်လာလေပြီ။

ကျော်စွာ့ကို အားနာပေမယ့် မတတ်နိုင်ပါ။ သူ့ကိုအားနာလို့ ဖုန်းချလိုက်တာနဲ့ ကျားချောင်းချောင်းနေသော မေမေက အနားရောက်လာကာ မကြားချင်သည့် စကားတွေကိုသာ ပြောတော့မှာ။

"ဟေ့ကောင် ... ငါအိပ်ချင်လာပြီကွာ၊ မင်းမှာပြောစရာတွေ ဘာလို့ဒီလောက်များနေရတာလဲ"

"ခဏနေပါဦးကွ၊ မင်းကလဲ အခုမှ ရှစ်နာရီထိုးကာနီး





လေးပဲ ရှိပါသေးတယ်"

"ရှစ်နာရီလဲ ဘာဖြစ်လဲကွ၊ ဒီနေ့ တရုတ်ကားမကောင်းလို့ စောစောအိပ်ရာဝင်မလို့ ကြံစည်ထားတာ၊ ညကျရင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ကြည့်ရဦးမှာကွ"

"သေစမ်းကွာ၊ ဘောလုံးပွဲနဲ့ သူငယ်ချင်းနဲ့ ဘယ်ဟာပိုအရေးကြီးလဲ"

"ဘောလုံးပွဲပေါ့ကွ၊ ရှင်းနေတာပဲ၊ ဒီည မန်ယူနဲ့ အာဆင်နယ်ကန်မှာကွ"

တော်တော် အားကိုးရသည့်ကောင်။ အင်းလေ... ကိုယ့်အလှည့်တွေတုန်းကလည်း ဒီလိုစကားမျိုးပဲ ပြောခဲ့ဖူးတာမို့ သူ့ကို သိပ်အပြစ်တင်လို့တော့ မရပါ။ ဝဋ်လည်တာပဲဖြစ်မှာပေါ့။

"မင်းကလဲကွာ၊ ခဏလောက် နေပေးလို့ မရတော့ဘူးလား"

"ဒါဆိုလဲ ဒီလိုလုပ်ကွာ၊ ငါ့ဘေးမှာ ဖုန်းခွက်ကို ဒီအတိုင်း ချထားပေးမယ်၊ မင်းဘာသာမင်း ပြောချင်တာပြော၊ ငါနိုးလာတဲ့အခါကျ မင်းအသံ မကြားတော့ရင် ဖုန်းခွက်ကို ပြန်တင်လိုက်မယ်ကွာ"

"... ... ..."

ဘုန်းရောင်ထင်က အမျိုးစုံအောင် ဆဲဆိုပစ်

လိုက်တာကိုလည်း ကျော်စွာက ပန်းနဲ့ပေါက်သလောက်ပ
နာကျင်ပုံမရ။ ဒီကောင့်ကြည့်ရတာ အားနာမှုကင်းမဲ့စွာ
ဖုန်းချပြီး အိပ်ဖို့ထံကိုပဲ လုံးလုံးလျားလျား စိတ်ရောက်နေ
ရလေသည်။

"ကောင်းပြီကွာ ... ဒါဆိုလဲ ငါဖုန်းချလိုက်တော့မယ်
မင်းဘာသာ အိပ်ချင်အိပ်၊ သေချင်လဲ သေလို့ ရပြီ

ဘာတွေပဲပြောနေနေ ဖုန်းချခွင့်ရရင် တော်ပြီလ
သဘောပိုက်ထားသည့် ကျော်စွာကတော့ အေး ... ကောင်း
လို့ တစ်ခွန်းတည်းပြောကာ ဖုန်းချသွားလေသည်။

ဘုန်းရောင်ထင့်မှာသာ နောက်ထပ်ဖိုးဇော်
တစ်ခါဆက်၊ ပြီးလျှင် ထွန်းမင်းအောင်ဆီဆက်၊ သူတို့
လည်း ကြာကြာပြောလို့မရသည့်အခါ ရှိသမျှ သူငယ်ချ
တွေရဲ့ ဖုန်းနံပါတ်တွေကို လျှောက်လှည့်လျက် ပေါက်က
တွေ လျှောက်ပြောနေရသည်။

ဒီလိုနဲ့ ဆယ်နာရီထိုးသွားတော့မှ ရူး၊ ဝါး
သိပ်ကိုအိပ်ချင်သွားသည့်ဟန်မျိုးဖမ်းကာ အခန်းထဲပြေးဝ
တံခါးကို လော့ခ်ချလိုက်ပြီးတော့မှ အိပ်ရာထက် ပစ်လှဲက
သက်ပြင်းရှည်ကြီး တစ်ချက်ကို ဆွဲဆွဲငင်ငင် ချမိတော့သည

ဟူး ... မောလိုက်တာ။



(၁၉)

အလုပ်က ပြန်ရောက်လာကတည်းက ပါးစပ်
တပြင်ပြင် လုပ်နေသည့် ပါပါရဲ့ အခြေအနေဟာ သိပ်မဟန်
ဘူးဟု အသက်က ချက်ချင်းသိလိုက်သည်။

ပါပါ့မှာ အသွေးကို ပြောစရာတစ်စုံတစ်ခုတော့
ရှိနေတာ သေချာနေပြီ။ ထိုတစ်စုံတစ်ခုဟာလည်း "ပါပါ
အိမ်ထောင်ပြုတော့မယ်သမီး" ဆိုတာကလွဲပြီး ဘာမှမဖြစ်
နိုင်တာ သေချာပေါက်ပဲ။

ဟင့်အင်း ... မကြားချင်ပါဘူး။ အဲဒီစကားကြီး

ကို ဘယ်လိုခွန်အားမျိုးနဲ့ ရင်ဆိုင်လက်ခံ နားထောင်ရမလဲ။

ပါပါ့ဘက်က ဒီစကားတစ်ခွန်း ပြောပြီးတာနဲ့ သူလုပ်ချင်တာ လုပ်ခွင့်ရသွားပြီ။ အဲဒီအခွင့်အရေးမျိုးကို တော့ လုံးဝမပေးနိုင်ပါဘူးနော်။

ဒီတော့ အသက်ဘာလုပ်ရမလဲ။ ပါပါ့ကို ဒီစကား မပြောဖြစ်အောင် တားဆီးရုံသာ ရှိတော့မှာပေါ့။

အသက်က ပါပါ့မျက်စိရှေ့မှာ ရှိမနေရအောင် တစ်နေကုန် ရှောင်တိမ်းနေလိုက်ပါသည်။ စနေနေ့ ညနေကနေ တစ်ညလုံးရှောင်တိမ်းလွတ်မြောက်ပြီး သကာလ တနင်္ဂနွေနေ့ လည်းရောက်ရော မနက်အိပ်ရာကထ,ကာ အခန်းပြင်ထွက်ရ မှာကိုတောင် ခပ်လန့်လန့် ဖြစ်လာရလေသည်။

ဘယ်လိုလုပ်ရပါ့။ ဒီနေ့ဟာ ပါပါ ရုံးအားသည့် နေ့။ ခါတိုင်းဆိုလျှင်တော့ သားအဖနှစ်ယောက် ဒေါ်ကြီးစိန်နဲ့ ဒေါ်ကြီးအုန်းကို တစ်ခုခု အဆန်းချက်ခိုင်းကာ မနက်ပိုင်းခြံ ထဲမှာ အပင်စိုက်၊ နေ့လယ်ကျ အိမ်ပေါ်မှာ တီဗီကြည့်၊ ကစားနည်းစုံအောင်ကစား၊ အော်ဂင်တီးကျင့်၊ ညနေကျတော့ ခြံထဲမှာတင်းနစ်ရိုက်၊ ရေကူး၊ ညဘက်ကျတော့ စကားစမြည် ထိုင်ပြောကြနဲ့ တစ်နေကုန် အတူရှိနေကြတာ။

ဒီနေ့တော့ ပါပါနဲ့ ဘယ်လိုမှ တစ်နေကုန် အတူရှိလို့ မဖြစ်တော့ချေ။ ပါပါနဲ့ ခဏလေး အတူရှိလိုက်





တာနဲ့ လောင်ချာ၊ ဒုံးကျည်၊ တော်ပီဒို၊ တိုက်ချင်းပစ်ဒုံးပျံ စတာတွေ တဝုန်းဝုန်း ပစ်ခတ်ပေါက်ကွဲတော့မှာ။

အခန်းထဲ တစ်နေကုန် ပိတ်နေလို့ကလည်း မဖြစ်ချေ။ နေမကောင်းဘူး ဆိုပါကလည်း သမီးလေး အခု လို နေမကောင်းဖြစ်နေချိန်မှာ ပြုစုဖို့ လူလိုတယ် ဘာညာနဲ့ သူ့ဘက်ဆွဲယူသည့် စကားတွေ ထွက်ပေါ်လာဦးမည်။

အသက်မှာ ဘာလုပ်ရမှန်း တကယ့်ကို စဉ်းစား မရပါ။ အိပ်ရာထချိန်ကို တတ်နိုင်သမျှ ဆွဲဆန့်ထားရင်း နောက်ဆုံး ဒေါ်ကြီးစိန် အတင်းလာနှိုးလျက် ပါပါက မနက် စာစားဖို့ စောင့်နေပြီလို့ ပြောလာသည့်အခါ ပိုလို့ပင် ဆောက် တည်ရာမဲ့လာသည်။

နောက်ဆုံး မတတ်သာစွာ မနက်စာဆင်းစား လိုက်ရသော် ပါပါ့ရဲ့ "ပြောတော့မည်" လို့ အားခဲထားသည့် မျက်နှာကြီးကို ရင်မောဖွယ်ကောင်းစွာ ရင်ဆိုင်ရလေသည်။

"မီးလေး ..."

"ဟုတ်ကဲ့ပါပါ ... ပြောလေ ... သြော် ... ဒေါ်ကြီးစိန်၊ ဒီနေ့ မနက်စာ ဘာချက်လဲဟင်"

အဖေလုပ်သူက စကားပြောကာနီးမှာ စိတ်မဝင် စားသလို ဖျိုးခနဲ ဖျတ်ခနဲ ကောက်မေးလိုက်သည့် အသက် ရဲ့လုပ်ပုံကို ဒေါ်စိန်က သဘောမကျလှသော်လည်း ဒီကောင်

မလေးကိုဖြင့် ဆန့်ကျင်လို့ မရမှန်း သိလေသည်။

"ဒီနေ့ ဘဲပေါင်းတယ်၊ အသက်ကြိုက်တဲ့ မှိုအညိုရော
ကြီးတွေထည့်ပြီး ကော်ရည်ချွဲချွဲနဲ့လေ၊ ပြီးတော့ ကင
မွန်ကို ခရမ်းချဉ်သီး၊ ဂေါ်ဖီထည့်ပြီး ငရုတ်သီးကြ
သွန်ဖြူဆီချက်နဲ့ သုပ်တယ်၊ ကိုက်လန်နဲ့ပုစွန်ကြေ
တယ်၊ ယိုးဒယားဟင်းချိုချက်တယ်"

"ဟာ ... ဒေါ်စိန့်ဟင်းတွေကတော့ ပြောတာလေ
ကြားရုံနဲ့တင် စားချင်စရာပဲ၊ နော် မီးလေး"

"အင်း ... အင်း ... ဟုတ်တယ်"

ပါပါက တက်ကြွနေသလောက် အသက်မှ
စကားတောင် သိပ်မပြောနိုင်ပါ။

"ကဲ ... ဟင်းကိစ္စ အသာထားလိုက်ပါဦး"

"သြော် ... ဒေါ်ကြီးစိန်၊ အသက်ကို ကော်ဖီစပ်ပေးပါ"

"ပါပါ စပ်ပေးမယ်လေ၊ ဒေါ်စိန် သူ့ဘာသာ လုပ်စရ
ရှိတာ လုပ်ပါစေ"

"ဟာ ... ပါပါကလည်း၊ ဒေါ်ကြီးစိန်စပ်တဲ့ ကော်ဖီက
ပိုကောင်းတာ၊ ဒေါ်ကြီးစိန်၊ ပါပါ့အတွက်ပါ တစ်ခွက်
ပိုဖျော်ပေးလိုက်"

အရင်က သားအဖနှစ်ယောက် မနက်စာကော်
ဗိုင်းမှာ ထိုင်မိကြပြီဆို ဦးရန်မျိုးနိုင်ကသာ နှစ်ယောက်စ





ကော်ဖီနှစ်ခွက်ကို စပ်ဟပ်ဖျော်ပေးနေကျပါ။ အခုကျမှ
ဒေါ်စိန်ဖျော်တာ ပိုကောင်းသွားရပြန်သော သမီးလုပ်သူကို
ဘာများဖြစ်ပါလိမ့်လို့ ဦးရန်မျိုးနိုင်က စဉ်းစားနေမိသည်။

ဒီနေ့ ပြောစရာရှိပါတယ်ဆိုမှ စကားတစ်ခွန်း
တောင် မစရသေး သမီးဖြစ်သူက တစ်ခုပြီးတစ်ခု ထ,ဖောက်
နေတာမို့ ဦးရန်မျိုးနိုင်မှာ အသည်းယားလှသည်။

သားအဖနှစ်ယောက်တည်း လွတ်လွတ်လပ်လပ်
သီးသန့်တိုင်ပင်ပြောဆိုရမည့် အခါမျိုးမှာ ဒေါ်စိန်လို ဘေး
လူတစ်ယောက် အနားမရှိနေရင် ပိုကောင်းတာပေါ့။

"ရော့ ... ပါပါ၊ သောက်ကြည့် ဒေါ်စိန့်လက်ရာ"

"အင်း ... ကောင်းသားပဲ"

ဦးရန်မျိုးနိုင်က စိတ်မပါ လက်မပါ မြည်းကြည့်
ပြီး ခပ်ပေါ့ပေါ့မျှသာဖြစ်သော မှတ်ချက်ကို ပေးလိုက်လေ
သည်။

သူ့ဆရာရဲ့ အရိပ်အကဲကိုကြည့်ကာ သူမကို
အနားမှာ ရှိမနေစေချင်ဘူးဆိုတာ သဘောပေါက်လိုက်သော
ဒေါ်စိန်က ထမင်းစား စားပွဲနားကနေ အသာလေးခွာထွက်
ဖို့ ပြင်လိုက်ပါသည်။

"ဒေါ်ကြီးစိန် ... ခဏလာဦး၊ သမီးကို ပေါင်မုန့်
မီးကင်ပေးစမ်းပါ"

"ဟင် ... မီးလေးပဲ ပေါင်မုန့်မီးကင်နဲ့ကို မကြိုက်ဘူး ဆို၊ ကြွပ်ကြွပ်ကြီးဖြစ်သွားရင် စားရတာလဲ မကောင်း ဘူးဆို"

"အပြောင်းအလဲပေါ့ ပါပါရဲ့၊ ဟိုတစ်ခါ သူငယ်ချင်း တွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တုန်းက သူတို့တွေက ပေါင်မုန့်မီးကင် ထောပတ်သုတ်မှာတာနဲ့ မြည်းကြည့် တော့ကောင်းသား"

"ဪ ... ဟုတ်လား၊ ဒါဆိုလဲ ဒေါ်စိန် ကင်ပေး လိုက်လေ"

ဒေါ်စိန့်ခမျာ ပေါင်မုန့်အထုပ်ကိုကိုင်လျက် မီးဖို ထဲဝင်သွားရရှာပါသည်။ ဒါတောင် အသက်က ထမင်းစား ခန်းထဲကနေပြီး ဘယ်လိုလေးကင်နော်၊ မတူးစေနဲ့၊ မကျွမ်း စေနဲ့၊ နီရောင်သမ်းနေပစေ စသည်ဖြင့် တစပ်စပ်လှမ်းအော် အမိန့်ပေးနေပြန်သေးတာ။

"ပေါင်မုန့် မီးကင်ရပါပြီ"

"တစ်ခါတည်း ထောပတ်သုတ်ပေးလေ၊ သကြားလေး ပါဖြူးပေးဦး"

"သမီးရယ်၊ ဒေါ်စိန် အလုပ်ပျက်လှပါပြီကွယ်"

"ရပါတယ် ပါပါရဲ့၊ ခါတိုင်းလည်း သမီးတို့စားမပြီး မချင်း ဒေါ်စိန် စောင့်ပေးနေကျပဲဥစ္စာ၊ ဘာထူးလို့လဲ"





ဦးရန်မျိုးနိုင်က အလိုက်မသိလှသည့် သမီးကို အသည်းယားနေသလို အသက်ခမျာလည်း အနားမှာ ဒေါ်စိန် တစ်ချိန်လုံး ရှိနေဖို့အတွက် အကြံဉာဏ်အမျိုးမျိုး ထုတ်ရတာ ခေါင်းပူလှပြီ။

ဒေါ်စိန့်ခမျာလည်း အလုပ်ရှင်နဲ့ အလုပ်ရှင် သမီး ကြားမှာ မျက်နှာပူကာ အနေရ အထိုင်ရ ခက်လှ ပါပြီ။

"ဒေါ်ကြီးစိန်၊ နောက်နေ့ကျရင်လေ ဟိုတစ်ခါကြော် ပေးတဲ့ ထမင်းကြော်မျိုး ကြော်ပေးဦးနော်၊ မားသား(စ်) ချိုက်(စ်)ထောပတ် နည်းနည်းထည့်ပြီး ပုစွန်ရယ် သီဟိုဠ်စေ့နဲ့ သပျက်သီးခြောက်ရယ်၊ ရွှေပဲတို့၊ ပဲတောင့် ရှည်တို့ မုန်လာဥနီတို့ လှီးထည့်တာရယ်လေ"

"အောင်မယ်လေး ... ညည်းပဲ ဒီလောက်သိနေရင်လဲ ကိုယ့်ဘာသာ ကြော်ပါတော့လား"

"မလိုဘူး ဒေါ်ကြီးစိန်ရဲ့၊ ပညာရှင်ဆိုတာ ညွှန်ကြား တဲ့ အဆင့်လောက်ပဲ ပါတာ၊ ကိုယ်တိုင် ဝင်မလုပ် ဘူး"

အလကားနေရင်း စကားတွေရှည်အောင် ဆွဲပြော ကာ ဒေါ်စိန့်ကို စားပွဲနားက အခွာမခံသည့် အသက်ရဲ့ အစီအစဉ်က အောင်မြင်ပါသည်။ မနက်စာ စားချိန်တစ်

လျှောက်လုံး ဟ,ထားသည့် ဦးရန်မျိုးနိုင် ပါးစပ်က ဘာစကား မှ ထွက်မလာခွင့် မရဘဲ မုန့်တွေ ကော်ဖီတွေသာ အလုံးအရင်း နဲ့ ပြန်ဝင်သွားကြရရှာလေသည်။



(၂၀)

ပူရအိုက်ရသည့်ကြားထဲ ခုတင်ပေါ်မှာ စောင် ကြီးခေါင်းမြီးခြုံလျက် ဆောင့်ကြောင့်ကြီး ထိုင်နေပါသော ည်း ဝေဒနာက မသက်သာ။ နွေခေါင်ခေါင် မိုးကြိုးပစ်ချ လိုက်ရသည့် ခံစားချက်ကမှ ကိုယ့်ထက် သာပေလိမ့်ဦးမည်။

ဘယ်ရပါလိမ့်မလဲ။ ကြွက်ကလေး ဘယ်လောက် အပုန်းကောင်းကောင်း ဗိုက်ဆာနေသည့် ကြောင်ပါးကြီး က်မှာ တစ်ချက်တော့ ကွိခနဲ အမိခံလိုက်ရသလိုမျိုးပါပဲ။ ည်းမျိုးစုံသုံးကာ မေမေ့ထံက ဖွင့်ဟလာမည့် စကားတွေကို

ရှောင်တိမ်းပါသော်ငြားလည်း တစ်အိမ်တည်း အတူနေသည့် လူချင်း ဘယ်နှစ်ရက်များ လွတ်အောင်ရှောင်နိုင်မှာတဲ့လဲ။

ရှောင်လို့မရသည့် တစ်ချိန်မှာတော့ ဘုန်းရောင်ထင်တို့ ကွိခနဲ အမိခံလိုက်ရတော့တာပါပဲ။ "မေမေ့ကို တစ်ခါက သားပြောဖူးတဲ့ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး တိုင်ပင်ချင်လို့"တဲ့လေ။

ခံလိုက်ဟ ... ခံလိုက်ဟလို့သာ ကိုယ့်ခေါင်းကိုယ် ထု,ထုပြီး အော်လိုက်ချင်တော့သည်။

မနေနိုင် မထိုင်နိုင် စိတ်ရှုးပေါက်ကာ ပြောမိသော စကားတစ်ခွန်းကို တစ်ဘက်က အကောင်းဆုံးအကြောင်းပြချက်အဖြစ် လှလှပပလေး အသုံးချသွားပြီ။ ဒီမှာတော့ ထ,ကန့်ကွက်ရအောင်ကလည်း ကိုယ့်စကားနဲ့ကိုယ်၊ လက်ခံလိုက်ရအောင်ကလည်း ကမ္ဘာပေါ်မှာ အဆိုးဝါးဆုံး ကိစ္စကြီး။ ဘယ်လောက်ကျပ်တည်းလိုက်တဲ့ အခြေအနေလဲ။

မေမေကလည်း ပါးနပ်ပေသား။ ပြောရင်းပြောရင်းက ငြင်းဆန်ကန့်ကွက်မည့်ရုပ် ပေါက်လာသော သားဖြစ်သူကို တစ်ခါတည်းနဲ့ သဘောထားမမေးတော့ဘဲ စဉ်းစားဦးပေါ့ဆိုကာ ရှေ့ဆက်လာမည့် အငြင်းစကားတွေကို ပိတ်ပင်ထားလိုက်တော့တာ။

ဘုန်းရောင်ထင့်မှာသာ ဗိုက်ထဲက ပြည့်အင့်





အချဉ်ပေါက်၊ နံစော်၊ ပွထနေသော အစာဟောင်းတွေကို အန်ထုတ်ချင်ပါလျက် အန်လို့မရနိုင်ဘဲ လေချဉ်တွေသာ တဟော့ဟော့ တက်နေရသူလို မရှုနိုင်မကယ်နိုင် အခံရခက်စွာ ကျန်ခဲ့တော့တာ။

မေမေ ... မေမေ။ အကြံပက်စက် စကောလောက်မှစောက်မနက် လုပ်ရက်ပါပေ့။ ယောကျ်ားဆုံးသွားပေမယ့် ကိုယ့်မှာ တွယ်တာစရာ ဒီသားလေးတစ်ယောက် ကျန်ခဲ့တာကို အတိုးချချစ်ပါလား၊ ဂရုစိုက်ပါလား၊ အားကိုးပါလား (အဲ ... လောလောဆယ်ဆယ်တော့ သူက မေမေ့ကို ပြန်အားကိုးနေရသည့် အခြေအနေမှာရှိသည်။ ဒါကလည်း အခိုက်အတန့်ပါ။ တစ်ချိန်ကျတော့ ဒီသားကို အားကိုးလို့ရနိုင်မှာပါ)။ အခုတော့ မေမေက အမေကျော် ဒွေးတော်လွမ်း။ သားတစ်ယောက်လုံးကို ဖစ်ထားပြီး ယောကျ်ားယူဦးမလို့တဲ့။

မေးလိုက်ချင်ပါရဲ့။ မေမေ့မှာ အချိန်တွေ ဘယ်လောက်ပိုနေလို့ နောက်ထပ်ဂရုစိုက်ရမည့် လူတစ်ယောက် လိုချင်ရတာလဲလို့။

မေမေ့ရဲ့ စားချိန်၊ အိပ်ချိန်၊ အလုပ်ချိန်တွေက လွဲလျှင် ပိုလျှံသမျှ အချိန်တွေကို မောင်ပိုင်စီးထားချင်သော ဘုန်းရောင်ထင့်အတွက်ကတော့ သူ့အချိန်တွေကို လာရောက်

လုယူမည့် မေမေ နောက်အိမ်ထောင်ပြုမည့် လူကြီးဟာ မဟာရန်သူတော်ကြီးပဲ။

ဘယ်လိုလုပ်ရပါ့။ မေမေ့ကို ဘယ်လိုငြင်းဆန်ကန့်ကွက်ရပါ့မလဲ။ မေမေများ စိတ်မကောင်းဖြစ်သွားလေမလား။ အို ... တတ်နိုင်ပါဘူးလေ။ သူစိမ်းယောကျ်ား တစ်ယောက်ကို မိသားစုဘဝလေးထဲ ဆွဲသွင်းခွင့်မရလို့တော့ ဒီလောက် ခံစားစရာလိုမယ် မထင်ပါဘူး။

ဒီကိစ္စကို ခပ်ပေါ့ပေါ့ထားလို့ မရ။ အပြတ်တိုက်ခိုက်ရမည်။ ကိုယ့်ရဲ့ အခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးရတော့မည့် အနေအထား မရောက်အောင် အပြင်းအထန်တိုက်ပွဲဝင်မှ ဖြစ်တော့မည်။



(၂၁)

ခုတင်ပေါ်မှာ တဝုန်းဝုန်း တက်ခုန်နေသော အသက်ကို ဘယ်သူမှ မဆွဲရဲကြပဲ သူတို့အိမ်ရဲ့ အရှင်သခင်မလေး ရူးသွပ်သွားပြီလားလို့သာ အိမ်က အလုပ်သမားတွေခမျာ စိုးရိမ်ထိတ်လန့်စွာ စောင့်ကြည့်နေကြရရှာလေသည်။

ပါပါကတော့ သူပြောချင်တာပြောပြီးတာနဲ့ တာဝန်မဲ့စွာ လစ်ပြေးပြီ။ ပါပါ့ကြည့်ရတာ ဒီစကားကို သူ့ဘက်ကပြောပြီးလျှင်ပဲ တာဝန်ကျေပြီ၊ အသက်ရဲ့ သဘောထား

ကို တောင်းခံစရာမလို၊ သဘောတူပြီးဖြစ်သည်လို့ ယူဆလိုက်တော့မလို့လားမသိ။

အတန်တန်ရှောင်ရှားသည့် ကြားထဲက တကွေ့တော့ ချောင်ပိတ်မိသွားကာ "ပါပါ အိမ်ထောင်ပြုတော့မလို့ သမီး" အစချီသော အမင်္ဂလာစကားရှည်ကြီးကို နားဆင်လိုက်ရပြီးသကာလ "အဲဒါ သမီးလေးကို ပါပါတိုင်ပင်တာပါ"ဟု အဆုံးသတ်လျက် အပြင်ကို ကျောကော့လစ်ပြေးလေတော့သည်။

ပါပါထွက်သွားပြီးသည့်နောက် အသက်မှာ သရဲနဲ့လက်ဖွေ့ထိုးနေရသူ တစ်ယောက်လို ကိုယ်ကပဲ ချောင်းချောင်းအတီးခံလိုက်ရပြီး ကိုယ့်ရဲ့ ယှဉ်ပြိုင်ဘက်ကိုတော့ မမြင်ရတာမို့ ဘယ်ကိုလှမ်းတိုက်ခိုက်ရမယ်မှန်း မသိဘွာ လက်သီးတပြင်ပြင်၊ အောင့်သီးအောင့်သက် ကျန်ခဲ့ရလေသည်။

မဖြစ်သေးပါဘူး။ ဒါဟာ လုံးဝအညံ့ခံလိုက်လို့ မဖြစ်သည့်ကိစ္စ။ တခြား ဘယ်နေရာမှာဖြစ်ဖြစ် အသက်တို့က မိဘာစီမံရာကို နာခံဦးမည်။ အဆုံးစွန်ပြောရလျှင် ကိုယ့်ကို အိမ်ထောင်ချပေးတာကိုမှ ကျိတ်မှိတ်သည်းခံလိုက်နာလို့ ဖြစ်ချင်ဖြစ်ဦးမည်။ ပါပါ အိမ်ထောင်ပြုမှာကိုတော့ ဘယ်လိုနည်းနဲ့မှ လက်ခံလိုက်လို့ မဖြစ်ချေ။

စဉ်းစားကြည့်စမ်း။ မနက်အိပ်ရာနိုးတာနဲ့ ကော်





ဖီဝိုင်းမှာ ပါပါ့ မိန်းမဆိုတာကြီးကို စတင်ရင်ဆိုင်ရတော့မည်။ ဘယ်လောက် ကျက်သရေ ယုတ်ထားလိုက်သလဲ။

ခါတိုင်း အသက် အိပ်ရာက မနိုးမချင်း မနက်စာမစားဘဲ စောင့်နေတတ်သော ပါပါဟာ မိန်းမသာ ရပြီးသွားလျှင် သူ့မိန်းမနဲ့ပဲ အတူစားလျက် အသက်ကို စောင့်ချင်မှစောင့်တော့မည်။ ပြီးတော့ ခါတိုင်းလို အသက် အတွက်ကော်ဖီစပ်ပေးဖို့၊ မုန့်ပန်းကန် ကမ်းပေးဖို့၊ လက်သုတ်ပဝါယူပေးဖို့တွေကိုလည်း သတိရချင်မှ ရတော့မှာ။

ပါပါ အလုပ်သွားလျှင်လည်း အသက် တစ်ယောက်တည်း နောက်က တကောက်ကောက်ကပ်လိုက်ကာမှာတမ်းမဆုံးအောင် မှာပြီး အိမ်ရှေ့တံခါးဝကနေ လက်တပြပြ ကျန်ခဲ့ခွင့်လည်း ရမှာမဟုတ်တော့။ ပါပါရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ဟိုမိန်းမကြီးက ကပ်ပါနေတော့မှာ။

ထမင်းစားရာ၊ ညဘက် သားအဖနှစ်ယောက် တီဗီကြည့်ရင်း စကားထိုင်ပြောရာ၊ အားလပ်သည့်နေ့တွေမှာ အားကစားအတူလုပ်၊ အပင်အတူစိုက်ရာ၊ အပြင်သွားလည်ပတ်ရာ ... အို ... အားလုံး အားလုံးသော 'နေရာတွေမှာနှစ်စီးတွဲယာဉ်လိုမျိုး ဟိုမိန်းမကြီးက တပူးတွဲတွဲ ဝင်ရှုပ်လို့ဆုံးမှာ မဟုတ်တော့။

ပါပါ့ရဲ့ ချစ်ခင် ဂရုစိုက်မှုတွေဟာ အသက်

တစ်ယောက်တည်း အပေါ်မှာပဲ စုပြုံကျရောက်နေဖို့ဆိုတာလည်း မဖြစ်နိုင်တော့ပြီ။ ဘာပဲဖြစ်ဖြစ် နောက်မှရောက်လာပြီး အသက်သာပိုကြီးတယ် ပါပါ့ အတွက်တော့ အသစ်ဖြစ်နေမှာဖြစ်သော ဟိုမိန်းမကြီးကတောင် ပိုပြီးဦးစားပေးခံရဖွယ်ရှိသည်။

ဘယ်လိုလုပ်ရပါ့။ ထိုကိစ္စကြီးကို ဘယ်လိုနည်းနဲ့များ တားမြစ်ရပါ့။ ပါပါ့ကြည့်ရတာ သိပ်ကို စိတ်အားထက်သန်ပြီး မဖြစ်မနေ ဆောင်ရွက်တော့မည့် ပုံစံကြီးမို့ တားလို့ သိပ်လွယ်မယ်တော့ မထင်ချေ။

ဒါပေမယ့် မလွယ်ဘူးဆိုပြီး လက်မြှောက်အရှုံးပေးဖို့ရာလည်း ဘယ်ဖြစ်နိုင်ပါ့မလဲ။ တုံ့ပြန်တိုက်ခိုက်မှုကိုဖြစ်မည်။ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှတော့ ဆန့်ကျင်တားဆီးမှုကို ဖြစ်လိမ့်မည်လေ။



(၂၂)

ဗီရိုကိုဖွင့်ပြီး ညကတည်းက အသင့်ပြင်ဆင်ထားသော ကျောပိုးအိတ်ကို ဆွဲထုတ်လိုက်သည်။

ဟိုးအရင်ကတော့ ဘုန်းရောင်ထင် ခရီးသွားမည်ဆိုလျှင် ဘာမှပူစရာမလို။ မေမေ့ရေ သား ဘယ်သွားမယ်၊ ဘယ်နှစ်ရက်ကြာမယ် ဆိုတာသာပြောလိုက်၊ သင့်တော်ရာအိတ်ထဲမှာ သင့်တော်မည့် ဝတ်စုံတွေရယ်၊ လိုအပ်သည့် အသုံးအဆောင်တွေရယ်ဟာ အဆင်သင့်ပြင်ဆင်ထည့်သိုပြီးသား။

ဒီတစ်ခါသွားရမည့် ခရီးကတော့ မေမေ အသိခံလို့ မဖြစ်သည့်ခရီးမို့ ပစ္စည်းပစ္စယတွေကို ကိုယ့်စိတ်ထင်ရာ ကောက်ထည့်ထားရတာ။

ဂျင်းသားကျောပိုးအိတ်ထဲမှာ မဆန့်မပြဲ ထိုးသိပ်ထည့်ထားတာက ဝတ်စုံလေးစုံ၊ အသေးစား မျက်နှာသုတ်ပဝါတစ်ထည်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာ၊ မှတ်ဆိတ်ရိတ်သည့်ကိရိယာ စတာတွေပင်။

နောက်ထပ်ဘာလိုဦးမလဲ။ ခေါင်းပူအောင် စဉ်းစားသော်လည်း ထွက်မလာပါ။ မေမေတို့များ ဘာလိုတယ်ဆိုတာ သိပဲသိနိုင်လွန်းပါပေ့။ ခရီးဆောင်အိတ်ထဲ အပြည့်အစုံထည့်ပေးလိုက်နိုင်သည်မှာ လိုတရ ဣန္ဒာသယ အိတ်များလားမှတ်ရသည်။ ဘာပဲလိုလို ကိုယ့်အိတ်ထဲပါသလား နှိုက်ကြည့်လိုက်၊ ထွက်လာတာပင်။

ဒီလောက်တော်သည့်၊ ချစ်စရာကောင်းသည့် မေမေ့ကို ဆုံးရှုံးရမှာများ တွေးကြည့်ရင် သိပ်ကို ရင်နာစရာကောင်းသည်။

ဘဝမှာ နွယ်ပင်တစ်ပင်လို မေမေ့ကိုသာ တစ်သက်လုံး မှီတွယ်ရှင်သန်ခဲ့တာ။ အခုတော့ သူတွယ်မှီစရာ သစ်ပင်ကြီးက သူ့ကို လက်မခံချင်တော့ပြီတဲ့။

"မေမေ့ဘဝ နောင်ရေးအတွက် မေမေ့မှာ ကိုယ်





တိုင်စီမံပိုင်ခွင့်ရှိတယ်" တဲ့။ ထိုစကားတစ်ခွန်းဟာ ရင်ဝကို မှိန်းနဲ့ဆောင့်ထိုးခံရတာထက် နာကျင်စေသည်။

တစ်သက်လုံးက စကားမာမာတောင် မပြောခဲ့ဘူးသည့်သား၊ အမြဲတမ်း အရေးတယူ ထိပ်ဆုံးက နေရာပေးခဲ့သည့်သားကို နောက်မှရောက်လာသည့် သူစိမ်းတစ်ယောက်အတွက်နဲ့ လေသံမာမာနဲ့ ပြောလိုပြော၊ အရေးမစိုက် ဂရုမထား၊ စာရင်းမသွင်းဘဲ နေလိုနေနဲ့ ဘယ်လောက်အခံရခက်စေသည့်အဖြစ်လဲ။

ဘုန်းရောင်ထင်ဟာ တစ်ခါမှ မရောက်ဘူးသည့် ဟိုးချောင်ဂလောင် တစ်နေရာကို ရောက်သွားသလို အားငယ်စွာ ခံစားရသည်။ လောကကြီးတစ်ခုလုံးမှာ ကိုယ်တစ်ယောက်တည်း ခိုကိုးရာမဲ့ ကျန်ခဲ့သလို ဆောက်တည်ရာမဲ့ ခံစားချက်မျိုး။

မေမေ့ကို ဘယ်လိုမှ တားမရတော့ပြီဟု သိလာသည့်အခါမှာ ဘုန်းရောင်ထင်က အိမ်မှာလည်း ဆက်မနေချင်တော့ပေ။ ဘာလုပ်တော့မှာလဲ။ သူစိမ်းယောက်ျားကြီးတစ်ယောက်နဲ့ မေမေနဲ့ ကြည်နူးပျော်ရွှင်နေတာကို ဝင့်ကြွားကြီးတစ်ခုလို ဘာကြောင့် ထိုင်ကြည့်နေရမှာလဲ။

ဒီအိမ်ကို ဟိုလူကြီး ရောက်လာတာပဲဖြစ်ဖြစ်၊ ဟိုအိမ်ကို မေမေ လိုက်ပြောင်းသွားတာပဲဖြစ်ဖြစ် သူကတော့

မေမေနဲ့ အတူဆက်ရှိမနေဖို့ စိတ်ကူးပြီးသားပါ။ မေမေတို့က လက်ထပ်ပြီးလျှင် ဒီအိမ်မှာ အတူနေကြမည်ဆိုသဖြင့် ဘုန်းရောင်ထင်က ပိုလို့တောင် မရှိချင်သေး။

အခုလောက်ဆို မေမေတို့နှစ်ယောက် တရားရုံးမှာ ပြုံးပျော်ရွှင်မြူးစွာ လက်မှတ်ထိုးနေကြလောက်ရောပေါ့။

တွေးကြည့်လိုက်တိုင်း အသည်းထဲက တစစ်စစ်နာသည်။ နှလုံးသားနေရာက စူးရှကျင်ခဲစွာ အောင့်သည်။ ခေါင်းထဲက ပွင့်ထွက်တော့မတတ် အုံခဲနာကျင်သည်။

မနေဘူးကွာ။ ဘာဖြစ်သေးလဲ။ သူက မိခင်တစ်ယောက်ရဲ့ အခွင့်အာဏာကို အကုန်သုံးပြီး သူဖြစ်ချင်တာကို ဇွတ်လုပ်သွားသည်ဆိုလျှင် ဘုန်းရောင်ထင်ကရော သားတစ်ယောက်ရဲ့ ဆန့်ကျင်ပုန်ကန်လိုစိတ်ကို ဘာကြောင့်ဖုံးဖိကွယ်ဝှက်ထားရဦးမှာလဲ။

ကျောပိုးအိတ်ကို ပခုံးပေါ် လွယ်တင်လိုက်စဉ်မှာ မျက်ရည်တစ်ပေါက်က ဘယ်ကထွက်လာမှန်းမသိ ပေါက်ခနဲထွက်ကျလာသည်။ ငရဲမီးတစ်စက်လို လက်ခုံပေါ် ကျလာသည့် မျက်ရည်စက်ကို ဂျင်းဘောင်းဘီနှင့် ကြမ်းတမ်းစွာ ပွတ်သုတ်ပစ်လိုက်သော်လည်း နောက်ထပ်မျက်ရည်တစ်စက်က သူ့နေရာမှာ အစားဝင်ယူ ကျဆင်းလာပြန်လေသည်။

မငိုရဘူးကွာ။ ယောကျ်ားပဲ။ အားတင်းရမှာပေါ့။





အရင်တုန်းက ဘယ်သူ့ကိုပဲ မှီခိုခဲ့ မှီခိုခဲ့ ယောကျ်ားဆိုတာမျိုးဟာ အရေးကြုံလာလျှင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်လမ်းကိုယ်လျှောက်နိုင်ရမည်။

ခြေလှမ်းကို စတင်လိုက်သည်။ ပခုံးပေါ်က ကျောပိုးအိတ်ဟာ ကျောက်တုံးကျောက်ခဲတွေများ ထည့်ထားသလား ထင်ရလောက်အောင် လေးလံနေသော်လည်း ဥပေက္ခာပြုထားလိုက်သည်။

အောက်ခံ သားရေသားထူထူနှင့် ဖေါ့ကင်းရှူးစ်သည် မြေပြင်မှ တလှျံလှျံတညီးညီး အငွေ့ထွက်နေသော ပူလောင်မှုကို အကာကွယ် မပေးနိုင်ဘူးဟု ထင်မှတ်မိသည်မှာ ဒီတစ်ကြိမ် ပထမဆုံးပင်။

ဘာပဲဖြစ်ဖြစ် ဒီအိမ်ရဲ့ အရိပ်အောက်ကတော့ ခွာလာခဲ့ပြီးပြီ။ အခုအချိန်ကစပြီး ဘုန်းရောင်ထင်ဟာ တွယ်ရာမဲ့သည့် အထီးကျန် တစ်ကိုယ်တည်းသမား ဖြစ်ခဲ့ပြီလေ။

## (၂၃)

ပါပါ့ကား ထွက်သွားတာကိုမြင်လျှင် အသက်ရဲ့ ရင်တစ်ခုလုံး ဟင်းလင်းပွင့်သွားမတတ် ခံစားရလေသည်။

ပါပါဟာ ကိုယ့်သမီးလေး တစ်ယောက်လုံးကိုတောင် ဂရုမစိုက်တော့ဘူးပေါ့။ ငယ်ငယ်လေးနဲ့ အမိမဲ့ခဲ့ရသည့် သမီးလေးဆိုပြီး တယုတယ ဂရုစိုက် ချစ်မြတ်နိုးခဲ့သော အသက် ကို ရှိတယ်လို့တောင် မအောက်မေ့တော့ဘူးပေါ့။

ဒါတောင် အစပဲရှိသေးသည်။ တဖြည်းဖြည်း





တစစ အချိန်တွေ ကြာလာသည်နှင့်အမျှ အသက်ရဲ့ကဏ္ဍဟာ မှေးမှိန်သွားပြီး အခုမှတွေ့ရသော သူစိမ်းမိန်းမကြီး တစ်ယောက်ဟာ ပါပါ့ဘဝရဲ့ အဓိကလူသား ဖြစ်လာတော့မှာ။

နောက်ပြီ ဆိုးဝါးတာတစ်ခုက ပါပါက ဒီအိမ်ကို နိုင်ငံခြားသား ငှားပစ်ပြီး ဟိုအမျိုးသမီးရဲ့အိမ်မှာ သွားနေမလို့တဲ့လေ။ ကိုယ့်အိမ်ကိုယ့်ယာမှာ နေရသည်ဆိုလျှင်တောင်မှ ကိုယ့်အထက်ကနေ ဦးစီးအုပ်ချုပ်မည့်သူ တစ်ယောက်ရောက်လာသည့်အခါ အနေကျုံ့မှာ။ အခုလို သူများအိမ်မှာ လိုက်နေရသည်ဆိုလျှင်တော့ မျက်နှာငယ်လိုက်ရမည့်အမျိုး။

တော်တော်ရက်စက်သည့် သူ့ပဲရယ်လို့ အသက်က ပါပါ့ကို အပြစ်တင်ချင်ပါသည်။ တကယ်ဆို ကိုယ့်သမီးလေး မျက်နှာငယ် အနေကျုံ့စေမည့် အစီအစဉ်ကို ဘာကြောင့် သူလက်ခံလိုက်သလဲ။ ဟိုသားအမိ ဒီအိမ်ပေါ်တက်လာလျှင် အသက်က ဆီးပြီးအနိုင်ကျင့်မှာ၊ မောက်မာရိုင်းစိုင်းစွာ ဆက်ဆံမှာကိုစိုးလို့ ကိုယ့်ဘက်က အနိမ့်နေရာကို ယူလိုက်တာလား ။

ဆက်ပြီးမတွေးချင်တော့ပါဘူး။ တစ်သက်လုံးကောင်းခဲ့သမျှ သံပရာတစ်ခြမ်းနဲ့ ချေလိုက်သလိုပါပဲ။ ပါပါ့ရဲ့ ဒီတစ်ခါ အညာအတာကင်းမဲ့မှုဟာ သေရွာပါမည့် အမာ

ရွတ်တစ်ခု ဖြစ်ခဲ့ပြီ။ အသက် အပေါ် ချစ်လှချည်ရဲ့၊ သနားလှချည်ရဲ့၊ ငဲ့ညှာထောက်ထားလှပါချည့်ရဲ့ဆိုသည့် လူသားတစ်ယောက်ဟာ သူ မဟုတ်တော့သလိုပဲ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။

"သမီးနောက်တော့နေသားကျသွားမှာပါ"တဲ့။ "နှင်းဆီဟာ သမီးအတွက် တကယ်ကောင်းတဲ့ ဒုတိယမိခင် ဖြစ်လာမယ်လို့ ပါပါ အာမခံရဲတယ်"တဲ့။

ဒီလိုပဲပြောမှာပေါ့။ ဘယ်သူကတော့ မကောင်းပါဘူး၊ ဆိုးမှာပါလို့ ပြောမလဲ။ အို ... ကောင်းတယ်ပဲ ထားပါဦးတော့လေ။ အဲဒီကောင်းတာကို အသက်ကမှ မလိုချင်ဘဲ။

အသက် အတွက် မာမာ မရှိတာက လွဲရင် ဘာများလိုအပ်လစ်ဟင်းနေလို့လဲ။ မာမာ့ဆီက အချစ်ကို မခံရပေမယ့် ပါပါက နှစ်ယောက်စာ ပိုချစ်ပေးနေတာမို့ မေတ္တာငတ်မွတ်တာလဲမရှိ။ ဒေါ်ကြီးစိန်တို့ ဒေါ်ကြီးအုန်းတို့က လိုလေသေးမရှိ စောင့်ရှောက်ကြတာမို့ စားဝတ်နေရေးမှာလည်း ခက်ခဲသည်မရှိ။ အစစအရာရာ ပြည့်စုံနေပါလျက် မလိုအပ်သည့် အပိုကြီးတစ်ခုကို ဘာကြောင့် ဘဝထဲဆွဲထည့်ခံရမလဲ။

အဲဒီအပိုကြီးကမှ အသက် ပိုင်ဆိုင်သမျှ အရာအားလုံးကို ဆွဲထုတ်ယူငင်သွားမှာ။ ပထမ ပါပါ့ဆီက ဂရုစိုက်ချစ်ခင်မှု၊ ဒုတိယ အသက်ရဲ့ စိတ်ချမ်းသာမှု၊ တတိယ ဘာမဆို လိုတရနေသော စေတစ်လုံးပိုင်ရှင်ရဲ့ အခွင့်အရေး။

မဖြစ်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အသက်ဟာ သွေးမတော် သားမစပ် မိန်းမတစ်ယောက်ရဲ့ လက်အောက်မှာ သူ့မျက်နှာကြည့်၊ သူစီမံခန့်ခွဲတာ နာခံပြီး သူထားရာနေ စေရာသွာ ရမည့် လက်ဝေခံဘဝကြီးနဲ့တော့ ဘယ်လိုမှ မနေနိုင်။

လွန်ခဲ့သည့် သုံးရက်လောက် ကတည်းက ကြိုတင်ကြံစည် ပြင်ဆင်ထားပြီး စိတ်ကူးရသမျှ ပစ္စည်းတွေ တတိတိ ထည့်သိုထားသော အညိုနုရောင် ခရီးဆောင်အိတ်အလတ်စားလေးကို ခုတင်အောက်က ဆွဲထုတ်လိုက်သည်။

ဒီအိမ်မှာ၊ ပါပါ့အနားမှာ ဘယ်လိုမှ ဆက်နေနိုင်စွမ်း မရှိတော့မည့် အတူတူ ဝေးရာကို ထွက်သွားတော့မည်။ ရန်ကုန်က သူငယ်ချင်းတွေအိမ်မှာလည်း ကပ်ရပ်မှီခိုမနေချင်။ ပါပါက သူတို့တွေကို အကုန်သိနေတာမို့ ချက်ချင်းလိုက်ရှာလို့ တွေ့သွားမှာ။ နောက်ပြီး ကိုယ့်အဖေ နောက်မိန်းမယူပြီး မိထွေးအိမ် လိုက်နေရတော့မှာမို့ မနေချင်လို့ အိမ်ကဆင်းလာရပါသည်ဆိုတဲ့ အဖြစ်ကြီးကို သူငယ်ချင်းတွေရှေ့၊ သူငယ်ချင်း မိသားစုတွေရှေ့မှာ ဘယ်လိုမျက်နှာမျိုးနဲ့ ပြောပြရမှာလဲ။

အသက် ဒီအိမ်က ထွက်သွားမှာဟာ ပါပါ့ကို နှောင့်ကျဉ်စေရုံ၊ ပညာပေးရုံ သက်သက်မဟုတ်သလို ကိုယ့်ကို ဂရုစိုက်စေချင်လို့၊ ကိုယ့်ကြောင့် ဒုက္ခရောက်စေ ချင်လို့ ဟန်ဆောင်ပန်ဆောင် လုပ်ပြတာမျိုး မဟုတ်ပါ။ တကယ့်ကို ဆက်မနေချင်တော့လို့ ဝေးရာကိုပြေးမှာ။

လက်ဆွဲအိတ်ကို ကောက်ယူလိုက်လျှင် အိတ်ရဲ့ အလေးချိန်ဟာ ရှိသင့်တာထက် ပိုလေးနေသလို ထင်ရသည်။

ဒေါ်ကြီးစိန်နဲ့ ဒေါ်ကြီးအုန်းတို့ မီးဖိုထဲ အလုပ် များနေစဉ်မှာ အသက် ...က အိမ်ရှေ့ဝင်ပေါက်ကနေပဲ အိတ်ဆွဲကာ ခပ်တည်တည် ထွက်ချလာခဲ့သည်။

အိမ်နဲ့ဝေးရာကို ခြေလှမ်းတစ်လှမ်း ရွေ့လိုက် တိုင်း ရင်ထဲမှာ အဆိပ်ဆူးတစ်ချောင်း စိုက်ထည့်လိုက်သလို နင့်ခနဲ နင့်ခနဲ နာကျင်သွားကာ မျက်ရည်တို့ ပိုးပိုးပေါက် ပေါက် ကျလာပေမယ့် အသက်က နောက်မဆုတ်တော့ပါ။

ဒီနေ့ဟာ အသက်အတွက် ဘဝသစ် စတင်သည့် နေ့ပဲလေ။



(၂၄)

"သဘော်က ခုနစ်နာရီ ထွက်မှာ သေချာရဲ့လားဗျ"

"အမှန်အတိုင်း ဆိုရင်တော့ ခုနစ်နာရီ ထွက်မှာပဲ၊ ဒီနေ့တော့ နည်းနည်းနောက်ကျမယ်ထင်တယ်၊ ရာသီဥတုက သိပ်မကောင်းဘူး"

ဆိပ်ခံဘောတံတားပေါ်ကနေပြီး ကောင်းကင်ကို မော့ကြည့်လိုက်မိတော့ သဘော်မောင်းသမား ဦးလေးကြီး ပြောသလိုပါပဲ။ အမှောင်ထဲမှာတောင်မှ ကောင်းကင်တစ်ခု လုံး ပြာရီမှိုင်းညို့ကာ အုံ့ဆိုင်းနေမှန်း သိသာလှသည်။

ဒီပုံအတိုင်းဆိုလျှင်တော့ မကြာခင်မှာ မိုးရွာချ

တော့မှာပဲ။ ဘယ်လိုဖြစ်ရတာလဲ။ နွေလယ်ခေါင်ခေါင်ကြီးမှာ မိုးက ရွာဦးမတဲ့။

ကံဆိုးမှ သွားလေရာ မိုးလိုက်လို့ရွာဆိုသည့် စကားပုံဟာ တကယ်ဖြစ်လာလေသလား။ ဘုန်းရောင်ထင်ဟာ ကံဆိုးလွန်းလို့ပဲ သွားမည့်ခရီးမှာ အနှောင့်အယှက် အခက်အခဲတွေ တွေ့ရတာလား။

တစ်နေကုန် မြို့ထဲလျှောက်သွားပြီး အချိန်တွေ ဖြုန်းနေလိုက်တာ ညနေခြောက်နာရီထိုးကာနီးမှ သင်္ဘောဆိပ်ကို ဆင်းဖြစ်တော့သည်။

မေမေတစ်ယောက် အိမ်မှာ ပူလောင်ယောက်ယက်ခတ်နေလိမ့်မည်ဟုတော့ ဘုန်းရောင်ထင်က တွေးမိပါသည်။ အပျော်ဆုံး ဖြစ်ရမည့်နေ့မှာမှ သားအတွက် ရတက်ပွေရဦးမည့် မေမေ့ကို သနားအားနာသလိုလို ရှိမိသော်လည်း သူကမှ လုပ်ရက်သေးတာ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံပေတော့လို့ ထားလိုက်ချင်သည့်စိတ်က ပိုပြီး လွန်ကဲလာသည့် အခါမှာတော့ ကိုယ့်လုပ်ရပ်ကိုတောင် ပြန်ပြီး ကျေနပ်ချင်သလို ဖြစ်လာသည်။

သင်္ဘောဆိပ်မှာ ရှိသမျှ သင်္ဘောတွေအားလုံး ထွက်သွားပြီမို့ သူစီးမည့် သင်္ဘောတစ်စင်းသာ ကျန်တော့သည်။





သင်္ဘောဆိပ်ကို တစ်နာရီလောက် စောရောက်နေသော်လည်း သူက သင်္ဘောပေါ် မတက်သေးဘဲ ခပ်မှောင်မှောင် အရိပ်ကွယ်မှာ တစ်ယောက်တည်း ထိုင်နေမိပါသေးသည်။

သားပျောက်နေမှန်းသိလျှင် မေမေဟာ ရန်ကုန်မြို့အနှံ့က ကားဂိတ်တွေ၊ ရထားဘူတာရုံတွေ၊ သင်္ဘောဆိပ်တွေမှာ လိုက်ရှာလိမ့်မည်။ ဒီသင်္ဘောဆိပ်ကိုလည်း မေမေရောက်မလာနိုင်ဘူးလို့ မပြောနိုင်ချေ။ ရောက်လာခဲ့လျှင် ကိုယ်က သင်္ဘောပေါ် ရောက်နှင့်နေပါက မပြေးသာမရှောင်သာဘဲ တန်းမိသွားမှာ။ အခုလို မှောင်ရိပ်ခိုနေလိုက်သည့် အခါကျတော့ အားလုံးက ကိုယ့်ကိုမမြင်နိုင်ခင် ကိုယ်က အန္တရာယ်ကို ကြိုမြင်ပြီး ရှောင်နိုင်တိမ်းနိုင်တာပေါ့။

"မိုးရွာရင် ခရီးလမ်းက စိတ်ချရပါ့မလား"

"ချရမှာပါ၊ သင်္ဘောက သေသေချာချာ တည်ဆောက်ထားတဲ့ ပုံစံအသစ်နဲ့ သင်္ဘောတွေပါ၊ မိုးရွာရင် မိုးပက်တာလေး တစ်ခုပဲ စိတ်ပျက်စရာကောင်းတာ"

ညခုနစ်နာရီ ဆိုသည့် အချိန်နဲ့ မလိုက်အောင် မှောင်မည်းနေသည့် ကောင်းကင်ယံကြီးကို စိတ်ညစ်စိတ်ပျက်စွာ မော့ကြည့်နေရင်း ဘာမှန်းမသိစွာ သွားရမည့်ခရီးလမ်းကြီးဟာ ဖြောင့်ဖြူးပါ့မလားလို့ တွေးပူလာမိသည်။

အို … ဘာပဲဖြစ်ဖြစ် မတတ်နိုင်ပါဘူးလေ။ ဒီခရီးကို သွားမည်လို့ ကိုယ်က ရွေးချယ်ထားပြီးပြီ။ အဲဒီ ရွေးချယ်မှုကို ပြောင်းလဲပြင်ဆင်စရာအကြောင်း ဘာမှမရှိတာ၊ မဖြစ်ဖြစ်အောင် တွန်းပို့ပေးမည့် အားအင်တွေကသာ အများကြီးရှိနေတာ။

"ကဲ … သင်္ဘောထွက်တော့မယ်ထင်တယ် လူလေး၊ သင်္ဘောပေါ် တက်ချင်တက်တော့လေ"

စောစောက စကားပြောရင်း မျက်မှန်းတန်းမိသွားသော သင်္ဘောဆလင်ကြီးက သတိပေးလိုက်တာမို့ ဘုန်းရောင်ထင်က ခပ်လျော့လျော့ဆွဲကိုင်ထားသော ကျောပိုးအိတ်ကို ပခုံးပေါ်ထမ်းလွယ်လိုက်ကာ သင်္ဘောပေါ် တက်လိုက်ပါသည်။

"ဘော် … ဘော်"

သင်္ဘောဥသြဆွဲသံ ကြားရလျှင် စိတ်က တစ်ဝက်ချသွားရသလို ကျန်သည့်စိတ်တစ်ဝက်ကတော့ လေးလံပင်ပန်းစွာ ဆွေးမြည့်သွားရလေသည်။

သွားရတော့မည်။ ချစ်သောမေမေနဲ့တကွ သူ တစ်သက်တာပတ်လုံး ရှင်သန်ကြီးပြင်းခဲ့ရာ ပတ်ဝန်းကျင်တစ်ခုကို စွန့်ခွာလျက် မရေမရာ ခရီးတစ်ခုကို ခြေလှမ်းရတော့မည်။





ရှေ့ဆက်ပြီး ဘယ်လိုနေထိုင် သွားရပါ့မလဲ။ တစ်သက်လုံး မေမေ့ကိုသာ ကပ်ပါးပိုးတစ်ကောင်လို မှီတွယ်ခိုကပ်နေခဲ့တာမို့ တကယ်တမ်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတော့မည့်အခါကျ ကြောက်ဒူးတော့ တုန်မိသားပင်။

အရာရာဟာ တစ်သက်လုံး သူကြီးပြင်းရှင်သန်ခဲ့သလိုမျိုး အဆင်ပြေ ချောမွေ့လို့မှ နေပါ့မလား။ မာယာများလှသော လောကကြီးထဲမှာ ဘယ်လိုမှ ကြိုတွေးမရနိုင်သည့် အခက်အခဲတွေ၊ အမှားအယွင်းတွေ၊ အရှုပ်အထွေးတွေ၊ ပြဿနာတွေ ဘယ်လောက်များများနဲ့များ ကြုံတွေ့ရဦးမှာလဲ။ ထိုအခက်အခဲတွေကို သူမှ ဖြေရှင်းကျော်လွှားနိုင်ပါ့မလား။

သင်္ဘောကြီးက ကမ်းက တရွေ့ရွေ့ ခွာစပြုနေသည့် ခံစားချက်ကို သိလိုက်ရသည်။ ဘုန်းရောင်ထင်က နေရာက မရွေ့ဖြစ်သေးဘဲ သင်္ဘောလက်ရမ်းကိုကိုင်လျက် ကမ်းဘက်ဆီသို့သာ ငေးမောကြည့်နေဖြစ်ပါသည်။

ကျန်ရစ်ခဲ့သော ကမ်းပေါ်မှ လက်ပြနှုတ်ဆက်သူတွေနှင့်၊ ကိုယ့်သင်္ဘောပေါ်ကလည်း ပြန်လည်အော်ဟစ်နှုတ်ဆက်သံတွေ ဆူညံနေသည်။ ဘုန်းရောင်ထင်က ကိုယ်တစ်ယောက်တည်းများ လိုက်ပို့နှုတ်ဆက်သူမဲ့၊ အထီးကျန် ဖြစ်နေရသလားလို့တွေးကာ အားငယ်စိတ်လေး လှစ်ခနဲဝင်လာသည်။

ထိုအချိန်မှာ ... လိုက်ပို့နှုတ်ဆက်နေသူတွေနှင့် ဈေးသည်တွေကြား တရုန်းရုန်း လှုပ်ရှားမှုတစ်ခု ဖြစ်လျက် လူအုပ်ကြီးက ဘေးသို့ရှဲသွားသည်။ သူတို့တွေ ရှောင်ဖယ်ပေးလိုက်ကြ၍ ရုတ်တရက် ရှင်းသွားသော အလယ်ကောင်လမ်းပေါ်မှာတော့ အိတ်တစ်လုံးဆွဲလျက် သင်္ဘောဆီ ဦးတည်ပြေးလာသော မိန်းကလေးတစ်ယောက်။

ဆံပင်ရှည်တွေ တလွင့်လွင့် ဝေ့ဝဲနေတာကို မြင်ရလို့သာ မိန်းကလေးလို့ သတ်မှတ်လိုက်ရပေမယ့် ရုပ်ရည်က ပိပြင်သေးတာ မဟုတ်ပါ။ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်ကို ဝတ်ဆင်ထားတာမို့ ဆံပင်ရှည်နဲ့သာမဟုတ်လျှင် ယောကျ်ားတစ်ယောက်လို့ ထင်ချင်စရာပင်။

"ဟေး ... လိုက်မလို့လား၊ သင်္ဘောက ခွာနေပြီ"

"မြန်မြန်ပြေးလာခဲ့၊ မီသေးတယ်"

"လာ ... လာ ... အိတ်ကမ်းပေးလိုက်"

သင်္ဘောပေါ်ကလူတွေရဲ့ အော်ဟစ်သံတွေက ဆူညံထွန်သည်။ ကမ်းပေါ်ကလူတွေကလည်း သူတို့အရေးကိစ္စလိုပဲ တက်ကြွလာကြကာ တဟေးဟေး ဝိုင်းအော်နေတာမို့ ဆိပ်ကမ်းနေရာ ကွက်ကွက်ကလေးမှာ ဆူညံပွက်လောရိုက်လို့ နေတော့သည်။

ကမ်းပေါ်ကလူတစ်ယောက်က ခရီးသည်မိန်း





ကလေးရဲ့အိတ်ကိုယူကာ သင်္ဘောပေါ် ပစ်ပေးလိုက်သည်။ သင်္ဘောပေါ်ကလူတွေကလည်း မိန်းကလေး အားပြုခုန်ကူးနိုင်အောင် လက်ဆန့်တန်း ပေးထားကြလေသည်။

"လာ ... ဒီဘက်ကကူး၊ ဒီဘက်က ကမ်းနဲ့ သိပ်မကွာသေးဘူး"

မိန်းကလေးက အိတ်ကိုပစ်ပေးပြီးလျှင် ကမ်းနဲ့ ပိုနီးသေးသော သင်္ဘောနောက်ပိုင်းသို့ ပြေးလွှားသွားလိုက်ပါသည်။ အရှင်ခွာနှင့်သော သင်္ဘောဦးပိုင်းထက်စာလျှင် ပိုနီးသေးသည်လို့သာ ပြောရသည် သူမ ခုန်ကူးမည့်နေရာဟာလည်း ကမ်းနဲ့ တစ်ကိုက်လောက်တော့ ကွာလှမ်းနေပြီ။

"ကလေးမ ... ဦးလက်ကို လှမ်းကိုင်ပြီး ရဲရဲသာခုန်ကူးလိုက်၊ အောက်ကို ငုံ့မကြည့်နဲ့"

သင်္ဘောပေါ်ကလူတွေက ဝိုင်းအော်ကာ လက်ကမ်းသည့်သူက ကမ်းပေးမှ မိန်းကလေးက သူတို့လက်ကိုဖမ်းဆွဲကာ ကမ်းကခွာနေပြီဖြစ်သော သင်္ဘောပေါ် မမှီတမီလှမ်းခုန်တက်လိုက်လေသည်။

"အမေ့"

သင်္ဘောဘေး ကုန်းပတ်ပြားလေးက ခပ်ကျဉ်းကျဉ်းရယ်၊ လက်ငါးလုံးစာလောက် အပြားလေးပြီးလျှင် သံပန်းအထစ်ကြီးတစ်ခုက ရှိတာမို့ သူမခြေထောက် တစ်

ပြားလုံးအပြည့်ချလို့ မရပါ။ သံပြားပေါ် နင်းမိသည့် ခြေထောက်အဖျားပိုင်းက ကော့သွားတာမို့ ခြေတစ်ဖက်က သင်္ဘောပေါ်၊ ခြေတစ်ဖက်က ဘောတံတားပေါ် ကားယားကားယား အနေအထားနှင့် လူက နောက်သို့လန်သွားလေသည်။

သင်္ဘောပေါ်ကလူတွေရော၊ ကုန်းပေါ်ကကြည့်နေသူတွေရော ဝေါခနဲ ဆူညံသွားအောင် ထိတ်လန့်တကြား အော်ဟစ်လိုက်ကြပါသည်။ သူမရဲ့ ဟန်ချက်ပျက်သွားသော လက်တစ်ဖက်က လေထဲမှာ ဝေ့ဝဲယိမ်းခါသွားတော့သည်။

ဘုန်းရောင်ထင်က လေထဲလွင့်နေသော သူမရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ ဆွဲထိန်းပေးလိုက်ပါသည်။ လက်နှစ်ဖက်စလုံး အားပြုဆုပ်ကိုင်မည့်သူ ရှိသွားတာမို့ သူမရဲ့ ခန္ဓာကိုယ်လေးက အရှိန်ရကာ နောက်ခြေထောက်တစ်ချောင်းကိုပါကြွလျက် သင်္ဘောပေါ် ခုန်တက်လိုက်နိုင်သွားသည်။

"ဝေး"

အော်ဟစ်အားပေးသံတွေ ဆူညံသွားသည့်အချိန်မှာ ဘုန်းရောင်ထင်က သူကူညီပေးလိုက်သော ကောင်မလေးရဲ့ မျက်နှာကို အသေအချာ ကြည့်လိုက်မိပါသည်။

အောင်မယ် ... သင်းက လူတွေဝိုင်းကူလို့ ဘေးမသီရန်မခပဲ သင်္ဘောပေါ် ရောက်လာရတာတောင်မှ တစ်လောကလုံးက လူတွေဟာ သူမရဲ့ အမှုတော်ကို ထမ်းဆောင်





နေရသည့် ကျေးကျွန်တွေလို့များ သတ်မှတ်ထားသလား မသိ။ မျက်နှာက ထိမ်ထင်ဟန် ခပ်တည်တည်နှင့်။

"တော်သေးတယ်၊ ခြေချော်ပြီးတော့များ ကျလိုက်ရင် ဘောတံတားဘောင်နဲ့ ခေါင်းရိုက်မိတာတို့ သင်္ဘောကိုယ်ထည်နဲ့ ဆောင့်မိတာတို့ ဖြစ်လို့ကတော့ မလွယ်ဘူး"

အနားက ဝင်ပြောသော လူကြီးတစ်ယောက်ကို ကောင်မလေးက ခပ်တည်တည်ပင် ကြည့်လိုက်ပါသည်။ သူမပုံစံဟာ တစ်လောကလုံးနဲ့ အစေးမကပ် ရန်ဖြစ်ထားသလို မှုန်တေတေ ဂျစ်ကန်ကန် ဖြစ်နေတာဟာ တော်တော်ပဲ အမြင်ကတ်ချင်စရာ။

စောစောကသာ ဒီရုပ်ကို သေသေချာချာ မြင်ထားလိုက်ရလို့ရှိရင် သူမကို သင်္ဘောပေါ်ရောက်အောင်တောင်မှ ဆွဲကူတင်မပေးလိုက်ပါဘူး။ အဲဒီလောက်တောင် မေတ္တာတုံးစရာကောင်းတာ။

နောက်ပြီး နေစမ်းပါဦး။ ဒီမျက်နှာကို မြင်ဖူးပါတယ်။ ရင်းရင်းနှီးနှီးကို သိနေတာပါ။

ဘုန်းရောင်ထင်က စိတ်ထဲ စနောင့်စနင်း ဖြစ်လာတာကြောင့် လှည့်ကြည့်လိုက်လျှင် တစ်ချိန်တည်းမှာပဲ သူ့ဘက်ကို လှမ်းကြည့်နေသော အသက်ရဲ့ မျက်ဝန်း စူးစူး

လက်လက်တို့နဲ့ ဆုံလေသည်။

ဘုန်းရောင်ထင့်လိုပင် အသက်ကလည်း ဒီလူ့ကို မြင်ဖူးတယ်ရယ်လို့ ကြည့်နေမိသည်။ အသားကဖြူဖြူ၊ လူပုံက သွယ်သွယ်ပါနွဲ့နွဲ့။ မျက်ခုံးတို့ စိမ်းမှောင်ထူထဲကာ မျက်လုံး နက်နက်အစုံက စူးရှကြည့်ကောင်းတာ တစ်ခုက လွဲလျှင် ကျန်သည့် မျက်နှာအစိတ်အပိုင်းအားလုံးဟာ မိန်းကလေး တစ်ယောက်လို နုနုနွဲ့နွဲ့လေး ဖြစ်နေလေသည်။

ဒီလူဟာ မိန်းမလျှာ၊ အခြောက်မဟုတ်ဘူးဆို လျှင်တောင်မှ တော်တော့ကို မဟာဆန်ဆန် အငြိမ်းသား၊ အငြိမ့်သားနေပြီး ပျော့တိပျော့ဖတ်နိုင်မည့်သူပဲလို့ အသက် က တွေးနေမိသည်။

ဒီလိုမျက်နှာမျိုး၊ ဒီလိုပုံစံမျိုးကို တရင်းတနီး ကြုံဖူးပါတယ်။ ဘယ်မှာ မြင်ဖူးတာ ဖြစ်ပါလိမ့်မလဲ။

အသက်နဲ့ ဘုန်းရောင်ထင်တို့သည် တစ်ယောက် ကိုတစ်ယောက် မြင်ဖူးတွေ့ဖူးသည်လို့တော့ ထင်နေကြကာ ဘယ်မှာတွေ့ဖူးမှန်းတော့ စဉ်းစားမရဘဲ မကြာခဏ ခိုးကြည့်၊ လှမ်းကြည့် နေဖြစ်ကြတော့သည်။



(၂၅)

သဘော်ပေါ်မှာ တာလပတ်ခင်းသူကခင်း၊ ဖျာ ခင်းသူကခင်း၊ ဖယောင်းပုဆိုးစခင်းသူကခင်း၊ ပက်လက် ကုလားထိုင်ငှားသူကငှားကာ အနားယူ နေကြပြီမို့ ဘုန်း ရောင်ထင်လည်း ကျောခင်းစရာ တစ်နေရာကို ရှာဖွေရလေ သည်။

"အစ်ကို ... ဘာလဲ၊ ကုလားထိုင်ငှားဖို့လား"

"အေးကွာ ... ရှိရင် တစ်ခုံလောက်"

"အတော်ပဲအစ်ကို ... ကျွန်တော့်မှာ ကုလားထိုင်

တစ်လုံးပဲ ကျန်တော့တာ"

"ဟဲ့ ... မောင်နီ၊ ပက်လက်ကုလားထိုင်ကြီးသယ်ပြီး ဘာလုပ်မလို့လဲ"

"ဒီက အစ်ကိုလေးကို ငှားလိုက်မလို့လေ"

ကောင်လေး ကုလားထိုင် သယ်လာတာကို ထိုကောင်လေးထက် အသက်အနည်းငယ်ပိုကြီးပုံရပြီး မောင်နှမတော်တာ သေချာသော ကောင်မလေးတစ်ယောက်က လှမ်းမေးလိုက်တာမို့ ကောင်လေးမှာ ကုလားထိုင်ကြီးသယ်ပိုးလာရင်းက ပြန်ပြီးအဖြေပေးနေရပါသေးသည်။

"ဟဲ့ ... မရတော့ဘူးဟဲ့၊ ဒီက အစ်မလေးကို ငါ ငှားမယ်လို့ ပြောလိုက်ပြီးပြီ"

"မသိကလည်းဗျာ၊ ကျွန်တော်က ငှားမယ်ပြောပြီး သယ်တောင်သယ်လာပြီးဥစ္စာ"

"ကုလားထိုင်က တစ်လုံးတည်း ကျန်တော့တာဟဲ့၊ ငါ မရလို့ မဖြစ်ဘူး"

သူတို့မောင်နှမနှစ်ယောက် အခြေအတင်ဖြစ်နေကြတာဖြစ်သော်လည်း ကုလားထိုင်က တစ်လုံးတည်းကျန်တော့သည်ဟု သိထားသောအခါ ထိုကုလားထိုင်ကို လက်မလွှတ်ရရေးသည် ဘုန်းရောင်ထင်နှင့် အသက်တို့ နှစ်ယောက်စလုံးအတွက် အရေးကြီးလာတော့သည်။





"ဒီမှာ ညီလေး ... အစ်ကိုက အရင်ပြောထားတာနော်၊ ဒီခုံ အစ်ကို့ကိုပဲပေး"

"အိုး ... တစ်ယောက်စီကို ပြောကြတာပဲ၊ ဘယ်သူအရင်ပြောတာလို့ ဘယ်လိုတိုင်းလို့ရမှာလဲ၊ ညီမလေး အစ်မရမှ ဖြစ်မှာနော်"

"ဟုတ်ကဲ့ပါ အစ်မရယ်၊ မသီ တာဝန်ယူပါတယ်"

"ဘယ်လိုလုပ် တာဝန်ယူလို့ ဖြစ်တော့မှာလဲဟ၊ ခုံက ဒီတစ်လုံးပဲ ရှိတော့တဲ့ဥစ္စာကို"

"နင်ကလဲဟယ် ... ငါတာဝန်ခံလာပြီးမှ မျက်နှာပျက်အောင် မလုပ်ပါနဲ့၊ ငါ့ပဲပေးလိုက်ပါ"

"အိုး ... အနိုင်မကျင့်နဲ့လေ၊ ငါ့လက်ထဲမှာ ခုံက ရောက်နေပြီ"

ကလေးနှစ်ယောက်က သူတို့ဘာသာ ငြင်းခုန်နေစဉ်မှာ ဘုန်းရောင်ထင်နဲ့ အသက်တို့ နှစ်ယောက်ကလည်း မျက်နှာချင်းဆိုင်ငြင်းပွဲ၊ လုပွဲတစ်ခု ဖြစ်လာလေသည်။

"ကျွန်တော်အရင်မှာလို့ ကျွန်တော့်ကောင်လေးလက်ထဲတောင် ခုံက ရောက်နေပြီပဲ၊ ခင်ဗျား လက်လျှော့လိုက်ရင် ကောင်းမယ်ထင်တယ်"

"အိုး ... ငါအရင်ပြောတာပဲ၊ နင်တို့နေရာက နီးလို့သာ နင်တို့လက်ထဲအရင်ရောက်တာ၊ ငါတို့က ဟိုးဘက်

ထိပ်ထဲက ပြောပြီး ဒီဘက်ကို လျှောက်လာနေကြတာ"

"နင် မကတ်သတ်နဲ့လေ၊ ဒီကိစ္စမှာ အချိန်က အရေးမကြီးဘူး၊ လက်ဦးမှုက အရေးကြီးတာ"

ပထမတော့ ဘုန်းရောင်ထင်က ယဉ်ယဉ်ကျေးကျေး ခင်ဗျား၊ ကျွန်တော်နဲ့ ပြောပါသေးသည်။ နောက်တော့ သူမဘက်က နင်လုံး ငါလုံးတွေ သုံးစွဲလာသည့်အခါမှာတော့ ဘုန်းရောင်ထင်က ချက်ချင်းပဲ နင်၊ ငါနဲ့ ပြောင်းလဲခေါ်ဝေါ်ပစ်လိုက်တော့သည်။

"နင် ယောကျ်ားမဟုတ်ဘူးလားဟင်၊ မိန်းကလေးတစ်ယောက်နဲ့ ပြိုင်လုတာ မရှက်ဘူးလား"

"ရှက်စရာမလိုဘူး၊ ဒီနေရာမှာ ယောကျ်ားမိန်းမလဲ အရေးမကြီးဘူး၊ ငါက တန်ရာတန်ကြေးပေးငှားမှာ၊ ခိုးဝှက်သုံးစွဲတာလဲ မဟုတ်ရင် ဘာမှရှက်စရာမရှိဘူး"

"ဩော် ... ဟုတ်ပြီ၊ ယောကျ်ားတန်မဲ့ ဒီလောက်စွာတေးလန်ပြနေမှပဲ နင့်ကို ဘယ်တုန်းက တွေ့ခဲ့ဖူးလဲဆိုတာ သတိရတော့တယ်၊ ဗိုလ်ချုပ်ဈေးထဲမှာ ငါတို့ ကြာဆံတုတ်ထိုးပန်းကန်တွေ လုသွားတာ နင်တို့ မဟုတ်လား၊ ပြီးတော့ ဆေးရုံကြီး အရေးပေါ်လူနာဌာနမှာ အတင်းဝင်လုနေတာလဲ နင်ပဲ"

ဟုတ်ပါ့။ သူမ ပြောတော့မှ မြင်ဖူးပါတယ်လို့





ဇဝေဇဝါ ဖြစ်နေသည့် ခေါင်းထဲ အလင်းရောင်တန်းတစ်ခု ဖြတ်ဝင်လာသည်။

ဒီမိန်းကလေးနဲ့ သူနှစ်ခါတောင် အငြင်းပွားရန်ဖြစ်ဖူးတာပဲ။ ကံကြမ္မာနှယ် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပဲ ဖြစ်တတ်ပါပေ့။ သူမနဲ့မှ မကြာခဏ တွေ့ဆုံငြင်းခုန်နေရသည့် အဖြစ်ဟာလေ။

ဒီနေရာမှာ တခြားတစ်ယောက် ဖြစ်နေရင်မှ ဘုန်းရောင်ထင်တို့က အလျှော့ပေးချင် ပေးလိုက်ဦးမည်။ ကိုယ်နဲ့ ရာဇဝင်ငြိထားသော ငြင်းဘက်၊ ပြိုင်ဘက်ကြီး ဖြစ်နေသောအခါတွင်ကာ ဘယ်လိုမှ အလျှော့ပေးလို့ မဖြစ်တော့ချေ။

"ကဲ ... မောလှပြီကွာ၊ တစ်နေ့လုံးလဲ ကောင်းကောင်း ထိုင်ရသေးတာ မဟုတ်ဘူး၊ ညီလေးရေ ... ခုံခင်းလိုက်တော့ကွာ၊ ထိုင်ချင်ပြီ"

"အောင်မယ် ... ကိစ္စဖြင့် မပြတ်သေးဘဲနဲ့ ဒီလိုအနိုင်နဲ့ပိုင်းချင်လို့ ဘယ်ရမလဲ၊ မခင်းနဲ့ဦး မောင်လေး"

"ဟ ... သူများသားသမီး ခုံကြီးသယ်ထားရတာလဲ ညှာတာဦးကွ"

"ဒါဖြင့်လဲ မင်းအစ်မကို ပေးလိုက်လေ"

"ဒီလိုလူလည်ကျလို့ ရမလား၊ ဒီကောင်မလေး ပေး

လိုက်မှတော့ ခုံကိုနင်ပဲရသွားတော့မှာပေါ့”

“နင်ပဲ ကောင်လေးသယ်ထားရတာ လေးလို့ သနား တယ်ဆို”

“သနားလို့ ချခင်းခိုင်းတာပဲ၊ လက်ပြောင်းပေးစရာမလို ဘူး”

“ယောကျ်ားတန်မဲ့ အငြင်းသန်လိုက်တာ၊ အရှက်ကို မရှိဘူး”

“မိန်းကလေးတန်မဲ့ လူကြားထဲမှာ အော်ဟစ်ရန်ဖြစ် နေတာကရော ရှက်စရာမကောင်းဘူးလား”

“အို ... အပိုတွေ ပြောမနေနဲ့၊ ငါက ဖြစ်သင့်တာကို ပြောနေတာ၊ နင်က ယောကျ်ားလေးပဲ၊ ဘယ်နေရာ နေနေရတယ်၊ နင်ပဲ အနစ်နာခံသင့်တာပေါ့”

“ယောကျ်ားလေး အနစ်နာခံရမယ်လို့ ဘာရာဇသတ် ကြီးပုဒ်မနဲ့မှ သတ်မှတ်မထားဘူး၊ တန်ရာတန်ကြေး ပိုက်ဆံပေးနိုင်ရင် ဘယ်လိုအခွင့်အရေးမဆို တန်းတူ ခံစားခွင့်ရှိတယ်”

အသက်က ဘုန်းရောင်ထင့်ကို မျက်စောင်းကြီး ပိတ်ထိုးပစ်လိုက်ပါသည်။ ( ၎မှာ စိတ်ဆင်းရဲဒုက္ခတွေ ဒီလောက်ကြုံနေရခိုက်မှာ ဒီကတ်ဖိုးကတ်ဖဲ့ကောင်နဲ့ ထပ် တွေ့ရတာဟာ နောက်တစ်မျိုးထပ်ကာ ကံဆိုးချင်လို့ပဲလား။





ဟုတ်မှာပါ။ ဒီခရီးစဉ်မှာ ဒီကောင်ပါလာတာ ဟာ အကုသိုလ်အတုံးလိုက် အတစ်လိုက်ဝင်တာ။ အသက် အတွက် အနှောင့်အယှက်တစ်ခု တောက်လျှောက်ပါလာဖို့ ဖြစ်လာတာ။

“တော်ပြီ၊ နင်လို အရှက်မရှိတဲ့ကောင်နဲ့ ပြိုင်ပြီးရန်မ ဖြစ်တော့ဘူး၊ ရတယ်၊ ငါက မိန်းကလေးပဲ၊ ထိုင်စရာ မရှိရင် ကြမ်းခင်းပေါ် ဒီအတိုင်းအိပ်လို့ရတယ်၊ နင် လို လူပျော့လူညံ့၊ မိန်းကလေးနဲ့ ပြိုင်ရန်ဖြစ်တတ်တဲ့ အချောက်၊ မိန်းမလျှာသာ ထိုင်ခုံလိုတာ ... ထိုင်”

အသက်က အနိုင်နဲ့ ပိုင်းပြီး လှည့်ထွက်လာ ခဲ့ပါသည်။ ဘုန်းရောင်ထင် ဆွေ့ဆွေ့ခုန်ဖြစ်လျက် ကျန်ရစ် တာကိုတော့ တမင်ပင်လှည့်မကြည့်ခဲ့တော့ပါ။

## (၂၆)

"သဘော်က မနက်ခြောက်နာရီလောက်မှ ဆိုက်မှာဆို၊ အခုလေးနာရီပဲ ရှိသေးတယ် ဆိုက်ပြီလားဗျ"

သဘော်ဆိုက်ချိန်က ခါတိုင်းထက် စောနေတာမို့ ဖျာပုံဆိပ်ကမ်းမှာ လာကြိုမည့်သူလည်း တစ်ယောက်မှမရှိသေးပါ။ မနက်လေးနာရီမို့ အလင်းရောင်ကလည်း မရှိသေး၊ တစ်မြို့လုံးကလည်း မီးရောင်မရှိ မှောင်မည်းနေလေရာ ကိုယ့်မျက်စိရှေ့ တစ်ကိုက်လောက်ကလွဲပြီး ဘာကိုမှ မမြင်ရနိုင်ချေ။





တစ်လောကလုံးဟာ ဘာကြောင့်များ ဒီလောက်မှောင်မည်းတိတ်ဆိတ်နေရတာပါလဲ။ သဘော်ပေါ် ပါလာသည့် လူအတော်များများဟာ ဒီခရီးကို သွားလာနေကျလူတွေဖြစ်ပုံရသည်။ ခါတိုင်း ဆိုက်ရမည့်အချိန်ထက် စောဆိုက်သွားတော့ လာကြိုမည့်သူမရှိ၊ စီးစရာမရှိနဲ့ဆိုတော့ ဘယ်သူမှ သဘော်ပေါ်က မဆင်းကြသေးဘဲ အိပ်လက်စအတိုင်း ဆက်အိပ်နေကြလေသည်။

သဘော်ပေါ်မှာ ရှားရှားပါးပါး မအိပ်ကြသူတွေထဲက သဘော်မောင်းသမားကြီးကို ဘုန်းရောင်ထင်က သွားမေးကြည့်လိုက်ပါသည်။ သဘော်မောင်းသမားကြီးက တစ်လမ်းလုံးမအိပ်ခဲ့ရသမျှ အခုမှ အတိုးချအိပ်တော့မည့်ပုံနှင့် ကျောခင်းကာစမို့ သိပ်ကြီးစိတ်မရှည်နိုင်ပုံဖမ်းကာ ...

"ဒီလိုပဲပေါ့ကွာ ရေကြောင်း လေကြောင်း သင့်တော့လဲ အချိန်စောချင်စောမှာပေါ့၊ အချိန်ဆိုတာ အတိအကျ သတ်မှတ်ထားလို့မှ မရတာ"

"ဘယ်သူမှလဲ မဆင်းကြသေးပါလား"

"အချိန်တန်တော့ ဆင်းမှာပေါ့ကွာ မင်းကလဲ၊ ဒီလောက်အစောကြီး ဆင်းပြီး ဆိုက်ကားမရှိ ဘာမရှိနဲ့ ဘယ်လိုသွားမလဲ"

"တစ်မြို့လုံးလဲ မှောင်မည်းနေတာပဲနော်"

"မီးပျက်နေလို့ ဖြစ်မှာပေါ့ကွာ"

တဖြည်းဖြည်းနဲ့ စိတ်တိုလာပုံ ပေါက်သော သင်္ဘောမောင်းသမားကြီးနဲ့ စကားဆက်ပြောနေလို့ မဖြစ်တော့မှန်း သိလိုက်တာမို့ ဘုန်းရောင်ထင်က အသာလျှိုပြီး ထွက်လာခဲ့လိုက်ရပါသည်။

တစ်ခါမှ မရောက်ဘူးသော ဒီမြို့မှာ လိပ်စာလေးတစ်ခု ရှိရုံနဲ့ လူတစ်ယောက်ကို လိုက်ရှာဖို့ လွယ်ပါ့မလားလို့ ပထမဆုံးအကြိမ် သံသယဝင်လာသည်။

တစ်မြို့လုံးက မှောင်မည်းနေတာ။ ဒီအချိန်မှာ ဘယ်နေရာက ဘယ်လမ်းဆိုတာ ဘယ်လိုမေးပြီး ရှာရပါ့မလဲ။ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ခဲ့သော ပြဿနာမရှိ။ မတွေ့ဘူးဆိုပါက ဘာဆက်လုပ်ရမလဲ။

အခုမှပဲ အိမ်ကထွက်လာစဉ်က မတွေးဖြစ်ခဲ့သည့် အထိတ်တလန့် အတွေးမျိုး တွေးဖြစ်တော့သည်။

ကြောက်တောင်မှ ကြောက်လာပြီ။ စိုးရိမ်စိတ်တွေကလည်း လည်ပင်းအထိ နင့်သီးတက်လာပြီ။ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ တစ်ယောက်တည်း ကူးခတ်နေရသည့် လူတစ်ယောက်ရဲ့ ဆောက်တည်ရာမဲ့ ခံစားချက်မျိုး ရင်ထဲမှာ တလှိုက်လှိုက် အုံကြွလာသည်။

မကြာခင် ကြုံတွေ့ရတော့မည့် ပြဿနာကြီးကို ပြေးလို့သာ ရင်ဆိုင်လိုက်ချင်သည်။ အခုလို ဘာမှမလုပ်နိုင်ဘဲ ထိုင်စောင့်နေရတာကလည်း တစ်ဒုက္ခ။

သို့သော် သင်္ဘောပေါ်က ဘယ်သူမှ မဆင်းကြသောအခါ သူလည်း မဆင်းရဲပါ။ တစ်မြို့လုံး မှောင်မည်းတိတ်ဆိတ်ကာ လူရိပ်လူခြည် မမြင်ရ ဖြစ်နေတာ။ သင်္ဘောပေါ်က ဆင်းသွားလဲ ဘယ်သွားလို့ ဘယ်လာရမှန်းမသိ၊ ဘယ်သူ့မေးရစမ်းရမှန်း မသိ တစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေဦးမှာ။

စိတ်ပျက်လက်ပျက်နဲ့ ကိုယ့်နေရာကိုယ် ပြန်လာပြီး ထိုင်ချလိုက်မိသည်။ လောကကြီးဟာ အစကတည်းက သိပ်ပြီး ချောချောမွေ့မွေ့ မဖြစ်ချင်ရင် ဒါဟာမကောင်းသည့် နိမိတ်လက္ခဏာပဲလား။

မျက်လုံးထောင့်က ရိပ်ခနဲ လှုပ်ရှားမှုကို တွေ့လိုက်ရတာမို့ ဘုန်းရောင်ထင်က လှည့်ကြည့်လိုက်မိလျှင် အလွန်တရာ စိတ်ရှုပ်နေသောပုံစံနှင့် အသက်ကို တွေ့လိုက်ရလေသည်။

အသက်ကလည်း တစ်သင်္ဘောလုံးက လူတွေငြိမ်သက်နေကြတာ၊ တစ်မြို့လုံးမှောင်အတိကျနေသည့် အခြေအနေမှာ ကိုယ်သွားမည့် နေရာတစ်ခုကို ဘယ်လိုလုပ်ပြီးများ လိုက်ရှာလို့ ရနိုင်မှာပါလိမ့်လို့ တွေးတောပူပန်နေတာပင်။

ကြည့်ရတာ တစ်သဘော်လုံးမှာ ကိုယ်တစ်ယောက်တည်း သူစိမ်းပြင်ပြင် ဖြစ်နေကာ ကျန်လူတွေကတော့ သွားနေလာနေကျ၊ အထာကျနေပြီးသား ပုံစံတွေနဲ့ ခပ်အေးအေး ဖြစ်နေတာသည်ပင် စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာ။

ဒီခရီးဟာ အသက်ရဲ့ ဘဝတစ်သက်တာမှာ ပထမဦးဆုံး ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်ကိုကိုယ် ဦးဆောင်ကာ သွားရသည့်ခရီးပါ။ အရင်ကတော့ ကိုယ့်မှာ အားကိုးရမည့်လူ အနည်းဆုံးတစ်ယောက်လောက်တော့ ပါတာမို့ ဘယ်သွားသွား ဘာပြစ်ဖြစ်မှုစရာမလို။ တစ်ခါတလေ ပါပါနဲ့ နိုင်ငံခြားကိုတောင် လိုက်သွားဖူးသေးတာပဲ။ ကြောက်စိတ်၊ အားငယ်စိတ်ဆိုတာ တစ်ခါမှ မဖြစ်ဖူးပါဘူး။

ရှေ့ဆက်လျှောက်ရမည့် ဘဝလမ်းမှာ တစ်ယောက်တည်းပဲ အချိန်ဘယ်လောက်ကြာကြာ နေသွားရမှာပါလိမ့်။ အင်း ... တစ်သက်လုံးလဲ ဖြစ်ချင်ဖြစ်သွားနိုင်သည်။

အဲဒီလို တွေးကြည့်လိုက်တော့လည်း ရင်ထဲမောဟိုက်နွမ်းလျသွားလိုက်ရတာ။ ပါပါနဲ့ အခုဖြစ်ရသည့်ကိစ္စဟာ သားအဖနှစ်ယောက် စိတ်အခန့်မသင့်လို့ ရန်ဖြစ်စိတ်ကောက်ပြီး အိမ်က ခဏဆင်းပြတာမျိုးမှ မဟုတ်တာ။ ပါပါ တစ်သက်လုံး လုပ်တော့မည့် ကိစ္စတစ်ခုကို ကိုယ်က





လည်း တကယ်ပဲ ခါးခါးသီးသီး ဆန့်ကျင်ကန့်ကွက်လိုလို့ လုပ်ခဲ့သည့်ကိစ္စ။ ပါပါဟာ ထိုမိန်းမနဲ့ ဘယ်တော့မှ ကွဲကွာတော့မှာ မဟုတ်သလို အသက်ကလည်း ထိုမိန်းမရှိသော အရပ်သို့ ဘယ်သောအခါမှ ပြန်မှာမဟုတ်တော့ချေ။

နေစမ်းပါဦး ...။ ဟိုတစ်ယောက်။ ဟို ကပ်ဖိုးကတ်ဖဲ့ကောင်ကရော သဘော်ပေါ်ကလည်း မဆင်းသေး၊ သူများလို အပူအပင်ကင် စွာလဲ အိပ်ပျော်မနေသေးဘဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံနှင့်ပါလား။

ကြည့်ရတာ သူလဲ အသက်လိုပဲ ဒီမြို့ကို အခုမှ ရောက်ဖူးပြီး ဘယ်သွားရမှန်း၊ ဘာလုပ်ရမှန်း မသိသည့် အူကြောင်ကြောင်ပဲ ထင်ပါရဲ့။

အသက်က ဂျာကင်အပေါ်အိတ်ထဲ ထည့်လာသော လိပ်စာကို ထုတ်ကြည့်လိုက်သည်။ အိမ်အမှတ်(--)၊ ပထမလမ်းတဲ့။

မာမာ့ဘက်က သုံးဝမ်းကွဲလောက် တော်စပ်သည့် အဒေါ်တစ်ယောက်ဟာ ဒီမှာရှိလိမ့်မည်ဆိုတာရယ်။ ထိုအဒေါ်ကိုမှ သတိတရနဲ့ လိုက်လာလိမ့်မည်ဆိုတာရယ်ကို ပါပါ ဘယ်လိုမှ မတွေးမိနိုင်ဘူး ထင်ပါသည်။

ဖျာပုံဆေးရုံမှာ လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသော အဒေါ်သုံးဝမ်းကွဲဟာ နဂိုက

တည်းက သူ့ဘာသာ သီးသီးသန့်သန့်လေး နေတတ်ပြီး ဆွေမျိုးကိစ္စတွေမှာလည်း ပါဝင်လေ့မရှိတာကြောင့် ပါပါ မပြောနဲ့ မာမာ့ဘက်က အမျိုးအရင်းတွေကတောင်မှ ဒေါ်ခင်မြင့်ဆွေကို သိပ်သတိမရတတ်ကြပါ။

အသက် ကိုယ်တိုင်လည်း ထိုအဒေါ်ကို ဘယ်တော့မှ သတိတရ ရှိတတ်တာ မဟုတ်ပါ။ အဒေါ်ရဲ့ လိပ်စာကိုတောင်မှ လွန်ခဲ့သည့် ငါးလလောက်က အကြောင်းအကျိုး တိုက်ဆိုင်လို့ ရထားခဲ့တာ။ ကိုယ်က လိုချင်လို့ တောင်းယူခဲ့တာ မဟုတ်သလို ပေးသည့်သူကလည်း ရည်ရည်ရွယ်ရွယ် ပေးတာမဟုတ်ပါဘဲ ကြုံကြိုက်လို့ ပေးသွားခြင်းမျှသာ ဖြစ်လေရာ အသက်ထံမှာ ထိုလိပ်စာတစ်ခု ရှိနေမှန်းတောင် ဘယ်သူမှ သတိရကြလိမ့်မည် မဟုတ်ပါ။

ဘာလုပ်ရမှန်းမသိ ကြောင်တက်တက် ထိုင်နေမိရင်း ဟိုကောင့်ကိုလည်း မကြာခဏ ကြည့်နေမိသည်။ သူ့ကို အမြင်ကတ်လှပေမယ့် ဒီနေရာမှာတော့ ကိုယ်နဲ့သူဟာ ဘဝတူတွေမို့ အတုယူစရာရှိ ယူရအောင် သူ့ရဲ့လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေမှ ဖြစ်လိမ့်မည်လေ။



## (၂၇)

"ဆိုက်ကားဆရာ"

"ဆိုက်ကား ... ဆိုက်ကား"

အလင်းရောင်လေး ထွက်ပြူလာလို့ တစ်မြို့လုံးရော၊ သင်္ဘောပေါ်က လူတွေရော လှုပ်လှုပ်ရှားရှား စဖြစ်လာချိန်မှာ ဘုန်းရောင်ထင်ရော အသက်ပါ အိတ်ကိုယ်စီဆွဲကာ သင်္ဘောပေါ်က ဆင်းလိုက်ကြပါသည်။

သင်္ဘောဆိပ်မှာ ဆိုက်ကားတချို့ ရပ်ထားကာ အတော်များများဟာ ငှားမည့်လူရှာတွေ့သွားကာ တဖြုတ်ဖြုတ်

ထွက်သွားကြပြီ။ ကိုယ့်မှာ စောစောစီးစီးထဲက ဆင်းချင်နေပါလျက် သူများလို မလည်ပတ်တာမို့ အားလုံးဆိုက်ကားငှားပြီး သွားချိန်မှာ အသက်နဲ့ ဘုန်းရောင်ထင်တို့ နှစ်ယောက်သာ သဘော်ဆိပ်မှာ ယောင်လည်လည်ကျန်ခဲ့လေသည်။

မထူးပါဘူးဆိုပြီး တစ်စီးတည်းကျန်သော ဆိုက်ကားကို အော်ခေါ်မိပြန်သော အခါကျတော့လည်း နှစ်ယောက်အတူတူပင်။

ဆိုက်ကားဆရာက ခေါ်သံလည်းပြိုင်တူ၊ ရပ်နေကြတာကလည်း တစ်ယောက်နဲ့တစ်ယောက် မနီးမဝေး၊ ပုံစံလေးတွေကလည်း မြို့ကလာမှန်း သိသာနေတာမို့ ဘုန်းရောင်ထင်နဲ့ အသက်ကို နှစ်ယောက်အတူပဲလို့ ထင်ကာ နှစ်ယောက်ကြားသို့ နင်းလာလိုက်ပါသည်။

"ဘယ်သွားကြမလို့လဲ ကလေးတို့"

"ပထမလမ်း"

"ပထမလမ်းကို သွားမလို့"

"ဪ ... ရတယ်၊ ပို့ပေးမယ်"

"ဘယ်လောက်ပေးရမလဲ"

"ကြည့်ပေးပေါ့ကွာ၊ ခရီးက သိပ်တော့မဝေးပါဘူး"

ကိုယ့်ဖောနဲ့ကိုယ်မို့ ဘေးမှာ ဘယ်သူရှိနေလဲ ဆိုတာ တစ်ယောက်မှ သတိမထားမိကြ။ ပြောဆိုပြီးတော့





မှပင် ဘုန်းရောင်ထင်ကလည်း ဆိုက်ကားပေါ်တက်ဖို့ပြင်၊ အသက်ကလည်း ဆိုက်ကားနား ခြေအလှမ်းကျကာမှ တစ်ဘက်လူကို သတိထားမိတော့တာ။

"ဟမ် ... နင်ကဘာလဲ၊ ဘာလုပ်မလို့လဲ"

"ဆိုက်ကားငှားစီးတာလေ၊ နင်ကရော"

"ဒါငါငှားထားတဲ့ ဆိုက်ကားပဲဟဲ့၊ ဦးလေးကြီး။ သမီးအရင်ငှားတာနော်"

"မဟုတ်ပါဘူး၊ ငါအရင်လှမ်းခေါ်တာပါ"

"နင် အမိပွှာယ်မရှိ လိုက်ကတ်သတ်နေပြန်ပြီဟာ၊ သဘော်ပေါ်မှာတုန်းကလဲ ငါငှားမယ့် ကုလားထိုင်ကို ယောကျ်ားတန်မဲ့ နင်ပဲလုယူသွားတယ်၊ အခုလဲ ငါငှားမယ်ဆိုက်ကားကို အတင်းလုငှားနေပြန်ပြီ"

"နင်ငှားတဲ့ ဆိုက်ကားလိုက်လုငှားတာ မဟုတ်ဘူး၊ ဒီတစ်စီးဘဲ ကျန်တော့လို့ ဒါပဲခေါ်ရတာ၊ မဟုတ်ရင် များ အနားတောင် မသိပါဘူး"

"ဒါဆိုလဲသွားလေ"

"သွားလို့ဖြစ်မလားဟ၊ ဆိုက်ကား ဒီတစ်စီးထဲရှိပါတော့တယ်ဆိုမှ၊ နင်က ငှားသွားတော့ ငါက ဘာလုပ်ရမှာလဲ"

"မင်းတို့နှစ်ယောက်က အတူတူ မဟုတ်ဘူးလား"

ဆိုက်ကားဆရာကြီးက အခုမှ သဘောပေါက်သွားသလို မေးလိုက်လေသည်။ သူ့ခမျာလည်း လှမ်းအခေါ်ခံရပြီးမှ နှစ်ယောက်သားရဲ့ ငြင်းခုန်ပွဲကို ထိုင်ကြည့်ကာ ဘာလုပ်ရမှန်းမသိ အူကြောင်ကြောင် ဖြစ်နေရရှာသည်။

"မဟုတ်ဘူး ဦးလေး"

"တခြားစီပဲ"

"ဒါပေမယ့် ပထမလမ်းကိုပဲ အတူတူသွားကြမှာ မဟုတ်လား၊ အတူတူပဲ စီးလိုက်ကြပေါ့ကွာ၊ အထုတ်အပိုးလည်း သိပ်မှမများတာ၊ ပိုက်ဆံလည်း တစ်ယောက်တစ်ဝက်ပေးရတော့ သက်သာတာပေါ့ကွာ"

"ပိုက်ဆံ မသက်သာတာ အရေးမကြီးပါဘူး၊ မဟုတ်တဲ့လူနဲ့တော့ တွဲမစီးနိုင်ဘူး"

"စီးလိုက်ပါ ကလေးမရယ်၊ ဆိုက်ကားက တစ်စီးတည်းရှိတော့တာ၊ သွားရမယ့်နေရာချင်းလဲ အတူတူပဲဆိုတော့ အတူပဲ သွားလိုက်ကြပေါ့ကွယ်"

ဆိုက်ကားဆရာကြီးပြောသည့်စကားက ဆဘာဝကျပါသည်။ သွားရမည့်နေရာချင်း အတူတူဖြစ်နေမှတော့၊ စီးစရာ ဆိုက်ကားကလည်း တစ်စီးတည်းရှိနေမှတော့ တခြားရွေးစရာလမ်း မရှိပါ။ သို့သော်လည်း အမြဲတမ်း ပြိုင်ဆိုင်လုယက်လာကြသူတွေပီပီ တစ်ယောက်နဲ့တစ်ယောက် ပေါင်း





စပ်ယှဉ်တွဲလိုက်ရမှာကို ဝန်လေးနေမိတာပဲဖြစ်သည်။

"ကဲပါကွယ် ... တက်လိုက်ကြပါ၊ ဦး အဆင်ပြေအောင် ပို့ပေးမှာပေါ့၊ သွားမယ့်အိမ်နံပါတ်သာ ပြောကြ"

နှစ်ယောက်သားမှာ မတတ်သာစွာပဲ ဆိုက်ကားပေါ်တက်လိုက်ကြရပါသည်။ ဒီလိုမှ မလုပ်လျှင်လည်း သူစိမ်းရပ်ရွာမှာ ယောင်လည်လည် ဖြစ်နေကြဖို့ပဲ ရှိတော့တာလေ။

"ကျွန်တော်သွားမယ့် အိမ်နံပါတ်က --"

"ဘာ"

"နင့်ကိုပြောတာမဟုတ်ဘူး၊ ဦးလေးကြီးကိုပြောတာ"

"ဘယ်သူ့ပြောပြော ထပ်ပြောစမ်း၊ နင်သွားမယ့် အိမ်နံပါတ်ကို"

"ဘာလို့ပြောရမှာလဲ"

"ကလေးမကရော၊ ဘယ်သွားမှာလဲ"

အသက်မှာ ကိုယ်သွားမည့် အိမ်နံပါတ်ကို ပြောပြဖို့တောင် ခက်ခဲသွားရပါသည်။ ဘာဖြစ်လို့လဲ ဆိုတော့ သူမသွားရမည့် အဒေါ်ရဲ့အိမ်နံပါတ်ဟာ ဟိုကတ်ဖိုးကတ်ဖဲ့ကောင်ပြောသည့် အိမ်နံပါတ်ပဲ ဖြစ်နေလို့လေ။

အခုမှ မသွားတော့ဘူးလို့ လုပ်လို့လည်း မရတော့ပါ။ ဒီမြို့ ဒီရွာမှာ ကိုယ့်အတွက် သွားစရာဆိုလို့ ဒီတစ်နေရာ

တည်းရှိတာ။ အဲဒီတစ်နေရာမှာမှ ဂြိုဟ်ကောင်က လိုက်ပါလာသည်ဆိုတော့ ကိုယ့်ရဲ့ ကုသိုလ်ကံဟာ ဘယ်လောက်ဆိုးဝါးလိုက်သလဲ။

"ကျွန်မလည်း အဲဒီအိမ်နံပါတ်ကိုပဲ သွားချင်တာ"

ဆိုက်ကားဆရာကြီးက သူတို့နှစ်ယောက်ကို ငဲ့ကြည့်လိုက်ပါသည်။ စိတ်ထဲမှာလည်း သိပ်မသင်္ကာချင်တော့။ ဒီနှစ်ယောက်ဟာ လာတုန်းကလည်း အတူလာသည်၊ ဆိုက်ကားခေါ်တော့လည်း အတူတူ၊ သွားမည့်နေရာကလည်း တစ်ခုတည်း။ ပါးစပ်က ပြောတော့သာ မဆိုင်ဘူးဖြစ်တာ၊ ဒီနှစ်ယောက်ဟာ အတူတူလာကြရင်းနဲ့ တစ်ယောက်ကိုတစ်ယောက် စိတ်ကောက်နေကြတာလားမသိ။

အင်းလေ ...။ ထားပါတော့။ ဒါတွေ တွေးနေလို့ အပိုပါပဲ။ သူ့တာဝန်က ခရီးသည်တွေလိုရာကို အဆင်ပြေပြေ ရောက်သွားဖို့ပဲ မဟုတ်လား။



(၂၈)

"မသွားလို့ကလည်း မဖြစ်ဘူးကွယ်၊ ဒီနှစ်ယောက်ထားခဲ့ရမှာလဲ စိတ်တော့ ခပ်ပူပူပဲ"

စိတ်တော့ ခပ်ပူပူဆိုပေမယ့် အန်တီလေးဟာ အသက်တို့ရဲ့ အခက်အခဲကို တကယ်ထဲထဲဝင်ဝင် သိရှိပြီး လေးလေးနက်နက် ပူပင်တာမျိုးတော့ မဟုတ်ပါ။

ဒီအိမ်ရောက်လို့ နှစ်ရက်ပဲ ရှိသေးသည် အန်တီလေးရဲ့ ခင်ပွန်း ဒေါက်တာအောင်ဖုံရဲ့အမေ အသည်းအသန်ဖြစ်သည်ဆိုလို့ လင်မယားနှစ်ယောက်စလုံး ဒေါက်တာ

အောင်ဖုံမိဘတွေရှိရာ ကလောကို လိုက်သွားကြဖို့ ဖြစ်လာတာ။

အန်တီလေးအနေနဲ့လည်း သူ့ခင်ပွန်းရဲ့မိသားစုတွေက သူ့အပေါ် သိပ်ကျေကျေနပ်နပ်ကြီး မရှိတာကြောင့် ဒီတစ်ခါ လိုက်မသွားဘဲ ဘာသိဘာသာ နေလိုက်လျှင် နာမည်ဆိုး တွင်ကျန်ရစ်မှာစိုးလို့ ကြိုးကြိုးစားစား လိုက်သွားရရှာမှာ။

ပြီးတော့ ဒီအစီအစဉ်က အသက်တို့ရောက်မလာခင် အစောထဲက ရှိပြီးသား အစီအစဉ်။ အန်တီလေးဆေးရုံက ခွင့်ယူဖို့ရယ်၊ အပြင်ဆေးခန်းပဲထိုင်သော သူ့ယောက်ျား ဆေးခန်းကိစ္စတွေ ရှင်းလင်းဖို့ရယ်ကြောင့်သာ နှစ်ရက် သုံးရက် ကြာနေတာ။

အန်တီလေး မရှိလဲ ဒီအိမ်မှာ ဆက်နေလို့တော့ ရပါသည်။ အိမ်နဲ့တွဲဖွင့်ထားသော ဆေးခန်းအတွက် အကူခေါ်ထားသော ကရင်အမျိုးသမီး ဆရာမကြီးရယ်၊ သူ့သား ဆယ့်သုံးနှစ်လောက်အရွယ် ချာတိတ်ကလေးရယ် ရှိတာမို့ နှစ်ယောက်တည်း ကျန်နေလဲ အမြင်တော့ ဆိုးစရာမရှိပါ။

ဒါပေမယ့် ဘယ်လိုနေရမှာလဲ။ ရန်ကုန်မှာထဲက ကျောင်းတော်က ရန်စရှိခဲ့သော လူတစ်ယောက်နဲ့ ဖျာပုံ အလာခရီးမှာလည်း အဆင်မပြေ ဖြစ်ခဲ့ကာ ဒီမှာ နှစ်ရက်





လောက် အတူနေပြီးတော့လည်း အစဉ်အလာမပျက် ရန်ဖြစ်ဆဲ။ ကိုယ့်ကို အုပ်ထိန်းမည့် လူကြီးတွေ ရှိနေတာတောင် အဆင်မပြေသေးလျှင် လူကြီးတွေ မရှိတော့ဘူးဆိုပါက ဖြစ်လို့ကောင်းလိုက်မည့်အမျိုး။

"အသက်က ဦးတို့နဲ့ လိုက်ချင်လိုက်ခဲ့ပါလား၊ ဟိုမှာ အိမ်ကကျယ်ပါတယ်"

အန်တီ့ယောက်ျား ဦးအောင်ဖုံက လောကွတ်လုပ်ကာ ခေါ်သော်လည်း တကယ်စိတ်ထဲက မပါလှဘူးဆိုတာ အသက်က သိနေပါသည်။ ဟုတ်တော့လည်း ဟုတ်မှာပါ။ အန်တီလေး ကိုယ်တိုင်တောင်မှ တစ်ဘက်မိသားစုထဲကို မျက်နှာငယ်ငယ်နဲ့ တိုးဝင်ရမှာ။ ပြီးတော့ ဟိုမိသားစုမှာလည်း သောကတွေ အပူတွေနဲ့ဆိုတော့ လိုက်သွားလည်း ကိုယ်ပဲအနေကျုံ့ကာ စိတ်ညစ်ရမှာ။ ဒီမှာနေခဲ့တာကမှ ဟိုကတ်ဖိုးကတ်ဖဲ့ကောင်နဲ့ ရန်ဖြစ်ရတာ တစ်ခုပဲ ပြဿနာရှိမည်။

"သူ့ကို ခေါ်သွားပါလား ဦး"

"အောင်မာ ... ငါက သူများအိမ်ကို ဘာလို့ လိုက်သွားရမှာလဲ"

"မသိဘူးလေ၊ နင့်အတွက်က ဘယ်နေရာဖြစ်ဖြစ် သူများအိမ်ချည်းပဲကိုး၊ ငါကမှ ဒီအိမ်ဟာ ငါ့အဒေါ်အိမ်

ဖြစ်သေးတယ်၊ ဦးနဲ့နင်က အမျိုးမှ မတော်တာ”

ဘုန်းရောင်ထင်မှာ အောင့်ခနဲနေကာ မရှုမလှ ခံလိုက်ရပါသည်။ ဟုတ်တော့လည်း ဟုတ်ပေသား။ အသက်ဆိုသည့် ဟာမလေးက ဒေါ်ခင်မြင့်ဆွေရဲ့ သုံးဝမ်းဆိုလား ကွဲသောတူမမို့ သွေးသားတော်စပ်မှု ရှိသေးသည်။ ဦးအောင်ဇံဆိုတာက သူ့သူငယ်ချင်း ထွန်းမင်းအောင်ရဲ့ ဦးလေး။ ထွန်းမင်းအောင်တို့ဆီကို တော်တော်ကြီးကြာမှ တစ်ခါရောက်လာတတ်သော ထိုဦးလေးဟာ သူ့နဲ့လည်း မျက်မှန်းတန်းမိတယ်ဆိုရုံလောက်သာ သိတာပါ။

ဒါဖြင့်ရင် ဘာကြောင့်များ ဒီကိုရောက်လာရတာပါလဲလို့ မေးလျှင် မေမေ ဘယ်လိုမှ ရှာမတွေ့နိုင်။ မစဉ်းစားမိနိုင်သည့် နေရာမျိုးဖြစ်လို့ဟုပဲ ဖြေရမည်ပင်။

ဘုန်းရောင်ထင်ဟာ ခပ်ညံ့ညံ့ကောင်လေးတစ်ယောက်ပဲမို့ နယ်မှာနေသည့် တခြားမိတ်ဆွေ အပေါင်းအသင်းတွေရဲ့ လိပ်စာကိုလည်း စဉ်းစားမရပါ။ ဒီနေရာသည်သာ သူစဉ်းစားမိသည့် တစ်ခုတည်းသော နားခိုရာမို့ ဒီနေရာကိုသာ ရောက်အောင်လာခဲ့ရတာ။

“ဦးတို့က ဘယ်လောက်ကြာမှာလဲဟင်”

“ဟဲ့ ... နင် ဦးနှောက်မရှိဘူးလား၊ ဒီစကားမျိုးက မေးကောင်းတဲ့စကား မဟုတ်ဘူးဟဲ့”





“အဲဒါ ပြောတဲ့လူက ပိုဦးနှောက်မရှိတာ၊ နင်သိ နင့်စိတ်ထဲ ထားပါလား၊ ထုတ်ပြောလိုက်တော့မှ သတိမထားမိတဲ့လူတွေပါ ထားမိသွားအောင်”

တစ်ယောက်တစ်ယောက် အပြိုင်အဆိုင် အပုပ်ချကြရင်း စကားတွေလွန်သည်ထက် လွန်လာသောအခါ ကာယကံရှင်ဖြစ်သည့် ဦးအောင်ဇံက မျက်နှာတဖြည်းဖြည်း ပျက်လာပြီ။ ဒါတောင် နှစ်ယောက်သား သတိမထားမိကြပဲ ငြင်းခုန်ဆဲ။

“ဟဲ့ ... ကလေးတွေ၊ တော်ကြပါတော့ကွယ်၊ သွားတောင် မသွားရသေးဘူး သူတို့က ဒီလောက်ငြင်းနေရင် အုပ်ထိန်းမဲ့ လူကြီးများ မရှိလို့ကတော့ ကမ္ဘာတောင် ပျက်သွားမလား မသိဘူး”

အန်တီလေး အော်လိုက်မှပင် နှစ်ယောက်သား ကိုယ့်အမှားကိုယ်သိကာ ငြင်းပွဲကို ရပ်လိုက်ရသော်လည်း မျက်နှာရိပ် မျက်နှာကဲနဲ့တော့ ဆက်လက်ယှဉ်ပြိုင်တိုက်ခိုက်နေဖြစ်ကြသေးလေသည်။

❧ ✠ ❧

## (၂၉)

"ဝေ့ ... ကလေးတွေ၊ အမိုးဆေးရုံသွားလိုက်ဦးမယ်၊ မနက်စာ ချက်ထားခဲ့ပြီးပြီ၊ စားလိုက်ကြ"

မနက်ဆိုလျှင် သူနာပြုဆရာမကြီး နော်အဲလာက ဆေးရုံမှာ အလုပ်ဆင်းဖို့ ထွက်သွားပြီး သူ့သား စောထူးဝါးက ကျောင်းသွားပြီမို့ အိမ်မှာ အိပ်ပုပ်ကြီး နှစ်ယောက်သာ ကျန်လေသည်။

မနက် အမိုးဆေးရုံသွားလျှင် သူ့မှာ အပိုရှိသော အိမ်သော့နဲ့ ခတ်သွားပြီ အိမ်ရှင်တွေအတွက် သော့ကိုတော့





အသက်နဲ့ ဘုန်းရောင်ထင်တို့က ယူထားပါသည်။

ဒါတောင် ပြဿနာတက်ရသေးသည်မှာ နှစ်ယောက်သားက တစ်ယောက်တစ်လမ်းစီထွက်ကာ သွားချင်သည့်အချိန်သွား၊ ပြန်ချင်သည့်အချိန်မှာ ပြန်ကြတာမို့ သော့ကို တစ်ယောက်က ယူသွားလျှင် ကျန်တစ်ယောက်က အဝင်အထွက် ခက်ပြီ။

အမိုးရဲ့သော့ကိုလည်း ဘယ်သူကမှ ယူထားလို့ မရပေရာ သူတို့နှစ်ယောက်မှာ တစ်နေ့ တစ်နေ့ သော့ဦးရတာကိုက ပြဿနာတစ်ခုပင်။

ဒီနေ့တော့ နှစ်ယောက်ထဲမှာ အိပ်ရာစောထဖြစ်သူဟာ ဘုန်းရောင်ထင် ဖြစ်ပါသည်။ ဒီနေ့မှမဟုတ်၊ အခါတိုင်းနေ့တွေလည်း အိပ်ရာက အရင်ထ,ဖြစ်သူမှာ ဘုန်းရောင်ထင်သာလျှင် ဖြစ်ပါသည်။ သူက ဇိမ်ကျကျ အိပ်ရသူမှမဟုတ်ဘဲ။ အောက်ထပ်က ကွပ်ပျစ်ခပ်ဆန်ဆန် လက်ရာကြမ်းကြမ်း ခုတင်ပေါ်မှာ ဖျာခင်း၊ ဂွမ်းစောင်ထူထူတစ်ထပ်ခင်းကာ အိပ်ရတာ။

အသက်ကတော့ အပေါ်ထပ်က ဒေါ်ခင်မြင့်ဆွေတို့ လင်မယားအိပ်သည့် နှစ်ယောက်အိပ်ခုတင်နဲ့၊ မွေ့ရာထူထူပေါ်မှာ ဇိမ်နဲ့ လိုမ့်ပိမ့်အိပ်ခွင့်ရသူမို့ နေမြင့်ရုံမက နေမွန်းတည့်ချိန်လောက်အထိလည်း အိပ်ချင်အိပ်နိုင်လေသည်။

ဘုန်းရောင်ထင့်မှာတော့ အသက်လောက် အခွင့်အရေးမရပါ။ မနက်ဆိုလျှင် သူ့အတွက် ကျရောက်တတ်သည့် ဒုက္ခတစ်ခုမှာ မနက်စာ စားဖို့ပင်။ ရန်ကုန်မှာဆိုလျှင် မနက်တိုင်း သူစွဲစွဲမြဲမြဲစားတတ်သော အစားအစာ ပုံစံဟာ တစ်မျိုးဟည်းသာ။ ထိုတစ်မျိုးတည်းကိုလည်း တခြားသူ ပြင်ပေးလျှင် မကြိုက်တတ်ဘဲ မေမေ ပြင်ပေးမှ စားတတ်သူ ဖြစ်ပေရာ အမိုး ကြော်ပေးထားခဲ့သော ထမင်းကြမ်းနဲ့ ပဲပြုတ်ကြော်ကို ဘယ်လိုမှ မျိုချလို့ မရတတ်ပါ။

ထိုအခါမှာ မနက်စာအတွက် လက်ဖက်ရည်ဆိုင်ကို ပြေးရတတ်သေးရာ အသက်လိုတော့ အိပ်ရာထက်မှာ အပူအပင်ကင်းစွာ ဇိမ်ယူမနေနိုင်ချေ။

အသက်ကတော့ဖြင့် သြချလောက်ဖွယ် ကောင်းပေစွ။ မိန်းကလေးတစ်ယောက် ဒီလောက်ခြေကန် အိပ်နိုင်တာကို ဘုန်းရောင်ထင့် တစ်သက် တစ်ခါမှ မတွေ့ဘူး။ ကိုယ့်ကိုယ်ကို တော်တော်အိပ်နိုင်လှပြီလို့ ထင်ထားတာတောင်မှ အရှုံးပေးရသေးသည်ဆိုတော့ ဒီကောင်မလေးရဲ့ ပျင်းနိုင်အားဟာ ကိုယ့်ထက်အများကြီး သာသည်လို့ ပြောရမှာ။

နောက်တစ်နေ့ရော သာသေးတာက ဈေးများသည့်နေ့ရာ။ မနက်အိပ်ရာထ နောက်ကျတတ်လို့ သူမရဲ့ နိုးချိန်





ဟာ မနက်စာစားချိန်ကို ကျော်လွန်လျက် နေ့လယ်ထမင်းစားချိန်ကို ရောက်သွားတာမို့ မနက်စာအတွက် ပြဿနာမရှိသော်လည်း ထမင်းစားချိန်မှာတော့ ပြဿနာက စလာပါလေတော့သည်။

အမိုးခများ မနက်စာအတွက် ထမင်းကြော်၊ ကော်ဖီတို့ ပြင်ဆင်ပေးထားခဲ့သလို၊ ထမင်းစားချိန်မှာ စားဖို့လည်းထမင်းတစ်အိုးအပြင် ဟင်းတစ်ခွက်၊ ဟင်းချိုတစ်ခွက်၊ ငါးပိရည်တို့စရာတွေကို ပြင်ဆင်ချက်ပြုတ်ခဲ့ရှာပါသေးသည်။

ဒါပေမယ့် ကံဆိုးတာကတော့ အမိုးဟာ ဟင်းချက်အလွန်ညံ့ဖျင်းတာပါပဲ။ နောက်ပြီး ဖျာပုံဈေးထဲမှာက ဝက်သား၊ ကြက်သား၊ ဆိတ်သား စသည့် အသားတွေရှားကာ ငါးအမျိုးမျိုးပဲ ပေါပေါရလျက် ပုစွန်ဆိုရင်တောင် ပုစွန်ကျော့လောက်၊ လက်မအရွယ်လောက်လေးတွေပဲရတာ။ ဒီတော့ ဟင်းက အများအားဖြင့် ငါးရေကျို၊ ငါးဆီပြန်၊ ငါးကြော်၊ ချဉ်ရည်ဟင်းလောက်သာ ဖြစ်တတ်တာ။

ထိုငါးဟင်းတွေကို ဘုန်းရောင်ထင်ရော အသက်ပါ ဘယ်လိုမှ မစားနိုင်ပါ။ နှစ်ယောက်စလုံးဟာ အိမ်မှာဆို အမြိန့်သား၊ အကျော့စား နေထိုင်ခဲ့ကြရတာမို့ ငါးရိုးကိုပင် ဖြောင့်အောင် မထွင်တတ်ပါ။ မနေ့ကချက်သည့် ငါးသလောက်ရေကျိုဟင်းဆိုရင်ပဲကြည့်၊ နံနံပင်အုပ်ထားကာ

ရေတ်သီးအဆီရည်ပေါလောထဲမှာ ငါးတုံးလေးတွေ မျောနေသော အငေးကပင် ညှီတောက်တောက်အနံ့ဆိုးရနေသည့် ထိုဟင်းကို နှစ်ယောက်သား စားနိုင်ဖို့ဝေးစွ အရိုးမျှင်မျှင်မွမွလေးတွေကို ဘယ်ကစပြီး ဖယ်ထုတ်ရမည်မှန်းပင် မသိကြချေ။ အရေးထဲ အနံ့က ဆိုးလွန်းလို့ လက်တစ်ဖက်က နှာခေါင်းကို ပိတ်ထားရသေးသည်။

တစ်နေ့ကချက်သည့် ငါးဘဲဆိုသည့် ငါးကျပြန်တော့လဲ အကောင်ကသေးသေး၊ အရိုးကကြီးကြီး၊ အရိုးလဲ နွှင်ထုတ်ပြီးရော စားစရာအသားက မကျန်တော့။

ပြီးတော့ ဟိုတစ်ခါချက်သည့် ပုစွန်ဟင်းဆိုလျှင်လည်း အမြီးရောခေါင်းရော မချွတ်ထားတာမို့ အာခေါင်ရှုးလိုက်တာ မပြောပါနဲ့တော့။

အတွဲအစပ်ဟင်းရံဆိုတာလည်း ဘယ်တော့မှပါသည်မရှိ။ မနက် အလုပ်မသွားခင် အပြေးအလွှား ချက်ပြုတ်သွားရသော အမိုးဟာ ဖွယ်ဖွယ်ရာရာ လုပ်ချိန်မရတာလဲ ပါရှာသလို ဟင်းအမယ် တစ်မျိုးရှိလျှင်ပဲ ထမင်းစားလို့ရပြီဆိုသည့်အသိ ခေါင်းထဲဝင်နေတာလဲပါသည်။

အဓိကဟင်းတစ်မျိုးပြီးလျှင် နောက်ထပ်ပါတတ်တာက ဟင်းချို။ ဟင်းချိုဆိုသော်လည်း ရန်ကုန်မှာ သူတို့သောက်ရသည့် ပါဝင်ပစ္စည်း ခပ်များများ၊ အရသာစုံစုံနဲ့





အထူးတလည် ပြင်ဆင်မွမ်းမံထားသည့် ဟင်းချိုမျိုးမဟုတ်ပါ။ ဟင်းအိုးထဲ ရေနဲ့ပုစွန်ခြောက်မှုန့်ထည့်၊ ဆူအောင်တည်၊ ဆူသည့်အခါ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ပဲညွန့်၊ ကြာရိုးကြိုရာအရွက်အရိုးတစ်ခုခု ကောက်ထည့်ပြီး အရသာအနည်းငယ်ပြင်ရုံနဲ့ပြီးသော ရည်တည်ဟင်းချိုမျှသာ။

တို့စရာကတော့ အစုံအလင်ပါရှာပါရဲ့။ ထမင်းပွဲအုပ်ဆောင်းကို ဖွင့်လိုက်လျှင် အထင်ရှားဆုံးမြင်သာသည့်အရာဟာ လင်ပန်းကြီးတစ်ချပ် အပြည့်ထည့်ထားသည့် တို့စရာမျိုးစုံပင်။ ညိုညိုအရိုးတံတုတ်တုတ်များ။ မြက်လိုလိုအစိမ်းခြောက်ရောင် အရွက်ချွန်းချွန်းများ၊ ဂျင်းလိုလို အဝါရောင် အချပ်ချပ်များ၊ ရေနွေးလောင်းထားသော ပန်းပွင့်အဝါသေးသေးနှင့် အစိမ်းရွက်များ၊ ဘာမှန်းမသိသည့် အသီးလုံးလုံးများ အစရှိသဖြင့် မြေပဒေသာက သစ်သီးဝလံပြပွဲထက်တောင် စုံလင်လောက်အောင် တခမ်းတနားပြင်ဆင်ထားသည့် တို့စရာပွဲကြီးပင်။

ပြီးတော့ ငါးပိရည်။ ငါးပိရည်ဟာ လက်ဆေးဇလုံတစ်လုံး အပြည့်ဖျော်ထားတာ။ ထမင်းမစားဘဲ ၊ နှစ်ယောက်သား ငါးပိရည်ချည်းပဲ အဝထိုင်သောက်လျှင်တောင် မကုန်နိုင်မည့် ဇလုံကြီးနဲ့အပြည့်။

အဲဒါတွေကို ဘာလုပ်ရမှာလဲ။ နှစ်ယောက်စလုံး

ဟာ အစားအသောက် ဈေးများရုံမက အကောင်းကြိုက်တတ်ကြသူတွေချည်းမို့ ငါးပိရည် တို့စရာဆိုတာ ထမင်းဝိုင်းထဲတောင် အသွင်းခံခဲ့ကြတာ မဟုတ်ပါ။ တစ်နေ့ တစ်နေ့ အဲဒါကြီးတွေပဲ စပါယ်ရှယ် စီစဉ်ကာ ဟင်းကျဲတော့ဖြစ်က တတ်ဆန်း ချက်ပြုတ်ထားသော ထမင်းဝိုင်းကို ဘယ်သူမှ လှည့်မကြည့်ချင်တော့ပါ။

သူများအိမ် အခန့်သား တက်နေပြီး သူများချက်ကျွေးသည့် ထမင်းဟင်းကို ကောင်းတယ်မကောင်းဘူး ဝေဖန်ရမှာ အားနာဖို့ကောင်းတာမို့ ဘာမှမပြောဖြစ်ကြသော်လည်း တစ်နပ်စာဝမ်းရေးကိုတော့ ကြုံသလို ဖြေရှင်းကြရပါတော့သည်။

မနက်စာကတော့ ကိစ္စမရှိ၊ ညနေစာဆို ပိုဒုက္ခရောက်တာ။ အထူးသဖြင့် အသက်က မိန်းကလေးမို့ ပိုစိတ်ညစ်ရပါသည်။ ညနေတိုင်း ထမင်းဆိုင်ကို တစ်ယောက်တည်း သွားသွားစားရသည့် ဒုက္ခဟာ အသက် အတွက် သိပ်မလွယ်လှပါ။

ဖျာပုံမြို့မှာတော့ အကောင်းဆုံးပဲဆိုသည့် သန်းသန်းထမင်းဆိုင်ဟာ သူတို့နေထိုင်သည့် ပထမလမ်းနဲ့ သိပ်မဝေးလှတာမို့ သွားရေးလာရေးတော့ သိပ်မခက်။ ခက်နေတာက သူများရပ်ရွာမှာ မိန်းကလေးတစ်ယောက်တည်း





ညနေတိုင်း အပြင်ထွက်ရတာ။

ဒီတော့ အသက်မှာ ဗိုက်မဆာလဲ ညနေလေးနာရီလောက်ဆို ထမင်းသွားစားထားရပါပြီ။ ဒါမှ အသွားအပြန်နဲ့၊ ဆိုင်မှာ ထမင်းပွဲပြင်တာ စောင့်ရမှာနဲ့၊ ထမင်းစားမှာနဲ့ဆို ညနေငါးနာရီဝန်းကျင်လောက် အိမ်ပြန်ရောက်မှာ။

အခက်အခဲဆိုတာ ဒါပဲလားလို့ ကျုံးအော်ပစ်လိုက်ချင်စိတ်ဟာ နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေပါပြီ။ ပါးစပ်က ထုတ်မအော်ဖြစ်တာကတော့ ကိုယ့်ရဲ့လုပ်ရပ်အပေါ် အရှုံးပေး အညံ့ခံလို စိတ်မရှိကြသေး၍ပင်။

ကိုယ့်အိမ်က ထမင်းဝိုင်းနဲ့ အကွာကြီးကွာလှသော အမိုးလက်ရာ ထမင်းဝိုင်းကို ကြည့်မိတိုင်း ရန်ကုန်နဲ့ ဖျာပုံသာ ရေလမ်းခရီးမခြားပါက အိမ်ကို အပြေးပြန်သွားချင်သည့်စိတ်ကိုတော့ နှစ်ယောက်စလုံး မနည်းချိုးနှိမ်ထားကြရလေသည်။

## (၃၀)

"ဟယ်တော် ... မီးပျက်သွားပြီ"

ညရှစ်နာရီလောက်ကြီး တီဗွီကြည့်ကောင်းဆဲအချိန်မှာမှ မီးပျက်သွားတာမို့ အသက်ရဲ့ စိတ်လက် မကြည်လင်စွာ အော်ဟစ်လိုက်သံက ထွက်ပေါ်လာလေသည်။

အမိုးတို့သားအမိကလည်း ဒီနေ့မှာပင် နောက်ကျမည်ပြောကာ အိမ်ပြန်ရောက်မလာကြသေး။

အသက်က အမှောင်ဆို သိပ်ကြောက်တတ်တာ။ အိမ်မှာဆိုလျှင် အထူးစပါယ်ရှယ် မီးမှန်သည့်လိုင်းကို ယူထား





တာမို့ မီးပျက်သည့်အချိန်က တကယ့်ကို ရှားရှားပါးပါး ရှိလှတာ။ မီးပျက်ပြီဆိုတာနဲ့ ဂျင်နရေတာကို အသင့်ဖွင့်ကာ မီးထွန်းရုံပင်။ ဂျင်နရေတာ နှိုးနေသည့်အချိန်အတွင်းမှာတောင် အင်မာဂျင်စီလိုက်တွေဖွင့်လျက် အလင်းရောင်မပြတ်စေရအောင် ထွန်းထားပြီးသား။

မီးပျက်တာနဲ့ မီးလေးရေလို့ အော်လျက် ရောက်ရာအရပ်က ပြေးလာတတ်သော ပါပါ့ကို သတိရတမ်းတမိလှပါသည်။ ပါပါ အနားမှာ ရှိနေလို့ကတော့ အသက်တို့က ဘယ်ကြောက်လိမ့်မလဲ။ တစ်ခါတလေ ပါပါလည်း အိမ်မှာမရှိ၊ ဂျင်နရေတာ မောင်းဖို့လည်း နှောင့်နှေးကာ အင်မာဂျင်စီလိုက် ယူလာပေးမည့်သူလည်း ချက်ချင်းအနားရောက်မလာသောအခါတွေမှာကား အသက်သည် အသံပြဲနဲ့ ကုန်းခြစ်အော်ပစ်လိုက်တတ်တာပင်။

အားကိုးရာမဲ့ ဘဝဆိုတာ တကယ့်ကို ချောက်ချားဖွယ် ကောင်းလှပါလား။ မည်းမှောင်တိတ်ဆိတ်နေသည့် အခန်းကျယ်ကြီးတစ်ခုအတွင်းမှာ အသက် တစ်ယောက်တည်း အဖော်မဲ့၊ ကူကယ်ရာမဲ့။ ဒီအချိန်မှာ အန္တရာယ်တစ်ခုခု ကျရောက်လာခဲ့သော် ဘယ်လိုလုပ်ရပါ့မလဲ။

အချိန်က အမှောင်ကြီး မဟုတ်ပေမယ့် အသက်က ကြောက်တာတော့ ကြောက်တာပင်။ ကြောက်လွန်းလို့

မီးခြစ်တို့၊ ဖယောင်းတိုင်တို့ ထ,ရှာဖို့ပင် မဝံ့မရဲတော့ပဲ အခန်းထောင့်လေးမှာ မလှုပ်မရှား ကုပ်ကုပ်ကလေးသာ ထိုင်နေမိလေသည်။

အောက်ထပ်က တစ်ယောက်ကိုတော့ သတိရမိသား။ သူဘာတွေလုပ်နေမလဲ။ အနည်းဆုံးတော့ ဖယောင်းတိုင် ထ,ရှာကာ မီးထွန်းဖို့ ပြင်ဆင်သင့်သည်။ သူက ယောကျ်ားလေးပဲ။ ပြီးရင်လဲ အသက် အတွက် ဖယောင်းတိုင်တစ်တိုင်လောက်တော့ လာပို့ပေးသင့်သည်။

အခုတော့ အောက်ထပ်ကလည်း ဘာလှုပ်ရှားသံမှ မကြားရ။ စောစောလေးကပဲ အဲဒီတစ်ယောက် ထမင်းထွက်စားရာက ပြန်လာသည့် ခြေသံကို ကြားလိုက်ရသေးတာမို့ သူအိမ်မှာရှိနေတာတော့ သေချာလေသည်။

ဘယ်လောက်ပဲ မုန်းတီးကြည့်မရသည့်သူ ဖြစ်ပါစေ ဒီလိုအချိန်မျိုးမှာတော့ အနီးဆုံး အကူအညီရနိုင်တာ သူပဲမို့ သူ့ကိုသာ အားကိုးတကြီး တမ်းတမိတာ။

အပေါ်ထပ်က အသက်က ဘုန်းရောင်ထင် မီးထအထွန်းကို စောင့်နေသော်လည်း အောက်ထပ်မှာရှိနေသည့် ဘုန်းရောင်ထင့်မှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ပါ။

ပြောရင် ယုံကြပါမလားမသိ။ အသက်ဆယ့်ကိုးနှစ်အရွယ် ရောက်လာသည်အထိ ဘုန်းရောင်ထင်ဟာ ဖယောင်း





တိုင်တစ်တိုင်မှ မထွန်းဖူးပါ။ ကိုယ်တိုင်က ဆေးလိပ်သောက်တတ်သူ မဟုတ်၍ မီးခြစ်တောင်မှ တစ်သက်နဲ့တစ်ကိုယ် ဘယ်နှစ်ကြိမ် ခြစ်ဖူးသလဲဆိုတာ လက်ချိုးရေတွက်လို့ ရလောက်သည်။

ထားပါတော့။ ဖရောင်းတိုင်တစ်တိုင်ကိုရှာကာ မီးခြစ်,ခြစ်ပြီး မီးထွန်းလိုက်ဖို့ဆိုတာ လူတိုင်းလုပ်တတ်သည့် အလွန်လွယ်ကူသောကိစ္စပဲမို့ ဘာကျွမ်းကျင်မှုမှ မလိုဘူးပဲထား ကိုယ်တစ်ခါမှ မသိသော နေရာစိမ်းတစ်ခုမှာ ဖယောင်းတိုင်၊ မီးခြစ်တွေ ဘယ်နားထားသလဲဆိုတာ ဘယ်လိုသွားရှာရပါ့မလဲ။

နောက်ပြီး ဘုန်းရောင်ထင်က ယောကျ်ားလေးတန်မဲ့ အမှောင်ကိုလည်း ကြောက်တတ်သေးလေသည်။ ထိုကိစ္စကို ဝန်ခံရမှာ ရှက်ပေမယ့် သားအကြောင်း သိတတ်လွန်းလှသော မေမေက မီးပျက်ရင် ချက်ချင်းအနားကိုပြေးလာတတ်တာမို့ အိမ်မှာတုန်းကတော့ ဘာပြဿနာမှ မရှိခဲ့။

အခုတော့ ရှိလာပြီ။ ဒီအမှောင်ကြီးထဲ ဘယ်လိုများ စမ်းတဝါးဝါးသွားပြီး မီးခြစ်နဲ့ ဖယောင်းတိုင်ကို ရှာရမှာပါလိမ့်။ ပြီးတော့ မီးမှောင်ကျနေသည့် အခန်းရဲ့တစ်နေရာရာက မမြင်ရသော အန္တရာယ်တစ်ခုခု (ဥပမာလူဆိုးတစ်ယောက် ဆိုပါစို့) ထွက်မလာနိုင်ဘူးလို့ ပြောနိုင်မလား။

ရောက်တတ်ရာရာ အတွေးနဲ့ပင် ရင်တွေတလှပ်လှပ်တုန်လာပြီဖြစ်သော ဘုန်းရောင်ထင်က ပထမတော့ ရန်ကုန်က ကိုယ့်အိမ်မှာလို ချက်ချင်းလက်ငင်းများ မီးပြန်လာမလားလို့ ဖွတ်မှိတ်ပေကတ်ကာ ထိုင်စောင့်နေမိပါသေးသည်။

နာရီဝက်ထက်မက အချိန်တွေကြာလာသော အခါတွင်ကား ထိုင်စောင့်နေလို့ မဖြစ်တော့ပြီ ဆိုတာကို သဘောပေါက်လိုက်ရလေပြီ။

ဖယောင်းတိုင်၊ မီးခြစ်ရှာဖို့ ထိုင်ရာကထ,လိုက်လျှင် ထလိုက်ချင်း ခြေထောက်က ခုတင်ခြေထောက်ကို ဖနောင့်နဲ့ နောက်ပြန်ဆောင့်မိသွားတာမို့ အီးခနဲနေအောင် နာကျင်သွားရပါသည်။

နာကျင်မှုဝေဒနာကို ကိုယ့်ဘာသာဥပေက္ခာပြုလျက် မီးဖိုခန်းဘက်သို့ တရွေ့ရွေ့စမ်းသွားရသည်။ ဒါတောင်မှ အခန်းဝနံရံနဲ့ ဒုန်းခနဲဝင်ဆောင့်ကာ နဖူးညာဘက်ထောင့်မှာ နာကျင်သွားရပြန်သေးလေသည်။

မျက်မမြင်တစ်ယောက်လို လင်္ဂဆန့်တန်းကာ ခြေလှမ်းကို ရှပ်တိုက်ရွှေ့လျားရင်း လျှောက်လာလိုက်တာ အိမ်ရှေ့ကြမ်းပြင်ထက် လေ့ကားတစ်ထစ်စာလောက် နိမ့်သောမီးဖိုချောင်ရောက်တော့ မေ့ကာ ဒီအတိုင်းလျှောက်လိုက်





မိတာမို့ လူက နိမ့်ခနဲဖြစ်လျက် ရှေ့သို့ ဟပ်ထိုး ဟပ်ထိုး ယိုင်ဆင်းသွားရလေသည်။

ဘာတွေလဲကွာ။ ခက်လိုက်တာ။ ငယ်ငယ်တုန်းက မတ်တတ်စမ်းစအရွယ် လမ်းလျှောက်ရတာထက်တောင် ပိုခက်နေသေးလား မသိပါဘူး။

လမ်းလျှောက်တတ်စ အရွယ်တုန်းက သူ့ဘေးမှာ မေမေ ပါလာမည်ဆိုတာ သေချာနေသည်။ ဒီတော့ လဲတာဖယ်တာ၊ ဟိုတိုက်ဒီခိုက် ဖြစ်တာတွေ ရှိခဲ့မှာမဟုတ်။ မေမေကလည်း ပြောဖူးသည်ပဲ။ ဘုန်းရောင်ထင် ငယ်ငယ်တုန်းက လမ်းစလျှောက်တတ်ကာစ အရွယ်မှာတောင် တစ်ချက်မှ မလဲရအောင်၊ အမာရွတ်ရယ်လို့ မထင်ရအောင် မေမေက ကောင်းကောင်း စောင့်ရှောက်ခဲ့တာတဲ့။

အခုတော့ မီးပျက်သည့် ခဏလေးအတွင်းမှာတင် ဒဏ်ရာဒဏ်ချက်တွေက မနည်းတော့ပါလား။

ဘုန်းရောင်ထင်က မီးဖိုလို့ သိထားသည့်နေရာ တစ်ခုဆီ အတိုက်တိုက် အခိုက်ခိုက်နဲ့ပင် မှန်းသမ်းလျှောက်သွားရပါသည်။ အဲ ... မီးဖိုနားရောက်ကာနီးမှာ ဘာမှန်းမသိသော ပူနွေးပျော့စိသည့် အရာတစ်ခုကို ခြေထောက်က တက်နင်းလိုက်မိမှန်း ခံစားသိရှိလိုက်ရတာနဲ့အတူ ခွီးခနဲ အသံကြီးတစ်ခု ထွက်ပေါ်လာကာ ခြေဖမိုးကို အလွန်စူးရှ

သော အရာတစ်ခုနဲ့ အလျားလိုက် ဆွဲခြစ်ခြင်း ခံလိုက်ရလေသည်။

အခြေအနေ အားလုံးကို ပေါင်းစပ်လိုက်သော် ဒါဟာ ကြောင်တစ်ကောင်ကို တက်နင်းမိလို့ ကြောင်က ကိုယ့်ခြေထောက်ကို ကုတ်သွားတာပဲဟု သိလိုက်နိုင်ပေမယ့် ဖြစ်ဖြစ်ချင်း ဘာမှန်းမသိ ရင်ထဲ ဝုန်းဒိုင်းဆောင့်တုန်သွားသည့် အရှိန်က တော်တော်နဲ့ မသေနိုင်တော့ပါ။

ရှေ့ဆက်လျှောက်ဖို့အတွက် တဒိန်းဒိန်းခုန်ပေါက်နေသော ကိုယ့်ရင်ကို ငြိမ်အောင် မနည်းထိန်းယူရပါသည်။ ဒါတောင် နည်းနည်းလေး ဆက်လျှောက်လိုက်ချိန်မှာ မီးဖိုတင်သည့်စင်နဲ့ ဒူးခေါင်းဆောင့်မိကာ အားခနဲ နာကျင်သွားရတာကို ထည့်မပြောတော့။

မီးဖိုပေါ် တစမ်းစမ်း လျှောက်စမ်းကြည့်သောအခါ မီးခြစ်နဲ့တူသော ဖုတုတု အရာတစ်ခုကို စမ်းမိပါသည်။ ကံဆိုးချင်တော့ ထိုအရာဟာ မီးဖြစ်ဖြစ်သော်လည်း ဂက်စ် မီးခြစ်တို့၊ ရေနံဆီမီးခြစ်တို့ မဟုတ်ဘဲ သစ်သားမီးခြစ်တစ်လုံး ဖြစ်နေလေသည်။

အဲဒါမှ ပြဿနာ။ သစ်သားမီးခြစ်ဆိုတာကို မြင်ရှုသာ မြင်ဖူးလျက် ဘုန်းရောင်ထင်က လုံးဝမခြစ်တတ်ပါ။ မီးခြစ်ရဲ့ဘေးတိုက်နေရာလေးကို ခပ်လုံးလုံးဖြစ်နေသော





မီးခြစ်ဆံခေါင်းနဲ့ ပွတ်တိုက်ဆွဲခြစ်ရတာကို နည်းဗျူဟာအားဖြင့် သိသော်လည်း လက်တွေ့အကောင်အထည်ဖော်ဖို့ကျတော့ ခဲယဉ်းလှပါသည်။

အံထဲက မီးခြစ်တုတ်ချောင်းလေးကိုယူကာ ဗူးခွံဘေးသားမှာ ခြစ်ကြည့်သည်။ တစ်ခါခြစ်မရ၊ နှစ်ခါလောက်ခြစ်ကြည့်သည့်အခါ ထိပ်ဖူးက ကြွေကျသွားသည်။

နောက်တစ်ချောင်းထုတ်ပြီး ခြစ်ကြည့်လိုက်ထက်ပိုင်းကျိုးသွားလိုက်၊ နောက်တစ်ချောင်းကျတော့ လက်ချော်ကာ လွတ်ကျသွားလိုက်နှင့် အမြီးအမောက်မတည့်စွာ အခက်အခဲ အမျိုးမျိုး ဖြစ်နေရလေသည်။

ထိုအချိန်မှာ အပေါ်ထပ်မှာ တစ်ယောက်တည်းရှိနေသော အသက်ကလည်း ကြောက်လှပြီ။ အရေးထဲ ဘယ်ကမှန်းမသိသော တောက်တဲ့အော်သံကြီးကို တော်တော်နီးနီးကပ်ကပ် ကြားလိုက်ရတာမို့ တစ်ကိုယ်လုံး သေးကွေးကျုံ့ခင်သွားအောင် ပုဝပ်လို့ နေရလေသည်။

အောက်ထပ်ကအကောင်ကလည်းနော်၊ဖယောင်းတိုင် တစ်ခါထွန်းတာ ကြာလိုက်တာ။ စောစောကတော့ အောက်ထပ်ကနေ ဝုန်းဒိုင်း၊ ဂလုံးဂလွမ်း အသံတွေ ကြားနေရတာမို့ သူမီးထွန်းဖို့ လှုပ်ရှားနေပြီဆိုပြီး အားတက်နေတာ။ အခုတော့ ဘာလို့များ ပြန်ငြိမ်သက်သွားပါလိမ့်။

အောင်မယ်လေး။ ပြတင်းပေါက် တံခါးကြီးက လည်း မပိတ်ရသေးပါလားနော်။ ဟင် ... နံရံအထက်က မည်းမည်းလှုပ်လှုပ် အရိပ်ဟာကော ဘာလဲ။ သစ်ပင်လေတိုး လို့လှုပ်တဲ့ အရိပ်နဲ့တော့ သိပ်မတူပါဘူး။

အသက်က စောင်ခြုံထဲကနေ မျက်လုံးလေး လောက်ပဲဖော်ကာ ထိုခပ်လှုပ်လှုပ်အရိပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေမိပါသည်။

ကြောက်ပင်ကြောက်ငြားသော်လည်း မကြည့်ပဲ နေလို့က မဖြစ်ပြန်ဘူးလေ။ မကြည့်ဘဲနေလိုက်ရင် အဲဒီ အရာကြီးရဲ့ လှုပ်ရှားမှုတွေကို မသိလိုက်ရဘဲနေမှာပေါ့။

အသက်က တစ်ကိုယ်လုံး ဆတ်ဆတ်တုန် လျက်သားနှင့် စူးစိုက်ကြည့်နေရသော အရာမှာ တကယ်တမ်း ကျတော့ အဝတ်တန်းမှာ လှမ်းထားသည့် ရုပ်အင်္ကျီအဟောင်း တစ်ထည် ဖြစ်ပါသည်။ အပြင်က ကစ်ဝက်တစ်ပျက်ထိုးနေ သော အလင်းရောင်ကြောင့် ရုပ်အင်္ကျီရဲ့ အရိပ်ဟာ အင်္ကျီ ပုံစံလည်း အပြည့်အဝ မပေါ်လွင်ဘဲ မည်းမည်းအရိပ်တစ်ခု အဖြစ်နဲ့ ရှိနေကာ လေတိုက်လျှင် တလှုပ်လှုပ် ယိမ်းထိုး နေခဲ့တာဖြစ်သည်။

တစ်ချိန်မှာတော့ ထိုယိမ်းထိုးနေသော ရုပ်အင်္ကျီ ဟာ လေအဝှေ့မှာ ဝဲခနဲလွင့်ကျလာလေသည်။ မည်းမည်း





အရိပ်ကို မျက်တောင်မခတ် စိုက်ကြည့်နေသော အသက် ဟာ ထိုအရိပ်ကြီး အရင်ကထက်ပိုကာ တယိမ်းယိမ်းလှုပ် ခတ်လာကတည်းက ပြေးပေါက်ရှာထားပြီးသား ဖြစ်လေရာ လေက ပြင်းပြင်းအတိုက်၊ ရုပ်အင်္ကျီက လွင့်ခနဲကျလာပုံမှာ မကောင်းဆိုးဝါးကောင်ကြီးတစ်ကောင် ကိုယ့်ကို ခုန်ကပ်လာ သည့် ပုံစံမျိုးနှင့်လဲ တွေ့လိုက်ရရော ဘာမှမစဉ်းစားနိုင်အား တော့ဘဲ စောင်ခြုံကြီးတန်းလန်း ရုပ်တွေးစွာနဲ့ အောက်ထပ် ကို ပြေးဆင်းလာခဲ့မိတော့သည်။

## (၃၁)

အခန်းရဲ့ထောင့် တစ်နေရာစီမှာထိုင်ရင်း အသက်နဲ့ ဘုန်းရောင်ထင်တို့ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ပေစောင်းစောင်း၊ မှုန်ကုပ်ကုပ် ကြည့်နေမိကြလေသည်။

ပုံစံတွေကတော့ နှစ်ယောက်စလုံး ရယ်စရာတွေချည်းပင်။ ဘုန်းရောင်ထင်က ညာဘက်ချိုစောင်းမှာ ဖုသီးကြီးတစ်ခုနှင့်၊ ဒူးခေါင်းက စုတ်ပြဲဒဏ်ရာကို ဖြစ်ကတတ်ဆန်းအုပ်ထားသော ပတ်တီးတစ်ခုနှင့်၊ အောက်နားမှာ တံတောင်





ခန့်ကွဲစုတ်နေသော ပုဆိုးနှင့်၊ ဖနောင့်က ခုတင်ခြေထောက်နှင့် ဆောင့်ထားသောနေရာ၊ ခြေဖမိုးက ကြောင်ကုတ်ခံထားရသောနေရာတွေက သွေးတစိမ့်စိမ့် စို့ထွက်ကာ ဆံပင်စုတ်ဖွား၊ ချွေးသံရွှဲရွှဲ၊ ဒီကြားထဲ လက်ဖဝါး၊ လက်ခုံတွေမှာ မီးခိုးက အမည်းရောင်အမှုန်တွေနဲ့ ပေကျံလို့။

အသက်ကလည်း စောင်နဲ့ တုတ်လဲထားသည့် တံတောင်ဆစ်နှစ်ဖက်လုံးမှာ ပွန်းပဲ့ဒဏ်ရာတွေနဲ့ အဖျားနားလေးတွေ မီးလောင်ခံလိုက်ရသည့် ဆံပင်စုတ်ဖွားက တွန့်ကြေကောက်ကွေးကာ ညှော်နံ့တသင်းသင်း ထွက်ကာ မျက်လုံးကြောင်တောင်၊ အဝတ်အစား ဖရိုဖရဲနဲ့ ဖြစ်နေသည်။

ကံကောင်းပေလို့ပေါ့။ သင်းလုပ်တာ တစ်ကိုယ်လုံး မီးလောင်သေတော့မလို့ တဲတဲလေးကျန်တော့သည်။ အသက် က မီးအလောင်ခံလိုက်ရသော ဆံပင်စုတွေကို ကိုင်ကြည့်ကာ ရင်ထဲအခုန်မပြေသေးဘဲ ဘုန်းရောင်ထင့်ကို တော့ ဒေါသဖြစ်စွာ၊ မျက်စောင်းတထိုးထိုး၊ အံတခဲခဲ ကြည့်နေမိလေသည်။

အသက်က ရှပ်အင်္ကျီအရိပ်ကြီးကို ကြောက်ကာ စောင်ကြီးတန်းလန်းနဲ့ အပေါ်ထပ်က ပြေးဆင်းအလာ၊ ဘုန်းရောင်ထင်ကလည်း မီးခြစ်ဆံတစ်ခုက ကံကောင်းစွာ မီးထတောက်တာမို့ ဝမ်းလည်းသာ၊ ဘာဆက်လုပ်ရမှန်းလဲ

မသိစွာ အိမ်ရှေ့ကို ပြန်ပြေးအထွက်၊ လှေကားရင်းမှာ နှစ်ယောက်သား ဆုံကြရာ ဘယ်လိုမှ မရှောင်နိုင်တော့ဘဲ ဝင်တိုက်မိကြတာ။

ဝင်တိုက်မိကြရာမှာ စောင်ကြီးကပါ တုတ်နှောင်ရစ်ပတ်လျက်သားဆိုတော့ နှစ်ယောက်သား အလုံးလုံးအထွေးထွေး ဖြစ်သွားကြစဉ် ဘုန်းရောင်ထင်လက်မှာ ကိုင်လာသည့် မီးခြစ်ဆံက အသက်ရဲ့ ဆံပင်ပေါ်ပြုတ်ကျကာ ဆံပင်တချို့ကို မီးစွဲတော့သည်။

ဘုန်းရောင်ထင့်ခမျာ ပူမှာလောင်မှာပါလားဆိုတာကိုတောင် မတွေးနိုင်တော့ဘဲ အသက်ရဲ့ ဆံပင်မီးလောင်နေတာတွေကို လက်ဖဝါးနဲ့ ဖိဖိပြီး ငြိမ်းသတ်ပေးရှာပါသည်။

ကံကောင်းချင်တော့ မီးခြစ်ဆံမီးကလည်း ငြိမ်းကာနီးဆဲဆဲဖြစ်ပေရာ အားနဲ့အင်နဲ့ တောက်လောင်တာမျိုး မရှိတော့တာပင်။ လက်နဲ့ချက်ချင်း ဖိသတ်ငြိမ်းလိုက်နိုင်သောအခါ ဆံပင်အနည်းငယ်လောက်သာ မီးကျွမ်းအလောင်ခံရပါသည်။

ဒါပေမယ့်လည်း ဝရုန်းသုန်းကား ဖြစ်တာကတော့ ဖြစ်သွားတာပင်။ အထိတ်တလန့် သွေးပျက်ချောက်ချားစရာတွေလည်း ကြုံရတာကတော့ ကြုံရတာပင်။ အသက်





ဆိုရင် အလန့်လွန်ပြီး ရုတ်တရက် သတိလစ်သလိုတောင် ဖြစ်သွားသေးတာ။ စက္ကန့်ပိုင်းလောက်နဲ့ သတိပြန် ရလာပေမယ့် ခုနက ဘာဖြစ်လိုက်သည်ဆိုတာကို ပြန်တွေးလို့မရတော့လောက်အောင် သတိချို့ယွင်းသွားခဲ့သေးတာ။

"နင် တော်တော် နမော်နမဲ့နိုင်တဲ့ကောင်ပဲ"

"ဘာ ... ဘာပြောလိုက်တယ်"

အသက်က အခြောက်တိုက်ကြီး ထ,ရန်တွေ့လိုက်လျှင် ဘုန်းရောင်ထင့်မှာ ရုတ်တရက် နားမလည်နိုင်ပါ။ နှစ်ယောက်သား ဝရုန်းသုန်းကား ဖြစ်နေစဉ် မီးပြန်လာသွားတာမို့ ဆေးခန်းတံခါးကိုဖွင့်ကာ တွေ့ရာဆေးတွေ ကိုယ့်စိတ်ကူးတည့်ရာ ကောက်ထည့်ထားကြသော်လည်း မီးလောင်ခံထားရသည့် လက်ဖဝါးက အခုထိ ပူလောင်နာကျင်တုန်း။

ထိုဝေဒနာကို ခံစားရင်း ငါလူတစ်ယောက် အသက်ကို ကယ်နိုင်ခဲ့ပါလားလို့ ကြည်နူးပီတိ ဖြစ်မိမလိုရှိခိုက် သူကယ်တင်ထားရသူထံမှ စော်ကားမော်ကား ပြစ်တင်စကားကြောင့် တကယ့်ကိုပဲ အံ့အားတသင့် ဖြစ်ရတာ။

တကယ်ဆို အသက် အနေနဲ့ ကိုယ့်ကို ကျေးဇူးတင်ဖို့ပဲ ရှိတာပါ။ ဘယ့်နှယ်ကြောင့် ရန်တွေ့ရတာလဲ။

"မီးခြစ်ဆံမီးလောင်ရက် တန်းလန်းကြီးနဲ့များ နင်မို့အပြေးအလွှား ပြန်ထွက်လာတယ်၊ ငါ့ဆံပင်တွေသာ

အကုန်လုံး မီးလောင်ကုန်ရင် ဘယ်လိုလုပ်မလဲ"

"အခုမလောင်ဘူးလေ၊ ပြီးတာပဲ မဟုတ်လား"

"ကံကောင်းလို့ပေါ့ဟဲ့၊ မဟုတ်ရင် ငါ့အခုလောက်ဆို ပြာဖြစ်သွားလောက်ပြီ"

"ကံကောင်းတာမှ မဟုတ်တာ၊ ငါအသက်စွန့်ပြီး နင့်ဆံပင်ကို လောင်နေတဲ့မီးကို ငြိမ်းပေးလိုက်လို့ပဲ၊ ဒီမှာ ငါ့လက်ကို မီးလောင်ခံထားရတာ မတွေ့ဘူးလား၊ အဲဒါ နင့်ကိုကယ်လိုက်လို့ ဖြစ်ရတာ"

"ကယ်ရမှာပေါ့၊ နင့်ကြောင့်ဖြစ်တာပဲ"

"နင်ကရော ဘာလို့ အပေါ်မှာ ကိုယ့်ဘာသာမနေဘဲ ပြေးဆင်းလာရတာလဲ၊ စောင်ကြီးကလဲ တဖားဖားပါသေးတော့ ခလုတ်တိုက်လဲတာပေါ့"

"စောင်ကြီးပါလာလို့ လဲတာမဟုတ်ပါဘူး၊ နင်နဲ့တိုက်မိလို့ပါ"

"ငါနဲ့မတိုက်မိခင်ကတည်းက နင်ဟပ်ထိုးဟပ်ထိုး ဖြစ်နေပါပြီနော်၊ နင့်ဘာသာလဲပြီး ငါ့ပေါ်ပြုတ်ကျတာပါ"

"အောင်မာ ... နင်ဝင်တိုက်လို့ ငါလဲရတာ"

ဘယ်လိုမှ အဖြေမှန် မထုတ်နိုင်တော့သော ဖြစ်ရပ်တစ်ခုကို သူ့ကြောင့် ငါ့ကြောင့် ငြင်းခုန်ရင်း နှစ်





ယောက်သား တစောင်စောင် တမာန်မာန် ဖြစ်လာကြရပြန်လေသည်။

အသက်က ဘုန်းရောင်ထင့်ကို စိတ်တိုလှသည်။ ဒီကောင်ဟာ တကယ့်ကို ဂြိုဟ်ကောင်ပဲ။ ကိုယ့်ဘာသာ ဒုက္ခရောက်လို့ သူများအိမ် လာခိုကပ်နေရတာကိုမှ ပိုပြီး အခက်အခဲ အနှောင့်အယှက်တွေတွေ့အောင် သူပဲလုပ်နေတာ။

အသက်က ကိုယ့်အတွေးနဲ့ကိုယ် အံတကြိတ်ကြိတ် ဖြစ်နေသလို ဘုန်းရောင်ထင်ကလည်း မခံချိ မခံသာ ဖြစ်နေသည်။

အလကားမိန်းမ၊ ကျေးဇူးမသိတတ်တဲ့မိန်းမ။ သူ့ကို အသားအနာခံ၊ အပူလောင်ခံကာ ကယ်လဲကယ်ရသေး၊ ကိုယ့်ကိုပဲ အပြစ်ဖို့ကာ ရန်တွေ့တာလဲ ခံရသေးသည်။ သူရှုပ်ပလာနိုင်သည့် ပြစ်မှုကိုတော့ မသိဟန်ဆောင်ပြီး ဖုံးထားလိုက်တာများ။

လက်ကဒဏ်ရာက ပိုပြီးပူလောင်နာကျင်လာသလို ခံစားလိုက်မိသည်။ အဲဒါ ဒင်းကြောင့်။ ဒင်းလို ပျာကလပ်စိန်မမျိုးများ ကယ်ဖို့တောင် မကောင်းဘူး။ မီးနဲ့ရှို့ပစ်ဖို့ကို ကောင်းတာ။

## (၃၂)

ညစ်ပတ်နံစော်နေပြီဖြစ်သည့် အဝတ်အစားပုံကို ကြည့်ကာ ဘုန်းရောင်ထင်က နှာခေါင်းရှုံ့လိုက်မိပါသည်။

ကိုယ်တောင် ကိုယ့်ကိုကိုယ် မသဒ္ဒီလှပြီဖြစ်ရာ အောပတ်ဝန်းကျင်က လူတွေဆိုလျှင်တော့ တော်တော်အခံရဆိုးနေလောက်ပြီ။ ဒါကြောင့် ညနေက လက်ဖက်ရည်သွားသောက်တော့ ကပ်လျက်ထိုင်ခုံကလူတွေက မျက်နှာရှုံ့ရှုံ့နဲ့ လှမ်းကြည့်ကြတာဖြစ်မှာ။

အေးလေ။ အဝတ်အစားကလည်း လေးစုံသာ





ပါလာပေတာကိုး။ အိမ်ကနေ အသာလေး လှိုလစ်လာဖို့ရာမှာ အိတ်ကြီးကြီးနဲ့ တစ်ထမ်းတစ်ပိုး မသယ်ချင်တာကြောင့် အိတ်သေးသေးကိုရွေးတော့ အဝတ်အစားက ဒီလောက်ပဲဆန့်သည်။

လေးစုံသော အဝတ်အစားဟာ လေးရက်ဝတ်ပြီးသည့်အခါမှာ နောက်တစ်ကျော့ပြန် ဝတ်ရလျှင် အနံ့ကထွက်ချင်လာပြီ။ ဒီကြားထဲ မီးပျက်သည့်နေ့က ပုဆိုးတစ်ထည်အောက်နားကျွဲသွားလေရာ ထိုပုဆိုးကို ရေလဲအဖြစ်ပဲ သုံးလို့ရတော့သည်။

နှစ်ရက်လောက် ပေပေတေတေ ဝတ်လိုက်ပြီဆိုတော့ အဝတ်အစားတွေဟာ အရောင်အဆင်းရော၊ အနံ့အသက်နဲ့ပါ ပြည့်စုံလာသည်။ မြည်းများကြည့်လိုက်ရင် ချဉ်တူးတူး အရသာနဲ့တောင် ပြည့်စုံနေဦးတော့မလားမသိ။

ဒီအဝတ်တွေ ဒီအတိုင်းထားလို့တော့ မဖြစ်တော့ပါဘူး။ နောက်ထပ် ဘယ်နှစ်ရက်လဲ ဆက်ဝတ်ရမယ်မှန်းမသိ။ ဒီတော့ စောစောစီးစီး လျှော်ဖွတ်ထားမှပါ။

အဝတ်သစ် အစားသစ်ကတော့ 'မဝယ်နိုင်သေးပါဘူး။ ကိုယ့်မှာ အမေပေးသမျှ မုန့်ဖိုး တစ်ခါကုန် တစ်ခါ လက်ဖြန့်တောင်းနေရသူ ဖြစ်လေရာ စုစုဆောင်းဆောင်း ဘာမှလည်း မရှိသေးတာနှင့် ပိုက်ဆံက သိပ်များများ

ပါမလာပါ။ ဒါတောင် ကျော်စွာဆီကတစ်ထောင်၊ ဖိုးဇော်နဲ့ ထွန်းမင်းအောင်တို့ဆီက ငါးရာစီ ချေးလာသေးတာ။

ပိုက်ဆံကလည်း ကိုယ်တိုင် ကိုင်သုံးရတော့မှ ကုန်လွယ်မှန်း သိတော့တာ။ မေမေ့လက်ထဲမှာတုန်းကတော့ ပဒေသာပင်ကြီးလို ခူးချင်တိုင်းခူး၊ ဆွတ်ချင်တိုင်းဆွတ် မကုန်နိုင်ဘူးလို့ ထင်နေခဲ့တာ။

အခုကျတော့လဲ ပါလာသည့် ပိုက်ဆံလေးတွေဟာ မနက်စာညစာ ထမင်းဖိုး၊ မနက်စောစောမုန့်ဖိုး၊ ညဘက်ပျင်းလျှင် သွားသောက်သည့် လက်ဖက်ရည်ဖိုးလောက်နဲ့တင် တတိတိ ပွန်းတီးကုန်ပြီ။

အရင်က မေမေ့ပိုက်ဆံ သုံးလာရတာ ဘယ်လောက်ကုန်ကုန် မနှမြောသော်လည်း အခုတော့ ထမင်းဆိုင်မှာ ပိုက်ဆံတစ်ခါ ရှင်းရတိုင်း ဆိုင်ရှင်က ဘယ်လောက်ကျသည်လို့ တွက်ချက်ပေးလိုက်လျှင် ပိုက်ဆံထုတ်ရှင်းရမှာ လက်က ခပ်တုန့်တုန့်။ ပိုက်ဆံနှမြောလို့ အမိုးချက်သည့် ထမင်းဟင်းကိုတောင် ဖွတ်စားကြည့်သေးသည်။ ဘယ်လိုမှ မဖြစ်နိုင်လို့သာ။

အင်း ... အဝတ်အစားတွေကို အမိုးပေးပြီး လျှော်ခိုင်းလို့ ရရင်တော့ကောင်းသား။ အို ... မကောင်းပါဘူးလေ။ သူ့ခမျာ ထမင်းဟင်းလည်း ချက်ကျွေးရရှာတာ။





ကိုယ်က စားတာမစားတာ အသာထား ငွေကြေးမပျက် လုပ်ပေးနေရှာတာပဲ အားနာဖို့ ကောင်းလှပြီ။

ပြီးတော့ အမိုးဟာ အိမ်ဖော်လည်းမဟုတ်။ ကိုယ့်ထက်လည်း အသက်အများကြီး ကြီးသေးသည်။ ဘယ်ခိုင်းလို့ ကောင်းပါ့မလဲ။

အမိုးရဲ့သားလေး စောထူးဝါးကို ခိုင်းဖို့စဉ်းစားကြည့်တော့လဲ အမိုးကိုယ်တိုင်က သူ့သားကိုစာပဲသင်စေကာ ဘာမှမခိုင်း ဖူးဖူးမှုတ်ထားတာမို့ ကိုယ်ကသွားခိုင်းလို့ မဖြစ်ပြန်ချေ။

နောက်ဆုံးတော့ ကိုယ့်ဘာသာပဲ အဝတ်လျှော်ရတော့မှာပါပဲ။ ခက်နေတာက တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ အဝတ်မလျှော်ဖူးခြင်းပင်။

ယောက်ျားလေးတန်မဲ့ နုဖတ်နေသော ကိုယ့်လက်ဖဝါးတွေ ကိုယ်ပြန်ကြည့်မိသည်။ ဟိုဂြိုဟ်ကောင်မလေးကြောင့်သာ လက်မှာမီးလောင်ဒဏ်ရာ မရခဲ့လျှင် ကိုယ့်လက်တွေဟာ နုညက်နီထွေး ဖွေးသန့်နေမှာ။ ဒီလက်တွေနဲ့ အဝတ်လျှော်ဖို့ဆိုတာ လွယ်မှလွယ်ပါ့မလား။

အိမ်မှာတုန်းက အဝတ်ဘယ်ကရလဲ ဗီရိုထဲက ရတယ်ဆိုတာအပြင် တစ်ခါတလေ ကိုယ်တိုင်တောင် ဗီရိုထဲကရွေးချယ်ထုတ်စရာ မလိုဘဲ မေမေ အဆင်သင့် ထုတ်ပေး

ကာ ခုတင်ပေါ် တင်ထားပေးတာလေး ဝတ်ခဲ့ရတာမို့ သန့်စင်ကော့ရော့သော အဝတ်တစ်စုံဖြစ်ဖို့အရေး ဘယ်လောက်ပင်ပန်းသည်ဆိုတာ မသိခဲ့ပါ။

အခုတော့ အဝတ်လဲ ကိုယ်တိုင်လျှော်ရပြီ။ အဝတ်ကို ရေဇလုံထဲထည့်၊ ပြန်ဆယ်၊ ဆပ်ပြာတုံးနဲ့ပွတ်တိုက်ပြီးလျှင် သူများတွေလုပ်တာ မြင်ဖူးသလို လက်နဲ့ပွတ်တိုက်နေသော်လည်း တကယ်ချေးတင် ပေကျံညစ်ပတ်လွယ်သည့် ကုပ်ပိုးတို့ ချိုင်းကြားနေရာတို့ကို အားစိုက်ပွတ်တိုက်ရမည်မှန်းကိုတော့ ဘုန်းရောင်ထင်က မသိပါ။

အင်္ကျီကို ရေစိမ်လိုက်၊ ဆပ်ပြာတိုက်လိုက်၊ ရေလောင်းလိုက်။ ပြန်စိမ်လိုက်၊ တဘုန်းဘုန်း ရိုက်လျှော်လိုက်နဲ့ အားလည်းကုန်ခမ်းသလောက်ရှိတော့မှ အဝတ်လျှော်ခြင်း အလုပ်ကို ရပ်တန့်လိုက်သည်။

ပြီးလျှင် အဝတ်တွေကို အနည်းငယ်လိမ်ညှစ်ပြီး ရေစက်လက်နှင့်ပင် ကြိုးတန်းမှာ ဖြန့်လှမ်းလိုက်ပါသည်။

အဝတ်အားလုံး လျှော်ဖွယ်နေလှမ်းပြီးမှ အရေးအကြီးဆုံး အရာတစ်ခုကို သတိရကာ ဘုန်းရောင်ထင် တစ်ယောက် ခေါင်းနဘမ်း ကြီးသွားရသည်။

ကြည့်စမ်း ... လျှော်ကောင်းကောင်းနဲ့ လျှော်





ထည့်လိုက်တာ လက်ရှိခါးမှာ ဝတ်ထားသည့် ရေလဲပုဆိုးကလွဲလျှင် အဝတ်အစားအားလုံး ကုန်ပါရောလား။

အဲဒါမှ ဒုက္ခပင်။ ရေချိုးပြီးသည့်အခါ ဒီရေလဲပုဆိုးအစုတ်ကလွဲလို့ ဝတ်စရာမရှိတော့ပြီ။ ရေလဲပုဆိုးကလည်း အောက်ဘက်မှာ တစ်တောင်လောက်အပြဲနှင့်၊ အင်္ကျီကလည်း မကျန်တော့။

တော်တော်ရှုပ်ယှာယှာနိုင်တဲ့ကောင်ပဲဟု ကိုယ့်ကိုကိုယ် အပြစ်တင်ကာ ခေါင်းကို လက်သီးဆုပ်နဲ့ ပိတ်ပိတ်သာထုပစ်ချင်တော့သည်။

သွားပါပြီ။ အဝတ်တွေ မခြောက်မချင်း[illegible] တာဇကားထဲက မင်းသားသာသာ အထက်ပိုင်းဗလာ၊ အော[illegible]ပိုင်းရေလဲပုဆိုး အစုတ်နဲ့ သားနားလို့သာ နေပေ[illegible]ရာ တကယ်လို့ ညနေစာစားချိန်အထိ အဝတ်တွေမခြောက်ခဲ့ဖူးဆိုသော် ထမင်းပါ အငတ်ခံလိုက်ပေတော့။

❦ ✠ ❦

## (၃၃)

ဝတ်ကောင်းစားလှတွေ ကြော့ကြော့မော့မော့ ဆင်ပြီး လှေကားက ဆင်းလာသည့် အသက်ကို ဘုန်းရောင်ထင်က ရှုသိုးသိုးနဲ့ စိုက်ကြည့်လိုက်မိသည်။

အမှန်ကတော့ ဒီနေ့အဖို့ သူမနဲ့သူ ရန်မဖြစ်ရသေးပါ။ မနက်ကတည်းက ဘုန်းရောင်ထင်က အဝတ်လျှော်ဖို့ လုံးပန်းနေရတာနဲ့တင် အသက် နဲ့ မျက်နှာချင်းဆိုင်ကို မဆုံဖြစ်။

အခု သူမကိုမြင်တော့ အလိုလိုဒေါသတွေ လှိုက်





တက်လာရခြင်းမှာ ကိုယ်က စုတ်ပြတ်သတ်လျက် လှတောမတိုးရဲပုံ ဖြစ်နေချိန်မှာ သူမက ကြော့ရှင်းသပ်ယပ်နေ၍ မနာလိုဝန်တို ဖြစ်မိခြင်းသာ။

သူမဟာ ဘာကြောင့်များ ခုထက်ထိ အဝတ်အစား ပြတ်လတ်ခြင်း ဒုက္ခကို မကြုံရသေးတာပါလိမ့်။ အမှန်ဆို နှစ်ယောက်သား ဒီကိုထွက်လာကြတာချင်း အတူတူ ဒီမှာလာတည်းနေသည့်ရက်ချင်းအတူတူ ဘုန်းရောင်ထင့်မှာ ဝတ်စရာမရှိတော့ရင် သူမမှာလည်း ဝတ်စရာရှိတော့မှာမဟုတ်။

အဲ ... တစ်ခုတော့ရှိသည်။ သူမ ယူလာသည့် အိတ်ကြီးက ခရီးဆောင်အိတ် အလတ်စားကြီး။ ကိုယ့်ကျောပိုးအိတ်သေးလေးထက်စာလျှင်တော့ အနည်းဆုံး အဝတ်အစား လေးငါးစုံလောက် ပိုဆန့်မည်။ ဒါကြောင့်သာ ဝတ်စရာ မကုန်သေးတာဖြစ်မှာ။

ဒါဆိုရင်တော့ တစ်ချိန်ကျရင် သင်းလည်း အဝတ်အစား ရှားပါးမှုဒဏ်ကို ခံလာရတော့မှာပဲ။ သူ့ကြည့်ရတာ ကိုယ့်လိုပဲ အဝတ်ကို ဖြောင့်ဖြောင့်လျှော်တတ်မည့်ပုံလည်း မပေါ်ပါဘူး။ တစ်ချိန်ကျ ဒီဒုက္ခတွေကို တွေ့ရမှာသေချာပါတယ်။

စိတ်ပုပ်စိတ်ယုတ် အတွေးကို တွေးလိုက်မိသည့်အခါ ဘုန်းရောင်ထင်က နည်းနည်း စိတ်ချမ်းသာသွားသည်။

လောကကြီးမှာ လူတွေအားလုံး အဆင်ပြေနေကြပြီး ကိုယ်တစ်ယောက်တည်း ကပ်ဆိုက်သလို ဒုက္ခရောက်နေရသည့် ဘဝကြီးကိုတော့ မလိုချင်ပါဘူး။ ဒုက္ခရောက်ရတာတောင် အဖော်လေးတော့ ရှိဦးမှ။

အခုတောင် ဒီနေရာမှာ မျက်နှာငယ်နဲ့ လာသောင်တင်နေပြီး အခက်အခဲ အမျိုးမျိုးကို ကြုံတွေ့နေရခိုက် သူမ အဖော်ရှိလို့သာ ဒီလောက် စိတ်အားမငယ်တာ။ ကိုယ့်အတွက် ငြင်းခုန်လုယက်ဖော်၊ ရန်ဖြစ်ဖော် လုပ်ပေးခြင်းအားဖြင့် သူမဟာ ပါရမီဖြည့်ပေးနေသလိုပါပဲ။

"နင် ဘာကြည့်တာလဲ"

လာပြီ။ ကိုယ်က ကိုယ့်အတွေးနဲ့ကိုယ် ကျေးဇူးတင်မည် ကြံကာရှိသေး ဗွာတေးလန်မက ရန်တွေ့လိုက်တာနဲ့ ဓာတ်လမ်းက ပျက်ပြီ။

အဲ ... ဓာတ်လမ်းပျက်တာထား မနက်ထဲက လှမ်းထားသည့် အဝတ်တွေဟာ ရေစင်အောင် မညှစ်တာရယ်၊ နေကောင်းကောင်း မရတာရယ်ကြောင့် ခုထက်ထိ စိုထိုင်းထိုင်း ရှိနေသေးရာ ဒီပုံစံနဲ့တော့ အပြင်ထွက် ညစာစားလို့လည်း မဖြစ်ခိုက်မှာ သူမ အကူအညီကိုရလျှင် တော်တော်အဆင်ပြေမှာပဲ။

"နင် ဘယ်သွားမလို့လဲ"





"ငါ့ဘာသာ ဘယ်သွားသွား နင့်အပူလား"

ဆက်ဆံရေးကတော့ ပထမတန်းပါပဲ။ ဟိုးအရင်သမဝါယမဆိုင်တွေခေတ်က စာရေးမတွေဟု မေမေပြောနေကျပုံစံဟာ သူမရဲ့ အခုပုံမျိုးထင်ပါရဲ့။

သို့သော် ကိုယ်က ခိုင်းချင်တာ ရှိနေပြီဖြစ်သောအခါ ဘုန်းရောင်ထင်က စိတ်ကိုလျှော့ချလျက် မျက်နှာချိုသွေးကာ ...

"ငါ တစ်ခုလမ်းကြုံ မှာချင်လို့ပါ"

"မကြုံဘူး"

"ငါ ဘာမှာမလဲ မသိဘဲနဲ့ မကြုံဘူးပြောလို့ ရမလား"

"ဘာမှာမှာ နင်မှာတာဆိုရင် တစ်ခုမှ မကြုံဘူး"

"ဟာ ... ကျွတ် ... တော်တော်လက်ပေါက်ကပ်ပါလားကွာ"

"ဘာမှ အပိုတွေပြောမနေနဲ့၊ လမ်းကြုံမှာရအောင် ငါက နင့်အခိုင်းအစေ မဟုတ်ဘူး၊ ကိုယ့်မှာ ခြေနဲ့လက်နဲ့ ရှိတာချည်းပဲ၊ ကိုယ့်ဘာသာလုပ်"

"ဒီတစ်ခါပဲ အကူအညီ တောင်းမှာပါဟာ၊ နင်ကလဲ ငါလိုအပ်လွန်းလို့ပါ"

ဘုန်းရောင်ထင်က မျက်နှာငယ်ငယ်၊ လေသံ

လျှော့လျှော့လေးနဲ့ ပြောလိုက်လျှင် နဂိုတည်းက စိတ်ပုပ်သိုးကြီး မဟုတ်သော အသက်က အနည်းငယ် စိတ်လျှော့သွားပါသည်။

"ဘာလဲ ... ဘာလိုတာလဲ"

"နင် ထမင်းသွားစားပြီး ပြန်လာရင် ထမင်းနဲ့ဟင်းတစ်ပွဲလောက် ဝယ်လာပေးပါလားလို့"

"နင်က ဘာလို့ သွားမစားနိုင်တာလဲ၊ ခြေထောက်အနာလဲ ကောင်းသွားပြီပဲ"

"ဟုတ်ပါတယ်ဟာ၊ ကိုယ့်ခြေကိုယ့်လက်ရှိတာ မှန်ပေမယ့် အဲဒီခြေလက်တွေကို ဖုံးဖို့ အဝတ်အစား မရှိလို့ဟ"

"ဘာ"

"ဒီလိုဟာ၊ မနက်က ငါအဝတ်တွေလျှော်လိုက်တာ အရှိန်လွန်ပြီး ပါလာတဲ့လေးစုံရော၊ ကိုယ်ပေါ်ဝတ်ထားတဲ့ တစ်စုံပါ အကုန်လျှော်လိုက်မိလို့ဟ၊ ဒီရေလဲတစ်ထည်ပဲ ဝတ်စရာကျန်တယ်၊ အင်္ကျီတွေကလည်း မခြောက်သေးဘူး၊ အဲဒါကြောင့် အပြင်ထွက်လို့ မရလို့"

ဒီတော့မှ ဘုန်းရောင်ထင့် အဖြစ်ကို အသက်က သတိထားကြည့်မိကာ တဟက်ဟက် ရယ်မောမိတော့သည်။





ဟုတ်ပ၊ ပုံစံကြည့်ရတာ သော်က ကာတွန်းထဲက အရိုင်းတို့ ဂျန်းဂဲလက်ဘုတ်ကာတွန်းကားထဲက မောဂ္ဂလိတို့လို ဖြစ်နေတာပါလား။

"နင်က ဦးနှောက်နည်းတာကိုး"

"အေးပါဟာ ... ငါ့ကို အပြစ်တင်ချင်တင်ပါ၊ စားစရာလေးတော့ ဝယ်ခဲ့ပေးပါ၊ ငါအမိုးချက်တဲ့ ထမင်းဟင်းပဲ ဖွတ်မိုတ်စားဖို့ ကြံပါသေးတယ်။ ဒီနေ့မှ အမိုးက ငါတို့ သူ့ဟင်းတွေ မစားတာနဲ့ စိတ်နာသွားလို့လား မသိဘူး ဘာမှချက်မသွားဘူးဟ၊ နောက်တစ်ခါ နင့်အဝတ်အစားတွေမှားပြီး အကုန်လျှော်လိုက်မိလို့ ဝတ်စရာမရှိဘဲ အပြင်ထွက်လို့မရရင် ငါ နင့်အတွက် ထမင်းပြန်ဝယ်ပေးပါ့မယ်"

"ဘာ ... အကောင်စုတ်၊ နင် မိုက်ရိုင်းလှချည်းလားဟင်"

အသက်က မျက်နှာလေးရဲကာ အော်တော့မှ သူမကို ခပ်ရွဲ့ရွဲ့ ပြောချင်ဇောနဲ့ ကိုယ့်စကားမှားသွားပါလားလို့ ဘုန်းရောင်ထင်က သတိထားမိတော့သည်။

ဟုတ်ပေသားပဲ။ မိန်းကလေးတစ်ယောက်ကို ဝတ်စရာမရှိတော့ရင် ဘာညာနဲ့ ပြောတာဟာ မကောင်းတဲ့စိတ်နဲ့ ပြောလိုက်သလို ဖြစ်သွားစေတာပေါ့။

“ငါက သက်သက်နောက်တာပါဟာ၊ စိတ်မဆိုးပါနဲ့၊ ငါ့အခက်အခဲလဲ နင်မြင်တဲ့အတိုင်းပဲ၊ နင်မှ မကူညီရင် ဒီနေ့အဖို့ ငါတော်ပြီဟ”

“အမိုးလာမှ ဝယ်ခိုင်းပေါ့”

“အမိုးက ဒီနေ့ သူ့အမျိုးတစ်ယောက် ကလေးမီးဖွားတာ သွားစောင့်ပေးရမယ်ဆိုပြီး သမိန်ထောဆိုလား အဲဒီကို သွားတယ်မို့လား”

“ဒါဆိုလဲ စောထူးဝါးလာမှ ဝယ်ခိုင်း”

“နင့်ကောင်လေးက အချိန်မှန်ပြန်လာမှာကျလို့၊ ဟို-တစ်လောကလဲ သူ့အမေ ဆေးရုံမှာ ဂျူတီကျတော့ မနက်မိုးလင်းကျမှ ဒီကောင်ပြန်ရောက်လာတယ်လေ၊ ဗီဒီယိုရုံမှာ မိုးအလင်း အခွေကြည့်နေတာဆို”

“ကဲပါ ... ဟုတ်ပါပြီ၊ ငါပဲ ဝယ်လာပေးပါတော့မယ်၊ ဘာဟင်းနဲ့လဲပြော။ ဩော် ... ပိုက်ဆံတော့ ပေးလိုက် ဦးနော်၊ ထမင်းတစ်နပ်ဖိုးပေးမယ့် ငါမစိုက်နိုင်ဘူး”

သူလည်း ကိုယ့်လိုကတ်စေးနည်း ကော်တရာဖြစ်နေတာပါလားလို့ ဘုန်းရောင်ထင်က သဘောပေါက်ကာ ကျေနပ်သွားရပါသည်။

ဘာပဲဖြစ်ဖြစ် မခြောက်သော အဝတ်တွေရဲ့





ကောင်းမှုကြောင့် ထိုနေ့က ဘုန်းရောင်ထင်နဲ့ အသက်တို့ အဝတ်လေး အပေးအယူတည့်ကာ စကားပြော အဆင်ပြေသွားခဲ့ကြရတာတော့ အမှန်ပင်။

## (၃၄)

"ဟော့ ... ကောင်မလေး"

အောက်ထပ်ကနေ ဘုန်းရောင်ထင်က လှမ်းခေါ်လိုက်လျှင် အပေါ်ထပ်မှာ ရေချိုးပြီး သနပ်ခါးလိမ်းနေသည့် အသက်က ချက်ချင်းပြန်မထူးပါ။ ကိုယ်နဲ့သူနှစ်ယောက်တည်းပဲ တစ်အိမ်လုံးမှာရှိတာမို့ သူခေါ်တာဟာကိုယ့်ကိုခေါ်တာမှန်း သိနေသော်လည်း နာမည်ခေါ်တာမဟုတ်ဘဲ "ဟော့ ... ကောင်မလေး"ဆိုသည့် မခံချင်စရာနာမ်စားကြီးနဲ့မို့ စိတ်တိုမိလေသည်။





အသက်က ပြန်မထူးလေ၊ ဘုန်းရောင်ထင်ကလည်း မကြားဘူးထင်ပြီး သုံးလေးခွန်း ထပ်ခေါ်လေနှင့်တစ်အိမ်လုံး ဆူညံနေရသည်။

ကြာတော့ အသက်က သည်းမခံနိုင်တော့ပါ။ ကိုယ်မကြားချင်သည့် ဒီနာမည်ကြီးကိုပဲ ထပ်ခါထပ်ခါ နားဆင်နေရမည့်အစားတော့ ပြန်ထူးတာပဲ ကောင်းပါသည်လေ။

"ဘာလဲဟဲ့ ... ငါနားမပင်းဘူး ကြားတယ်"

"ကြားရင်လဲ ပြန်ထူးပါလား"

"ထူးချင်မှ ထူးမှာပေါ့၊ ကိုယ့်ပါးစပ်နဲ့ကိုယ်ပဲ"

ထမင်းဝယ်ပေးသည့်ကိစ္စ ပြီးသည့်နောက်မှာဘုန်းရောင်ထင်နဲ့ အသက်တို့ အနည်းငယ် ပြေလားဆိုလားဖြစ်ကာ တင်းမာမှု လျော့လာသော်လည်း စကားပြောရာမှာတော့ ကလေးတွေလိုပဲ ဂျစ်ကန်ကန် ရန်စွာစွာတွေက ရှိနေတုန်းပင်။

"ပြော ... ဘာလုပ်မလို့လဲ"

အသက်က လှေကားရင်းကနေ ခေါင်းပြူကာမေးလိုက်ပါသည်။ နှစ်ထပ်အိမ်ရဲ့ တစ်ဆစ်ချိုးလှေကားအပေါ်ဆုံးထိပ်ကနေ လှမ်းမေးသော အသက်ကို ဟိုးအောက်ဆုံးထစ်ကနေ ခေါင်းမော့ကြည့်နေရသော ဘုန်းရောင်ထင်ကကြာတော့ ဇက်ညောင်းလာသည်။

"အရင်အောက်ဆင်းခဲ့ဦး၊ ငါခေါင်းမော့ကြည့်ရတာ ဇက်ညောင်းတယ်"

"ညောင်း ... ညောင်းပေါ့၊ ဘာဖြစ်လဲ၊ ငါညောင်းတာမှ မဟုတ်တာ"

"အေး ... နင် အဲဒီလို တွက်ကပ်နေရင် ငါအပေါ်ထပ်တက်လာမှာနော်"

အဲဒီလို ခြိမ်းခြောက်လိုက်တော့မှ အသက်က ကြောက်သည်။ ဒီကတ်ဖိုးကတ်ဖဲ့ကောင်ဟာ စကားပြောထောင့်မကျိုးတာကလွဲလျှင် ဘာအဆိပ်အတောက်မှမရှိသော၊ ယုတ်မာကောက်ကျစ်မှု မရှိသော၊ မိကောင်းဖခင် သားသမီးဗီသသော လူငယ်လေးတစ်ယောက် ဆိုတာကိုတော့ အသက်က သိသားပင်။ ဒါပေမယ့် ယောကျ်ားလေးနဲ့ မိန်းကလေးတစ်အိမ်လုံးမှာ နှစ်ယောက်တည်း ကျန်ခဲ့သည့် အချိန်မှာ လူအမြင်မတင့်တယ်စေမည့်၊ အပြောအဆိုခံရစရာ ဖြစ်စေမည့် ကိစ္စမျိုးကို လူကွယ်ရာမှာတောင်မှ မလုပ်နိုင်ပါ။

ဘုန်းရောင်ထင်ကလည်း ဒါကိုသိလို့ ခြိမ်းခြောက်ခြင်းသာဖြစ်ပြီး တကယ်တမ်း အသက်က ဆင်းမလာဘူးဆိုလျှင်လည်း သူက တက်လိုက်သွားဖို့ စိတ်ကူးမရှိပါ။ သူဟာ အရည်အသွေး ခပ်ညံ့ညံ့၊ လောကကြီးအကြောင်းနားမလည်သည့် ကောင်လေးတစ်ယောက် ဖြစ်သော်လည်း





လူ့ကျင့်ဝတ်စည်းကမ်းတွေကိုတော့ စောင့်ထိန်းလိုက်နာသူတစ်ယောက် ဖြစ်ပါသည်။

"ငါ ဆင်းလာခဲ့မယ်"

အသက်က အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာခဲ့ပါသည်။ အောက်ထပ်ရောက်တော့ ဘုန်းရောင်ထင်က ဧည့်ခန်းမည်ကာမတ္တ ကြိမ်ခုံသုံးလုံးနဲ့ နံရံထောင့်မှာကပ်ထားသော စားပွဲတစ်လုံးရှိသော ဧည့်ခန်းထဲမှာ ထိုင်စောင့်နေနှင့်ပြီ။

"ပြော ... ဘာလဲ"

"ငါ တစ်ခုအကူအညီတောင်းမလို့"

"လာပြန်ပြီ၊ နင်ဟာလေ ... ကိုယ့်ဘာသာ တော်တော်မဲရပ်တည်နိုင်တာပဲ၊ အမြဲ သူများကို အကူအညီတောင်းနေရတယ်"

အသက်ကတော့ တမင်နာမ်နှိမ်ကာ ပြောလိုက်တာပေမယ့် တကယ်ဟုတ်မှန်နေလေတော့ ဘုန်းရောင်ထင့်ခမျာ အောင့်သက်သက်နဲ့သာ ငြိမ်နေလိုက်ရပါသည်။

"ကဲ ... ပြောစမ်းပါ၊ ရုပ်ကပျက်ပြမနေပါနဲ့"

"ငါ ... ငွေနည်းနည်းလောက် လိုလို့"

"ငွေလိုလို့ ... အဲဒါ ငါကဘာတတ်နိုင်မှာလဲ"

"ငါ အိမ်ကထွက်လာတော့ ငွေလေးထောင်လောက်ပဲ

ပါလာတယ်ဟာ၊ အဲဒီပိုက်ဆံက ဟိုသုံးဒီသုံး သုံးလိုက်တာ အခုဆို ကုန်သလောက်ရှိနေပြီ၊ တစ်နေ့တစ်နေ့ ထမင်းစရိတ်ကတင် နည်းတာမှတ်လို့၊ အခုဆို ငါ မနက်စာလဲ ထွက်မစားတော့ဘူး၊ ထမင်းတောင် အမိုးချက်ပေးတဲ့ ထမင်းဟင်းပဲ ကြိတ်မှိတ်စားနေရတာ ကြာပြီ"

ကိုယ်က သူ့ထက်နောက်ကျမှ အိပ်ရာက နိုးတတ်မြဲလူမို့ မနက်စာကို သူထွက်စားမစား မသိသော်လည်း နေ့လယ်စာနဲ့ ညစာထမင်းကိုတော့ အမိုးချက်တာပဲ စားစားနေတာကို အသက်လည်း တွေ့သည်ပင်။ အဲဒါဟာ အပြင်ထွက်ရမှာပျင်းလို့ အိမ်မှာပဲ ကြိတ်မှိတ်စားတာလို့ ထင်လျက် သူ့ကို ဘော်တော်အပျင်းထူသည့်ကောင်ပဲရယ်လို့တောင် သတ်မှတ်ထားမိသေးတာ။ အခုတော့ သူ့ခမျာ ငွေကုန်ခါနီးလို့ကိုး။

"ငွေကုန်ရင် အိမ်ပြန်တော့ပေါ့ဟဲ့၊ ဒီမှာ ဘာလို့ဆက်နေသေးတာလဲ"

"ငါက ဒီကို အလည်လာတာမှ မဟုတ်တာ"

ဘုန်းရောင်ထင့် အသံက အောက်အောက်အက်အက်နဲ့ ထွက်လာသည်။ ငွေကုန်ရင် အိမ်ပြန်တဲ့။ သူပြောမှလား။ ဒီလောက် လွယ်ကူနေမှတော့ သူစိမ်းမိန်းကလေးတစ်





ယောက်ထံမှာ မျက်နှာအောက်ချကာ ပိုက်ဆံတောင် ချေးမနေတော့ဘူး။

ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်သည့် နေရာကြီးမှာ နေနေရတာကို ဘုန်းရောင်ထင်က စိတ်မာတတ်ကျကာ အားအင်တို့ ကုန်ခမ်းလှပါပြီ။ တော်ရုံတန်ရုံ ပြဿနာလောက်ဆိုလျှင် အရှက်ကွဲချင် ကွဲပစေ မျက်နှာပြောင်တိုက်ကာ အိမ်ပြန်ပြေးပြီးတာဖြင့် ကြာလှရှိလောက်ပြီ။

အခုဟာက ဘယ်လိုမှ ပြန်မရသည့်ကိစ္စ ဖြစ်နေပေလို့သာ။ ကိုယ့်ဘာသာ ဒုက္ခဆင်းရဲတွေတွေ့လို့ သေချင်သေသွားပါစေ အမေ့အိမ်ကိုတော့ လုံးဝမပြန်ဘူးရယ်လို့ ဆုံးဖြတ်ထားပြီးသား ကိစ္စမို့လို့သာ။

"နေစမ်းပါဦး ငါမေးပါဦးမယ်၊ နင်က အိမ်ကထွက်ပြေးလာတာလား၊ အိမ်နဲ့ စိတ်ဆိုးပြီး ဆင်းလာတာလား"

လာပြီ။ မိန်းမတို့ဗီဇ စပ်စပ်စုစု နိုင်တတ်တာတွေ။ ဒီဟာမလေးဟာ လူချင်းမရင်းနှီးသေးလို့သာ ပါးစပ်ပိတ်နေရတာနေမှာ။ ဟော ... စကားလဲ လူလိုသူလို ပြောဖြစ်ရော စပ်စုသည့်အကျင့်က စတင်လာပြီ။

မပြောချင်ပါဘူး။ ဘယ်လောက်ရှက်ဖို့ကောင်းထားလဲ။ ဒီအရွယ်ရောက်မှ အမေ နောက်အိမ်ထောင်ပြုလို့

အိမ်ကဆင်းလာရသည်ဆိုတာ။

“ဟဲ့ … ပြောလေ”

“အိမ်က စိတ်ဆိုးပြီး ဆင်းလာတာဟာ၊ ဘာကြောင့်လဲဆိုတာတော့ မမေးနဲ့၊ အသေသာခံမယ် မဖြေဘူး”

“အောင်မယ် … ကြီးကျယ်လို့”

“ငါ့ကိုသာ မေးနေတယ်၊ နင်ကရော အိမ်ပြေးပဲ မဟုတ်ဘူးလား”

ကဲ … နောက်ဆုံးတော့ ဇာတိရုပ် ပေါ်တာပါပဲ။ ယောကျ်ားတွေဟာလေ၊ အင်မတန် စပ်စုချင်သောစိတ်လည်း ရှိပါရဲ့နဲ့ စပ်စုသည့်အလုပ်ဟာ မိန်းမတွေ အလုပ်လို့ သတ်မှတ်ကာ သူတို့ကိုယ်သူတို့တော့ ဘာကိုမှ စိတ်မဝင်စားသည့် ဣန္ဒြေရှင်ကြီးတွေ ဟန်ဆောင်တတ်ကြသည်။ တကယ်မှာတော့ စပ်စုချင်စိတ်ရှိသည့် နေရာမှာ မိန်းမနဲ့ယောကျ်ား အတူတူပင်။ တစ်ခါတလေကျတော့ ယောကျ်ားတွေကတောင် ပိုသည့်အခါ ရှိတတ်သေးသည်။

“ဘာလဲ နင့် အိမ်က နင်မကြိုက်တဲ့လူနဲ့ အတင်းပေးစားလို့လား”

“ဟာ … သေပါ့လား၊ မဟုတ်တမ်းတရားတွေ”

“ဒါဆိုဘာလဲ၊ ဘာဖြစ်လို့ အိမ်ကပြေးလာတာလဲ”

“နေစရာမရှိလို့”





“ဘာ”

“ငါ့မှ ဆက်နေစရာ အိမ်မရှိတော့ဘူး၊ ဒါကြောင့် ဒီကိုထွက်လာတာ၊ ရန်ကုန်မှာနေရင် ရင်မဆိုင်ချင်တဲ့ မျက်နှာတွေကို ရင်ဆိုင်ရမှာစိုးလို့”

“ဘယ်မျက်နှာတွေလဲ”

“တော်ပြီ … နင်ဆက်မစပ်စုနဲ့တော့၊ ငါလည်း နင့်အကြောင်း နည်းနည်းပဲမေးတာ၊ နင်လဲ ကော်ရုံပဲမေး”

အင်း … သူ့မှာလဲ ကိုယ့်လိုပဲ ပြောမပြနိုင်စရာ အခက်အခဲတွေ ရှိနေလိမ့်မည်လို့ ဘုန်းရောင်ထင်က သဘောပေါက်လိုက်ပါသည်။ သူများရဲ့ လျှို့ဝှက်ချက်ကို အတင်းကြီးတော့လည်း စစ်ကြောဖော်ထုတ် မနေချင်တော့ပါဘူးလေ။ ကိုယ်လည်း စိတ်ဝင်စားလှတာမှ မဟုတ်ဘဲ။

လောလောဆယ် အရေးကြီးနေတာက သူမရဲ့အကြောင်းမဟုတ်။ ပိုက်ဆံချေးဖို့ကိစ္စ။

“ကူညီပါဟာ၊ ငါတကယ် ငွေလိုနေလို့၊ နင့်ပိုက်ဆံ အလကားမယူပါဘူး၊ ဒီမှာ ငါ့ဆွဲကြိုး၊ နှစ်ကျပ်သားတော့ အနည်းလေးရှိတယ်၊ အဲဒါကို အပေါင်ယူထား”

“ငါလာမပေါင်နဲ့လေ။ အပေါင်ဆိုင်မှာ သွားပေါင်ပေါ့”

ပြောတော့ လွယ်လိုက်တာ။ အပေါင်ဆိုင်ဆိုတာ တစ်သက်နဲ့တစ်ကိုယ် ရှေ့ကတောင် ဖြတ်မလျှောက်ခဲ့ဖူးတာ

မို့ ကိုယ်တိုင်သွားပြီး ပစ္စည်းပေါင်ဖို့ဆိုတာ အလွန်ဝန်လေးစရာကောင်းသည့် ကိစ္စပါ။ ဒီမြို့မှာ အပေါင်ဆိုင် ဘယ်နားရှိမှန်းလဲမသိ။ သိသည်ပဲထားပါဦး ဝင်သွားပြီးလျှင် ဘယ်ကိုသွားလို့ ဘယ်လိုမေးပြီး ဘာတွေလုပ်ရမှာလဲ၊ ပေါင်လို့ရခဲ့သည်ဆိုရင်ကော စိတ်ချယုံကြည်ရပါ့မလား။

"အပေါင်ဆိုင်ဆိုတာ သေချာတောင် မမြင်ဖူးဘူး"

"ငါသိပါတယ်၊ နင်ဘာမှ မလုပ်တတ်ဘူးဆိုတာ"

"ထားပါဟာ၊ ငါညံ့တယ်ဆိုတာ ငါဝန်ခံပါတယ်၊ ဒါက အရေးမကြီးပါဘူး၊ ဒီဆွဲကြိုးကို နင်ယူထားပြီးရင် ငါ့ကို ပိုက်ဆံသုံးထောင်လောက် ခဏပေးထားပါ"

အင်း ... ဒုက္ခပါပဲ။ ဒီတစ်ယောက်ကလည်း အထင်တွေ စွတ်ကြီးကာ ပိုက်ဆံလာချေးနေရတယ်လို့။

သူကသာ အထင်ကြီးနေတာ။ အမှန်တော့ အသက်ရဲ့ အခြေအနေဟာလည်း သူနဲ့ ထူးမခြားနားလောက်ပင်။ အိမ်က ပိုက်ဆံယူလာတာကတော့ ခုနစ်ထောင်ကျော်လောက် ပါလာတာမို့ သူ့ထက်များသည်ဟု ဆိုနိုင်သော်လည်း မသုံးမဖြစ်သည့် ပစ္စည်းတချို့ ဒီရောက်မှဝယ်ယူရတာတွေက ရှိသေးရာ အသက် လက်ထဲမှာလည်း ငွေက နှစ်ထောင်နီးပါးလောက်သာ ကျန်တော့တာ။





ထိုနှစ်ထောင်ကို ဘယ်နှရက်လောက်များလောက်ငအောင် ချွေတာသုံးစွဲရပါ့မလဲလို့ တစ်ယောက်တည်း ကျိတ်ကာ ခေါင်းကျိန်းနေရသည့်အဖြစ်ကို သူ မသိနိုင်ပါဘူး။

"ငါ့ဆွဲကြိုးက အစစ်ပါဟာ၊ မယုံရင် ကြိုက်တဲ့ရွှေဆိုင်သွားမေးပါ၊ မေမေ ပေးထားတာလေးမို့ ရောင်းမပစ်ရက်လို့ပါ"

"ခက်တယ် ဘုန်းရောင်ထင်ရဲ့၊ နင်က အထင်ကြီးနေပေမယ့် ငါ့မှာလဲ ပိုက်ဆံသိပ်ရှိတော့တာ မဟုတ်ဘူး"

"နှစ်ထောင်လောက်ဆိုရင် ရပါပြီဟာ"

"အဲဒီနှစ်ထောင်လောက်ကို မရှိတော့တာ၊ ကိုယ့်အိမ်ကိုယ့်ယာမဟုတ်တော့ ပစ္စည်းတွေက အမြဲလိုအပ်နေတာ၊ အဲဒါတွေ လိုက်ဖြည့်နေရတာနဲ့တင် ပါလာသမျှက ကုန်သလောက်ရှိနေပြီ"

"တကယ်ပဲလားကွာ"

"တကယ်ပြောတာပါ၊ ဘဝတူချင်းပဲ၊ ငါတွက်ကတ်နေစရာ မလိုပါဘူး၊ ငါ့မှာ ပိုက်ဆံသာရှိရင် အပေါင်တွေ ဘာတွေတောင် မလိုဘဲ နင့်ကို ထုတ်ချေးလို့ရပါတယ်၊ အခုဟာက ငါတောင် နောက်ထပ် သုံး၊ လေးရက်စာလောက်ပဲ သုံးဖို့ရှိတော့လို့ အခက်တွေ့နေတာ"

"အမိုးကို ချေးကြည့်ရရင် ကောင်းမလား"

"ဟယ် ... မဟုတ်တာ၊ ကိုယ့်သိက္ခာလဲ ကိုယ်ငဲ့ပါဦး၊ ပြီးတော့ အမိုးကို အရမ်းအားနာစရာကောင်းမှာ"

"အေးလေ ... ငါလဲ တွေးမိတွေးရာသာ တွေးလိုက်တာပါ။ သိပ်တော့ အဓိပ္ပာယ်မရှိဘူးဆိုတာ သိပါတယ်"

"တခြားနည်းလမ်းတစ်ခုခု ရှာရအောင်"

"ဘာများလုပ်စရာရှိသေးလဲဟာ၊ ငါ့မှာတော့ ရောင်းစရာပစ္စည်းလဲ ဘာမှပါမလာဘူး၊ ဒီဆွဲကြိုးလဲရောင်းလို့မဖြစ်ဘူး၊ နာရီကလည်း ကြည့်ရဦးမှာ"

"ငါလဲ ဘာမှပါမလာပါဘူး၊ ငါ့လက်စွပ်၊ ဟန်းချိန်း၊ ဆွဲကြိုးတွေက ပလက်တီနမ်တွေဆိုတော့ ပိုဆိုးသေးတယ်၊ ဝယ်တော့သာ ဈေးမနည်းဘူးပေးရတာ၊ ပြန်ရောင်းရင် ဝယ်မယ်လူရှိမှာ မဟုတ်ဘူး"

အသက်ကလည်း အခုမှ မာမာ ထားခဲ့သော ရွှေဆွဲကြိုးကြီးတို့၊ စိန်လက်စွပ်ကြီးတို့ကို ဝတ်မလာခဲ့ဘဲ လှချင်ပချင်စိတ်ကို အဓိကထားကာ ပလက်တီနမ်ပစ္စည်းတွေ ပဲဝတ်လာမိခြင်းကို နောင်တအကြီးအကျယ် ရနေသည်။

"တစ်ခုပဲ ရှိတယ်ဟာ ... အမိုးကိုပြောပြီး ငါ့အတွက် အလုပ်တစ်ခုခု ရှာခိုင်းရရင် ကောင်းမယ်၊ ငါက ယောကျ်ားလေးဆိုတော့ ငါပဲ အလုပ်ထွက်လုပ်သင့်တာပေါ့"





သင်းစကားက ဘာစကားလဲ။ သူပြောပုံက ခိုးရာလိုက်လာသည့်စုံတွဲ ငွေပြတ်လို့ ယောကျ်ားလေးက ငွေထွက်ရှာရမှာပေါ့ဆိုသည့် စကားမျိုး။

ဒါပေမယ့် ဘုန်းရောင်ထင့် မျက်နှာကို ကြည့်လိုက်တော့ တမင်တကာ အသားယူပြောနေပုံ မပေါက်ချေ။ ရဲဘော်ရဲဘက် အချင်းချင်း အခက်အခဲကို ရင်ဆိုင်ဖြေရှင်းကြရာမှာ သူက ယောကျ်ားမို့ တာဝန်ပိုယူချင်သည့် သဘောမျှသာလျှင် ဖြစ်ချေသည်။

❋ ✠ ❋

## (၃၅)

တီရှပ်လက်တိုနဲ့၊ အရောင်ခပ်မွဲမွဲပုဆိုးတိုတိုနဲ့၊ နေလောင်ခံထားရသော ဆံပင်ပွယောင်းယောင်းနဲ့ မောဟိုက်နွမ်းဖတ်စွာ အိမ်ကိုပြန်ရောက်လာသည့် ဘုန်းရောင်ထင့်ကို ပြတင်းပေါက်က လှမ်းမြင်လိုက်သည့် အသက်က အံ့အားတသင့် ဖြစ်သွားရပါသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် စကားပြောချိန်က နည်းပါးလှသလို စကားပြောပြီဆိုလျှင်လည်း တစ်ယောက်မျက်နှာ တစ်ယောက်သိပ်မကြည့်ဖြစ်တာမို့ ဘုန်း





ရောင်ထင် ဒီလောက် ပြောင်းလဲနေတာကို အသက်က အခုမှ သတိထားမိပါသည်။

ရန်ကုန်မှာ တွေ့ခဲ့စဉ်တုန်းကဆို ဒီကောင်လေးဟာ မနာလိုဖြစ်ချင်စရာ ကောင်းလောက်အောင် သယ်ယပ်ကြော့မော့နေတာ။ အိမ်က ဖူးဖူးမှုတ် အလိုလိုက်ခံထားရသည့် သူဌေးသားလေး ပီသစွာ ကိုယ့်ကိုကိုယ် အရိပ်တကြည့်ကြည့် သ,ထားကာ သန့်ပြန့်ချောမွေ့ နုဖတ်နေတာ။

ဘယ်လောက်ပဲ ရန်ဖြစ်နေနေ သူ့ရဲ့ အထူးထင်ရှားလင်းလက်စွာ သန့်ပြန့်ချောမွေ့နေမှုကို အသက်က သတိတော့ ထားမိခဲ့တာမို့ အခုမြင်နေရသည့် ပုံစံနဲ့နှိုင်းလှဉ်သော် အကွာခြားကြီး ကွာခြားနေရသည်။

သနားတော့လဲ သနားပါရဲ့။ သူ့ခမျာ ပင်ပန်းလွန်းအားကြီးလို့ အသားတွေညို၊ မျက်ကွင်းတွေချောင်ကျကာ ပိန်သွားလိုက်တာ။

အိမ်နဲ့ မလှမ်းမကမ်းမှာရှိသည့် Brothers လက်ဖက်ရည်ဆိုင်မှာ သူက မနက်ည လက်ဖက်ရည်သွားသွားသောက်ရင်း ဆိုင်ကလူတွေနဲ့ ခင်လာခဲ့ကာ ထိုဆိုင်က စားပွဲထိုးကောင်လေး တောခဏပြန်သွားလို့ လူလိုနေသည့်နေရာမှာ အစားထိုး ဝင်လုပ်ခဲ့တာ။

လက်ဖက်ရည်ဆိုင် စားပွဲထိုး အလုပ်ဆိုတာ

လည်း လက်တွေ့ကျတော့ သိပ်မလွယ်လှပါ။ မနက်ဆိုရင် အစောကြီး အိပ်ရာထ။ ဆိုင်ကိုသွား၊ ခင်းကျင်းပြင်ဆင်။ လူတွေရောက်လာပြီဆိုလျှင် ပြေးလွှားကာ စားပွဲထိုး၊ နေ့လယ်လူပါးချိန်မှာ ခဏနား၊ ထမင်းစား၊ ဆိုင်သန့်ရှင်းရေးလုပ်၊ ညနေကျတော့ လုပ်ငန်းပြန်စကာ ညမိုးချုပ် ဆိုင်မသိမ်းမချင်း အနားမနေရတော့ပါ။

သူ့ဆိုင်က စားသုံးသူလည်း များလှလေရာ တစ်နေကုန် ဂျင်ခြေလည်အောင် ပင်ပန်းလှသည်ဟု ဘုန်းရောင်ထင် ပြောတာကို ကြားဖူးပါသည်။

အသက်ကရော ဘယ်လောက်များ ထူးလို့ပါလဲ။ ဆိုင်ထမင်း ဆိုင်ဟင်းစားရတာ ကြာတော့ငြီးလည်း ငြီးငွေ့ကာ ကုန်ကျစရိတ်လည်း မတတ်နိုင်တော့တာကြောင့် ကိုယ့်ဘာသာပဲ ချက်ပြုတ်စားကြဖို့ စီစဉ်လျက် ကိုယ်တိုင် ချက်ပြုတ်နေရတော့တာ။

အမိုးက အသုံးမပြုတတ်လို့ ပစ်ထားပေမယ့် အန်တီတို့ရှိစဉ်ကသုံးသည့် လျှပ်စစ်ထမင်းအိုး ရှိတာကြောင့် ထမင်းချက်ဖို့ကတော့ သိပ်ဝန်မလေးပါ။ နှစ်ရက်လောက် မာတစ်လှည့် ပျော့တစ်လှည့် ကွင်းဆင်းလေ့ကျင့်လိုက်ရပြီးလျှင် ရေအချိန်အဆ မှန်အောင် ထည့်တတ်သွားပြီမို့ ဆန်နဲ့ရေ ရောထည့်လိုက်ရုံနဲ့ ထမင်းတစ်အိုးက အချိန်တန် ဖြစ်လာသည်။





ဟင်းကျတော့ အခက်သား။ အသက်ဟာ အိမ်မှာ မင်းသမီးကလေးလို နေခဲ့ရသူမို့ အချက်အပြုတ်နဲ့ ပတ်သက်ရင် ပါရမီရော၊ အလေ့အကျင့်ရော ဘာဆိုဘာမှ မရှိလေရကား ကိုယ်တိုင်ချက်ပြုတ်နေသည့် တစ်ပတ်လောက် ကာလအတွင်း ဘာတစ်ခုမှ အမြီးအမောက် မတည့်သေးချေ။

အခုလည်း နေ့လယ်စာစားဖို့ ပြန်လာသည့် ဘုန်းရောင်ထင့်ကို အသက်က မျက်နှာပူလှပါပြီ။ အသက် စီစဉ်ချက်ပြုတ်ထားသည်က အလွန်ထူးဆန်းသော ဟင်းနှစ်မျိုး။ ဘဲဥကြော်နဲ့ ကန်စွန်းရွက်ကြော်လေ။

ထိုနှစ်မျိုးမှာမှ ဘဲဥက ဟိုဘက်ဒီဘက်အလှန်မှာ ပြိစိပြုတ်ထွက်ကာ အောက်ခြေကတူးခြစ်နေသည်။ ကန်စွန်းရွက်ကြော်က ဆားနှစ်ခါ မှားထည့်မိလို့ ငန်တူးနေသည်။ မောမောနဲ့ ပြန်လာရှာသူတော့ စားကောင်းဦးတော့မှာပါပဲ။

အိမ်မှာ သူတို့နှစ်ယောက်ကလွဲလျှင် ဘယ်သူမှ မရှိချိန်မို့ ဘုန်းရောင်ထင့်ကို အသက်ကပဲ တံခါးဆင်း ဖွင့်ပေးရပါသည်။ အမိုးက သူတို့နှစ်ယောက်ကို သိပ်ကြည့် မရလို့ပဲလားမသိ။ ဆေးရုံကနေ ပြန်ချင်မှ ပြန်လာတတ်တာ။ ဟိုကောင်လေး စောထူးဝါးကလည်း ဘာမှအားကိုးရတာ မဟုတ်။

"ဒီနေ့ အလုပ်သိမ်းတာ နောက်ကျတယ်နော်"

သံဘာဂျာတံခါးကို သော့ဖွင့်ပေးရင်း အသက်က ပြောလိုက်သော်လည်း နေပူထဲ လျှောက်လာရလို့ မျက်နှာတွေ နီရဲ၊ ချွေးတွေရွှဲကာ ပေါဟဲဆိုက်နေသည့် ဘုန်းရောင်ထင်က ဘာမှပြန်မပြောနိုင်သေးချေ။

အသက် အလိုက်သိစွာ ခပ်မေးသာ သောက်ရေကို တဂွပ်ဂွပ်နေအောင် မော့သောက်လိုက်တော့မှ အနည်းငယ်နေသာထိုင်သာ ရှိသွားသည်။

"မောလိုက်တာကွာ၊ ဒီတစ်သက် တစ်ခါမှ ဒီလောက်မမောဖူးဘူး"

"ဟယ် ... ဘုန်းရောင်ထင်၊ နင့်လက်က ဘာဖြစ်တာလဲ"

"ဘာကိုလဲ"

"မင်တွေလား၊ အပြာတွေ ပေနေတာ"

"အေး ... ရေနွေးပူလောင်လို့ မဲနယ် ဆွတ်လာတာ"

"ရေနွေးပူလောင်တယ်၊ ပြစမ်း၊ ဘယ်လောက်တောင်များသလဲ"

"နည်းနည်းပါ၊ သိပ်တော့ အပူကြီးမဟုတ်တော့ပါဘူး၊ အိုးကြီးကနေ အိုးလေးထဲ ခွဲထည့်ပြီးသား၊ ရေနွေးလေးအိုးလောက် တစ်ခါတည်းပေါင်းကိုင်ပြီး သယ်လိုက်တာ နှုတ်သီးကစောင်းပြီး ရေနွေးတွေ ထွက်ကျလာလို့"





"ဒုက္ခပါပဲဟယ်၊ သိပ်နာနေလားဟင်"

ကိုယ့်ကို ကြင်ကြင်နာနာလေး မေးလိုက်သော ကောင်မလေးကို ဘုန်းရောင်ထင်က မထင်မှတ်ဘဲ ခပ်ကြာကြာလေး စိုက်ကြည့်မိသွားပါသည်။

တိုတစ်စ ရှည်တစ်စ စတက်ပ်ပုံစံညှပ်ထားသော ဆံပင်တွေဟာ ရန်ကုန်မှာဆိုလျှင်တော့ ပုံကျကျလေး ဖြီးသင်ဖြန့်ချထားနိုင်မည် ဖြစ်သော်လည်း အခုလို အလုပ်ရှုပ်နေချိန်မှာတော့ အနှောင့်အယှက်မဖြစ်အောင် သားရေကွင်းနဲ့ မမှီတမီ စုစည်းထားရကာ အစည်းထဲကလွတ်ကာ ဖရိုဖရဲပြန်ကျသည့် ဆံပင်ကကျနဲ့ ကပိုကရို နိုင်လှလေသည်။

အလှပြင်ပစ္စည်း ဘာမှမရှိတော့၍ သနပ်ခါးကျဲကျဲကျားကျားသာ လိမ်းထားသော မျက်နှာပြင်က ပြောင်တလင်းခါလို့၊ မျက်ခုံးမွေးနဲ့ နားထင်စပ်တွေမှာသာ သနပ်ခါးဖတ်တွေ ကျန်တော့သည်။

အဝတ်အစားကလည်း လက်ကြောတင်းအောင် မလျှော်ဖွပ်နိုင်ရကား နဂိုအရောင်မှာ ချေးရောင်ထပ်တက်ကာ ညစ်ထေးထေး ဖြစ်နေပြီ။

ဘာပဲဖြစ်ဖြစ် ထိုစုတ်တီးစုတ်ဖတ် ပုံစံလေးဟာ ရန်ကုန်မှာ တွေ့ခဲ့ရသည့် အသက်ရဲ့ လင်းလက်တောက်ပစွာ လှပနေသော ပုံစံထက် အများကြီး နှစ်သက်ဖွယ် ဖြစ်နေတာ

တော့ အမှန်ပင်။

သူမလေးဟာ ဘာတစ်ခုမှ သုံးမရသော ဘော်ကြော့မ,လေးပုံစံ ပျောက်လျက် တကယ့် အရည်အချင်းပြည့် အိမ်ရှင်မလေးတစ်ယောက် ပုံစံမျိုး ပေါက်လာသည်။ အင်း... တကယ်လို့ သူမသာ အိမ်ရှင်မလေးတစ်ယောက် ဖြစ်ခဲ့ရင် ကိုယ်ကရော ...။

"ဘာတွေ ခေါင်းခါနေတာလဲ၊ ဗိုက်က မဆာသေးဘူးလား"

"ဟမ် ... နင် ဘာမေးလိုက်လို့လဲ"

"ဟောတော်၊ လူနဲ့စိတ်နဲ့ မကပ်လိုက်ပုံများ၊ ခေါင်းတော့ဖြင့် ခါနေပြီး"

"ခေါင်းခါတာက ကိုယ့်အတွေးနဲ့ကိုယ်ပါ၊ နင် ခုနက ဘာမေးလိုက်တာလဲ"

"ထမင်းစားတော့မလားလို့"

"အင်း ... စားမှာပေါ့၊ ဘာဟင်းချက်လဲ"

"ဘဲဥအိုးကင်းကပ်ကြော်ရယ်၊ ကန်စွန်းရွက် ငါးပိကောင်ကြော်ရယ်လေ"

"ဘာရယ်"

"အဟဲ ... ငါလက်စွမ်းပြလိုက်တာ ဘဲဥကတစ်ခြမ်းတူးသွားတယ်ကွယ်၊ ကန်စွန်းရွက်ကြော်ကျတော့ ဆား





နဲ့ ကူညီသူပေါ့။

"နင် ကြော်တတ်တာရော သေချာလို့လား အသက်စောင့်နေမှာ"

စွာ ရယ်မောချာပါတယ်ဆို၊ မနေ့ညက တီဗီမှာပြသွားတဲ့

"ကောင်း..ယ်ဟော့ကောင်းကောင်း အစီအစဉ်မှာ သိလ္လာစိုး ကန်စွန်းရွက..တာ သေချာကြည့်ထားတယ်၊ လုံးဝမလွဲဘူး၊ ငါက အရ

တာ၊ ဒီတော့ ကိုယ မသိတဲ့လူဆိုတော့လဲ မတတ်တဲ့လူ ပြန်ဖြည့်ဖို့လိုတယ်မှပေါ့"

အံ့သြစရာ။ ေ..ါ၊ ငါတောင် ဗိုက်စားရသေးတယ်" ထားသော အရသာဆိုးဆိုးဝါးဝါး..ဟာ၊ နင် ချက်ကျွေးတဲ့ဟင်းကောင်းသောက်ဖွယ်တွေလို မြိန်ရည်..ှက်ကြာပြီလဲ၊ ငါအဖြစ်ပြနေတာများ ကိုယ့်ကိုကိုယ် မဟုတ်ဖို့လား"

သိနေတာတောင် ငါ့ဟင်းတွေ တကယ်ပဲ ကော..သက်သွေးကလို့ သံသယဝင်လာမိသည့် အထိပါပဲ။ ..ာသာရှိ့မှဲ

..ာဖြင့်

..ဒိလှ

တော့ အမှန်ပင်။

သူမလေးဟာ ဘာတစ်ခုမှ သုံးမရသေ
ကြော့မ,လေးပုံစံ ပျောက်လျက် တကယ့် အရည်အ
အိမ်ရှင်မလေးတစ်ယောက် ပုံစံမျိုး ပေါက်လာ
တကယ်လို့ သူမသာ အိမ်ရှင်မလေးတစ်ပေ
ကိုယ်ကရော ...။

"ဘာတွေ ခေါင်းခါနေတာလဲ၊ ဂိ
လား"

"ဟမ် ... နင် ဘာမေးလို
"ဟောတော်၊ လူနဲ့စိတ်နဲ
တော့ဖြင့် ခါနေပြီ"
"ခေါင်းခါတာက
ဘာမေးလိုက် ဆိုင်ပိတ်တာမို့ ဘုန်းရောင်ထင်က အိမ်မှာ
"ထမင်း။ မနက်ထဲက အသက် ဈေးသွားမည်ဆိုတော့
"အင်းတောင်းဆွဲပြီး လိုက်လာကာ နှစ်ယောက်သား
"ဈေးဝယ်ကြပါသည်။

အထူးအစီအစဉ်အဖြစ် ဒီနေ့ ကတ်ကြေးကိုက်
ကြော်စားဖို့ အသက်ကပဲ စီစဉ်ကာ. လိုအပ်တာတွေကို
ဝယ်ခြမ်းပြီးပါပြီ။ မီးဖိုထဲမှာ အသက်က ဆရာမကြီး လုပ်ကာ
ပိုးချွတ်ပြင်ဆင်နေချိန်မှာ ဘုန်းရောင်ထင်ကတော့ တောက်တို





မယ်ရ ကူညီသူပေါ့။

"နင် ကြော်တတ်တာရော သေချာလို့လား အသက်
ရာ"

"သေချာပါတယ်ဆို၊ မနေ့ညက တီဗီမှာပြသွားတဲ့
စားကြမယ်ဟော့ကောင်းကောင်း အစီအစဉ်မှာ သီလွာစိုး
လုပ်ပြသွားတာ သေချာကြည့်ထားတယ်၊ လုံးဝမလွဲ
စေရဘူး"

"အေးပေါ့ဟာ၊ မသိတဲ့လူဆိုတော့လဲ မတတ်တဲ့လူ
နှပ်ချသမျှ ခံရမှာပေါ့"

"မယုံရင် မစားနဲ့ပေါ့၊ ငါတောင် ပိုစားရသေးတယ်"

"အလကားနောက်တာပါဟာ၊ နင် ချက်ကျွေးတဲ့ဟင်း
တွေ စားလာတာပဲ ဘယ်လောက်ကြာပြီလဲ၊ ငါအပြစ်
တင်တာတို့၊ ရှုံ့မဲ့တာတို့ ရှိဖူးလို့လား"

ဟုတ်တော့လဲ ဟုတ်ပါရဲ့။ အသက်သွေးက
တောင်မှ ကိုယ်ချက်သည့်ဟင်းတွေကို ကိုယ့်ဘာသာရှုံ့မဲ့
တွန့်လိမ်ပြီး မျိုချနေရတာ။ ဘုန်းရောင်ထင်ကတော့ဖြင့်
စားကောင်းသောက်ဖွယ်တွေ စားနေရသလို အားရပါးရရှိလှ
တာ။

"တကယ်တော့ ငါက အိမ်မှာဆို အရမ်းချေးများတာဟ၊
ဟင်းချက်တဲ့နေရာမှာ နည်းနည်းလေး အရသာပြောင်း

တာ၊ ပုံစံပြောင်းတာကအစ ငါက ပြဿနာလိုက်လုပ်တတ်တာ"

"စိတ်မကောင်းပါဘူး ဘုန်းရောင်ထင်ရယ်၊ ပြောရရင် ငါကလည်း ထမင်းဆိုတာ ထမင်းပန်းကန်ထဲကလာတယ်ဆိုတာလောက်ပဲသိတာ၊ အိမ်က မီးဖိုချောင်ဟာ ငါဘယ်တော့မှ မရောက်ဘူးတဲ့နေရာပဲ၊ ဒါကြောင့် နင့်ကိုလဲ ဘာမှဖြစ်ဖြစ်မြောက်မြောက် ချက်မကျွေးနိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် ပျော်စရာကောင်းပါတယ်ဟာ၊ နင်တစ်ယောက်အဖော်ရှိတာ ငါအားလဲတက်တယ်၊ အပျင်းလဲပြေတယ်၊ အဖော်လဲရတယ်၊ တကယ်ကောင်းပါတယ်"

"အေး ... ငါလဲအစက နင့်ကို တော်တော်အမြင်ကတ်တာ၊ နင်ရှိနေတာ အကုသိုလ်ဝင်တာပဲလို့ ထင်မိတာ၊ အခုတော့ နင်ရှိလို့ ငါ့အတွက် တိုင်ပင်ဖော် တိုင်ပင်ဘက် ရတာပေါ့"

"ဟိုမှာ ဆီအိုးပူနေပြီ၊ စကားများမနေနဲ့လေ၊ ဘာကြော်မှာလဲ သွားကြော်ချေ"

"သိပါတယ် ငရောင်ရဲ့၊ နင် သြဇာပေးစရာ မလိုပါဘူး"

စောစောလေးကတင် အကောင်းပြောနေရာက





နေ ချက်ချင်း ဓာတ်ပြလာကြပြီးမှ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်လျက် ရယ်မောမိကြပါသည်။

"အဲဒီကြက်သွန်က လက်မတစ်လုံးစာလောက် ထူရသလားဟယ်၊ စားလို့တော့ ကောင်းတော့မှာပဲ"

"ဒီလောက်ပဲ လှီးတတ်တယ်၊ ဒါတောင် မျက်ရည်ကျလှပြီ"

"ကြက်သွန်သုံးလုံး လှီးတာကလဲကွယ် ဒီလောက်ကြာလား၊ အေးလေ ... ကြာမှာပေါ့၊ တစ်နေရာတည်း ထိုင်နေတာမှ မဟုတ်တာ၊ ဘာတွေမှန်းမသိ ထ,ထ အလုပ်ရှုပ်နေတာကို"

"နေစမ်းပါဦး၊ နင် စောစောက ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"နင့်ကိုလား ... ငရောင်လို့ ခေါ်လိုက်တာလေ၊ နင့်နာမည်က ဘုန်းရောင်ထင် ဟုတ်လား၊ ပြီးတော့ နင်က နေရာတကာ ယောင်ခြောက်ဆယ်နဲ့ ဘယ်တော့မှ အဆင်ပြေအောင် မလုပ်တတ်လို့ ငရောင်လို့ ခေါ်တာလေ၊ အဲဒီနာမည် နင့်ကို တိတ်တိတ်ပေးထားတာကြာပြီ"

"ဩော် ... နင်က ငါ့ကို နာမည် ဖျက်တယ်ပေါ့လေ"

"နာမည်ဖျက်တာ မဟုတ်ဘူး လိုက်လွန်းလို့၊ အဲဒီလိုပဲ ခေါ်မယ်နော်"

"ခေါ်တာကတော့ ခေါ်လို့ရပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ နင်နဲ့ငါ့ကြားမှာ တစ်ယောက်နဲ့ တစ်ယောက် ရိုသေလေးစားမှုမရှိ ဖြစ်နေကြတာ၊ အသက်ပိုကြီးတဲ့လူကို ပိုငယ်တဲ့လူက ရိုရိုသေသေ ဆက်ဆံကြေး လုပ်ရအောင်"

"ငါလိမ်ပြောရင် ဘယ်လိုလုပ်မလဲ"

"လိမ်ပြောလို့ မရအောင် မှတ်ပုံတင်ထုတ်ပြရုံပေါ့ဟ"

"မလိမ်ပါဘူး၊ ငါ့အသက် ဆယ့်ရှစ်နှစ်နဲ့ ငါးလရှိပြီ"

"ဒါဆို နင် ငါ့ထက် ရှစ်လလောက်ငယ်တယ်၊ ငါက ဆယ့်ကိုးနှစ်နဲ့ တစ်လရှိပြီ"

"ဒီလောက်ကလေးနဲ့တော့ မလေးစားနိုင်ပါဘူး၊ ငရောင်လို့ မခေါ်ရရင် အရောင်လို့ခေါ်မယ်"

"အေး ... ကောင်းတယ်၊ နင့်ကငါ့ကို အရောင်လို့ခေါ်၊ နင့်ကိုငါက အသက် လို့ခေါ်မယ်"

ကြော်ရင်းချက်ရင်းနဲ့ပင် အခေါ်အဝေါ်ကိစ္စတွေ ပြောဖြစ်ကာ သူတို့နှစ်ယောက်ကြား ပိုပြီးရင်းနှီးနွေးထွေးလာခဲ့ရလေသည်။



(၃၇)

"နင် တကယ်သွားတော့မှာလား"

"သွားတော့မှာ ... ဘာလို့လဲ၊ လူဆိုတာ ဒီလိုပဲ ရေကြည်ရာ မြက်နုရာ ရှာရတာပဲ မဟုတ်လား"

ရေကြည်ရာ မြက်နုရာ။ အင်း ... သူပြောတာလဲ ဟုတ်တော့ ဟုတ်သားပေါ့လေ။ ဒီနေရာမှာနေတော့ လက်ဖက်ရည်ဆိုင်က စားပွဲထိုးဘဝလောက်နဲ့ပဲ သူ့မှာတစ်နေ့တစ်နေ့ ပင်ပန်းနေရရှာတာ။ အခုလို အခွင့်အရေးရတုန်း ကိုယ့်အတွက် တိုးတက်လမ်းကိုရှာတာ သူ့အလွန် မဟုတ်ပါဘူး။

ဒါဆိုရင် ဘာဖြစ်လို့များ အသက်က ရင်ထဲ နင့်နင့်နဲနဲ ဖြစ်နေမိရတာလဲ။ သူ့ဘာသာ ငါးဖမ်းသည့် ကျားဖောင်တွေနဲ့ လိုက်သွားမှာဟာ အသက်နဲ့ ဘာများဆိုင်လို့လဲ။

"ကျားဖောင်နဲ့ လိုက်သွားရင် အနည်းဆုံးတစ်လကျော် လောက်မှ တစ်ခါ ပြန်ရောက်မှာနော်"

"မကူလောက်ဘူးထင်တယ်"

"အဲဒီလောက် အကြာကြီး ပင်လယ်ထဲ နေရတော့ နင်နေနိုင်မှာမို့လို့လားဟင်"

"ပိုက်ဆံရဖို့ဆိုရင် ဘာမဆို လုပ်ရမှာပဲ၊ ငွေဟာလွယ် လွယ်နဲ့ မရနိုင်ဘူးဆိုတာ အခုမှ တော်တော်သိသွားပြီ"

"နင်ကလဲ၊ ဝိသမလောဘသားကြီး ကျနေတာပဲ၊ ပြောနေလိုက်တာ"

"ငါက သမာဓိနဲ့ အလုပ်လုပ်မှာပဲဟာ၊ နေဦး ... ငါပေးထားခဲ့တဲ့ ပိုက်ဆံနဲ့ရော လောက်ပါ့မလား"

ဘုန်းရောင်ထင်က အလုပ်ထဲက ကြိုတင်ငွေ ငါးထောင်ယူခဲ့ကာ အသက်ကို ပေးထားခဲ့ပါသည်။ အိမ်ရှင်တွေ ပြန်လာတော့မှာမို့ ဒီလောက်ငွေဆိုရင် သုံးလို့လောက်နိုင်ပြီဟု ထင်သည်။





"လောက်မှာပါ၊ မလောက်လဲ ..."

"ရော့ပါဟာ၊ တကယ်လို့ မလောက်ရင် ငါ့ဆွဲကြိုးယူထားလိုက်၊ နင် ရောင်းချင်ရောင်း၊ ပေါင်ချင်ပေါင် ကြိုက်သလိုသုံး"

"နင် ကိုယ်တိုင်တောင် မရောင်းရက်လို့ သိမ်းထားတဲ့ ဆွဲကြိုးကို ငါက ဘာလုပ်ရမှာလဲ"

"ဘာမှ မလုပ်ရင်လဲ သိမ်းထားပေးဟာ၊ ငါသွားနေရမယ့်နေရာနဲ့ ဒီဆွဲကြိုးက မလိုက်ဖက်ပါဘူး"

ကိုယ့်ကိုကိုယ် ယောကျ်ားကြီး တစ်ယောက်လို အားတင်းကာ ပြောနေရသော်လည်း ပင်လယ်ထဲက ဖောင်လေးတစ်ခုပေါ်မှာ ရက်ပေါင်းများစွာ နေထိုင်ကာ ငါးဖမ်းသည့် အလုပ်ကို လုပ်နေရမည့် ဘဝဟာ ဘယ်လောက်ပျင်းရိငြီးငွေ့ဖွယ်ကောင်း၍ ဘယ်လောက်ခက်ခဲကြမ်းတမ်းမည်ဆိုတာ မခန့်မှန်းနိုင်တာမို့ ရင်ထဲမှာတော့ ခပ်လေးလေးပင်။

ဒါပေမယ့် သူ့အတွက် ရွေးချယ်စရာက ဒီတစ်လမ်းတည်း ရှိသည်လေ။ ဟိုကောင်မလေးက သူ့အိမ်နဲ့ ဘာပြဿနာတက်ကာ ထွက်လာမှန်း မသိပေမယ့် သူ့မှာ ကိုယ့်လောက်ဆိုးဝါးကာ အိမ်ကိုပြန်စရာလမ်း ကင်းမဲ့နေသော အခြေအနေတစ်ခု ရှိချင်မှရှိမှာပါ။ အချိန်တန်လျှင် ပြန်စရာ အိမ်တစ်ခု ရှိမှာသေချာသည်။ ကိုယ့်မှာသာ ...။

"ဖြစ်နိုင်ရင်တော့ ဒီအလုပ်ကို နင်မလုပ်စေချင်ဘူး၊ ဒီအလုပ်က နင့်လိုပုံစံနဲ့ မလိုက်ဖက်ဆုံး အလုပ်ပဲဟာ"

ပျော့ပျော့နွဲ့နွဲ့၊ ဘာမှ မလုပ်တတ် မကိုင်တတ်၊ အစစအရာရာ သက်တောင့်သက်သာ အလွယ်တကူနဲ့ နေထိုင်နိုင်ခဲ့သည့် ဘဝကလာသော လူငယ်လေးတစ်ယောက်ဟာ တစ်လလောက်အတွင်းမှာ ကိုယ့်ရဲ့ဘဝဟောင်းနဲ့ ပြောင်းပြန်လှန်ပစ်လိုက်သလို ဆန့်ကျင်ခြားနားလှတဲ့ ဘဝထဲ ဘယ်လိုရှင်သန်နေထိုင်မလဲ။

"ငါလဲ မလုပ်ချင်တာတော့ အမှန်ပဲဟာ၊ ဒါပေမယ့် တစ်သက်လုံး ဒီအတိုင်းနေသွားလို့ကတော့ မဖြစ်ဘူးဟ၊ ငါ့ဘဝ ရပ်တည်ရေးအတွက် လမ်းစတော့ ရှာမှဖြစ်မယ်"

"ဒီအလုပ်ကိုတော့ တစ်သက်လုံး မလုပ်ပါနဲ့နော်၊ နင် အရမ်းပင်ပန်းမှာ"

"ငါ့ကို စိတ်ပူတယ်ပေါ့လေ"

အသက်က ဘုန်းရောင်ထင့်ကို မျက်စောင်းထိုး ကြည့်လိုက်ပါသည်။ ဒီကောင်လေးဟာ အခုတလော ဘာတွေဖြစ်နေမှန်းကို မသိ။ ကိုယ့်အပေါ် လိုလေသေးမရှိအောင် ဂရုစိုက်ပေးမတာအပြင် အဓိပ္ပာယ်အစွန်းထွက်သော စကားတချို့ကိုလည်း ပြောတတ်လာသည်။





"နင်နဲ့ငါ သူငယ်ချင်း အရင်းအချာတွေ ဖြစ်နေကြပြီပဲ၊ ငါ့အပေါ်ကောင်းတဲ့၊ ကူညီတဲ့ သူငယ်ချင်းတစ်ယောက်ကို ငါကလည်းပြန်ပြီး စေတနာကောင်း ထားမှာပေါ့"

"ငါမရှိရင် နင်နေရထိုင်ရတာ အဆင်ပြေပါ့မလားဟင်"

"ဘယ်တတ်နိုင်မလဲ"

အသက်ရဲ့ အသံလေးက ခပ်တုန်တုန်ဖြစ်ကာ ခေါင်းလေးငုံ့ချလိုက်တာကိုမြင်လျှင် ဘုန်းရောင်ထင့် ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းကိုမသိ။

သူကလေးကို တစ်ယောက်တည်း မထားခဲ့ချင်သော ဆန္ဒသည် တစ်ကိုယ်လုံးကို ဆူးခက်ဆူးနွယ်တွေနဲ့ ရစ်ပတ်လိုက်သလို စူးရှနာကျင် တင်းကျပ်စွာသော ဝေဒနာကို ဖြစ်ပေါ်စေသည်။

"နင်ပါ အတူလိုက်လို့ရတဲ့ နေရာဆိုရင် ငါခေါ်သွားပါတယ်ဟာ"

"စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့ဟာ၊ အန်တီတို့ ပြန်လာရင် ငါက အားလုံးအဆင်ပြေသွားမှာ၊ သူတို့ ပြန်မလာသေးရင်တောင်မှ ငါတစ်ယောက်တည်းနေလဲ ဒီနေရာက ဘာမှအခက်အခဲ မရှိဘူး၊ နင်သာ ပင်လယ်ပြင်ထဲမှာ သိပ်ပင်ပန်းမှာပဲ၊ ကိုယ့်အတွက်သာ ကိုယ်

တွေးပါ အရောင်ရယ်”

“အသက်”

ဘုန်းရောင်ထင်က ကိုယ့်ကိုကိုယ် သတိမထားလိုက်မိခင်မှာ သူမနာမည်ကို လွှတ်ခနဲ ယောင်ယမ်းခေါ်ပြီးသား ဖြစ်နေပြီ။

နှစ်ယောက်သားဟာ မထင်မှတ်ဘဲ အတော့်ကိုနီးကပ်စွာ ရပ်နေမိကြကာ အသက်ရဲ့ ကြယ်ပွင့်လေးလို တဖျပ်ဖျပ်လင်းလက်နေသော မျက်ဝန်းအစုံဟာ ဘုန်းရောင်ထင့်ကို မမိုတ်မသုန် မော့ကြည့်လျက်၊ ဘုန်းရောင်ထင့်ရဲ့ ရီဝေနူးညံ့သော မျက်ဝန်းတွေကလည်း အသက်ကို မျက်တောင်မခတ်တမ်း ယုယကြင်နာစွာ ငုံ့ကြည့်နေဖြစ်လေသည်။

စက္ကန့်ပေါင်း ဘယ်လောက်အထိ ကြာမြင့်ဖြတ်ကျော်သွားစေသလဲ မသိနိုင်တော့ပါ။ နှစ်ယောက်သားဟာ ဝိညာဉ်ကင်းမဲ့သူတွေလို တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်း ငေးကြည့်နေတာကလွဲလို့ တခြားဘာမှမလုပ်မိ။ မလှုပ်ရှားမိတော့။ အကယ်၍သာ သူတို့နှစ်ယောက်ကြားထဲသို့ မီးဖိုထဲမှာ အမြဲရှိနေတတ်သော ကြောင်ကြီးမိဖြူသာ ခုန်ချမလာခဲ့ဘူးဆိုလျှင် ဘုန်းရောင်ထင်ဟာ အသက်ကိုရင်ခွင်ထဲ ဆွဲယူပွေ့ပိုက်လျက် “အသက်ကို သိပ်ချစ်တယ်” လို့များ ပြောမိလိုက်တော့မလား မသိပါ။





အခုတော့ နှစ်ယောက်သားဟာ ကိုယ့်ကိုကိုယ်ပြန်ထိန်းလျက် ဘာမှမဖြစ်ခဲ့သလို ခပ်ခွာခွာလေး ရှောင်တိမ်းလို့ပဲ နေဖြစ်လိုက်လေသည်။

## (၃၈)

"ဒီသတင်း အမှန်ပဲလား အန်တီ"

"သြော်ကွယ် ... အန်တီက လူကြီးပါ၊ ပြီးတော့ ဆရာဝန်တစ်ယောက်ပါကွယ်၊ လူတစ်ယောက်ရဲ့ ရောဂါဝေဒနာနဲ့ပတ်သက်ပြီး လိမ်ညာပြောပါ့မလား"

"မဟုတ်ပါဘူး၊ အန်တီ့ကို လိမ်ပြောတာလို့ စွပ်စွဲနေတာ မဟုတ်ပါဘူးနော်၊ ဒီအဖြစ်ကြီးကို တကယ် မဖြစ်စေချင်လွန်းလို့ပါ"

ပါပါ ရုံးကအပြန် ကားအက်ဆီးဒင့်ဖြစ်ကာ





ခင်ဦးခင်ခင် က်ပေါ်က ပြုတ်ကျလ္က် ပွင့်သွားသော
ခြေထောက်ကျိုးသွား ပါလာသည့် ဆွဲကြိုးပ သားရဲ့ဆွဲကြိုးနဲ့
မရှိသော်လည်း
သံချောင်းတွေနဲ့တွပ ကြိုးဟာ မြန်မာပြည်တ ည်လုံးမှာ
ပေါ်ပဲ လုံနေရသော ဆန်းသောပုံစံမျိုး မဟုတ် သူလို
ပိုပြီး စိ ပါဘ ဘာမှထင်ရှားသည့် တ်
ဟာ ရုံးဆင်းချိန်တွေ ဘာ "သားဆွဲကြိုး" လို့ ဘယ
အဲဒီနေ့ကလည်း အသ ရှိ
တစ်ယောက်က ပြောတာ ာစ်ယောက်ရဲ့ ထူးဆန်းသော
ကိုယ့်ပယော းရဲ့ ဆွဲကြိုးအစစ်အမှန်ပဲလို့
လုံး ခြေထောက်ကျိုးကာ
မှာတော့ အသက်က တင်း ထပြပါဦး"

"သမီး ရန်ကုန် ပြန် ကီ"

အနေမျိုးမှာတော့ မာ အလေးယူကြည့်ချင်လို့
မထားသင့်ဘူး ထင်တာ

"ဟုတ်ကဲ့ပါ အန်တီ၊ အသ အသက်မှာ မပေး
မကျေနပ်ပေမယ့် အသက် ဒီ ိုက်ရပါသည်။
စက် မရိုင်းစိုင်းသေးပါဘူး" ာ်လာတော့မှာ။

"အေးကွယ် ... ဘာပဲဖြစ်ဖြစ် တ်ဝင်တစား
ကိုယ့်အဖေကို စေတနာသန့်သန့် ပျောက်ဆုံး
ပြုစု၊ သိလားသမီး"

ာ သယ်လာသည့်
ာ သိမ်းဆည်းလျက်
ကိုတော့ ဒီအတိုင်းပဲ

းကိုတော့ ပထမတော့
သေးသည်။ ဒါပေမယ့်
(ခုဏကမှ ထိုဆွဲကြိုးလေးကို
းထန်လာကာ မပေးထား

... အဲ ဘုန်းရောင်ထင် ပြန်
"ဒီသတင်း အမှန်သက် သူ့အိမ်သူပြန်သွားပြီလို့၊
"ဩော်ကွယ် ...တ်နဲ့ ဆက်သွယ်ရင် ရတယ်လို့
ဝန်တစ်ယော
ဒနာနဲ့ပတ်သ ပါပါ့ ဆယ်လူလာဖုန်းနံပါတ်ကိုပဲ
"မဟုတ်ပါက်တို့ မူလနေသည့် အိမ်ကို ပါပါက
တာ မပြီမို့ အဲဒီအိမ်လိပ်စာ၊ ဖုန်း နံပါတ်တွေကို
မဖြစ်ရ ထို့အတူပဲ ပါပါ့နောက်ဇနီးရဲ့ အိပ်လိပ်စာ၊
ှ် မသိတာမို့ အဲဒီ လိပ်စာကိုလဲ ပေးလို့မရချေ။





ဒီတော့ အသက်ကွက်ပေါ်က ပြုတ်ကျကျက် ပွင့်သွားသော
ပါပါ့ ဟန်း(ဒ်)ဖုန်းပါလာသည့် ဆွဲကြိုးပ သားရဲ့ဆွဲကြိုးနဲ့
"သူ ပြန်လာ
လိုက်ပါနော်၊ ဒိုးဟာ မြန်မာပြည်တ ည်လုံးမှာ
ပြောလိုက်ပါ ဆန်းသောပုံစံမျိုး မဟုတ် သူလို
ထိုစကား ာ ဘာမှထင်ရှားသည့် တ်
ကြီးတွေက ဘာကြေ ာ"သားဆွဲကြိုး"လို့ ဘယ်
ဆိုတာကိုတော့ အသ ရှိ
ဝစ်ယောက်ရဲ့ ထူးဆန်းသော
ရဲ့ ဆွဲကြိုးအစစ်အမှန်ပဲလို့

ာပြပါဦး"
ဒ"
ာလေးယူကြည့်ချင်လို့

အသက်မှာ မပေး
ဂ်ရပါသည်။
လာတော့မှာ။
ာ်ဝင်စား
ပျောက်ဆုံး

(၃၈

ကြီး လူနာဆောင် ၅-၆ ရဲ့

"ဒီသတင်း အမှန်ကို လာခဲ့ပါဆိုလို့သာ လိုက်လာ

"ခြောက်ကွယ် ...ဝတ်ထိတ်ပင်။"

ဝန်တစ်ယောက်တွေ ပြန်ဆိုက်လို့ ကုန်းပေါ်ရောက် ဒနာနဲ့ပတ်ဘျက်နှာလေးကို တွေ့ရတော့မည်လို့

"မဟုတ်ပါသွားခဲ့ကာ အိမ်လဲရောက်ကော အသက် တာ မပြန်သွားပါပြီဆိုသည့် သတင်းက အမော မဖြစ်နေခဲ့စဉ်ကစလို့ ဘုန်းရောင်ထင့်ရဲ့ ရင်တွေက





မငြိမ်သက်နိုင်တော့...က်ပေါ်က ပြုတ်ကျ...က် ပွင့်သွားသော

ပင်လယ်...ပါလာသည့် ဆွဲကြိုးပ...သားရဲ့ဆွဲကြိုးနဲ့ နေရသည့်ကာလတွေအ...

ဟာ ဘာလဲဆိုတာကို ...ဦးဟာ မြန်မာပြည်တ...ည်လုံးမှာ အသက်ဆိုသည့် မိန်းက...ဆန်းသောပုံစံမျိုး မဟုတ်...သူလို တည်ရေးအတွက် တက...ပါ ဘာမှထင်ရှားသည့် ...တ်

ဒီတစ်ခေါက်...ကာ "သားဆွဲကြိုး" လို့ ဘယ်... အသက်ကို ရင်ထဲရှိသမျှ ရှိ...

ဘုန်းရောင်ထင်က စိတ်ကူး... ...တစ်ယောက်ရဲ့ ထူးဆန်းသော ဒါတွေဟာ ရေပေါ်အရုပ်ရေး... ...းရဲ့ ဆွဲကြိုးအစစ်အမှန်ပဲလို့ စရာတွေပါပဲ။

တစ်ခုလေးပဲ က... ...အပြပါဦး"

သူမကို ဆက်သွယ်ဖို့ ဖုန်းနံပါ... ...နဲ့"

သူမထံမှာ အပ်ထား... ...လေးယူကြည့်ချင်လို့ သေးတာမို့ သူတို့နှစ်ယောက်ကြားထဲ... ပြုတ်တောက်မသွားခဲ့တာ။ ဒီဆွဲကြိုးက... အသက်မှာ မပေး ရမလိုဝင်။ ...က်ရပါသည်။

အသက် မရှိသော အရုပ်မှာ ... ...လာတော့မှာ။ နိုင်လောက်အောင် ထွန့်ထွန့်လူးနေပြီဖြစ်သော... ...ာ်ဝင်စား မှာ တော်တော်နဲ့ မပြန်တော့ဖို့ ရည်ရွယ်ထားသ... ...ပျောက်ဆုံး

ဂ်ချင်း အသက် ပေး
သွယ်ကြည့်တော့ အသက်
သည်။
နေလို့ပဲလား။ မတွေ့တာ
ရန်ကုန်ပြန်ရောက်ပြီမို့
ာ ပြတ်သားသွားတာလား
ပေးဟာ ခပ်ပြတ်ပြတ်တော့

(၃၈

ွှ့လိုက်ရလျှင် ကိုယ် ဘယ်
းတကြောင်း၊ တွေ့ချင်ကြောင်း
ပိုက်မည်လို့ ကြံစည်ထားခဲ့သမျှ
 သူပြောဖြစ်လိုက်သည့် စကား
"ဒီသတင်း အညွန့်းစိတ်ကူးယဉ်ဖွယ်ရာ တစ်ခွန်းမှ
"ဩော်ကွယ် အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံတက်နေရ
ဝန်တစ်ယောက်နေ့ညမပြတ် စောင့်ပေးနေရသည်ဆိုတာ
ဒနာနဲ့ပတ်ကုန်ဆေးရုံကြီး ထိခိုက်လူနာကုသဆောင်
"မဟုတ်မှုလိုက်ပါဆိုသည့် အလုပ်သဘောဆန်ဆန်
တာ ပြောဖြစ်ခဲ့တာ။
မဖြစ်အင်းလေ ...။ သူမအဖေတစ်ယောက်လုံး ဆေး





ရုံတက်နေရတယ်ဆ က်ပေါ်က ပြုတ်ကျလ က် ပွင့်သွားသော
မလဲ။ ဒီတော့ စကာ ပါလာသည့် ဆွဲကြိုးပ သားရဲ့ဆွဲကြိုးနဲ့
နောက်ပြီး လူနာတစ်ပေ
ကိစ္စမှ မဟုတ်တာ။ အဒ ိုးဟာ မြန်မာပြည်တ ည်လုံးမှာ
အလုပ်တွေ ရှုပ်နေတာကြေ ဆန်းသောပုံစံမျိုး မဟုတ် သူလို
မပြောနိုင်ရာတာ နေမှာပါ ဘာမှထင်ရှားသည့် တ်
ကိုယ့်စိတ်ကိုယ ာ "သားဆွဲကြိုး" လို့ ဘယ
တင်းရင်း အသက် အဖေ ရှိ
ရောက်လာခဲ့တော့သည်။ ဂစ်ယောက်ရဲ့ ထူးဆန်းသော
းရဲ့ ဆွဲကြိုးအစစ်အမှန်ပဲလို့

ာပြပါဦး"
မှ"
ာလေးယူကြည့်ချင်လို့
အသက်မှာ မပေး
က်ရပါသည်။
လာတော့မှာ။
က်ဝင်စား
ပျာက်ဆုံး

## (၂၀)

"ဒီသတင်း အ ၁ဖူးတစ်ဖူးကို ထုတ်လိုက်၊ သွင်းလိုက်၊ ၁င်းလိုက်၊ ပြန်ထိုင်လိုက် ဖြစ်နေသော

"သြော်ကွယ် ျူးနိုင်ရော ဒေါ်နွယ်နှင်းဆီကပါ သတိ ဝန်တစ်ယော ်။

ဒနာခဲ့ပြ

"မဟုတ် :ရှန်မျိုးနိုင် အခြေအနေက ခြေထောက်မှာ ၂ တပ်ဆင်ထားရသေးတာကလွဲလျှင် စားနိုင် တာ ၊ အိပ်နိုင်၊ စကားပြောနိုင်ပြီမို့ ဘာမှ စိုးရိမ်စရာ မ လေရကား အခုမှ သက်ပြင်းချနိုင်သည့် သူတို့မှာ





အသက်ပေါက ပြုတ်ကျလုက် ပွင့်သွားသော ဗူးနီလေးထဲက ထွက်ပေါ်လာသည့် ဆွဲကြိုးဟ သားရဲ့ဆွဲကြိုးနဲ့ ပုံစံဆင်တူပါလား။

သားရဲ့ဆွဲကြိုးဟာ မြန်မာပြည်တ ည်လုံးမှာ တစ်ကုံးတည်းရှိသည့် ထူးဆန်းသောပုံစံမျိုး မဟုတ် သူလို ငါလို ပုံစံလောက်သာရှိကာ ဘာမှထင်ရှားသည့် တ် လက္ခဏာ မပါဝင်ရကား ဒါဟာ "သားဆွဲကြိုး" လို့ ဘယ စွပ်စွဲလို့ မရပါ။

ဒါပေမယ့် အမေတစ်ယောက်ရဲ့ ထူးဆန်းသော စိတ်တန်ခိုးနှင့် ဒါဟာသားလေးရဲ့ ဆွဲကြိုးအစစ်အမှန်ပဲလို့ စိတ်ထဲ သေချာနေမိသည်။

"သမီး ... ဆွဲကြိုးလေး ခဏပြပါဦး"

"ဒါ သူများဆွဲကြိုးပါ အန်တီ"

"ဟုတ်ပါတယ်၊ အန်တီက ခဏလေးယူကြည့်ချင်လို့ ပါ"

လူကြီးက တောင်းနေတာမို့ အသက်မှာ မပေး ချင်ပေးချင်နှင့် ဆွဲကြိုးလေးကို လှမ်းပေးလိုက်ရပါသည်။

ဒုက္ခပါပဲ။ အရောင်ကဖြင့် ရောက်လာတော့မှာ။ ပါ့ မိန်းမ ကြည့်ရတာ ဆွဲကြိုးကို တော်တော်စိတ်ဝင်စား မပြီးနိုင် မစီးနိုင် လှည့်အကဲခတ်နေတာဟာ ပျောက်ဆုံး

သွားသော ကိုယ်ပိုင်ပစ္စည်းတစ်ခုကို ပြန်တွေ့နေသူတစ်ယောက်လိုပါပဲ။

"ဒါ သမီးဆွဲကြိုးမဟုတ်ဘူးဆိုတော့ ဘယ်သူငယ်ချင်းရဲ့ကြိုးများလဲကွယ့်"

ထူးထူးဆန်းဆန်း စပ်စုလာသော ဒေါ်နွယ်နှင်းဆီကို အသက်က ကျောခိုင်းလျက် မဲ့ရွဲ့ပစ်လိုက်မိသလို စိတ်ထဲကလည်း တကယ့်ကို ရွဲ့ချင်လာတာနှင့် ...

"အသက်ရဲ့ အခင်ဆုံး သူငယ်ချင်းတစ်ယောက်ရဲ့ ဆွဲကြိုးပေါ့ အန်တီ၊ ယောကျ်ားလေး သူငယ်ချင်းပေါ့"

ဒေါ်နွယ်နှင်းဆီကို ရွဲ့လိုက်တာဟာ ပါပါ့ကိုပါ မျက်လုံးပြူးစေပြီး နှစ်ယောက်သား ဇီးကွက်မောင်နှံလို ပြူးပြူးပြဲ မျက်လုံးတွေနဲ့ ပုံစံဆင်တူကြီးတွေ ဖြစ်သွားကြတာကို အသက်က ဝမ်းမြောက်ဝမ်းသာ ကြည့်နေမိတော့သည်။

❀ ✠ ❀



(၄၁)

ဘုန်းရောင်ထင်က အသက်ကို ဝဝရှုလိုက်ပြီး အခန်းတံခါးကို ခေါက်လိုက်ပါသည်။ အထဲက လှုပ်ရှားသံတွေ ရုတ်တရက် တိတ်သွားပြီးမှ တစ်စုံတစ်ယောက်က တံခါးကို လာဖွင့်သည့်အထိ စက္ကန့်ပိုင်းအချိန်လေးကို စောင့်ဆိုင်းရတာသည်ပဲ သည်းမခံနိုင်လောက်အောင် ကြာမြင့်သည်လို့ ထင်ရသည်။

"ဟယ် ... အရောင်"

တံခါးဖွင့်လာသောအခါတွင်ကား အခန်းဝမှာ

ငွေလမင်း မျက်နှာကလေး။ အသက်သွေးရဲ့ လှိုက်လှဲ့ရွှင်မြူး စွာ နှုတ်ဆက်လိုက်သံလေးမှာ ပျောက်ဆုံးနေသော ခွန်အား တွေ၊ စိတ်ဓာတ်တွေကို ပြန်လည်ဖြည့်ဆည်းပေးလိုက်သလိုပါပဲ။

"အသက်"

"လာလေ ... ဆွဲကြိုးလေး ယူလာခဲ့တယ်"

"ခဏလာဦး အသက်"

တံခါးကို တစ်ကိုယ်စာလွတ်ရုံ ဟဟလေးဖွင့် ကာ တံခါးဝမှာ မျက်နှာလေးပြူပြီး ပြောနေသည့် အသက် ကို ဘုန်းရောင်ထင်က အသည်းယားစွာနှင့် လက်ဆွဲကာ အခန်းပြင် ခေါ်ထုတ်လိုက်ပါသည်။

အသက်က အလိုက်သင့် ပါလာပြီးမှ အခန်း တံခါးကို နောက်ပြန်စေ့လျက် အခန်းပြင် နံရံကို ကျောမှီပြီး ဘုန်းရောင်ထင့်ကို ပြန်စိုက်ကြည့်နေသည်။

"ဘာကိစ္စ ဒီဆွဲကြိုးအကြောင်းပဲ ပြောစရာ ရှိနေရတာ လဲ"

"ဟင် ... အရောင်က ဆွဲကြိုးပြန်လာတောင်းတာပဲ မဟုတ်ဘူးလား"

"ဘာ"

"ဟုတ်တယ်လေ၊ အသက်ဆီကို ဖုန်းဆက်တာဟာ ဆွဲကြိုးပြန်ယူဖို့ မဟုတ်လား"





"ဟာ ... ရက်စက်တယ်ကွာ၊ ပင်လယ်ထဲကနေ ဖျာပုံ ကို ဖျာပုံကနေ ရန်ကုန်ကို၊ ရန်ကုန်ကမှ ဒီဆေးရုံကို အဆင့်ဆင့် လိုက်လာတာဟာ ဒီဆွဲကြိုးတစ်ကုံးကြောင့် လို့ ထင်ရက်တယ်၊ ဟုတ်လား"

"အင်းလေ ... အရောင်ပဲ ဒီဆွဲကြိုးက အမေပေးတာမို့ သိပ်မြတ်နိုးတယ်ဆို"

အမှန်က ဘုန်းရောင်ထင် ဒီလောက်သည်းကြီး မည်းကြီး ဆက်သွယ်စုံစမ်းကာ လာတွေ့ချင်နေတာဟာ ဆွဲကြိုးကို စိတ်ပူလို့ မဟုတ်ဘူးဆိုတာ အသက်ကသိပြီး သားပါ။ တမင်တကာ နောက်ချင်လို့ ရန်စ,နေတာ။

"အဲဒါဆိုလဲ အမေ့ထက် ပိုမြတ်နိုးရမဲ့လူကို အဲဒီဆွဲ ကြိုး အပိုင်ပေးမယ် ယူလိုက်တော့ကွာ၊ ငါဒီနေ့လာ တာ ဆွဲကြိုးယူဖို့ မဟုတ်ဘူးလို့ သဘောထားလိုက်"

"အို"

စိတ်တိုတိုနဲ့ ပြောချလိုက်သော ဘုန်းရောင်ထင့် စကားလုံးတွေကြောင့် အသက်မှာ ပါးပြင်လေး ရှိန်းခနဲ နွေး သွားအောင်ပင် ရှက်ရွံ့သွားရပါသည်။

ဒီလိုနေရာ၊ ဒီလိုအချိန်၊ ဒီလိုအခြေအနေမှာ ဒီစကားမျိုးကို သူပြောထွက်လိမ့်မည်မထင်၍ အသက်က နောက်လိုက်တာပါ။ အခုတော့ ကိုယ်ပဲရည်းစားစကား အပြော

ခံလိုက်ရဖို့ ဖြစ်သွားပြီ။

"တကယ်ပြောတာ အသက် ... ပင်လယ်ထဲ ရောက်နေတဲ့ရက်တွေမှာ နင့်ကို ငါ ဘယ်လောက်သတိရနေရသလဲ သိရဲ့လား၊ ပြန်လဲရောက်ကော နင့်ကိုမတွေ့ရတော့လို့ ဘယ်လောက်ရင်ထဲ ဆို့သွားသလဲ ဆိုတာရော သိရဲ့လား၊ နင့်ကို ဒီစကားတွေ ပြောချင်လို့ အသည်းအသန်တွေ့ချင်နေတယ်ဆိုတာရော သိရဲ့လား"

"တော်ပါတော့ အရောင်ရယ် ... ဒီလိုနေရာကြီးမှာ ဒီစကားတွေ ပြောနေစရာလား"

"ငါ့အခြေအနေက အချိန်တွေ နေရာတွေ ရွေးခွင့်မှ မသာတာ"

"ဘာလဲ ... နင်က ပြန်သွားဦးမှာလား"

"ငါ့အတွက် ရွေးစရာလမ်းကြောင်းသစ် မပေါ်မချင်းတော့ သွားရဦးမှာပဲ"

"သမီး ... ဧည့်သည်ကို အခန်းထဲ ခေါ်လေ"

အပြင်က စကားပြောသံ သဲ့သဲ့ကိုသာ ကြားနေရပြီး လူမမြင်ရတာမို့ ဦးရန်မျိုးနိုင်က အခန်းတွင်းကနေ လှမ်းအော်ခေါ်လိုက်ပါသည်။

"ကဲ ... ပါပါခေါ်နေပြီ၊ လာ ... အထဲ ခဏဝင်ပြီး ပါပါ့ကို သတင်းမေးလိုက်ဦး"





"ယောက္ခမကြီးကိုလား"

"အရောင်နော် ... ဘာတွေ လျှောက်ပြောနေတာလဲ"

အသက်က မျက်စောင်းထိုးကာ ခပ်ကျိတ်ကျိတ်လေး မာန်လိုက်သော်လည်း နှုတ်ခမ်းလေး ကွေးညွတ်ကာ ပြုံးနေပုံကြောင့် သူမရင်ထဲ ဘာတွေရှိနေသည်ဆိုတာ ခန့်မှန်းယူလို့ ရနေပါပြီ။

အခန်းထဲ လှမ်းဝင်လိုက်လျှင် ခုတင်ပေါ်မှ လဲလျောင်းနေသော ဦးရန်မျိုးနိုင်ကို အရင်တွေ့ရသည်။ အဲဒီကမှ ဘေးဘီသို့ မျက်စိအကြည့် ရွှေ့မိလျှင် ...

"မေ့သားလေး"

"မေမေ"

ဒေါ်နွယ်နှင်းဆီက ထိုင်ရာမှ ဝုန်းခနဲ ထ,လာကာ ဘုန်းရောင်ထင့်ကို ပြေးဖက်လိုက်တော့သည်။

"မေ့သားလေးရယ် ... ရက်စက်လိုက်တာ၊ မေမေ့ကို ဘာလို့ ပစ်သွားရတာလဲသားရဲ့၊ မေမေ ရင်ကျိုးပြီး သေအောင်လုပ်နေတာလား"

"ကျွန်တော် ..."

"ဟောတော် ... အရောင်နဲ့ အန့်တီနှင်းဆီက ..."

"ဟုတ်တယ် သမီး ... ဘုန်းရောင်ထင်က အန့်တို့သားပဲ၊ အန့်တီလက်ထပ်လိုက်လို့ဆိုပြီး သားက စိတ်ဆိုး

လို့ အိမ်ကဆင်းသွားတာလေ”

“နေပါဦး မေမေ၊ အသက်ကရော”

“အသက်က မေမေ့ခင်ပွန်း ကိုရန်မျိုးနိုင်ရဲ့ တစ်ဦးတည်းသော သမီးလေးလေ”

“ဟာ ... သွားပါပြီကွာ”

ဘုန်းရောင်ထင်က လွှတ်ခနဲ ညည်းညူ လိုက်လျှင် အသက်က ခစ်ခနဲ ရယ်မောလိုက်မိပါသည်။

ဒါကြောင့် စောစော ဆွဲကြိုးကို အမြင်မှာ အန်တီနှင်းဆီ ပြုံးပြုံးပြိုပြိုတွေ ဖြစ်နေရတာကိုး။ အသက်တို့ ဆုံရပုံကလည်း အံ့သြစရာကောင်းအောင် တိုက်ဆိုင်လိုက်တာ။

အမေနဲ့အဖေ အိမ်ထောင်ပြုလိုက်လို့ စိတ်တိုပြီး အိမ်ကဆင်းလာသူနှစ်ယောက်မှပဲ တစ်အိမ်ထဲ အတူနေမိသတဲ့။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ရှန်းမထွက်နိုင်စွာ သံယောဇဉ်နှောင်ဖွဲ့မိသတဲ့။

ဒါလည်း တစ်ခုတော့ ကောင်းတာပါပဲလေ။ အရောင်နဲ့အသက်ဟာ မယားပါ၊ လင်ပါ သားသမီးတွေအနေ...။ နဲ့သာ တစ်ယောက်နဲ့တစ်ယောက် ဆုံစည်းကြရင် နဂိုထဲ... ပြိုင်ဆိုင်ရန်ဖြစ်ဖူးတဲ့ ဓာတ်ခံနဲ့ ငါ့အမေကို လုယူသူရဲ့...လာရ ငါ့အဖေကို လုယူသူရဲ့သား ဆိုတဲ့ မုန်းတီးစိတ်တွေပါ...းပြန်ပေး



ဖုံ့ပ အတင်းစ...

ယားကာ ယောက္ခမလော...

ဆယ်တော့ ကိုယ့်ဘက်က အ...

ပထွေးကြီးကိုလည်း အနိုင်နဲ့ပို...

ကျယ် စိတ်ဓာတ်ကလေး ဝင်...

“ကဲ ... အတော်ပဲ၊ အန်...

ပြုလိုက်ပြီဆိုတော့ အခန်း...

စကား အတည်ဖြစ်သွားပြီ...

တော့ဘူး၊ လူကြီးတွေကို အ...

ကို မန်းကုံးစွပ်သလို စွပ်ပေ...

ဘုန်းရောင်ထင်က ပြော... ကြိုးကို ချိတ်မဖြုတ်တော့ဘဲ အသက်... ဒီအတိုင်း စွပ်ချပေးလိုက်လေသည်။

လူကြီးတွေရှေ့မှာ လက်ရဲဇက်ရဲ... သည့် ဘုန်းရောင်ထင့်ကို အသက်က ချစ်စနိုးမျက်... နဲ့ မော့ကြည့်လျှင် ဘုန်းရောင်ထင်ကလည်း အချိုသ... အနူးညံ့ဆုံး အပြုံးလေးဖြင့် ပြန်လည်ငုံ့ကြည့်နေပါသည်...

ထိုမြင်ကွင်းကို သားရှင်ဖြစ်သည့် ဒေါ်နွယ်နှင်းဆီက ကြည်နူးစွာ ပြုံးကြည့်နေနိုင်သော်လည်း သူများအမေကို ယူတုန်းကယူထားပေမယ့် အခုချိန်မှာတော့ သမီးရှင်ဖြစ်နေ

လို့ အိမ်ကဆင်းသွားတာလေ"

"နေပါဦး မေမေ၊ အသက်ကရော" ...ာဖြင့် မျိုးအနှာ ...ရလေသည်။

"အသက်က မေမေ့ခင်ပွ...

တည်းသော သမီးလေး...

"ဟာ ... သွားပါပြီကွ...

ဘုန်းရောင်ထင်ဂ...

လျှင် အသက်က ခစ်ခနဲ ရပ်...

ဒါကြောင့် မေ...

အန့်တီနှင်းဆီ ပြုံးပြုံးမြိုင်...

တို့ ဆုံရပုံကလည်း အံ့...

လိုက်တာ။

အမေနဲ့အ...

အိမ်ကဆင်းလာသူ...

တဲ့။ ပြီးတော့ ဗ...

စွာ သံယောဇ...

အရောင်...

နဲ့သ...

**စင်ဦးစင်ခင်**

**(ဆေးတက္ကသိုလ်)**

**3:10 A.M**

**14-5-2000**

**SUNDAY.**